မြန်မာနိုင်ငံရှိ အရိပ်ပညာရေး

ကျူရှင်နှင့် ၎င်း၏ မူဝါဒဆိုင်ရာသက်ရောက်မှုများ

မတ်ခ်ဘရေး

မဂ္ဂဒါနတ်ဆာ ကိုဘာခီဒ်ဇီ

အိုရာခွိုး

နံပါတ် ၁၃

United Nations Educational, Scientific and Cultural Organization

Comparative Education Research Centre
The University of Hong Kong

နိုင်ငံတကာ နှိုင်းယှဉ်ပညာရေး နှင့် ဖွံ့ဖြိုးရေး
စီအီးအာစီ မိုနိုဂရက်ဖ် စီးရီး နံပါတ် ၁၃

မြန်မာနိုင်ငံရှိ အရိပ်ပညာရေး

ကျူရှင်နှင့် ၎င်း၏ မူဝါဒဆိုင်ရာသက်ရောက်မှုများ

မတ်ခ်ဘရေး
မဂ္ဂဒါနို့ဆာ ကိုဘာခီဒ်ဇီ
အိုရာခွိုး

United Nations
Educational, Scientific and
Cultural Organization

Comparative Education Research Center
The University of Hong Kong

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂကပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)၊ ၇၊ အမှတ် ၇၅၃၅ Paris 07 SP ၊ ပြင်သစ်နှင့် နိုင်းယဉ် ပညာရေးသုတေသနဌာန၊ ပညာရေးဌာန၊ ဟောင်ကောင်တက္ကသိုလ်၊ ပေါ်ဖ်လန်မ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

©UNESCO 2020

UNESCO's ISBN: 978-92-9223-657-1

ဤထုတ်ဝေမှုကို Attribution Share Alike 3.0 IGO (CC-BY-SA 3.0IGO) licence (http://creativecommons.org/licenses/bysa/3.0/igo/) အောက်ရှိ Open Access တွင်ရနိုင်သည်။ ဤစာစောင်ပါအကြောင်းအရာများကို အသုံးပြုခြင်းအား ဖြင့် အသုံးပြု သူများသည် ယူနက်စကို၏ဖွင့်ထားသော Access Repository (http://www.unesco.org/open-access/terms-use-ccbysa-en) ပါ အသုံးပြုမှု၏ စည်းကမ်း ချက်များကို လိုက်နာမည် ဖြစ်ကြောင်း အတည်ပြုသည်ဟု လက်ခံထား သည်။

ယူနက်စကိုနှင့် ဤပုံနှိပ်ကို ပူးတွဲထုတ်လုပ်သူများ အနေဖြင့် ပုံနှိပ်ပါ အကြောင်း အရာများသည် မည်သည့် နိုင်ငံ အစိုးရနှင့် ၎င်းတို့၏ ဩဇာအာဏာများ၊ ဥပဒေရေး ရာများအား ကိုယ်စားပြုဖော်ပြခြင်း မဟုတ်သကဲ့သို့ ၎င်းတို့ကို ပယ်ဖျက်ဖုံးကွယ်စေရန် လည်း ရည်ရွယ်ခြင်း မရှိပေ။

ဤထုတ်ဝေမှုတွင် ဖော်ပြထားသော အယူအဆများသည်စာရေးသူများ ၏ ထင်မြင်ချက်များ သာဖြစ်သည်။ ၎င်းတို့သည် ယူနက်စကို (သို့မဟုတ်) ပူးတွဲထုတ်ဝေသူများနှင့် မည်သည့် အဖွဲ့အစည်း၏ အာဘော်များ မဟုတ်ပါ။

စာအုပ်ချက်နှာဖုံး ပုံစံ နှင့် ဒီဇိုင်း : Gutsage
ချက်နှာဖုံး ဓာတ်ပုံ : Mark Bray
ပုံစံ : Emily Mang

တရုတ်ပြည်ဟောင်ကောင်ရှိ Central Printing Press Ltd. မှပုံနှိပ်ထုတ်ဝေခဲ့သည်
လုပ်ငန်း အမှတ်စဉ် : MM/C4-4358/Yangon/20/008-Burmese

မာတိကာ

ကျေးဇူးတင်လွှာ iii
အတိုကောက်စကားလုံးများစာရင်း vi
ဇယားများ စာရင်း vii
လေးထောင့်ဇယားကွက်များစာရင်း ix
ပုံများ စာရင်း ix
နောက်ဆက်တွဲများစာရင်း x
ငွေလဲလှယ်နှုန်းထားများ x

လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ် xi

အမှာစကား xv
မင်ဂျွန်ကင်(မ်) Min Jeong Kim

နိဒါန်း xvii

၁ အရိပ်ပညာရေးအပေါ် နိုင်ငံတကာသဘောထားအမြင်များ ၁
၁.၁ အတိုင်းအတာနှင့် သဘောသဘာဝ ၂
၁.၂ ပင်မကျောင်းသင်ပညာရေးနှင့် ဆက်နွယ်မှုများ ၇
၁.၃ စီးပွားရေးနှင့်လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများ ၈
၁.၄ အနှစ်ချုပ်နှင့် နိဂုံး ၉

၂ မြန်မာ့လူဘောင်အဖွဲ့အစည်း၊ စီးပွားရေးနှင့် ပညာရေး ၁၀
၂.၁ သမိုင်းကြောင်းဆိုင်ရာ သဘောထားအမြင်များ ၁၀
၂.၂ မျက်မှောက်ခေတ်လူမှုရေးနှင့်စီးပွားရေးဆိုင်ရာသွင်ပြင်လက္ခဏာများ ၁၁
၂.၃ ပြောင်းလဲနေသော ပညာရေးစနစ် ၁၂
၂.၄ သင်ယူမှုပုံစံများ၊ သင်ရိုးညွှန်းတမ်းနှင့် စစ်ဆေးအကဲဖြတ်မှု ၁၇
၂.၅ ကျူရှင် ဖွဲ့စည်းပုံများ ၂၀
၂.၆ အနှစ်ချုပ်နှင့် နိဂုံး ၂၆

၃ သုတေသနအချက်အလက်ကောက်ယူမှုနည်းလမ်းများ ၂၇
၃.၁ သုတေသနပုံစံ ၂၇

၃.၂ နမူနာကောက်ယူခြင်း ၂၈
၃.၃ သုတေသနဆောင်ရွက်မှုအဆင့်ဆင့်နှင့် သုတေသနပြုလုပ်ရာတွင်အသုံးပြုသည့်တိုင်းတာမှု ကိရိယာအစုတည်ဆောက်ခြင်း ၃၂
၃.၄ ပူးပေါင်းဆောင်ရွက်မှုများနှင့် အသိပညာဖလှယ်မှု ၃၇
၃.၅ အနှစ်ချုပ်နှင့် နိဂုံး ၄၁

၄ ကျောင်းသားများနှင့် မိဘများ၏ သဘောထားအမြင်များ ၄၃
၄.၁ ကျူရှင်ယူခြင်း(မယူခြင်း)အတွက်အတိုင်းအတာနှင့် အကြောင်းရင်းများ ၄၃
၄.၂ ကျူရှင်သင်ကြားသူများ၊သင်ကြားသည့်ပုံစံများနှင့် သင်ကြားသည့် နေရာများ ၅၄
၄.၃ ကျူရှင်သင်ကြားခြင်းအခန်းကဏ္ဍနှင့်ရွေးချယ်မှုများအပေါ် မိဘများ၏ သဘောထားအမြင်များ ၅၈
၄.၄ အနှစ်ချုပ်နှင့် နိဂုံး ၆၂

၅ ဆရာများ၏ သဘောထားအမြင်များ ၆၄
၅.၁ ကျူရှင်သင်ခြင်း (မသင်ခြင်း) အတွက် အတိုင်းအတာနှင့် အကြောင်းရင်းများ ၆၅
၅.၂ ကျူရှင်အမျိုးအစားများ၊ အချိန်၊ ဘာသာရပ်အကြောင်းအရာနှင့် ၎င်း၏ အခန်း ကဏ္ဍများ ၇၁
၅.၃ ကျောင်းအုပ်ကြီးများ၏ သဘောထားများအပေါ် အမြင်များ ၇၉
၅.၄ ဆရာ့အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖွဲ့အစည်းများ ၈၃
၅.၅ အနှစ်ချုပ်နှင့် နိဂုံး ၈၅

၆ မူဝါဒဆိုင်ရာ သက်ရောက်မှုများ ၈၉
၆.၁ ပညာရေးစနစ်အတွက် ဘဏ္ဍာငွေထောက်ပံ့ပေးခြင်း ၈၉
၆.၂ လူစွမ်းအားအရင်းအမြစ်၊လူမှုရေးမညီမျှမှုများနှင့်မိဘများ ၏အခွင့်အရေး ၉၂
၆.၃ သင်ကြားမှု၊ သင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှု ၉၅
၆.၄ အစိုးရဝန်ထမ်းဆရာများကသင်ကြားသည့်ကျူရှင်ကို စည်းကမ်းထိန်းသိမ်းခြင်း ၉၉
၆.၅ ဈေးကွက်အတွင်းရှိ ကျူရှင်များကို စည်းကမ်းထိန်းသိမ်းခြင်း ၁၀၃
၆.၆ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် တွဲဖက်ဆောင်ရွက်မှု ၁၀၇

၆.၇ အနှစ်ချုပ်နှင့် နိဂုံး ၁၁၀

နောက်ဆက်တွဲများ ၁၁၃

ကျမ်းကိုးစာရင်း ၁၅၁

စာရေးသူများအပေါ် မှတ်ချက်များ ၁၆၂

ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာအတွက် ကျေးဇူးတင် အသိအမှတ်ပြု ဖော်ပြထိုက်သော ကူညီပံ့ပိုးပေးခဲ့ကြသူ များစွာရှိပါသည်။ အောက်ဖော်ပြပါ စာရင်းများတွင် ထိုသူ အားလုံးမပါဝင်နိုင်ပါ။ သို့ရာတွင် အဓိကပံ့ပိုးပေးသူများကို အလေးပေးဖော်ပြရန် ရည်ရွယ်ထားပါသည်။ ကျေးဇူးတင်ထိုက်သူစာရင်းကို ယူနက်စကို၊ ရန်ကုန်ပညာရေး တက္ကသိုလ် (YUOE) နှင့် ဟောင်ကောင်တက္ကသိုလ် (HKU) တို့နှင့် စတင်ထားပါ သည်။ အခြားသူများထံမှလည်း များစွာသော အကူအညီများရရှိခဲ့ပါသည်။ ထိုသူများ ထဲမှ အချို့ကိုလည်း ဖော်ပြထားပါသည်။

ရန်ကုန်ရှိယူနက်စကိုရုံးအနေဖြင့် သုတေသနအတွက် တာဝန်အပ်နှင်းမှုနှင့် လမ်းညွှန်မှုများကို စတက်ဖန်လီချူး (Stephanie Li Choo) က ဆာတာအူမာ အလန် (Sardar Umar Alam) ၏ ပိုမိုကျယ်ပြန့်သော လမ်းညွှန်မှု အောက်တွင် ကေသီဦးနှင့် အန်နီကာ လောရန့်စ် (Annika Lawrence) တို့နှင့် ပူးတွဲပြုလုပ် ခဲ့သည်။ ယူနက်စကိုရုံးတွင်း လုပ်ငန်းကိစ္စအပြီး နောက်ပိုင်းတွင် နှင်းဆုဝေက မင်ဂျွန်ကင်မ် (Min Jeong Kim) ၏ ပိုမိုကျယ်ပြန့်သော လမ်းညွှန်မှု အောက်တွင် အက်စ်သာ မက်ခ်ဖာလိန်း (Esther Mcfarlane) နှင့် ပူးတွဲပြီး အဓိက လှုပ်ရှား ဆောင်ရွက်ရသူ ဖြစ်လာသည်။ ၎င်းတို့၏တာဝန်ယူမှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ဆက်သွယ်လုပ်ဆောင်မှုများ၊ လက်တွေ့ဆန်သော ချဉ်းကပ်မှုများ နှင့် များစွာသော အသေးစိတ်ကိစ္စများကို အလေးထားမှုတို့အတွက် HKU အဖွဲ့က အထူးကျေးဇူးတင် အသိအမှတ်ပြု အပ်ပါသည်။

ရန်ကုန်ပညာရေးတက္ကသိုလ်အနေဖြင့် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့် အား ၎င်း၏ အဘက်ဘက်က ပံ့ပိုးမှုအတွက် ပထမဦးဆုံး အသိအမှတ်ပြု ဖော်ပြထိုက်ပါသည်။ ထို့နောက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးတွဲဆောင်ရွက်မှု အတွက် သင်ပြနည်းဌာနကို ကျေးဇူးတင်အသိအမှတ်ပြုပါသည်။ ဒေါက်တာစိုးသန်း ဌာနမှူးဖြစ်စဉ်က လုပ်ငန်းစတင်ခဲ့ပြီး ဒေါက်တာမျိုးဝင်းက ဌာနမှူးတာဝန်ကို လွှဲပြောင်းယူခဲ့သည့်အခါမှာလည်း ဆက်လက် ဆောင်ရွက်ခဲ့ သည်။ ထို့နောက် ဒေါက်တာခင်မာခိုင် တာဝန်ယူသည့်အခါမှာလည်း ဆက်လက် ဆောက်ရွက်ခဲ့သည်။ စီမံအုပ်ချုပ်မှုနှင့် အကောင်အထည်ဖော်မှု အပိုင်းတွင် ဒေါက်တာစိုးသန်းက အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပြီးသူ၏ များပြား သောအတွေ့အကြုံ၊ သိမြင်မှု၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်သွယ်မှုများနှင့် စုစည်း ဆောင်ရွက်မှုစွမ်းရည်များမှ HKU အဖွဲ့အနေဖြင့် အကျိုးအမြတ်များစွာ ရရှိခဲ့သည်။ ကွင်းဆင်းလုပ်ငန်းကို ဆောင်ရွက် ခဲ့ပြီး အသိအမြင်များဖြင့် ပံ့ပိုးခဲ့သော YUOE သင်ပြနည်းဌာနအဖွဲ့ဝင်များမှာ ဒေါက်တာခိုင်ခိုင်လွင် ၊ ဒေါက်တာခင်မူမူဟန်၊ ဒေါက်တာဌေးဝင်း ၊ ဒေါက်တာမကြည်ဆွေ ၊ ဒေါက်တာနိုင်နိုင်သိန်း ၊ ဒေါက်တာစုစုခိုင်၊ ဒေါက်တာဆွေဆွေညွှန့် ၊ ဒေါက်တာသီတာဝေနှင့် ဒေါက်တာဝေဝေဦးတို့ ဖြစ်ကြသည်။

HKU မှလည်း များစွာသော ကူညီထောက်ပံ့မှုများ ရရှိခဲ့သည်။ စာရေးသူများက ဖန်းစီယွန် (Feng Siyuan)၊ လီယူဂျန်ယန် (Liu Junyan) နှင့် ဝင်းလဲ့လဲ့ရှိစီတို့ကို သုတေသန အချက်အလက်များ ခွဲခြမ်းစိတ်ဖြာမှုအတွက် လည်းကောင်း၊ ဂျန်ဝေ (Zhang Wei) ကိုလည်း သဘောထားများနှင့်၊ ဆင်ခြင်တွေးခေါ်မှုဆိုင်ရာ ကူညီပံ့ပိုးမှုအတွက်လည်းကောင်း၊ မင်းသိန်းဝင်း၊ ရွယ်ဆိုင်းခွမ်(Roi Seng Hkum) နှင့် ပီတာ ကမ်တုန်းတွောင် စွန်သဲ (Peter Kam Tung Tuang Suante) တို့ကို နမူနာကောက်ထားသော ကျောင်းများနှင့် အခြားသော အဖွဲ့ဝင်များသို့ ကနဦးတွေ့ရှိချက်များ ပြန်လည်ယူဆောင်နိုင်ရန်အတွက် အသိအမြင် ဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲနှစ်ခု ပြုလုပ်စဉ် လှုပ်ရှားတက်ကြွသော အခန်းကဏ္ဍ များအတွက် လည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။ ၎င်းအဖွဲ့ဝင်များက ပြူဗာလီဂို့ချ် (Pubali Ghosh) ကဲ့သို့ပင် အစီရင်ခံစာ မူကြမ်းနှင့်ပတ်သက်ပြီး တန်ဖိုးရှိလှသော မှတ်ချက်များ ပြုခဲ့ကြသည်။ ရွယ်ဆိုင်းခွမ် (Roi Seng Hkum) သည် သူမ၏ မဟာတန်းပရောဂျက်အတွက် ကောက်ခံထားသော အချက်အလက် များနှင့် သူမ၏ အသိအမြင်များကို ဤအစီရင်ခံစာအတွက် ရက်ရောစွာ မျှဝေပေး ခဲ့သည်။

ပိုမိုကျယ်ပြန့်သည့် အတိုင်းအတာအနေဖြင့် ပြည်ထောင်စုအစိုးရ အရာရှိများနှင့် ဆွေးနွေးပွဲများအတွက် ပညာရေးဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးအပါအဝင် သမ္မတကတော် (ဟောင်း) ဒေါ်စုစုလွင်နှင့်၊ ဦးကိုလေးဝင်း၊ ဦးကျော်စောသွင်၊ ဦးစောဝင်း၊ ဦးဝင်းသွင်၊ ဦးဇော်ဝင်းတို့အပါအဝင် ပညာရေးဝန်ကြီးဌာန အဆင့်အသီးသီးမှ အရာရှိများကို စာရေးသူများက ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။ UNICEF ဝန်ထမ်းတွင် ဦးအေးမြင့်သန်းဌေး၊ အကူကိုရှိမိဇု (Ikuko Shimizu) နှင့် မစ်ဆူးယူမြူရာ (Mitsue Uemura) တို့ပါဝင်ကြပြီး၊ အမျိုးသားပညာရေး မူဝါဒကော်မရှင် (NEPC) အရာရှိများတွင် ဦးဝင်းအောင်နှင့် ဒေါက်တာမျိုးမြင့်(ကွယ်လွန်) တို့ပါဝင်ကြသည်။ HKU အဖွဲ့သည် မြန်မာနိုင်ငံ ဆရာများအဖွဲ့ချုပ် (MTF) နှင့် ပုဂ္ဂလိကဆရာများအသင်း (PTA)၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ နိုင်ငံတကာအဖွဲ့အစည်းများတို့မှ ဝန်ထမ်းများအဖွဲ့ နှင့်လည်းကောင်း၊ အခြားသော အဖွဲ့ဝင်များနှင့်လည်းကောင်း တွေ့ဆုံပြီး အကျိုးရှိသော ဆွေးနွေးမှုများပြုလုပ်ခဲ့ရသည်ကို ကျေးဇူးတင် ဝမ်းမြောက်ပါသည်။ ထို့နောက် ပုဂ္ဂိုလ်ရေးအရဆိုလျှင် နီနီမြိုင်ဆေးလ် (Nini Myaing Sail) နှင့် ဂျိန်းဆေးလ် (Jane Sail) တို့ကိုလည်း ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

နောက်ဆုံးအနေဖြင့် အထက်ပါဆောင်ရွက်သူများကဲ့သို့ အရေးပါသော သူများမှာ လက်တွေ့သုတေသန အချက်အလက်များ ကောက်ယူခဲ့သော ကျောင်း (၈) ကျောင်းမှ ကျောင်းအုပ်ကြီးများ၊ ဆရာများ၊ ကျောင်းသားများ နှင့် မိဘများ ဖြစ်ကြပါသည်။ သုတေသနကျင့်ဝတ်များအရ အမည်လျှို့ဝှက်ထားခြင်းတို့ကြောင်း ထိုသူတို့ကို အမည်မတပ်နိုင်ပေ။ သို့သော် ထိုသူများသည် အမှန်ပင် ဤအစီရင်ခံစာအတွက် အဓိကကျသူများ ဖြစ်သည်။ ၎င်းတို့၏ အတွေ့အကြုံနှင့် အသိအမြင်များကို ညီညီညွတ်ညွတ်၊ တိတိကျကျနှင့် အဓိပ္ပာယ်ရှိရှိ နည်းလမ်းဖြင့် ထင်ဟပ်ထားပြီး ဖြစ်သည်ဟုလည်းကောင်း၊ ဤအစီရင်ခံစာက ၎င်းတို့နှင့် အခြားသူများအား

အနာဂတ်မျိုးဆက်ကလေးများနှင့် ၎င်းတို့၏ မိသားစုများ၊ ဆရာများအကျိုးအတွက် ဤသို့ ရှုပ်ထွေးသော နယ်ပယ်တွင် ရှေ့သို့တက်လှမ်းနိုင်မည့် သင့်လျော်သော နည်းလမ်းများကိုရှာဖွေရာတွင် ကူညီပေးလိမ့်မည်ဟုလည်းကောင်း စာရေးသူများက ယုံကြည်ပါသည်။

အတိုကောက်စကားလုံးများ စာရင်း

ASEAN	အရှေ့တောင်အာရှနိုင်ငံများ အသင်း
CAPS	စဉ်ဆက်မပြတ်အကဲဖြတ်စစ်ဆေးခြင်း နှင့် အတန်းတင်ခြင်းစနစ်
CERC	နှိုင်းယှဉ်ပညာရေး သုတေသနဌာန
CESR	ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း
CET	အခန်းဆုံး စစ်ဆေးခြင်း
DERPT	ပညာရေးသုတေသန၊ စီမံကိန်း နှင့် လေ့ကျင့်ရေးဦးစီးဌာန
DME	မြန်မာနိုင်ငံ စာစစ်ဌာန
EFA	အားလုံးအတွက် ပညာရေး
EI	ကမ္ဘာ့ဆရာများအဖွဲ့ချုပ်
GDP	ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှု
HKU	ဟောင်ကောင်တက္ကသိုလ်
MOE	ပညာရေးဝန်ကြီးဌာန
MTF	မြန်မာနိုင်ငံဆရာများ အဖွဲ့ချုပ်
NEPC	အမျိုးသားပညာရေး မူဝါဒကော်မရှင်
NESP	အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း
NGO	အစိုးရမဟုတ်သော အဖွဲ့အစည်း
NLD	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
PTA	ပုဂ္ဂလိကဆရာများအသင်း
SDG	ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်
SPSS	လူမှုရေးသိပ္ပံအတွက် စာရင်းအင်းများဆိုင်ရာအသုံးချပရိုဂရမ်
UNESCO	ကုလသမဂ္ဂနိုင်ငံများ၏ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း
UNICEF	ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့
YUOE	ရန်ကုန်ပညာရေးတက္ကသိုလ်

ဇယားများစာရင်း

၁.၁။ နိုင်ငံအသီးသီးရှိ အရိပ်ပညာရေးအညွှန်းကိန်းများ
၂.၁။ မြန်မာနိုင်ငံ၏ ၂၀၁၄/၁၅ကျောင်းအပ်နှံမှု၊ အတန်းကူးပြောင်းမှုနှင့်ပြီးမြောက်မှုနှုန်းများ (%)
၃.၁။ နမူနာကောက်ယူထားသော ကျောင်းသားများ စာရင်းဖော်ပြချက် (အရေအတွက်စံထား ဆန်းစစ်လေ့လာမှု)
၃.၂။ အရေအတွက်စံထား ဆန်းစစ်လေ့လာမှုတွင် ပါဝင်သော ကျောင်းသားများ၏ အတန်းများနှင့် ကျား၊မဦးရေ
၃.၃။ နမူနာကောက်ယူထားသော ဆရာများ စာရင်းဖော်ပြချက် (အရေအတွက်စံထားဆန်းစစ်လေ့လာမှု)
၃.၄။ အရေအတွက်စံထား ဆန်းစစ်လေ့လာမှုအတွက် နမူနာကောက်ယူထားသော ဆရာများ သင်ကြားသည့် ဘာသာရပ်များ
၃.၅။ ကျောင်းအခြေပြုလူတွေ့မေးမြန်းချက်များ
၄.၁။ ကျူရှင်ယူမှုအတိုင်းအဆပမာဏ
၄.၂။ တန်းခွဲအမျိုးမျိုးရှိ ကျူရှင်ယူမှု အတိုင်းအတာ
၄.၃။ ကျူရှင်ယူသည့် ဘာသာရပ်များ
၄.၄။ ကျူရှင်အတွက် ကုန်လွန်သည့် အချိန်နာရီများ
၄.၅။ ကျူရှင်အတွက် ကုန်ကျစရိတ် (တစ်လကုန်ကျငွေ)
၄.၆။ ကျူရှင် အသုံးစရိတ်များအပေါ် ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးအဖြစ် ရှုမြင်သည့် အတိုင်းအတာ
၄.၇။ ကျူရှင်ယူသည့် အကြောင်းရင်းများ (%)
၄.၈။ ကျူရှင်မယူသည့် အကြောင်းရင်းများ (%)
၄.၉။ ကျူရှင်သင်ကြားသူများ
၄.၁၀။ ကျူရှင်စာသင်ခန်းများ၏ အရွယ်အစား (%)
၄.၁၁။ ကျူရှင်သင်သည့် နေရာများ (%)
၄.၁၂။ ကျူရှင်သင်သည့် အချိန်များ (%)
၄.၁၃။ ကျူရှင်နှင့် ပတ်သက်၍ ကျောင်းအုပ်ကြီးများ၏ သဘောထားများအပေါ် ကျောင်းသားများ၏ အမြင်များ
၅.၁။ ဆရာများ ကျူရှင်သင်ကြားရသည့် အကြောင်းရင်းများ (%)
၅.၂။ ကျူရှင် မသင်ကြားခြင်းအတွက် ဆရာများ ထုတ်ဖော်ပြောကြားသော အကြောင်းရင်းများ (%)
၅.၃။ ဆရာများ၏ ပြောကြားချက်အရ ကျောင်းနှင့် ကျူရှင်သင်ကြားခြင်းမှရရှိသော ဝင်ငွေများ
၅.၄။ ကျူရှင်အမျိုးအစားများ အရေအတွက်ပြစာရင်း
၅.၅။ ကျူရှင်၏ ထိရောက်မှုအပေါ် ဆရာများ၏ထင်မြင်ယူဆချက်များ (%)

၅.၆။ ကျောင်းသင်ပညာရေးနှင့် ကျူးရှင်သင်ကြားခြင်းအပေါ် ဆရာများ၏ ထင်မြင်ယူဆချက်များ (ဖြစ်ရပ်အားလုံး၊ %)
၅.၇။ ကျူးရှင် သင်ကြားနည်းအပေါ် ဆရာများ၏အမြင်များ (ကျူးရှင်ပြသူများသာ၊ %)
၅.၈။ ကျောင်းသားများနှင့် ကျူးရှင်သင်ကြားခြင်းအပေါ် ဆရာများ၏ ထင်မြင်ယူဆချက်များ (ဖြစ်ရပ်အားလုံး၊ %)
၅.၉။ ကျူးရှင်သင်ကြားခြင်းအပေါ် ကျောင်းအုပ်ကြီးများ၏ သဘောထားများနှင့် ပတ်သက်၍ ဆရာများ၏ အမြင်များ

လေးထောင့်ဇယားကွက်များစာရင်း

၃.၁။ ရိုးသားပွင့်လင်းစွာ ပြောဆိုဆွေးနွေးနိုင်ရေးအတွက် ပြင်ဆင်ခြင်း
၄.၁။ ကျူးရှင်ကြောင့် ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်မှု
၄.၂။ ကျူးရှင်အတွက် ကုန်ကျစရိတ်အပေါ် မိဘတစ်ဦး၏ သဘောထား
၅.၁။ မိဘများထံမှ ဖိအားများ
၅.၂။ အဂတိလိုက်စားမှု အနည်းဆုံးဖြစ်အောင် လုပ်ဖော်ကိုင်ဖက်များ၏ ဖိအားကို ထိန်းချုပ်အသုံးချခြင်း
၆.၁။ ကျောင်းသားမရှိသော စာသင်ခန်းများ
၆.၂။ လက်တွေ့အမှန်တရားများကို လက်ခံခြင်းနှင့် အာမခံချက်များ ရယူခြင်း
၆.၃။ ဈေးကွက်အတွင်း လေ့ကျင့်စမ်းသပ်ထားသော ပင်ကိုစွမ်းရည်ရှိ ကျူးရှင် ဆရာများ

ပုံများစာရင်း

၂.၁။ တရားဝင် ထုတ်ပြန်ထားသည့် ပညာရေးမျှော်မှန်းချက် (ကျောင်းတိုင်းတွင် ပြသထားသည်။)
၂.၂။ ဆရာများ ကျူးရှင်မသင်ကြားရန် တရားဝင်တားမြစ်ချက်
၂.၃။ ဆရာများ (ကျူးရှင်မသင်ပါကြောင်း ဝန်ခံလက်မှတ်ထိုးရန် ထုတ်ပြန်ကြေညာချက်
၆.၁။ အိမ်ထောင်စုများ၏ ပညာရေးအသုံးစရိတ်များ ပေါင်းစပ်ဖွဲ့စည်းပုံ (၂၀၀၉/၁၀)

နောက်ဆက်တွဲများ စာရင်း

၁။ ကျောင်းသားကျောင်းသူ စစ်တမ်းမေးမြန်းလွှာ
၂။ ဆရာဆရာမ စစ်တမ်းမေးမြန်းလွှာ
၃။ ကျောင်းသားကျောင်းသူနှင့် လူတွေ့မေးမြန်းခြင်းလမ်းညွှန်
၄။ ဆရာဆရာမနှင့် လူတွေ့မေးမြန်းခြင်းလမ်းညွှန်
၅။ မိဘနှင့်လူတွေ့မေးမြန်းခြင်းလမ်းညွှန်
၆။ ကျောင်းအုပ်ကြီးနှင့် လူတွေ့မေးမြန်းခြင်းလမ်းညွှန်
၇။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာ (၂၈)ရက်တွင် ကျင်းပသော ပညာရေးဝန်ကြီးဌာန၏ မူဝါဒရေးရာ နီးနှောဖလှယ်ပွဲအတွက် ဆွေးနွေးရန်အချက်များ

ငွေလဲလှယ်နှုန်းထားများ

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့အတွက် တရားဝင်ငွေလဲနှုန်းထားများ

၁ ကျပ် = အမေရိကန် ၀.၀၀၀၆၆ ဒေါ်လာ

အမေရိကန် ၁ ဒေါ်လာ = ၁,၅၁၄ ကျပ်

လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ်

မြန်မာနိုင်ငံတွင် ကျူရှင်ဟု အများက ခေါ်ကြသော၊ နိုင်ငံတကာတွင် အရိပ်ပညာရေးဟု ယေဘုယျခေါ်ဆိုကြသော အခကြေးဖြင့် ကျောင်းသင်ရိုးကို အပိုဆောင်းသင်ကြားပေးမှုသည် သင်ယူမှုကို မြှင့်တင်ပေးခြင်းနှင့် ဆရာများအတွက် ဝင်ငွေအထောက်အပံ့ ဖြစ်စေနိုင်သည်ဟူသော အားသာချက်များရှိနိုင်သကဲ့သို့ ပင်မကျောင်းသင်ပညာရေးအပေါ် နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှုနှင့်အတူ လူမှုရေးဆိုင်ရာ မညီမျှမှုများကို ဖြစ်စေသည်ဟုလည်း ယူဆလာကြသော အရေးပါသည့် ဖြစ်စဉ်တစ်ခုအဖြစ် ကမ္ဘာအနှံ့အပြားတွင်တိုး၍ အသိအမှတ်ပြုလာကြသည်။ မြန်မာနိုင်ငံတွင်လည်း ထိုဖြစ်စဉ်မှာ အသစ်အဆန်း မဟုတ်သော်လည်း ၎င်းကို ဂရုတစိုက် သုသေသနပြုလေ့လာမှုမျိုး၊ ၎င်း၏ သက်ရောက်နိုင်ခြေများကိုလည်း လုံလုံလောက်လောက် ဆွေးနွေးမှုမျိုးမှ မရှိခဲ့ပေ။

မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး ခေတ်သစ်ထဲသို့ ရောက်ရှိနေချိန်ဖြစ်သည်။ ထိုခေတ်သစ်အတွက် ပညာရေးဆိုင်ရာ လိုအပ်ချက်များကို ဆန်းစစ်လေ့လာသည့် ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)က ကျူရှင်ကိုမူဝါဒရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သော အရေးကြီးသည့် ကိစ္စရပ်တစ်ခုအဖြစ် လေ့လာတွေ့ရှိခဲ့သည်။ ၂၀၁၆ဖိတွင် စတင်အာဏာရလာသော အစိုးရအတွက် ၎င်း CESR သည် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ကို ပံ့ပိုးပေးခဲ့သည်။ များစွာသော ကျောင်းများတွင် မိဘများမှာ ကျူရှင်လခများပေးရကြောင်း၊ ထိုကျူရှင် လခများသည် အိမ်ထောင်စုများအဖို့ ပညာရေးအသုံးစရိတ်၏ အကြီးမားဆုံး အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း NESP က ပြန်လည်မှတ်ချက်ပြုခဲ့သည်။ UNESCO က မြန်မာအစိုးရနှင့် ပူးပေါင်း၍ တာဝန်ပေးအပ်သည့် ယခုသုတေသနကို ဟောင်ကောင်တက္ကသိုလ် (HKU) မှ အဖွဲ့သည် ရန်ကုန်ပညာရေးတက္ကသိုလ် (YUOE) မှ အဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဤသုတေသနတွင် သုတေသနစစ်တမ်းများဆိုင်ရာ လေ့လာတွေ့ရှိချက်များတင်ပြခြင်းနှင့် ၎င်းတွေ့ရှိချက်များကို နိုင်ငံတကာ အတွေ့အကြုံပေါ်အခြေတည်သော နှိုင်းယှဉ်မှုဘောင်အတွင်း ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် ကျူရှင်၏ မူဝါဒဆိုင်ရာ သက်ရောက်နိုင်ခြေများကို ကိုင်တွယ်ဖြေရှင်းရန် ကြိုးပမ်းထားပါသည်။

သုတေသနစစ်တမ်းများဆိုင်ရာ အချက်အလက်များကို ရန်ကုန်ရှိ ကျပန်းရွေးချယ်ထားသော မြို့ပေါ်နှင့် မြို့စွန်ကျောင်း (၈) ကျောင်းမှ ကောက်ယူခဲ့ပါသည်။ နိုင်ငံ၏ စီးပွားရေးမြို့တော်နှင့် အကြီးဆုံးမြို့ဖြစ်သည့် ရန်ကုန်သည် တစ်နိုင်ငံလုံးကို အမှန်တကယ် ကိုယ်စားမပြုနိုင်ပါ။ သို့သော် တရားဝင်မဟုတ်သော လေ့လာဆန်းစစ်မှု အထောက်အထားများက နိုင်ငံ၏ အခြားသော နေရာများတွင်လည်း အလားတူ အရိပ်ပညာရေးရှိနေသည်ကို ဖော်ပြနေသည်။ သုတေသီများက ကျောင်း (၈) ကျောင်းတွင် အဌမတန်းနှင့် ဒသမတန်းတို့ကို အဓိကထား လေ့လာခဲ့သည်။ အကြောင်းရင်းမှာ ထိုအတန်းများသည် အရေးကြီးသည့် အစိုးရစစ် စာမေးပွဲများ

နှင့်အတူ အလယ်တန်းနှင့် အထက်တန်းပညာရေး အဆုံးသတ် ကူးပြောင်းကာလများ ဖြစ်နေသည့် အတွက်ကြောင့်ပင် ဖြစ်သည်။ ဤလေ့လာမှုတွင် အရေအတွက်စံထား စစ်တမ်းကောက်ယူမှုနှင့် အရည်အသွေးစံထား တွေ့ဆုံမေးမြန်းမှုတို့ကို ပေါင်းစပ် အသုံးပြုခဲ့သည်။ ကျောင်းသား (၁၆၃၇)ဦး နှင့် ဆရာ (၃၃၁)ဦး တို့ထံမှ သုတေသနစစ်တမ်းလွှာဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ကျောင်းသား (၃၂)ဦး၊ ဆရာ (၂၆)ဦး၊ ကျောင်းအုပ် (၄)ဦး နှင့် ကျောင်းသားမိဘ (၁၇)ဦး တို့ထံမှ တွေ့ဆုံမေးမြန်းမှုဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ကောက်ယူခဲ့ပါသည်။ ထို့ပြင် သုတေသီများသည် သက်ဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း လေ့လာ ဆန်းစစ်ခဲ့ပါသည်။ နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ မြန်မာနိုင်ငံ ဆရာများအဖွဲ့ချုပ် (MTF) နှင့် ပုဂ္ဂလိက ဆရာများ အသင်း (PTA) တို့ အပါအဝင် အမျိုးစုံသော အဖွဲ့ဝင်များ၏ အမြင်များကိုလည်း တောင်းခံခဲ့ပါသည်။

စစ်တမ်းလွှာ ကဏ္ဍရှိ ဖြေကြားချက်များအရ စစ်တမ်းဖြေဆိုပေးသည့် အဌမတန်းကျောင်းသား ၈၃.၄% နှင့် ဒသမတန်းကျောင်းသား ၈၆.၂% တို့သည် လွန်ခဲ့သည့် (၁၂)လအတွင်း အခကြေးငွေပေး၍ ကျူရှင်သင်ယူကြောင်း တွေ့ရှိရ သည်။ မည်သူ့ထံတွင် သင်ယူခဲ့သည်ကို မေးမြန်းကြည့်သည့်အခါ နှစ်တန်းပေါင်း ၁၁.၃% က ၎င်းတို့ ကျောင်းစာသင်ခန်းက ဆရာများစေ(ထံ)တွင်လည်းကောင်း၊ ၃.၅%သည် ၎င်းတို့၏ ကျောင်းက အခြားသော ဆရာများထံတွင်လည်းကောင်း၊ ၁၀.၆% မှ အခြားကျောင်းများက ဆရာများထံတွင်လည်းကောင်း၊ ၃၁.၉% က အငြိမ်းစား၊ အလွတ်တမ်းစသည်ဖြင့် ပြထားသော ပြင်ပ ဆရာများထံတွင် လည်းကောင်း၊ ၃၀.၈% က တက္ကသိုလ်ကျောင်းသားများ၊ ဘော်ဒါစာသင်ကျောင်း များနှင့် စီးပွားရေးကုမ္ပဏီများ ပါဝင်သော အခြားသူများထံတွင် လည်းကောင်း ကျူရှင်ယူကြသည်ကို တွေ့ရသည်။ အဌမတန်းနှင့် ဒသမတန်း ကျောင်းသားများအဖို့ အဓိကရည်ရွယ်ချက်များမှာ ဘာသာရပ်များကို ပိုမိုကောင်းမွန်စွာ သင်ယူနိုင်ရန်နှင့် စာမေးပွဲရမှတ်များ တိုးတက်စေရန်ဖြစ်သည်။ ကုန်ကျစရိတ်ကို မေးမြန်းကြည့်သည့် အခါ ၆၈.၁% သော ကျောင်းသားများက ကျူရှင်သည် ၎င်းတို့ မိသားစုများအတွက် အသင့်အတင့် (သို့) ကြီးမားသော ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်ကြောင်း ဖော်ပြကြသည်။

ကျောင်းသားများထံမှ ကောက်ယူခဲ့သော အထက်ပါအချက်အလက်များနှင့် အတူ နမူနာကောက်ယူထားသော ဆရာများ၏ ၄၇.၇% သည်လည်း အခကြေး ငွေဖြင့် ကျူရှင်သင်ကြားပေးကြကြောင်းဖော်ပြကြသည်။ အများစုသည်မကြာသေးမီ နှစ်များက လစာတိုးမြှင့်ခံစားကြရသော်လည်း ၎င်းတို့၏ လစာမှာ မိသားစု လိုအပ်ချက်များကို ဖြည့်တင်းပေးရန် မလုံလောက်ဟု ယူဆသည့်အတွက် အပိုဝင်ငွေ ရရှိရန် ထိုသို့ပြုလုပ်ရခြင်းဖြစ်ကြောင်း ဖော်ပြကြသည်။ လေးပုံသုံးပုံသော ဆရာများ သည် ကျောင်းသားများ၏ အိမ်တွင် ကျူရှင်ပေးကြပြီး၊ ၉.၅% သည် ၎င်းတို့၏ အိမ်များတွင်လည်းကောင်း၊ ၁၇.၈% က ကိုယ်ပိုင်ကျောင်းများ (သို့) ဘော်ဒါကျူရှင် ကျောင်းများတွင် သင်ကြားကြသည်။ ပြင်းထန်သည့်အရေးယူမှုများ ပါရှိသော

စာရွက်ပေါ်တွင် တရားဝင်တားမြစ်ချက်များရှိသော်လည်း ဆရာများသည် ကျူးရှင်ပေး နေကြဆဲ ဖြစ်သည်။

အရေအတွက်ဆိုင်ရာနှင့် အရည်အသွေးဆိုင်ရာ လေ့လာတွေ့ရှိချက်များက အခကြေးငွေဖြင့် ကျူးရှင်သင်ကြားပေးမှုသည် နေ့စဉ်ဘဝ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပြီး အထူးသဖြင့် ဒသမတန်းတွင် လုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်သည်ဟူသော ပျံ့နှံ့ နေသည့် အယူအဆတစ်ခုကို ဖော်ပြခဲ့သည်။ ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများသည် မိမိတို့၏ အတန်းတူများနှင့် အမီလိုက်နိုင်ရန်၊ ကျောင်းများကို အားထားလျှင် လုံလောက်မည်ဟု မထင်သောကြောင့် ကျူးရှင်ယူကြသည်။ သို့သော် ကျူးရှင်သင်ကြားခြင်းသည် ကျောင်းပညာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများရှိ သည်။ သီးသန့် သင်ကြားပေးရန် လိုအပ်သော ကျောင်းသားအများစုသည် ကျူးရှင် ယူလိမ့်မည်ဟု ဆရာများက ယူဆလေ့ရှိသည်။ ထို့ကြောင့် အချို့ဆရာများသည် ကျောင်းတွင်း စာသင်ကြားမှု၌ အားစိုက်မှု လျော့နည်းလာသည်။ ထို့ပြင် ကျူးရှင် သင်ပေးသော ဆရာများကိုလည်း ၎င်းတို့၏ ပုံမှန် အလုပ်တာဝန်မှာထက် အခကြေး ငွေပေးသော အလုပ်တွင် ပို၍ အားစိုက်ထုတ် လိုစိတ်ဖြစ်လာစေသည်။ အထူးသဖြင့် ဆရာများက မိမိတို့ လက်ရှိကျောင်းသားများ ကို အခကြေးငွေဖြင့် အပို သီးသန့် သင်ခန်းစာများ ပေးသည့်အခါ ဖြစ်ပေါ်လာသော ဘက်လိုက်ခြင်း၊ အကျင့်ပျက်ခြင်း စသည့် ကိစ္စများကို ဖြေကြားသူ အချို့က မီးမောင်းထိုးပြခဲ့သည်။

မူဝါဒဆိုင်ရာသက်ရောက်မှုများကို ကြည့်မည်ဆိုလျှင် အာဏာပိုင်အဖွဲ့များက ဆရာများ၊ ကျောင်းသားများ၊ မိဘများ၊ အခြားသူများနှင့် ဤအကြောင်းအရာကို ဖော်ထုတ်ပြီးအပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်သင့်သည်ဟု ထောက်ခံအကြံပြု ချက်တစ်ခုကဆိုပါသည်။ ဤသုတေသနမှ ကိန်းဂဏန်းဆိုင်ရာ အချက်အလက် များသည် ထိုအချက်အပေါ် အထောက်အပံ့ဖြစ်ပေမည်။ အပြန်အလှန် ဆွေးနွေးခြင်း များသည် အကောင်းနှင့်အဆိုး ရှုထောင့်နှစ်မျိုးလုံးကို ခွဲခြားသိမြင်နိုင်စေပြီးကောင်း သည့်အချက်များကို မြှင့်တင်လျက် မကောင်းသည့် အချက်များကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်စေလိမ့်မည်။ ထိုသို့ ဆောင်ရွက်မှုများသည် ကျောင်း အဆင့်၊ ရပ်ကွက်ကျေးရွာအဆင့်တို့တွင် ဖြစ်ပေါ်နိုင်ပါသည်။ ပိုမြင့်သည့်အဆင့် တွင် တာဝန်ရှိသူများက ဆရာများအနေဖြင့် ကျောင်းတွင် မိမိတို့သင်ကြားနေသော ကျောင်းသားများအား ကျူးရှင်ပေးခြင်းကို လျှော့ချရန် (သို့) ဖယ်ရှားရန် နည်းလမ်း များကို အလေးပေးဆောင်ရွက်သင့်သည်။ အခြားနည်းလမ်းများဖြင့် ကျူးရှင်သင်ကြား ပါကပို၍ သက်ညှာသည့် အရေးယူဆောင်ရွက်ခြင်းမျိုး ပြုသင့်ပေသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ပို၍လက်တွေ့ကျသော၊ ကြောင်းကျိုးဆီလျော်သော ချဉ်းကပ် နည်းဖြင့် ပိတ်ဆို့အရေးယူမှုများကို တာဝန်ရှိသူများက သုံးသင့်ပါသည်။ တစ်ချိန် တည်းမှာပင် ဆရာများအနေဖြင့် အပိုဝင်ငွေရရှိရေး လိုအပ်ချက်လျော့နည်းစေရန် ဆရာ များ၏လစာကို တိုးမြှင့်ပေးသင့်ပါသည်။ ထို့ပြင် ကျောင်းသားများအနေဖြင့် ကျူးရှင် ယူရန် လိုအပ်သည်ဟူသော ခံစားမှုများလည်း လျော့နည်းသွား စေရန် ပင်မကျောင်း သင်ပညာရေး၏ အရည်အသွေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေး သင့်ပါသည်။ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူ

ဖြစ်စေမည့် အကဲဖြတ် စစ်ဆေးရေးမူဝါဒ အပြောင်းအလဲများကို တာဝန်ရှိသူများက လျှာထားပြီး ဖြစ်သည်။

နိုင်ငံတကာအတွေ့အကြုံများက ညွှန်ပြနေသည်မှာပင်မကျောင်းသင် ပညာရေး၏အရည်အသွေး တိုးတက်လာသည့်တိုင် အရိပ်ပညာရေးသည် ပျောက်ကွယ်သွားမည်မဟုတ်ကြောင်း တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် မိသားစုများသည် ၎င်းတို့ကလေးများအတွက် ယှဉ်ပြိုင်အသာစီးရမည့် နည်းလမ်းများကို အမြဲရှာဖွေနေမည် ဖြစ်သောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်လာသည်နှင့်အမျှ မိသားစုများသည် ပိုမိုသုံးနိုင်စွဲနိုင်သော ဝင်ငွေများ ရရှိလာမည် ဖြစ်သည့်အတွက် အခကြေးငွေဖြင့် အပိုဆောင်းသင်ကြားပေးမှု လိုအပ်ချက်သည် ကျုံ့သွားမည်ထက် ကျယ်ပြန့်လာမည်မှာ အမှန်ပင်ဖြစ်သည်။ ထိုသို့ဖြစ်လင့်ကစား ဤကဏ္ဍကို ပဲ့ကိုင်ထိန်းချုပ်သင့်ပါသည်။ အနည်းဆုံးအနေဖြင့် ဂရုစိုက် စောင့်ကြည့် စစ်ဆေးရန်လိုအပ်သည်။ တာဝန်ရှိသူများက စီးပွားရေးကျူးရှင်းကဏ္ဍနှင့် ကျူးရှင်းပေးသော ကျောင်းဆရာများအတွက် စည်းမျဉ်းဥပဒေများကို ပြန်လည်သုံးသပ်သင့်ပါသည်။ ကိုယ်တိုင် စည်းကမ်း ထိန်းသိမ်းမှု ပုံစံများကိုလည်း အားပေးသင့် ပါသည်။

အမှာစာ

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာလုံးဆိုင်ရာ အသိုက်အဝိုင်းကြီးသည် ၂၀၃၀ ခုနှစ်အထိ အကောင်အထည် ဖော်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင်များကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလတွင် ချမှတ်ခဲ့ကြသည်။ လက်မှတ်ရေးထိုးသူများသည် ၎င်းပန်းတိုင် 4 (SDG4) ဖြစ်သော "အားလုံး အကျုံးဝင်မှုရှိကာ ညီညွှတ်မျှတပြီး အရည်အသွေးရှိသောပညာရေး" ကို လူတိုင်း အတွက် အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုစေသည်။ မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာနသည် ဤကတိကဝတ်များကို အကောင်အထည်ဖော်ရန်နှင့် တိုင်းပြည်၏ ပညာရေးအရည်အသွေးကို မြှင့်တင်ရန် ကျယ်ပြန့်သော ပညာရေး ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်နေသည်။ ယူနက်စကိုသည် SDG4 ကို ဦးဆောင်အကောင်အထည်ဖော်ရန် ၎င်း၏ ကမ္ဘာလုံးဆိုင်ရာ ပဋိညာဉ်နှင့်အတူ မြန်မာနိုင်ငံက SDG4 ပန်းတိုင်အား နိုင်ငံမူဝါဒများတွင် ထည့်သွင်းရန်နှင့် အကောင်အထည်ရာတွင် စောင့်ကြည့်လေ့လာမှုနှင့် အစီရင်ခံမှုများ အားကောင်း စေရန် ပံ့ပိုးပေးနေသည်။

SDG4 အကောင်အထည်ဖော်ရာတွင် ယူနက်စကို၏ ပိုမိုကျယ်ပြန့်သော ပံ့ပိုးမှုဖြစ်သည့် ပညာရေး စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှု (CapED) မူဘောင် အောက်မှ မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ကျူရှင်သင်ကြားသင်ယူခြင်း၏ အရွယ်အစား၊ ဥဘောသဘာဝနှင့် အကျိုးသက်ရောက်မှုများကို လေ့လာမှု ပြုလုပ်ခဲ့သည်။ ကျူရှင်သည် အရည်အသွေးရှိသော ပညာရေးအား လက်လှမ်းမီခြင်းနှင့် ကြီးမားသော မညီမျှခြင်းတို့အပေါ် သက်ရောက်မှုရှိနိုင်ခြင်းကြောင့် SDG ပန်းတိုင်များ၊ "မည်သူ မျှ နောက်မကျန်ရစ်စေရ" ရည်မှန်းချက်များနှင့် လွန်စွာ ပတ်သက်မှု ရှိသည်။ မြန်မာနိုင်ငံတွင် အခြားသောနိုင်ငံများကဲ့သို့ပင် ပုဂ္ဂလိကကျူရှင်များသည် ရှည်လျား သော သမိုင်းကြောင်းရှိပြီး၊ ဆက်လက် တိုးပွားလာနေသည်။ ၎င်းသည် ကျောင်းသား များ၏သင်ယူမှု၊ လူမှုရေး သာတူညီမျှမှု၊ ဆရာများ၏ဝင်ငွေ၊ ကျောင်းခန်းများ အတွင်း ဆက်ဆံရေးများကအစ ကျောင်းစနစ်နှင့် လူ့အဖွဲ့အစည်းများအတွင်းသို့ပင် သက်ရောက်မှုရှိနိုင်သော ရှုပ်ထွေးလှသည့် အကြောင်းအရာတစ်ခု ဖြစ်သည်။

ဤထုတ်ဝေမှုသည် လေ့လာမှုတစ်ခု၏ ရလဒ်ဖြစ်ပြီး ကျူရှင်အရေးတွင် အဓိက ပါဝင်ပတ်သတ်များ၏ အမြင်များနှင့် ကျူရှင်များ အလျင်အမြန်တိုးပွား လာခြင်း၏ အကြောင်းရင်းများကို ရှင်းပြထားသည်။ ၎င်းလေ့လာမှုမှ တွေ့ရှိချက် များ၊ သက်ဆိုင်သူများ၏ အတည်ပြုချက်များနှင့် ကျယ်ပြန့်သော နိုင်ငံတကာအတွေ့ အကြုံများအပေါ် အခြေခံပြီး နိုင်ငံအဆင့်နှင့် ဌာနအဆင့်ဆင့်အတွက် မူဝါဒ အကြံပြု ချက်များ ပြုစုထားသည်။ ၎င်းအကြံပြုချက်များသည် (၁) ပညာရေး အသုံးစရိတ်မြှင့် တင်ခြင်း၊ (၂) လူသားအရင်းအမြစ်၊ လူမှုရေး မညီမျှမှုများနှင့် မိဘများ၏ အခွင့်အရေးများ၊ (၃) သင်ကြားခြင်း၊ သင်ယူခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း၊ (၄) ဆရာများက ပို့ချသော ကျူရှင်များအား ထိန်းညှိခြင်း၊ (၅) ဈေးကွက်အတွင်းရှိ

ပုဂ္ဂလိက ကျူးရှင်များအား ထိန်းညှိခြင်းနှင့်၊ (၆) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် မိတ်ဖက်ပြုခြင်းတို့နှင့် ဆက်စပ်သည်။

ဤအစီရင်ခံစာအနေဖြင့် ကျူးရှင်၏ ပုံ့နှံ့စိမ့်ဝင်မှုကို မီးမောင်းထိုးပြပြီး ပတ်သက်ဆက်နွယ်သူများ– မိဘများ၊ ကျောင်းသားများ၊ ဆရာများ၊ အစိုးရ နှင့် အခြားစိတ်ဝင်စားသူများ– အကြားတွင် မူဝါဒအရေး အလို့ငှါ တွေ့ဆုံဆွေးနွေးမှုများ ဖော်ဆောင်ကြရန် မျှော်လင့်ထားပါသည်။ ကျူးရှင်အရေးသည် ရှုပ်ထွေးလှသော ကြောင့် ရိုးရှင်းသော တစ်ပွဲထိုး မူဝါဒမျိုးနှင့် ဖြေရှင်းလို့ ရနိုင်မည် မဟုတ်ကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။

ဤသုတေသနအတွက် ဟောင်ကောင်တက္ကသိုလ်ရှိ နိုင်းယှဉ်ပညာရေး သုတေသနစင်တာနှင့် ရန်ကုန်ပညာရေး တက္ကသိုလ်က အဖွဲ့များအား ကျေးဇူးတင် ရှိပါသည်။ အစီရင်ခံစာသည် မြန်မာ့ပညာရေး၏ အရည်အသွေးရှိသော ပညာရေး နှင့် လူတိုင်း အကျုံးဝင်ပညာရေးများနှင့် လွန်စွာ ဆက်စပ်မှုရှိသည်။ ထို့အပြင် အခြားသောနိုင်ငံများက သုတေသီများနှင့် မူဝါဒချမှတ်သူများကိုလည်း များစွာသော စိတ်ဝင်စားမှု ပေးလိမ့်မည်။

မင်ဂျွန်ကင်(မ်)ကင်
ဌာနေကိုယ်စားလှယ်၊ ယူနက်စကိုမြန်မာ

နိဒါန်း

ဤစာအုပ်သည် ဟောင်ကောင်တက္ကသိုလ် နိုင်းယှဉ်ပညာရေး သုတေသနဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ် သင်ပြုနည်းဌာနနှင့် ယူနက်စကို ရန်ကုန်ရုံးတို့ ပူးပေါင်းဆောင်ရွက်မှုမှ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းတွင် တွင်ကျယ်လာသော ကျူးရှင်သင်ကြားခြင်း အကြောင်း ရေးသားထားပါသည်။ သုတေသနကို မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ရန်ကုန်မြို့တွင် အဓိက လေ့လာဆောင်ရွက်ခဲ့ပြီး၊ ဤစာအုပ်တွင် ဒေသတွင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာ အခြေအနေများကိုပါ လေ့လာခြုံငုံသုံးသပ်ပြသွားပါမည်။

အရိပ်ပညာရေးဟူသော ဝေါဟာရကို ကျောင်းပြင်ပတွင် ဘာသာရပ်များကို ပိုမိုနားလည်အောင် ထပ်ဆောင်း သင်ကြားပေးခြင်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြပါသည် (ဥပမာ – အော်ရီနီနှင့် သုတေသီများ၊ ၂၀၁၃။ ဘရေး၊ ၁၉၉၉။ ၂၀၀၉။ ကျော့ကစ်ခ်၊ ၂၀၁၃။ ဂျန်၊ ၂၀၁၄ တို့တွင်ရှိ)။ ဤကဲ့သို့ သင်ကြားပေးခြင်းကို ကျောင်းသား တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အုပ်စုငယ်အနေဖြင့် လည်းကောင်း၊ အုပ်စုကြီးအနေဖြင့် လည်းကောင်း၊ အင်တာနက်ဖြင့် လည်းကောင်း ဆောင်ရွက်ကြပါသည်။ အရိပ်ပညာရေးဟု တင်စားရခြင်းမှာ ကျူးရှင်သင်ကြားခြင်းသည် ကျောင်းချိန် ပြင်ပတွင် ဆောင်ရွက်ခြင်းဖြစ်သော်လည်း ကျောင်းသင်ရိုးညွှန်းတမ်းများကို ပုံတူကူးသင်ကြား ပေးခြင်းဖြစ်ပြီး ကျောင်းသင်ရိုးပြောင်းလျှင် ၎င်းလည်း အရိပ်ကဲ့သို့လိုက်၍ ပြောင်းလဲလေ့ရှိ သောကြောင့်ဖြစ်သည်။

ဤစာတမ်းသည် အခကြေးငွေပေးရှိသင်ယူရသော ကျူးရှင်များအကြောင်းကို လေ့လာထားပါသည်။ ကျောင်းသင်ပညာရေးနှင့် ကျူးရှင်မတူသောအချက်မှာ ကျူးရှင်များသည် အခပေးသင်ယူရပြီး ကျောင်းသင်ပညာရေးမှာ အခမဲ့ပညာရေးအဖြစ် တရားဝင်သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ မတူညီသောအခြေအနေများနှင့် ကျူးရှင်အမျိုးမျိုးတို့အတွက် ဝေါဟာရအမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသည်။ ဤစာတမ်းတွင် နိုင်ငံတကာစာပေတို့ အပေါ်အခြေခံ၍ ကျူးရှင်သင်ကြားခြင်းကို အဓိကဝေါဟာရအဖြစ် သုံးနှုန်းထားပါသည်။ အခြားသော ဝေါဟာရအနေဖြင့် မြန်မာဘာသာစကားတွင်ကျူးရှင်ဟုလည်း အသုံးများပါသည် (ကျော်ရဲလင်း၊ ၂၀၁၈)။ ကျူးရှင် သင်ကြားခြင်းကို ကျောင်းသင်ဆရာများနှင့် အခြားသူများက အပိုဝင်ငွေရရှိရန် အချိန်ပိုင်းလုပ်ကိုင်ကြသကဲ့သို့ ကိုယ်ပိုင်ကျူးရှင်ဖွင့်ထားသူများနှင့် ကျူးရှင်တွင် အချိန်ပြည့် အလုပ်လုပ်နေသူများလည်း ရှိပါသည်။

တိကျစွာမှတ်တမ်းတင်ထားခဲ့ခြင်းမရှိသော်လည်း ခေတ်အဆက်ဆက်ကပင် မြန်မာနိုင်ငံတွင် ကျူးရှင်သင်ကြားခြင်းရှိခဲ့သည်။ မြန်မာနိုင်ငံ ပညာရေးသုတေသနဌာန၏ ၁၉၉၂ခုနှစ် အစီရင်ခံစာတစ်စောင်တွင် ကျူးရှင်သင်ကြားခြင်းကို 'အထက်တန်းပညာ ပြီးမြောက်မှုအတွက် လိုအပ်ချက် တစ်ရပ်' အဖြစ် (စာ–၂၄) ဖော်ပြခဲ့ပါသည်။ ထို့ပြင် ၁၉၉၂ ခုနှစ်မတိုင်မီကပင် ကျူးရှင်သင်ကြားခြင်း ရှိခဲ့ကြောင်း အထောက်အထားများလည်း တွေ့နိုင်ပြီး ယခုလေ့လာမှုသည် ကျူးရှင်သင်ကြားမှုနှင့်

ပတ်သက်၍ ပထမဆုံးအကြိမ် အသေးစိတ်လေ့လာမှု ဖြစ်ပါသည်။ ဤလေ့လာမှုတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှု အမြင့်ဆုံးစီးပွားရေး မြို့တော်ဖြစ်သည့် ရန်ကုန်မြို့ရှိ အလယ်တန်းကျောင်းနှင့် အထက်တန်း ကျောင်းများကိုသာ အဓိကလေ့လာခြင်း ဖြစ်သော်လည်း ဤလေ့လာမှုသည် တစ်နိုင်ငံလုံးရှိ အခြားဒေသများနှင့် အခြား ကျောင်းအဆင့်များအတွက်ပါ သက်ရောက်မှုရှိနိုင်မည် ဖြစ်ပါသည်။ မကြာသေးမီက စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြုလုပ်ခဲ့သည့် လေ့လာမှုသည်လည်း နှိုင်းယှဉ် လေ့လာ စရာတစ်ခု ဖြစ်ပါသည် (စွန်သဲ၊ ၂၀၁၇)။ သတင်းစာ အစီအရင်ခံစာများနှင့် အခြား သတင်း ရင်းမြစ်များကိုလည်း ကိုးကားဖော်ပြထားပါသည်။

ကျူရှင်သင်ကြားခြင်းသည် ကြီးမားသောသက်ရောက်မှုများ ရှိနေသည်။ အကောင်းဘက်မှ ကြည့်မည်ဆိုပါက ကျူရှင်များသည် သင်ယူမှုဝန်းကျင်ကို ကျယ်ပြန့်စေပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနေ ပေသည်။ ထို့အပြင် ကျူရှင်သင်ပြသူများ၏ ဝင်ငွေကို တိုးတက်စေပြီး အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်ပါသည်။ တတ်နိုင်သော မိသားစုများက အရည်အသွေးမြင့်မားသည့် ကျူရှင်ကို ငွေကြေးအကုန်အကျခံကာ သင်ကြား နိုင်သော်လည်း ဝင်ငွေနည်းသော မိသားစုများမှာ အရည်အသွေးနိမ့်သည့် ကျူရှင်မျိုး ကိုသာ အကန့်အသတ်နှင့် သင်ကြားနိုင်သည့် အခြေအနေများနှင့်၊ အချို့ကျူရှင် လခပင် မတတ်နိုင်သော အခြေအနေများလဲ ရှိနေသောကြောင့် လူ့အဖွဲ့အစည်း အတွင်း လူမှုရေးမညီမျှမှုများကို ဆိုးရွားစွာ ဖြစ်ပေါ်စေပါသည်။ ထိုမျှသာမက ကျူရှင်သည် ပင်မကျောင်းသင်ပညာရေးကိုပင် ဂယက်ရိုက်ခတ်မှု ရှိသည်။ ကျောင်းစာသင်ခန်းတစ်ခု အတွင်းမှာပင် ကျူရှင်ယူသော ကျောင်းသားများနှင့် မယူသောသူများရှိနေခြင်းသည် စာသင်ခန်းတွင်းအခြေအနေများအပေါ် သက်ရောက် မှုရှိနေသည်။ အဘယ်ကြောင့်ဆိုသော် ကျူရှင်သင်ကြားခြင်းသည် ကျူရှင်ယူသူနှင့် မယူသူများအပေါ် ကျောင်းသား အချင်းချင်းအကြား စိတ်သဘောထားများနှင့် ၎င်းတို့အပေါ်ထားသည့် ဆရာများ၏ စိတ်သဘောထားများကို ပြောင်းလဲနိုင်စွမ်း ရှိသည် (ကျူရှင်ယူသူ အချင်းချင်းအကြား၌ပင် အမျိုးအစားနှင့် နှုန်းများအပေါ် မူတည်ပြီး ခွဲခြားမှုများရှိသည်)။ ကျူရှင်သင်ကြားသော ဆရာများသည် အပိုဝင်ငွေ များရရှိပြီး လုပ်ငန်းခွင်တွင် တည်မြဲနိုင်သော်လည်း အခြားတစ်ဖက်တွင် အချိန်ပို သင်ကြားမှုတို့အပေါ် အာရုံစိုက်လိုမှုကြောင့် ကျောင်းတွင်းစာသင်ကြားမှုအပေါ် အာရုံစိုက်မှု လျော့နည်းလာခြင်းမျိုး ကဲ့သို့သော ပြဿနာများလည်း ဖြစ်ပေါ်နိုင်ပေ သည်။

နိုင်ငံတကာစာပေများတွင်လည်း အလားတူသုံးသပ်ချက်မျိုးရှိပြီး (ဥပမာ — ဘရေးနှင့် လိုင်ကင်စ်၊ ၂၀၁၂။ ဘရေးနှင့် သုတေသီများ၊ ၂၀၁၆။ ကိုဘာခီဒ်ဇီ၊ ၂၀၁၄။ မူဟာမက်နှင့် ဘရေး ၂၀၁၇) အခန်း (၁) တွင် ဆက်လက် ရှင်းလင်း ဆွေးနွေးသွားပါမည်။ ဤနေရာတွင် လူ့အဖွဲ့အစည်း အသီးသီးသည် ၎င်းတို့၏ ကိုယ်ပိုင်သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအရ ကွဲပြားခြားနားမှုရှိပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ပတ်သက်သော ဤလေ့လာချက်သည် ဒေသတွင်းတွင်သာမက နိုင်ငံတကာအတွက်ပါ အသုံးဝင်၊ အကျိုးပြုနိုင်ပါသည်။ ဒေသတစ်ခုတွင် အချိန်

ကာလ သတ်မှတ်ချက်တစ်ခုအတွင်း အကြောင်းခြင်းရာများသည် မည်သို့ ဆက်စပ်သက်ရောက်နေကြသည်ကို ထင်ဟပ်စေသည်။

ဤလေ့လာမှုကို မြန်မာပြည်တွင်း အဓိကနိုင်ငံရေးအပြောင်းအလဲကာလ မူဝါဒသစ်ရေးဆွဲခွင့် ရရှိန်ဦးပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ဆယ်စုနှစ်များစွာ နိုင်ငံတကာ အသိုက်အဝန်းမှ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုအပြီး ၂၀၁၅ ရွေးကောက်ပွဲက အစိုးရသစ်ကို ဖွဲ့စည်းနိုင်စေခဲ့ပြီး အခွင့်အလမ်း အမြောက်အမြား ပွင့်လင်းလာအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အဆင့်(၂)ဆင့်ဖြင့် ထုတ်ဝေခဲ့သည့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) (မြန်မာ၊၂၀၁၃၊ ၂၀၁၅) အပေါ်အခြေခံ၍ အစိုးရသစ်က အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ကို အတည်ပြုပြဋ္ဌာန်းခဲ့ပါသည် (မြန်မာ၊ ၂၀၁၆)။ အမျိုးသားပညာရေး မဟာဗျူဟာ စီမံကိန်းသည် သင်ရိုးညွှန်းတမ်းနှင့် ကျောင်းသင်ပညာရေး ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးကို အဓိကရည်ရွယ်ထားပြီး လိုအပ်သော အခြေခံ အဆောက်အအုံကောင်းမွန်လာရေး၊ လူတစ်ဦးချင်းစီ၏ ပညာသင်ယူခွင့်၊ တန်းတူညီမျှမှုနှင့် အခြားကဏ္ဍများ အလေးထားဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။ ဤစီမံကိန်းကို ကုလသမဂ္ဂ၏ နိုင်ငံတကာရည်မှန်းချက်များ၊ အားလုံးအတွက် ပညာရေးအစီအစဉ် (EFA) (ယူနက်စကို၊ ၂၀၁၅ တွင် ရှု)နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (ဥပမာ – ယူနက်စကို၊ ၂၀၁၆။ ၂၀၁၇ တို့တွင် ရှု) အပေါ် အခြေခံ၍ ချမှတ် ထားခြင်း ဖြစ်ပါသည်။

CESR (မြန်မာ၊ ၂၀၁၅) တွင် အထက်တန်းပညာရေး၏ နောက်ဆုံးအဆင့် ဖြစ်သော တက္ကသိုလ်ဝင်တန်းတွင် ကျူရှင်များ၏ အရေးပါမှုကို အသိအမှတ်ပြုထားသော်လည်း အဆိုပါကိစ္စနှင့် ပတ်သက်၍ အတွင်းကျကျ လေ့လာစုံစမ်းထားခြင်းမရှိပေ။ သို့သော် 'ကျူရှင်များကို အရေးကြီးသော ပညာရေး မူဝါဒပြဿနာတစ်ခုအဖြစ် သတ်မှတ်ရန်လိုအပ်သည်' (စာ–၂၆) ဟူ၍သာ ဖော်ပြထားသည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (မြန်မာ၊ ၂၀၁၆) က 'အခြေခံပညာရေး – အခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု'ဟု ခေါင်းစဉ်တပ်ထားသော အခန်းတွင် 'မိဘများသည် ပြင်ပကျူရှင်အတွက် ငွေကြေးအကုန်အကျ ခံနေကြရပြီး၊ ထိုကျူရှင်စရိတ်သည် မိဘများက ကျခံရသည့် ပညာသင်ယူမှုကုန်ကျစရိတ်များထဲတွင် အကြီးမားဆုံးဖြစ်သည်' (စာ–၁၁၃) ဟုဖော်ပြထားပါသည်။ ထို့အတူ ငွေကြေးကဏ္ဍအကြောင်း ဆွေးနွေးထားသောနောက်လာမည့် အခန်းတွင် တက္ကသိုလ်ဝင်စာမေးပွဲသည် အစိုးရကဏ္ဍအပေါ်တွင် သာမက 'ပြင်ပကျူရှင်အတွက် ငွေကြေးအကုန်အကျခံရသော အိမ်ထောင်စုများ' အတွက်လည်း အရေးကြီးကြောင်း ဖော်ပြထားသည် (စာ–၂၇၀)။

ယခုလေ့လာမှုသည် CESR အစီအရင်ခံစာတွင် တောင်းဆိုတင်ပြထားမှုကို ပြန်လည်လေ့လာ ထားခြင်းဖြစ်ပြီး NESP အစီအစဉ်ပါအချက်များကို ထပ်မံရှင်းလင်းထားခြင်းဖြစ်ပါသည်။ ရွေးကောက်ခံ အစိုးရသစ်က နေပြည်တော်တွင် အကြောင်းအရာအလိုက် ကျင်းပသော ဖိုရမ် (၄) ခုအနက် တစ်ခုမှာ အခြေခံပညာကဏ္ဍဆိုင်ရာ ဖိုရမ်ပင် ဖြစ်သည်။ ထိုဖိုရမ်တွင် ယခုသုတေသနကို ရေးသားသူများထဲမှ တစ်ဦးဖြစ်သော မတ်ခ်ဘရေး (Mark Bray) က ဗဟိုချုပ်ကိုင်မှု

ဖြေလျှော့ရေး၊ဘဏ္ဍာရေးနှင့် အခြားဆက်စပ်ပြဿနာများအကြောင်း ဟောပြော ဆွေးနွေးခဲ့သည်။ ထိုဟောပြော ဆွေးနွေးမှုတွင် ယခုလေ့လာမှု၏ သမိုင်းကြောင်း တစ်စိတ်တစ်ပိုင်း ပါဝင်ခဲ့ပြီးဖြစ်သည် (ဘရေး၊ ၂၀၁၆)။ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အခြေခံပညာရေးဖိုရမ်တွင် ဦးဆောင်ဆွေးနွေးခဲ့ပြီး ကျူရှင်သင်ကြားခြင်း နှင့်ပတ်သက်သော ပြဿနာများအကြောင်း သူ၏မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားသွားခဲ့သည် (အောင်ဆန်းစုကြည်၊ ၂၀၁၆ (က))။ ကျူရှင် များကြောင့် လူမှုရေးမညီမျှမှုများ ပိုမိုဆိုးရွားလာစေမှုနှင့် အခြားဖြေရှင်းစရာ ပြဿနာရပ်များအပေါ် အထက်ပါ မှတ်ချက်မျိုး ပြောကြားခဲ့ဖူးပါသည် (အောင်ဆန်းစုကြည်၊ ၂၀၁၇။ကျော်ရဲလင်း၊ ၂၀၁၈)။ UNICEF အစီအရင်ခံစာ တစ်စောင်တွင်လည်း အခိုင်အမာ ဖွဲ့စည်းဖြစ်ပေါ်လာသော ကျူရှင်များအကြောင်း၊ ၎င်း ကျူရှင်များကြောင့် ဝင်ငွေနည်းမိသားစုက ကျောင်းသားများကို ထပ်ဆင့် ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း မီးမောင်းထိုးပြ ထားသည် (ဆေးလ်၊ ၂၀၁၆၊ စာ–၄၈)။ အလားတူစွာပင် ဥမ္မာတင်နှင့်စတန်နီ (၂၀၁၅၊ စာ–၁၂) တို့ကလည်း 'မယှဉ်နေရ ပုံဖမ်းထားသော ပုဂ္ဂလိက ကျူရှင်သင်ကြားရေး' ဟူ၍ ဝေဖန်ထား ပါသည်။

၂၀၁၆ ခုနှစ် အခြေခံပညာရေးဖိုရမ်နောက်ပိုင်း မြန်မာနိုင်ငံရှိ ယူနက်စကိုရုံးက ကျူရှင်နှင့် ပတ်သက်သည့် သုတေသနကို တာဝန်ယူပြီး မြန်မာအစိုးရနှင့် ပထမ ဦးစွာ ဆွေးနွေးခဲ့သည်။ ထို့နောက် နေပြည်တော်တွင် နိုင်ငံတော်အဆင့်နှင့် ရန်ကုန်မြို့တွင် ဒေသအဆင့်များအတွက် ဆက်လက်ဆွေးနွေးလုပ်ဆောင်ခဲ့ပါသည်။ သုတေသန အဆိုပြုချက်နှင့် မူဝါဒစိစစ်သုံးသပ်ချက်များ ပြုလုပ်ပြီး ရန်ကုန် ပညာရေးတက္ကသိုလ်ကို ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခဲ့သည်။ အခန်း (၃) တွင် ရှင်းလင်းတင်ပြထားသည့်အတိုင်း နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့်များအတွက် သုတေသန ဆောင်ရွက်ရန် ခွင့်ပြုချက်ရခဲ့ပြီး အကောင်အထည် ဖော်နိုင်ခဲ့သည်။

ကျူရှင်သင်ကြားခြင်း၏ သဘောသဘာဝနှင့် လုပ်ကိုင်ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက် နေသူအများအပြားပင်ရှိနေပါသည်။ ထိုအထဲတွင် အချို့သော ကျောင်းသင်ဆရာများ ကိုယ်တိုင် ကျူရှင်သင်ကြားနေကြပြီး ယင်းကျူရှင်သင်ကြား ခြင်းသည် ဆရာအားလုံးအပေါ် အကျိုးသက်ရောက်မှု ရှိနေသောကြောင့် ဤအစီရင်ခံ စာတွင် ဆရာများကိုသာ အလေးပေးလေ့လာခဲ့သည်။ ထို့အပြင် ဆရာများသည် အစိုးရ မူဝါဒပြဋ္ဌာန်းရာတွင် အရေးပါသောနေရာက ပါဝင်နေသည်။ ဆရာများသာ သီးခြား ပါဝင်ပတ်သက် နေသည် မဟုတ်ဘဲ ကျောင်းသားများနှင့် ၎င်းတို့၏ မိသားစုများ၊ ထိုမှတစ်ဆင့် ပိုမိုကျယ်ပြန့်သော လူမှုရေးနှင့် စီးပွားရေးနယ်ပယ် အထိပါ သက်ရောက်မှု ရှိနေသည်။ လူမှုရေးနှင့် စီးပွားရေးနယ်ပယ်တွင် ကျူရှင်သင်ကြား ရေးကို လုပ်ဆောင်နေသော စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် လူ့အဖွဲ့အစည်းအသီး သီးပါဝင်သည်။

အထက်ပါအကြောင်းအရာများအရ ဤစာအုပ်တွင် နိုင်ငံတကာ အခြေအနေနှင့် စတင်ကာ မတူညီသော နိုင်ငံအသီးသီးမှ ကျူရှင်သင်ကြားခြင်း ပုံစံအမျိုးမျိုး အကြောင်း ပြုလုပ်ထားသော သုတေသနများကို တင်ပြသွားပါမည်။ ထို့နောက် ကျူရှင်သင်ကြားခြင်း ဖြစ်ပေါ်နေသော မြန်မာ့ပညာရေးစနစ်အပါအဝင် မြန်မာနိုင်ငံ အခြေအနေကို တင်ပြသွားပါမည်။ နောက်လာမည့် အခန်းတွင် သုတေသနပြုလုပ်

ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်လင်းဖော်ပြကာ၊ ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများ၊ ဆရာများနှင့် သက်ဆိုင်သော ရှာဖွေတွေ့ရှိမှုများကို ရှင်လင်းတင်ပြသွားပါမည်။ ဤလေ့လာမှုသည် ပညာရေးမူဝါဒချမှတ်ရန် အသုံးဝင်ပုံကို နောက်ဆုံးအခန်းတွင် ဖော်ပြထားသည်။

အခန်း (၁)
အရိပ်ပညာရေးအပေါ် နိုင်ငံတကာသဘောထားအမြင်များ

ပြည့်စုံလုံလောက်သော သက်သေအထောက်အထားများ မရှိသော်လည်း အရိပ်ပညာရေး၏ သမိုင်းကြောင်းသည် ကျောင်းသင်ပညာရေးသမိုင်း အစကတည်းကပင် စတင်ခဲ့သည်ဟု ယူဆနိုင်သည်။ ရှေးကတည်းကပင် စီးပွားဥစ္စာပြည့်စုံပြီး ပညာရေးလိုအပ်ချက်ရှိသည့် မိသားစုများသည် ကျောင်းဌပညာသင်ကြားနေကြသော ၎င်းတို့၏ ကလေးများအတွက် အကျိုးရှိသောနည်းလမ်းများနှင့် ကျောင်းသင်ဘာသာရပ်များအတွက် လိုအပ်ချက်များကို ပြန်လည်ကုစားနိုင်ရန်၊ ထပ်ဆောင်းဖြည့်စွက်အကူအညီပေးရန် နည်းလမ်းများကို ရှာဖွေလာခဲ့ကြသည်။ နည်းလမ်းများစွာရှိသည့်အနက် အများဆုံးအသုံးပြုသော နည်းလမ်းမှာ မိဘများ၊ ဆွေမျိုးများနှင့် အခြားသော သူများက ကလေးများ၏အိမ်စာများကို ကူညီလုပ်ဆောင်ပေးခြင်း ဖြစ်သည်။ သို့သော်လည်း အချို့သော အခြေအနေများတွင် ထိုနည်းလမ်းကို ကျူရှင်ဆရာများနှင့် သဘောတူညီမှုရယူ ဆောင်ရွက်ခဲ့ကြသည်။ ထိုမှတစ်ဆင့် (၂၀) ရာစုအစောပိုင်းကာလများအတွင်း ကျူရှင်သင်ကြားခြင်းပုံစံများသည် မော်ရစ်ရှ၊ ဂျပန်နှင့် ဂရိနိုင်ငံတို့တွင် စတင်ထင်ရှားလာခဲ့သည် (ဖွန်းဒန်၊ ၂၀၀၂။ ဆာတို၊ ၂၀၁၂။ စီလိုဂလို၊ ၂၀၀၅)။ သို့သော်လည်း အရိပ်ပညာရေးသည် (၂၀) ရာစုနောက်ပိုင်းနှင့် (၂၁) ရာစုအစောပိုင်းတွင် ကမ္ဘာတစ်ဝန်းလုံး၌ အဓိက ကိစ္စရပ်အဖြစ် ရပ်တည်နေပါသည် (ဘရေး၊ ၂၀၁၇)။

အရိပ်ပညာရေး၏ အတိုင်းအတာ ပမာဏ၊ သဘောသဘာဝနှင့် သက်ရောက်မှုများသည် နိုင်ငံအလိုက် ယဉ်ကျေးမှုအလိုက် ကွဲပြားခြားနားမှုရှိပါသည်။ ဤစာအုပ်တွင် မြန်မာနိုင်ငံနှင့် စီးပွားရေးဖွံ့ဖြိုးမှု အဆင့်အတန်းချင်း တူညီသည့်နိုင်ငံများမှ ကျူရှင်နှင့်ပတ်သက်သည့် အကြောင်းအရာများသာမက မြန်မာနိုင်ငံထက် စီးပွားရေးပိုမိုဖွံ့ဖြိုးသော နိုင်ငံများနှင့် ပိုမိုအားနည်းသောနိုင်ငံများမှ ကျူရှင်အကြောင်းအရာများကိုပါ နှိုင်းယှဉ်လေ့လာနိုင်ရန် ဗဟုသုတ ဖြစ်ဖွယ် ဖော်ပြထားပါသည်။ ထို့အပြင် မြန်မာနိုင်ငံမှ ရှာဖွေတွေ့ရှိချက်များအပေါ် သုံးသပ်ချက် များသည် နိုင်ငံတကာသုတေသနစာပေအတွက် အကျိုးဖြစ်ထွန်းခဲ့သည်သာမက ၎င်းအပေါ် တစ်ဖန် ပြန်လည်အထောက်အပံ့ဖြစ်စေသည်။ သို့ဖြစ်၍ ဤလေ့လာမှုသည် ကမ္ဘာတစ်ဝန်းလုံးရှိ အရိပ်ပညာရေး၏ သွင်ပြင်လက္ခဏာများကို ဖော်ထုတ်ရန် အသုံးဝင်သော လေ့လာမှုတစ်ခု ဖြစ်သည်။ ဤအခန်းတွင် နိုင်ငံအသီးသီးရှိ အရိပ်ပညာရေး၏ အတိုင်းအတာ ပမာဏနှင့် သဘောသဘာဝတို့ကို အစပြုဖော်ပြထားပြီး ကျူရှင်နှင့် ပင်မကျောင်းသင်ပညာရေး အကြား ဆက်နွယ်မှုများအပြင် လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ၎င်း၏ သက်ရောက်မှု တို့ကိုပါ ဆက်လက်ဖော်ပြထားပါသည်။

၁.၁။ အတိုင်းအတာနှင့် သဘောသဘာဝ

အရိပ်ပညာရေးနှင့် သက်ဆိုင်သောစာရင်းအင်းအချက်အလက်များ ပိုမိုများပြားလာသော်လည်း ပြည့်စုံ လုံလောက်ရန် လိုအပ်နေပါသေးသည်။ ပညာရေးဝန်ကြီးဌာနမှ ကျောင်း၊ ကျောင်းသားနှင့် ဆရာအရေအတွက်တို့ကို ပုံမှန်ကောက်ယူလေ့ရှိပါသည်။ ထိုပြင် ကျောင်းသားကျောင်းတက်နှုန်းနှင့် တတ်မြောက်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များ၊ အကောင်အထည်ဖော်ဆဲနှင့် အကောင်အထည်ဖော်မည့် သင်ရိုးညွှန်းတမ်းများနှင့် အခြားသော ကျောင်းသင်ပညာရေးဆိုင်ရာ အသေးစိတ်အချက်အလက်များကိုလည်း ပုံမှန်စုဆောင်းထားရှိသည်။ သို့သော်လည်း အရိပ်ပညာရေးနှင့် သက်ဆိုင်သည့် နှိုင်းယှဉ်လေ့လာစရာ အချက်အလက်များမရှိပေ။ အဘယ်ကြောင့်ဆိုသော် ကျူရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် တိုက်ရိုက်သက်ဆိုင်သော တာဝန်ဟု မယူဆထားသည်ကတစ်ကြောင်း၊ ထိုအချက်အလက်များ စုဆောင်းရန် ခက်ခဲသည်ကတစ်ကြောင်းကြောင့် ဖြစ်ပေသည်။ ကျူရှင်သင်ကြားသည့် အဖွဲ့အစည်းများသည် ပညာရေးဝန်ကြီးဌာန သို့မဟုတ် အခြားသော အစိုးရအဖွဲ့အစည်းများသို့ အမြဲတမ်း မှတ်ပုံတင်ထားခြင်း မရှိသကဲ့သို့ ၎င်းတို့၏ ဝန်ထမ်းနှင့် ကျောင်းသားစာရင်းတို့မှာလည်း တစ်လနှင့်တစ်လမတူ၊ အတက်အကျ အပြောင်းအလဲများ ရှိနေနိုင်ပါသည်။ စာသင်နှစ်အတွင်း နေ့စဉ် တရားဝင် ကျောင်းတက်ကျောင်းဆင်းချိန်၊ စာသင်ချိန်တို့ရှိသော ပုံမှန်ကျောင်းများနှင့် နှိုင်းယှဉ်ကြည့်ပါက ကျူရှင်သင်ကြားသော အဖွဲ့အစည်းများသည် ကျောင်းသားများအား အချိန်ကာလ အမျိုးမျိုးတွင် စာသင်ချိန်အမျိုးမျိုးဖြင့် သင့်သလို သင်ကြားပေးနေသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ကျူရှင်သင်ကြားခြင်းများကို အဖွဲ့အစည်းများအနေဖြင့်ထက် တစ်ဦးချင်းသီးခြား ဆောင်ရွက်ကြပါသည်။ ယခုလေ့လာမှုတွင် ပုံမှန်ကျောင်းများ၌ အလုပ်ဝင်ရောက်ပြီး ကျူရှင် သင်ကြားနေသော ဆရာများအပေါ် အဓိက လေ့လာထားပါသည်။ ကျူရှင်သင်ကြားခြင်းကို တက္ကသိုလ်ကျောင်းသားများ သာမက အထက်တန်း ကျောင်းသားများလည်း တရားဝင်မဟုတ်ဘဲ လုပ်ကိုင်နေကြပါသည်။ ထိုလုပ်ငန်းကို အလုပ်အကိုင်တစ်ခု ရှာဖွေနေစဉ်အတွင်း ယာယီ လုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်လိုသူများ၊ အချိန်ပြည့် အလုပ်မလုပ်လိုသော အိမ်ရှင်မများနှင့် အခြားသူများကလည်း ယာယီလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသည်။ ထိုသူများသည် ကျူရှင်ဆရာ အဖြစ် တရားဝင်သတ်မှတ်မခံလိုခြင်းနှင့် ကြီးကြပ်ကွပ်ကဲမှုမခံရခြင်းကို ပို၍နှစ်သက် ကြသည်။ ကျောင်းသားများနှင့် မိဘများကပင်လျှင် တရားဝင် အချက်အလက်ကောက်ယူမှု လုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ရခြင်းထက် တရားဝင်မဟုတ်သော လုပ်ငန်းတစ်ခု အနေဖြင့်သာ 'အရိပ်အဖြစ်သာ' ဆက်လက် တည်ရှိနေရန် ဆန္ဒရှိကြသည်။

အထက်ဖော်ပြပါအချက်များသည် ကျူရှင်သင်ကြားခြင်း၏ အတိုင်းအတာ ပမာဏနှင့် သဘောသဘာဝကို ဖော်ပြနိုင်ရန် အားထုတ်မှုအပေါ် စိန်ခေါ်နေခြင်း ဖြစ်သည်။ သို့သော်လည်း တစ်စစီ ပြန့်ကျဲနေသော အထောက်အထားများမှ ကျယ်ပြန့်သောအခြေအနေတို့ကို တည်ဆောက် ယူရမည် ဖြစ်ပါသည်။ ဇယား (၁.၁) တွင် အာရှတိုက်ရှိ နိုင်ငံများနှင့် ကမ္ဘာပေါ်က အခြားဒေသများရှိ နိုင်ငံများမှ

အချက်အလက်အချို့ကို အကျဉ်းချုပ်ဖော်ပြထားသည်။ အောက်ပါအချက်အလက်များသည် အချိန်ကာလအမျိုးမျိုး၊ တိကျသေချာမှုအမျိုးမျိုးအောက်တွင် ကောက်ယူရရှိခဲ့သော်လည်း ကျူးရှင်သင်ကြားခြင်းနှင့် ပတ်သက်သော ယေဘုယျပုံစံအချို့ကို ဖော်ပြပေးနိုင်သည်။ အဓိက အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

- *အရိပ်ပညာရေးသည် ကမ္ဘာပေါ်တွင် ပျံ့နှံ့နေသော အကြောင်းအရာတစ်ခု ဖြစ်သည်။* သမိုင်းကြောင်းအရ အရှေ့အာရှနိုင်ငံများဖြစ်သည့် ဂျပန်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ထိုင်ဝမ်တို့တွင် အထင်ရှားဆုံး ဖြစ်နေခဲ့သော်လည်း ယခုအခါ တစ်ကမ္ဘာလုံးတွင် တွေ့လာ ရပြီ ဖြစ်သည်။ ဇယား(၁.၁)တွင် တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်၊ အာရပ်နိုင်ငံများ၊ ကာရေးဗီးယန်းနှင့် ဥရောပရှိ ဥပမာတို့ကို ဖော်ပြထားပါသည်။
- *အရိပ်ပညာရေးသည် ဝင်ငွေမြင့်မားသော နိုင်ငံများတွင်သာမက ဝင်ငွေနိမ့်ပါးသော နိုင်ငံများတွင်လည်း အထင်အရှား ရှိနေသည်။* ဇယား(၁.၁) တွင် ကနေဒါ၊ အင်္ဂလန်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှသာမက ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယားနှင့် အိန္ဒိယနိုင်ငံတို့မှ အချက်အလက်များကိုပါ တင်ပြထားပါသည်။
- *အရိပ်ပညာရေးသည် ပညာရေးအဆင့်များစွာတွင် တည်ရှိနေသည်။* အခြေအနေ အများစုတွင် အထက်တန်းပညာရေးအဆုံး၌ အရိပ်ပညာရေး၏ ပမာဏ အမြင့်ဆုံး ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ သို့သော် အချို့သော လူမှုအသိုက်အဝန်း တွင်မူ မူလတန်းပညာရေး၌ အမြင့်ဆုံးဖြစ်နေကြောင်း တွေ့ရပါသည်။ အခြားနိုင်ငံများတွင် အရိပ်ပညာရေးသည် မူလတန်းကြိုပညာရေး၌ မြင့်မားနေပြီး နိုင်ငံအနည်းငယ်တွင် တက္ကသိုလ်ပညာ အဆင့်၌ သိသိသာသာ မြင့်မားနေသည်ကိုလည်း တွေ့ရပါသည်။

ဇယား (၁.၁) နိုင်ငံအသီးသီးရှိ အရိပ်ပညာရေးအညွှန်းကိန်းများ

တည်နေရာ	*ပုံစံများ*
အာဂျင်တီးနား	ကာမာရာ နှင့် ဂါတယ် (၂၀၁၆) တို့သည် ကော်ဒိုဘာ တက္ကသိုလ် ဝင်ခွင့်ရရှိခဲ့သော ကျောင်းသား အယောက် (၃၆၀) ကို ဆန်းစစ် လေ့လာခဲ့ပါသည်။ သုတေသီတို့က တက္ကသိုလ် ဝင်ခွင့် ရရှိနိုင်ရန် ကျူးရှင်လိုအပ်ချက်အမျိုးမျိုးကို တိုင်းတာရန် မတူညီသော သင်တန်း များကိုရွေးချယ်ခဲ့ပါသည်။ ဥပဒေ၊ သွားဘက်ဆိုင်ရာပညာ၊ စီးပွားရေးနှင့် ဆေးပညာဆိုင်ရာ သင်တန်းများသို့ တက်ရောက်ခွင့်ရခဲ့သည့် ကျောင်းသား များ၏ ကျူးရှင်တက်ရောက်ခဲ့သည့် ရာခိုင်နှုန်းများမှာ ၁၇.၅%၊ ၃၀.၉%၊ ၃၉.၂% နှင့် ၉၂.၄% တို့ဖြစ်ကြသည်။

ဘင်္ဂလားဒေ့ရ်	မြို့ပေါ်ကျောင်း (၄) ကျောင်းနှင့် ကျေးလက်ကျောင်း (၄) ကျောင်းတို့ရှိ အဋ္ဌမတန်းနှင့် ဒသမတန်း ကျောင်းသားများကို လေ့လာမှု တစ်ခု ပြုလုပ်ခဲ့ရာ ထိုကျောင်းများတွင် ကျူးရှင်သင်ကြားမှု မြင့်မားနေပြီး၊ အထူးသဖြင့် အင်္ဂလိပ်စာတွင် ကျူးရှင်သင်ကြားမှုမြင့်မားကြောင်းတွေ့ရှိခဲ့သည်။ မြို့ပေါ်ရှိ ကျောင်းသားများအနက် ၈၄.၇% နှင့် ကျေးလက်နေကျောင်းသားများ၏ ၆၀.၇%သည် လွန်ခဲ့သော(၁၂)လအတွင်း အင်္ဂလိပ်စာကို ကျူးရှင်ယူခဲ့ကြကြောင်း လေ့လာရရှိ ခဲ့ပါသည် (မာမွတ်နှင့် ဘရေး၊ ၂၀၁၇၊ စာ–၃၀၃)။
ကနေဒါ	၃၃%သော မိဘများသည် ကလေးများအတွက် ထပ်ဆောင်းသင်ကြားပေးရန် ကျူးရှင်ငှားရမ်းပြီး၊ ၂၁% သော (၉) နှစ်အရွယ် ကလေး များမှာ ကျူးရှင်ယူကြကြောင်း အော်ရီနီနှင့် ဒေးဗီးစ် (၂၀၁၃၊ စာ–၁၅၇) တို့မှ အစီရင်ခံ တင်ပြခဲ့ပါသည်။ အက္ကလာ (၂၀၁၅) မှလည်း ကျူးရှင်သင်ကြားခြင်းကို 'ပုံမှန်စာသင်ကြားနည်းအသစ်' အဖြစ် ဖော်ပြခဲ့ပါသည်။
ကမ္ဘောဒီးယား	စီရမ်ရိပြည်နယ်ရှိ ကျောင်းသားများကို ဆန်းစစ်လေ့လာခဲ့ရာ နဝမတန်းကျောင်းသား ၇၄.၇% နှင့် ဒသမတန်း ကျောင်းသား ၈၉.၉% တို့သည် ကျူးရှင်ယူကြကြောင်း တွေ့ရှိခဲ့ပါသည် (ဘရေးနှင့် သုတေသီများ၊ ၂၀၁၆၊ စာ–၂၉၄)။ ဒေါ်ဆန် (၂၀၁၁၊ စာ–၁၈) သည် ဒေသ(၃)ခုရှိ မူလတန်း ကျောင်း (၈) ကျောင်းကို လေ့လာခဲ့ရာ ထိုကလေးများ၏ ထက်ဝက်သည် ကျူးရှင်ယူကြကြောင်း တွေ့ရှိခဲ့ရသည်။
တရုတ်	၂၀၁၀ ခုနှစ်တွင် တစ်နိုင်ငံလုံးရှိ ပထမတန်းမှ ဒွိဒသမတန်းထိ ကျောင်းသားများ ကိုယ်စားပြု နမူနာကောက်ယူခဲ့ရာ မြို့ပြတွင် နေထိုင်သူ ၄၆.၈% နှင့် ကျေးလက်နေထိုင်သူ ၁၆.၉% တို့သည် ယခင်နှစ်ကကျူးရှင်ယူခဲ့ကြကြောင်း သိရှိရပါသည်(လီယူနှင့်ဘရေး၊ ၂၀၁၇ (က)၊ စာ–၂၁၂)။
ဆိုက်ပရပ်စ်	လမ်ပရီယန်နိုနှင့် လမ်ပရီယန်နို (၂၀၁၃၊ စာ–၄၀) တို့၏ အချက်အလက်များ ကောက်ယူ စစ်ဆေးခဲ့မှုမှ ၂၀၀၉ ခုနှစ်တွင် ကျောင်းနေအရွယ်ကလေးရှိသော နမူနာအိမ်ထောင်စုများ၏ ၈၀.၅% သည် ကျူးရှင်လခပေးနေရကြောင်း တွေ့ရှိခဲ့ပါသည်။
အင်္ဂလန်	၂၀၁၅ ခုနှစ်တွင် ပုဂ္ဂလိက သို့မဟုတ် အိမ်၌ ကျူးရှင် ယူ/မယူကို ဆန်းစစ်လွှာတစ်ခုဖြင့် စစ်ဆေးခဲ့ရာ ဖြေဆိုသူများ၏ ၂၅% သည် ကျူးရှင်ယူကြကြောင်း ဖြေကြားခဲ့ပါသည်။ ထို့အပြင် လန်ဒန်မြို့၌လည်း ကျူးရှင်ယူသော ကျောင်းသားကျောင်းသူ အချိုးအစားမှာ ၄၄% ရှိကြောင်း သိရပါသည် (ဆပ်တန်ထရပ်စ်၊ ၂၀၁၅)။
အီဂျစ်	ဆိုဘီ (၂၀၁၂၊ စာ–၄၉) မှ တင်ပြခဲ့သောအချက်အလက်များအရ အထက်တန်းအဆင့် ကျူးရှင်ယူသောကလေးရှိသည့် အိမ်ထောင်စုမှာ ၈၁% ဖြစ်ပြီး မူလတန်းအဆင့် ကျူးရှင်ယူသော ကလေးရှိသည့် အိမ်ထောင်စုမှာ ၅၀% ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

ဂါနာ	၂၀၀၈ခုနှစ်တွင် အိမ်ထောင်စုပေါင်း (၁၀၂၀)စုကို ဆန်းစစ်လေ့လာ ခဲ့ရာ ၄၈% သည် မူလတန်းပညာရေးတွင် ကျူးရှင်လခအတွက် ငွေကြေးအပို ကုန်ကျနေရကြောင်း တွေ့ရှိခဲ့ပါသည် (အန်တိုနီဝဇ်နှင့် သုတေသီများ၊ ၂၀၁၀၊ စာ–၂၁)။
ဟောင်ကောင်, တရုတ်	၂၀၁၁–၂၀၁၂ ခုနှစ်တွင် ကျောင်း (၁၆) ကျောင်းမှ ကျောင်းသား စုစုပေါင်း (၁၆၄၆) ဦးကို လေ့လာခဲ့ရာ နဝမတန်းကျောင်းသား ၅၃.၈% နှင့် ဒွာဒသမတန်း ကျောင်းသား ၇၁.၈% တို့ ကျူးရှင်ယူကြောင်း သိရှိရပါသည် (ဘရေး၊ ၂၀၁၃၊ စာ–၂၁)။
အိန္ဒိယ	ဆန်နီ (၂၀၁၀၊ စာ–၃၁၅) သည် အနောက် ဘင်္ဂလားနယ်ရှိ မူလတန်းအဆင့်တွင် ၅၇% သော ကျောင်းသားများသည် ကျူးရှင်ယူကြောင်း ဖော်ပြခဲ့ပါသည်။ တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများမှ အသက် (၆)နှစ်မှ (၁၄) နှစ်အကြားရှိ ကလေးငယ်များ၏ ကျူးရှင် သင်ယူဆိုင်ရာ အချက်အလက်များ ကောက်ယူခဲ့ရာ ချာတစ်ကားလ် (Chhattisgarh) ပြည်နယ်တွင် ၂.၈% မှ အနောက် ဘင်္ဂလား နယ်တွင် ၇၃.၀% အထိ ကျူးရှင်ယူကြပါသည် (ပရာသမ်၊ ၂၀၁၃၊ စာ–၅၅)။
ဂျပန်	၂၀၁၀ ခုနှစ်တွင် ပြုလုပ်ခဲ့သော နိုင်ငံလုံးဆိုင်ရာလေ့လာမှု တစ်ခုတွင် ဂျပန်ဘာသာစကားဖြင့် 'ဂျုကု' (*juku*) ဟု လူသိများသော ကျူးရှင်သင်ကြားရာ အဖွဲ့အစည်းများတွင် ဆဋ္ဌမတန်းကျောင်းသား ၄၇.၇% နှင့် နဝမတန်းကျောင်းသား ၆၁.၉% တက်ရောက်နေကြောင်း တွေ့ရှိခဲ့ပါသည် (ဂျပန်နိုင်ငံ ပညာရေးမူဝါဒ သုတေသန အဖွဲ့၊ ၂၀၁၀ ခုနှစ်)။
ကိုရီးယား သမ္မတနိုင်ငံ	၂၀၁၆ ခုနှစ်တွင် မူလတန်းကျောင်းသား ၈၀.၀% ခန့်သည် ကျူးရှင်ယူကြကြောင်း ခန့်မှန်းရရှိခဲ့ပါသည်။ ထို့ပြင် အလယ်တန်းကျောင်းသား ၆၃.၈% နှင့် အထက်တန်း ကျောင်းသား ၅၈.၈% သည် ကျူးရှင်ယူကြပါသည် (KOSIS ၊ ၂၀၁၇)။
မော်လ်တာ (ဥရောပ တောင်ဘက် ကျွန်းနိုင်ငံ)	ဘူဟာဂီယာနှင့် ချက်ကူတီ (၂၀၁၃၊ စာ–၁၃၆–၁၃၇) တို့ ကိုးကား ဖော်ပြခဲ့သော ကိန်းဂဏန်းများအရ မူလတန်းကျောင်းသား ၅၁.၉% နှင့် အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ၈၂.၉% တို့သည် ကျူးရှင်ယူကြောင်း သိရှိရပါသည်။
ပါကစ္စတန်	၂၀၁၆ ခုနှစ်က ကျေးလက်ဒေသခရိုင် (၁၄၄) ခုကို လေ့လာမှုပြုခဲ့ရာ ကျောင်းတက်နေသော ကလေးများ၏ ၁၁.၈% သည် ကျူးရှင်ယူကြ သည်ကို တွေ့ရပါသည် (နှစ်ပတ်လည် ပညာရေး အစီရင်ခံစာ– ပါကစ္စတန်၊ ၂၀၁၇၊ စာ–၆၈)။ မြို့ပေါ် နေရာများတွင် ကျူးရှင်ယူသော ကျောင်းသားအချိုးအစားသည် ပိုမိုမြင့်မားလျက်ရှိပါသည်။ ဥပမာပြရသော် ၂၀၁၂ ခုနှစ် စစ်တမ်း၌ မြို့ပေါ်ရှိ ကျူးရှင်တက်နှုန်းသည် ၃၄.၀% ဖြစ်ပြီး ကရာချီမြို့တော်၌ ၆၀.၂% အထိပင်ရှိကြောင်း ဖော်ပြခဲ့သည် (နှစ်ပတ်လည် ပညာရေးအစီ ရင်ခံစာ– ပါကစ္စတန်၊ ၂၀၁၃၊ စာ–၁၃၁)။

သီရိလင်္ကာ	ပယ်လဂျီဒါရာ (၂၀၁၂၊ စာ–၃၈၀) သည် အသက် (၆) နှစ်မှ (၂၁) နှစ် အရွယ်ရှိ ကျောင်းသားရှိသည့် အိမ်ထောင်စုပေါင်း (၁၀၆၇၇) ကို၂၀၀၆/၂၀၀၇ခုနှစ်၌ ဆန်းစစ် လေ့လာခဲ့ပါသည်။ ၎င်း အိမ်ထောင် စုများအနက် ၆၄.၀% သည် ပုဂ္ဂလိက ကျူရှင် သင်ကြားခြင်းအတွက် ငွေကြေးသုံးစွဲနေကြရပါသည်။ ၁၉၉၅/ ၉၆ ခုနှစ်က ပြုလုပ်ခဲ့ သည့်လေ့လာမှုကို နှိုင်းယှဉ်ကြည့် ပါက ၂၃.၃% သာ ရှိခဲ့ကြောင်း တွေ့ရပါသည်။ ထို့ပြင် ဒသမတန်း ကျောင်းသားများကို လေ့လာခဲ့ရာ ကျောင်းသား စုစုပေါင်း (၂၅၇၈) ယောက်အနက် ၉၂.၄%သည် ကျူရှင်ယူပြီး ဒွိဒသမ တန်းကျောင်းသား (၈၈၄) ယောက်တွင် ၉၈.၀% ကျူရှင်ယူ ကြောင်း ဆူရာဝီရ (၂၀၁၁၊ စာ–၂၀) မှ တင်ပြခဲ့ပါသည်။
ထရီနီဒက်နှင့် တိုဘာဂို (ကာရေးဗီးယန်း ပင်လယ်နားရှိ ကျွန်းနှစ်ကျွန်း ပါဝင်သည့် နိုင်ငံ)	မူလတန်းကျောင်းသားနမူနာ (၈၀၁) ယောက်တွင် ပထမတန်း ကျောင်းသား ၅.၇% သည် ကျူရှင်ယူကြောင်း တွေ့ရှိရပါ သည်။ ဤအချိုးအစားသည် နောက်အတန်းများတွင် ၇.၄%၊ ၂၅.၄% နှင့်၆၈.၄% အသီးသီး ပိုမိုမြင့်တက်လာပြီး နောက်ဆုံး ပဉ္စမတန်း တွင် ၈၈.၂% အထိပင် မြင့်တက်လာပါသည် (ဘာရိုးလ် နှင့် လိုချန်၊ ၂၀၁၂၊ စာ–၄၁၁)။

အရိပ်ပညာရေး၏ အတိုင်းအတာပမာဏကို အထက်ပါအတိုင်း လေ့လာပြီး နောက် ၎င်း၏သဘောသဘာဝကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည် (အော်ရီနီနှင့် သုတေသီများ၊ ၂၀၁၃။ ဘရေးနှင့် လိုင်ကင်စ်၊ ၂၀၁၂)။ ပထမဦးစွာ သင်ကြားသည့်အကြောင်းအရာကိုလေ့လာကြည့်ပါက ကျူရှင်များသည် ကျောင်းသင် ပညာရေးနှင့် အလွန်ပင် ဆင်တူသော်လည်း အချို့ကျူရှင်များသည် ကျောင်းသင်ရိုး ညွှန်းတမ်းကို ကျော်လွန်ပြီး ဖြည့်စွက် သင်ကြားခြင်းနှင့် ချဲ့ထွင်သင်ကြားခြင်းတို့ ပြုလုပ်ကြသည်။ ထို့ကြောင့် ကျူရှင်ကို နောက်ကျ ကျန်ခဲ့သည့် ကျောင်းသားများကို လက်တွဲခေါ်ယူသည့် ပြန်လည်ကုစားခြင်း သို့မဟုတ် ပိုမိုကျွမ်းကျင် တတ်မြောက် သွားစေရန် သင်ကြားပေးခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ပိုမိုကျွမ်းကျင် တတ်မြောက်သွားစေရန် နည်းပြသင်ကြားပေးသည့် ကျူရှင်မျိုးသည် ကျောင်း၌ သင်ကြားပေးနေသော အကြောင်းအရာများမှ ခွဲထွက်သွားသော ပုံစံမျိုး ဖြစ်ပါသည်။ ပြန်လည်ကုစားပေးသည့် ကျူရှင်များသည်ပင် ခွဲထွက်သော ပုံစံဖြစ်နိုင်ပါသည်။ ဥပမာ– ဆရာ၏ ချဉ်းကပ်နည်းသည် ကျောင်းသားများ၏ အထုံဝါသနာ၊ သင်ယူမှု လိုအပ်ချက်နှင့် မကိုက်ညီ၍ ကျောင်းသားများ စာမလိုက်နိုင်ဟု ဆရာနှင့်/သို့မဟုတ် မိသားစုဝင်များကထင်မြင်ယူဆလာသောအခါ ကျူရှင်သင်ကြားရာတွင် ကျောင်းသား များ ပိုမိုသဘောပေါက် နားလည်နိုင်စေရန် အခြားချဉ်းကပ်နည်း အသစ် တစ်ခုကို သုံးစွဲသင်ကြားမှု ဖြစ်ပါသည်။

ဒုတိယပိုင်းအနေဖြင့် ကျူရှင်သင်ကြားသည့်ပုံစံသည်လည်း အမျိုးမျိုးကွဲပြားနေ ကြောင်း တွေ့ရပါသည်။ ကျူရှင်အများစုသည် ဆရာနှင့်တပည့် တစ်ယောက်ချင်းစီ သင်ကြားလေ့ရှိပြီး ကျောင်းသားများ၏အိမ် သို့မဟုတ် ဆရာ၏အိမ်တွင် သင်ကြား

ကြပါသည်။ ထို့ပြင် ကျောင်း၊ စာကြည့်တိုက် သို့မဟုတ် အခြားသော အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင်လည်း သင်လေ့ရှိပါသည်။ အချို့ကျူရှင်များသည် လူနည်းစုအုပ်စုငယ်များဖြင့် သင်ကြပြီး အချို့မှာလူအများစု အတန်းလိုက် သို့မဟုတ် သင်ကြားပို့ချရာ စာသင်ခန်းမကြီးများတွင် သင်ကြပါသည်။ နည်းပညာတိုးတက်လာမှုတို့ကလည်း ကျူရှင်သင်ကြားမှုကိုအထောက်အကူပြုလျက်ရှိပါသည်။ အင်တာနက်မှတစ်ဆင့် ကွန်ပျူတာ ပရိုဂရမ်များသုံးကာ လမ်းညွှန်မှုဖြင့် သင်ယူခြင်းနှင့် တိုက်ရိုက် သင်ကြားပို့ချခြင်းများ ပြုလုပ်လျက်ရှိပါသည်။

တတိယအချက်အနေဖြင့် ကျူရှင်သင်ကြားပေးသူများနှင့် ပတ်သက်၍ လေ့လာကြည့်ပါမည်။ ယခုလေ့လာမှုသည် ကျောင်းသင်ဆရာများ၏ ၎င်းတို့ကျောင်း၌ သင်ကြားပေးနေသည့် တပည့်များ၊ ၎င်းတို့ကျောင်းမှ အခြားကျောင်းသားများ သို့မဟုတ် အခြားကျောင်းမှ ကျောင်းသားများအား ကျူရှင်သင်ကြားမှုအကြောင်းကို အဓိကထားလေ့လာခြင်း ဖြစ်ပါသည်။ သို့သော်လည်း ထိုသူများသာမက တက္ကသိုလ်ကျောင်းသားများနှင့် အခြားသူများ ကလည်း တရားဝင်မဟုတ်ဘဲ သင်ကြားနေကြပြီး၊ စီးပွားရေးလုပ်ငန်းစု ကုမ္ပဏီများသည် များသောအားဖြင့် မြို့များတွင် ကျူရှင်ကို စီးပွားရေးလုပ်ငန်းတစ်ခုအနေဖြင့် တရားဝင် ဖွင့်လှစ်သင်ကြားပေးနေကြပါသည်။ ၎င်းစီးပွားရေး လုပ်ငန်းစုများသည် ပမာဏနည်းနည်းနှင့် လုပ်ကိုင်နေသည်များလည်း ရှိသကဲ့သို့ နေရာဒေသ အသီးသီးတွင် လုပ်ငန်းခွဲများဖြင့် လုပ်ကိုင်နေသည်များလည်း ရှိပါသည်။ အချို့သော ကုမ္ပဏီများသည် လုပ်ငန်းခွဲများဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။

၁.၂။ ပင်မကျောင်းသင်ပညာရေးနှင့် ဆက်နွယ်မှုများ

ပညာရေးစနစ်၏ အရိပ်ကဲ့သို့ဖြစ်သော အရိပ်ပညာရေးသည် ၎င်းတုပထား သော ပညာရေးစနစ်အပေါ် သက်ရောက်မှုများ ရှိနေပါသည်။ အကောင်းဘက်မှ ကြည့်လျှင် အရိပ်ပညာရေးကြောင့် ကျောင်းသားများ၏ သင်ယူမှု ပိုမိုအားကောင်း လာစေသည်။ ၎င်းသည် ကျောင်းသားများ၏ ပုံမှန်ကျောင်းသင်ပညာရေးကို အထောက်အကူပြုပြီး၊ စွမ်းဆောင်ရည် မြင့်မားသော ကျောင်းသားများကြောင့် ကျောင်း၏ဂုဏ်သတင်းတက်လာစေသဖြင့် ကျောင်းများကလည်း ၎င်းတို့အား လက်ကမ်းကြိုဆိုနေမည်ဖြစ်ပေသည် (ဥပမာ– ဘရေးနှင့် ကိုဘာခီဒ်ဇီ၊ ၂၀၁၅ တွင်ရှု)။ အဆိုးဘက်မှကြည့်သော် အရိပ်ပညာရေးသည် သဘောထား ကွဲလွဲမှုများကို ဖြစ်ပေါ်စေသည်။ ဥပမာအားဖြင့် သင်္ချာဘာသာရပ်တွင် ကျူရှင်ဆရာနှင့် ကျောင်းသင်ဆရာတို့၏သင်နည်း၊ အယူအဆများ မတူညီပါက သဘောထားကွဲလွဲမှု ဖြစ်ပွားလာနိုင်သည်။ ထိုနည်းတူစွာ စာသင်ခန်းတစ်ခန်းတည်းမှာပင် ကျူရှင်ယူသောသူနှင့် မယူသောသူများကြား ကွဲပြားမှု ပြဿနာများ ပေါ်ပေါက်လာနိုင်သည်။

အခြားသော ရင်ဆိုင်ရမည့် အခက်အခဲတစ်ခုမှာ ကျောင်းသားများသည် ကျောင်းချိန်အပြင် ညနေပိုင်းနှင့် စနေ၊တနင်္ဂနွေ ပိတ်ရက်များတွင် ကျူရှင်တက်နေရသောကြောင့် ပင်ပန်းနွမ်းနယ်မှုကို ခံစားရပေသည်။ ထို့အပြင် ၎င်းတို့နှင့် ၎င်းတို့၏ မိဘများသည် ကျူရှင်လခ ပေးနေရသည့် ကျူရှင်ဆရာများအပေါ်တွင်သာ ပိုမိုအာရုံထားကြပြီး၊ ငွေကြေး ကုန်ကျစရာလည်းမလို ဆရာရွေးချယ်ခွင့်လည်းမရှိသည့်

ကျောင်းချိန်အတွင်း ငိုက်မျဉ်းနေကြပေမည်။ ထိုစိန်ခေါ်မှုသည် ကျောင်းသားများ သင်ခန်းစာကို ကျောင်း၌မသင်ကြားမီ ကျူရှင်တွင် ဦးစွာသင်ကြားပြီးသော အခါ မျိုးတွင် ပိုမိုဆိုးရွားလာစေပါသည်။ အကျိုးဆက်အားဖြင့် ၎င်းကျောင်းသား တို့သည် ကျောင်းစာသင်ချိန်အတွင်း ဂနာမငြိမ်ဘဲ ပျင်းရိငြီးငွေ့နေကြပေသည်။ ထို့ကြောင့် တရုတ်နိုင်ငံရှိ တာဝန်ရှိပုဂ္ဂိုလ်တို့က ကျောင်းသင်ပညာရေးနှင့် ကျူရှင်ပေါင်းစပ် လိုက်သောအခါ ကျောင်းသား အပေါ်ကျရောက်လာသည့် သင်ယူမှုဝန်ထုပ်ဝန်ပိုးနှင့် ပတ်သက်၍ များစွာ စိုးရိမ်ခဲ့ကြသည် (တရုတ်၊ ၂၀၁၈)။

ထို့အပြင် အရေးကြီးသည့် ဖြစ်နိုင်ချေတစ်ခုမှာ ကျောင်းသင်ဆရာများသည် ၎င်းတို့၏ ကျောင်းသားများကို ကျူရှင်ပြန်သင်ကြခြင်းဖြင့် အကျင့်ပျက်ခြစားမှုများ ဖြစ်ပေါ်လာနိုင်ချေ ရှိခြင်းပင် ဖြစ်ပါသည် (ဂျာယာချန်ဒရန်၊ ၂၀၁၄။ ကိုဘာခီဒ်ဇီ၊ ၂၀၁၄)။ ထိုဆရာများသည် ပုံမှန်စာသင်ချိန်အတွင်း 'အချိန်မလုံလောက်၍' ဟူသော အကြောင်းပြချက်ဖြင့် သင်ခန်းစာ အကြောင်းအရာများကို တမင်တကာ ဖြတ်တောက် ပစ်ကာ ကျောင်းသားများ ကျူရှင်တက်စေရန် ဆွဲဆောင်နိုင်ပါသည်။ တာဝန်ရှိသူ အချို့က ထိုပြဿနာများကို တင်းကြပ်စွာ ကိုင်တွယ်ဖြေရှင်း နေသော်လည်း ဆရာ များအချင်းချင်း ၎င်းတို့၏ကျောင်းသားများ အပြန်အလှန် လွှဲပြောင်းသင်ကြား ပေးနေသောကြောင့် ထိုပြဿနာများ ဆက်လက်တည်ရှိနေဦးမည် ဖြစ်သည်။

၁.၃။ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုများ

အရိပ်ပညာရေးသည် ပိုမိုကျယ်ပြန့်သော လူ့အသိုက်အဝန်းကြီး တစ်ခုလုံးတွင် အဓိက သက်ရောက်မှုများစွာ ရှိနေပါသည်။ စီးပွားရေးရှုထောင့်မှကြည့်ပါက ကျူရှင် သင်ကြားခြင်းဖြင့် လူသားအရင်းမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အကျိုးရှိ သော လုပ်ငန်းတစ်ခုဖြစ်ပါသည် (လီယူနှင့် ဘရေး၊ ၂၀၁၇(ခ))။ ထို့အပြင် ကျူရှင် ကို တရားဝင်မဟုတ်သော နည်းလမ်းများဖြင့်သော်လည်းကောင်း၊ တရားဝင် ကုမ္ပဏီ များဖြင့်သော်လည်းကောင်း သင်ကြားခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ စွာကို ဖန်တီးပေးနေပါသည်။ ဥပမာ– ကိုရီးယားသမ္မတနိုင်ငံတွင် ကျူရှင်သည် လူမှုရေးသိပ္ပံနှင့် လူမှုဘာသာရပ်များဖြင့် ဘွဲ့ရထားသူများအတွက် ကျယ်ပြန့်သော အလုပ်အကိုင် အခွင့်အလမ်းပေးရာ နယ်ပယ်တစ်ခုပင် ဖြစ်ပါသည် (ကင်မ်နှင့် ပက်ခ်၊ ၂၀၁၂၊ စာ–၂၇၃)။

အထက်ဖော်ပြပါစာပိုဒ်သည် ကျူရှင်သင်ကြားရန် အလုပ်ခန့်ထားခြင်းခံရသော သို့မဟုတ် ကိုယ်တိုင်ကျူရှင် သင်ကြားနေသော ဆရာများကို ဆိုလိုပါသည်။ ယခု လေ့လာနေသော သုတေသနမှာမူ ကျောင်း၌စာသင်ကြားနေသည့်အပြင် ကျူရှင် ဆရာအဖြစ်ပါ လုပ်ကိုင်နေကြသော ဆရာများကို အလေးပေးလေ့လာထားပါသည်။ ထိုဒုတိယအခြေအနေကို လေ့လာကြည့်ရာ ကျူရှင်သည် ဆရာများ၏ဝင်ငွေကို ထပ်မံဖြည့်တင်းပေးပြီး နိမ့်ပါးသော အစိုးရလစာငွေကို ပြေလည်စေပါသည်။ ဤအချက်သည် အခြားသောအသက်မွေးဝမ်းကြောင်း လုပ်ငန်းများသို့ ပြောင်းရွှေ့လို သောဆရာများကို သင်ကြားရေးလုပ်ငန်းတွင်သာ ဆက်လက်မြဲစေပြီး ကျောင်းစနစ်

များတည်တံ့မှုကို ဆက်လက် အားကောင်းလာစေပါသည် (ဥပမာ– ဝီလီယမ်စ်၊ ၂၀၁၅။ ကိုဘာခီဒ်ဇီ၊ ၂၀၁၈ တို့တွင် ရှု)။

သို့သော်လည်း အရိပ်ပညာရေးသည် လူမှုရေး မည်မျှမှုတို့နှင့်လည်း သိသာထင်ရှားစွာ ပတ်သက် ဆက်နွယ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဆင်းရဲသော မိသားစု ထက်စာလျှင် ချမ်းသာသောမိသားစုများက ပိုမိုအရည်အသွေး ကောင်းမွန်သော ကျူရှင်ကို ငှားရမ်း သင်ကြားပေးနိုင်သောကြောင့် ဖြစ်ပါသည် (ဥပမာ– ဟတ်မန်းန်၊ ၂၀၁၃။ တန်ဆယ်၊ ၂၀၁၃။ အဇမ်၊ ၂၀၁၆ တို့တွင် ရှု)။ ထို့အပြင် မြို့ပြနှင့်ကျေးလက်၊ ကျား/မကွဲပြားမှုတို့ကလည်း သိသာထင်ရှားသော သက်ရောက်မှုဖြစ်ပေါ်စေပါသည် (ဥပမာ– ပယ်လဂျီဒါရာ၊ ၂၀၁၂ တွင် ရှု)။ ဤသုတေသနတွင် ကျေးလက်ရှိကျောင်းများ မပါဝင်ဘဲ မြို့ပေါ်ကျောင်းနှင့် မြို့ဆင်ခြေဖုံးရပ်ကွက်ရှိ ကျောင်းများကိုသာ နှိုင်းယှဉ်လေ့လာထားပါသည်။ နမူနာပါဝင်သူများ၏ အရိပ်ပညာရေးရယူမှုတွင် မိန်းကလေးနှင့် ယောကျ်ားလေးကြား ကွာဟချက်ကို လေ့လာကြည့်ရာ အနည်းငယ်မျှသာရှိကြောင်း တွေ့ရပါသည်။

၁.၄။ အနှစ်ချုပ်နှင့် နိဂုံး

အရိပ်ပညာရေးသည် တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားနေသော ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။ ၎င်းသည် ယခင်က စီးပွားရေးအင်အားတောင့်တင်းသော အရှေ့အာရှ တွင် ထင်ရှားခဲ့ပြီး ယခုအခါ တောင်အာရှနှင့် အရှေ့တောင်အာရှရှိ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနိမ့်သော တိုင်းပြည်များ တွင်လည်း တူညီစွာ တွေ့မြင်နိုင်ပါသည်။ ထို့အပြင် အာဖရိက၊ ဥရောပနှင့် တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်တို့ရှိ ဒေသများတွင်ပါ ကျူရှင်သင်ကြားခြင်းအလေ့ ထွန်းကားနေပါသည်။ အချို့သောနိုင်ငံများတွင် ကျူရှင်သင်ကြားခြင်းကို ကုမ္ပဏီများက ဆောင်ရွက်ပေးပြီး အချို့နိုင်ငံများတွင် ကျောင်းတွင် စာပုံမှန်သင်ကြားနေသော ဆရာများက ဆောင်ရွက်ကြပါသည်။ ဤနည်းလမ်းသည် ဆရာ၏ကျွမ်းကျင်မှုကို အသုံးချကာ ၎င်းတို့လိုအပ်သောဝင်ငွေကို အပိုဆောင်း ရရှိစေပြီး သင်ကြားရေးလုပ်ငန်းတွင် ဆက်လက်တည်မြဲ နိုင်ကြစေသည်။ သို့သော် ဆရာများအနေဖြင့် ကျောင်းတွင် ပုံမှန်သင်ကြားရန် တာဝန်ရှိနေသည့် မိမိတို့၏ ကျောင်းသားများအား ကျူရှင်သင်ကြားခြင်းဖြင့် အဂတိလိုက်စားမှုပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။

အရိပ်ပညာရေး၏ အခြားသောအကျိုးပြုသည့် အချက်များတွင် သင်ယူမှုကို မြှင့်တင်ပေးနိုင်ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ သို့သော် ကျူရှင်၏ ဆိုးကျိုးများလည်း ရှိနေပါသေးသည်။ အရိပ်ပညာရေးသည် လူမှုရေး မည်မျှမှုများကို မြင့်မားစေပြီး စာသင်ခန်းထဲတွင် ကျောင်းသားများ အကြားကွဲပြားခြားနားမှု၊ ကျောင်းသားများ၏ ပင်ပန်းနွမ်းနယ်မှု၊ သင်ယူနှုန်း မတူညီမှုများကို ပိုမိုများပြားစေသည့် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည်။ နောက်တွင် ဆက်လက်ဖော်ပြထားသည့် အခန်းများ၌ မြန်မာနိုင်ငံနှင့် အခြားသောနိုင်ငံများရှိ ကျူရှင်နှင့် ပတ်သက်သော အငြင်းပွားဖွယ်ရာ ပြဿနာများကို တင်ပြထားပါသည်။

အခန်း ၂
မြန်မာ့လူဘောင်အဖွဲ့အစည်း၊ စီးပွားရေးနှင့်ပညာရေး

ကျူးရှင်သင်ကြားခြင်းနှင့် ပတ်သက်၍ မည်သည့် လေ့လာမှုမျိုးတွင်မဆို လူမှုရေး၊ စီးပွားရေးနှင့် ပညာရေးစသော နယ်ပယ်တို့ကို ထည့်သွင်းစဉ်းစားရမည် ဖြစ်ပါသည်။ နေရာဒေသအလိုက် ကွာခြားမှုသည် နှိုင်းယှဉ်လေ့လာသည့် သုတေသန အားလုံးအတွက် အခြေခံကျသော သဘောတရားနှင့် တရားဝင်ထည့်သွင်း စဉ်းစားရမည့် အချက်ပင်ဖြစ်သည် (ခရော့စ်လေနှင့် ဂျားဗစ်စ်၊ ၂၀၀၁)။ ဤအခန်းတွင် ယခုခေတ် လူမှုရေး၊ စီးပွားရေး အခြေအနေများကို မဖော်ပြမီ သမိုင်းအခြေခံ မှတ်ချက်များဖြင့် စတင်ထားပါသည်။ ထို့နောက် မြန်မာ့ပညာရေးစနစ်နှင့် ကျူးရှင်ဖွဲ့စည်းပုံများကို ဆက်လက်တင်ပြထားပါသည်။

၂.၁။ သမိုင်းကြောင်းဆိုင်ရာ သဘောထားအမြင်များ

ရှေးယခင်က 'ဗမာနိုင်ငံ' ဟု ခေါ်ဝေါ်ခဲ့သည့် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် တွင် ဗြိတိသျှ ကိုလိုနီထံမှ လွတ်လပ်ရေးရပြီးချိန်မှစ၍ နိုင်ငံရေးအသွင်ကူးပြောင်း မှုများစွာ ကြုံတွေ့ခဲ့ရပါသည်။ ထိုနိုင်ငံရေးအပြောင်းအလဲများမှ စီးပွားရေး၊ လူမှုရေး နှင့် ပညာရေးဆိုင်ရာ အကျိုးဆက်များများစွာ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံအုပ်ချုပ်မှုပုံစံသည်လည်း ၁၉၄၈ခုနှစ်က ပြုလုပ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အတိုင်းအတာတစ်ခုအထိ မူတည်နေကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးအသီးသီးတွင် ဗမာလူမျိုးများ အများဆုံးနေထိုင်ကြပြီး ပြည်နယ်များတွင် လူနည်းစု တိုင်းရင်းသား မျိုးနွယ်များ အများစုနေထိုင်ကြသည်။ ယနေ့မြန်မာပြည်တွင် တိုင်းဒေသကြီး (၇)ခု၊ ပြည်နယ် (၇)ခုနှင့် ပြည်ထောင်စု နယ်မြေတစ်ခု ပါဝင်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး သည် တူညီသော အခန်းတွင် တည်ရှိကြသော်လည်း ယဉ်ကျေးမှုဓလေ့ထုံးစံ၊ လူဦးရေ သိပ်သည်းမှုနှင့် အခြား ရှုထောင့်အမျိုးမျိုးတွင် ကွဲပြားခြားနားသော အခြေအနေများစွာ ရှိနေသည်။ ရန်ကုန်မြို့သည် မြန်မာနိုင်ငံတွင် လူဦးရေ အများဆုံးနှင့် အထူထပ်ဆုံးမြို့ဖြစ်သည်။ နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော် ဖြစ်မလာခင် ၂၀၀၅ ခုနှစ်အထိ ရန်ကုန်မြို့ (Rangoon – ရန်ဂွန်းဟုလည်း ခေါ်ဆိုခဲ့ဖူးသည်) သည် မြန်မာနိုင်ငံ၏ မြို့တော် ဖြစ်ခဲ့သည်။

လွတ်လပ်ရေးရပြီး ဆယ်စုနှစ်တစ်ခုအကြာမှစ၍ စစ်အစိုးရအုပ်ချုပ်ရေးအောက်တွင် အနှစ် (၅၀) ကြာ နေထိုင်ခဲ့ရပြီး နိုင်ငံတကာနှင့် အဆက်ပြတ် တံခါးပိတ်စနစ်ကျင့်သုံးခဲ့ပါသည်။ သို့သော် ၂၀၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံ ဥပဒေမှ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပါအဝင် မျက်မှောက်ခေတ် အသွင်ကူးပြောင်းမှုများ လုပ်ဆောင်ကာ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့ပါသည် (ဟောလီးဒေး၊ ၂၀၁၁။ ကစ်ပ်ဂျင်၊ ၂၀၁၆)။ အသိသာဆုံး နိုင်ငံရေး

ပြုပြင်ပြောင်းလဲမှုမှာ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲနောက်ပိုင်း ပထမဦးဆုံးအကြိမ် အဖြစ် ပွင့်လင်းမြင်သာမှုရှိစွာ ကျင်းပနိုင်ခဲ့သည့် ၂၀၁၅ခုနှစ် အထွေထွေ ရွေးကောက်ပွဲများပင်ဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ရွေးကောက်ပွဲအနိုင်ရ၍ လွှတ်တော်နှစ်ရပ်လုံးတွင် နေရာအများဆုံးရခဲ့ပြီး ပညာရေး ကဏ္ဍအတွက် လွန်စွာအရေးပါသော ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ် တစ်ခုကို စတင် လုပ်ဆောင်ခဲ့ပါသည်။ ၎င်းနှင့်ပတ်သက်ပြီး လာယ်လ် (၂၀၁၆၊ စာ–၁) က သူ၏ ထင်မြင်ချက်ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်။ ဆယ်စုနှစ်များစွာ ကာလတစ်ခုလုံး လုံးဝရပ်တန့်နေသည့် နိုင်ငံတွင် အရာအားလုံးသည် လျှင်မြန်သော အရှိန်အဟုန်ဖြင့် ပြောင်းလဲနေသည်။ နိုင်ငံတွင်း အခြေအနေ များနှင့် မူဝါဒများသည်လည်း လျစ်လျူရှုထား၍ မရအောင် ပြောင်းလဲနေပြီး ... လုံးဝ ပြောင်းလဲနေသော နိုင်ငံတစ်နိုင်ငံအဖြစ် မြန်မာနိုင်ငံကို တွေ့မြင်နိုင်ပေသည်။

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) ကို ၂၀၁၂ခုနှစ်တွင် စတင်အကောင်အထည်ဖော်၍ မြန်ဆန်သော အကဲဖြတ်မှုများမှ တစ်ဆင့် လေ့လာဆန်းစစ်မှုများကို ထဲထဲဝင်ဝင် လုပ်ဆောင်ခဲ့ပါသည် (မြန်မာ၊ ၂၀၁၃။ ၂၀၁၅)။ ထိုလုပ်ဆောင်မှုများကို အခြေခံ၍ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ကာလအတွင်း ဆောင်ရွက်ရန် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (NESP) ကို စတင်ချမှတ်ခဲ့ပါသည် (မြန်မာ၊ ၂၀၁၆)။ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်က NESP ကို 'လာမည့် (၅) နှစ်တာကာလအတွင်း ပညာရေးစနစ်တစ်ခုလုံးကို ပြုပြင်ပြောင်းလဲပေးမည့် ဘက်စုံလွှမ်းခြုံနိုင်သော အထောက်အထားများအပေါ်တွင် အခြေပြုထားသည့် လမ်းပြမြေပုံ ဖြစ်ပါသည်' ဟု ဖော်ပြထားပါသည် (အောင်ဆန်းစုကြည်၊ ၂၀၁၆(ခ)၊ စာ–၅)။ ဤအချက်သည် ယခုလေ့လာမှုအတွက် အဓိကထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်ပါသည်။

၂.၂။ မျက်မှောက်ခေတ် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ သွင်ပြင်လက္ခဏာများ

၂၀၁၄ ခုနှစ် နိုင်ငံတော် သန်းခေါင်စာရင်းအရ အဆိုပါနှစ်တွင် မြန်မာနိုင်ငံ၌ လူဦးရေ (၅၁.၅) သန်း ရှိခဲ့သည် (မြန်မာ၊ ၂၀၁၇(က)၊ စာ–၃)။ ၎င်းသည် လူဦးရေ (၃၅.၃) သန်းမျှသာ ရှိခဲ့သော ၁၉၈၃ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကောက်ယူ ခဲ့သော သန်းခေါင်စာရင်း ဖြစ်သည်။ ထိုလူဦးရေအားလုံးထဲတွင် တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ပါဝင်ပြီး အဓိက လူမျိုးစုများမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့ ဖြစ်သည်။ လူဦးရေ (၇.၄) သန်းရှိသည့် ရန်ကုန်တိုင်းသည် လူဦးရေအများဆုံးနှင့်လူနေအထူထပ်ဆုံးတိုင်းဒေသကြီးတစ်ခု ဖြစ်သည်။

လစဉ်အိမ်ထောင်စု အသုံးစရိတ်များနှင့် ပတ်သက်သည့် တရားဝင် အချက်အလက်များကိုလည်း ကောက်ယူရရှိထားပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၂ ခုနှစ်၌ အိမ်ထောင်စုအသုံးစရိတ်များသည် (၁၆၇,၄၃၄) ကျပ် သို့မဟုတ် အမေရိကန်ဒေါ်လာ (၁၇၀) ခန့်ရှိကြောင်း ခန့်မှန်းရရှိ ခဲ့ပါသည် (မြန်မာ၊ ဗဟိုစာရင်းအင်းအဖွဲ့၊

၂၀၁၅၊ စာ–၁၄၄)။ ၎င်းစုစုပေါင်း ခန့်မှန်းတန်ဖိုးထဲတွင် ၆၃.၅% သည် အစားအသောက်နှင့် အဖျော်ယမကာအတွက် သုံးစွဲခဲ့ပြီး ၃၆.၅% သည် အခြားသော အကြောင်းအရာများအတွက် သုံးစွဲကြသည်။ ရန်ကုန်တိုင်းသည် မြန်မာနိုင်ငံရှိ အခြားသော ဒေသများထက် စီးပွားရေး ပိုမိုကောင်းမွန်ပါသည်။ ရန်ကုန်တိုင်းရှိ အိမ်ထောင်စုများ၏ ခန့်မှန်းအသုံးစရိတ်သည် (၁၉၅,၀၅၉) ကျပ် ရှိခဲ့ပြီး ၆၀.၉% သည် အစားအသောက်နှင့် အဖျော်ယမကာအတွက် သုံးစွဲခဲ့ပြီး ၃၉.၁% သည် အခြားသော အကြောင်းအရာများအတွက် သုံးစွဲခဲ့ကြသည်။ ပညာရေးအတွက် ငွေကြေးကုန်ကျမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ အိမ်ထောင်စု အသုံးစရိတ်များ၏ ၂.၄% ဖြစ်ပြီး ရန်ကုန်တိုင်းတွင် ၂.၉% မျှ ကျခံသုံးစွဲခဲ့ပါသည်။

၂၀၁၂ ခုနှစ် အိမ်ထောင်စုစာရင်း အသေးစိတ်ကောက်ယူခဲ့ချိန်မှစ၍ နိုင်ငံရေး အပြောင်းအလဲ များကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ ပြည်သူတို့၏ဝင်ငွေများ သိသိသာသာ မြင့်မားလာခဲ့သည် (မြန်မာ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၁၇၊ စာ–၂၄၂)။ လာယ်လ် (၂၀၁၆၊ စာ–၁) က ရန်ကုန်မြို့တွင် အလွန်ပင်မြင်သာသော ပြောင်းလဲမှုများဖြစ်ပွားနေပြီး အခြေခံအဆောက်အအုံအသစ်၊ မြင့်မားလာသော ဘဝတိုးတက်မှုအရှိန်အဟုန်နှင့် လူလတ်တန်းစားတိုးပွားလာမှုမှသည် နိုင်ငံရေးနှင့် လူမှုရေးတွင် ပိုမိုတိုးတက်လာသော အခြေအနေများ ရှိလာခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ ၎င်းကပင် မျက်မှောက်ခေတ် ရန်ကုန်မြို့၏ အခြေအနေကို 'ကြီးမားသော ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုနှင့် တူသည်' ဟူ၍ တင်စားခိုင်းနှိုင်းပြခဲ့ပါသည်။ အိမ်ထောင်စုများ၏ ဝင်ငွေတိုးတက်လာခြင်းက ပညာရေးအတွက် အရင်းအမြစ်များကို ပိုမိုသုံးစွဲစေနိုင်ပြီး ယခုလေ့လာမှု ဖြစ်ပေါ်လာစေရန် အထောက်အကူပြု နေပေသည်။

တစ်ချိန်တည်းမှာပင် စီးပွားရေးတိုးတက်မှုနှင့်အတူ လူမှုရေးမညီမျှမှုများကိုပါ ထည့်သွင်း စဉ်းစားရန် အလွန်ပင်အရေးကြီးလှပါသည်။ ယေဘုယျအားဖြင့် နိုင်ငံတစ်ဝန်းလုံးရှိ မြို့ပေါ် အိမ်ထောင်စုများသည် ကျေးလက်နေသူတို့ထက် ဝင်ငွေမြင့်မားကြပြီး ၎င်းတို့၏ ငွေကြေးကို ပညာရေးတွင် များစွာမြှုပ်နှံလေ့ ရှိပါသည် (မြန်မာ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ၂၀၁၅၊ စာ–၁၅၁)။ သို့သော် မြို့ပြရော ကျေးလက် မှာပင် လူမှုစီးပွားရေးနှင့် အခြားသော မညီမျှမှုများစွာ ရှိနေပါသေးသည်။

၂.၃။ ပြောင်းလဲနေသော ပညာရေးစနစ်

ပညာရေးစနစ်၏ ကဏ္ဍအသီးသီးရှိ မှတ်တမ်းမှတ်ရာများသည် ကွဲလွဲမှုများရှိနေသောကြောင့် ယခုအသုံးပြုမည့် ဝေါဟာရများသည် ရှင်းလင်းတိကျရန် လိုအပ်ပါသည်။ မြန်မာ့ပညာရေးစနစ်တွင် သူငယ်တန်း (၁) နှစ်၊ မူလတန်း (၄) နှစ်၊ အလယ်တန်း (၄) နှစ်နှင့် အထက်တန်း (၂) နှစ် ရှိပါသည်။ ကျောင်းတက်သည့် နှစ်များကို (သူငယ်တန်းမပါ) 'Standards' (မူလတန်းတွင် ပထမတန်းမှ စတုတ္ထတန်းထိ၊ အလယ်တန်းတွင် ပဉ္စမတန်းမှ အဋ္ဌမတန်းထိ၊ အထက်တန်းတွင် နဝမတန်းမှ ဒသမတန်းအထိရှိသည်) ဟု ယခင်ပညာရေးစနစ်တွင်ရော ယခုအချိန်အထိပါ ကျယ်ကျယ်ပြန့်ပြန့် ခေါ်ဝေါ်သုံးစွဲလျက် ရှိပါသည်။ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပြုစုထားသော မှတ်တမ်းများတွင် 'Grade' ဟူသော စကားလုံးကို 'Standards' နှင့်

ဖလှယ်သုံးစွဲထားသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ယခုပညာရေး စနစ်တွင် 'သူငယ်တန်း' ကို 'အတန်း' ဟုပင် ခေါ်ဝေါ်သုံးစွဲပြီး ၁ တန်း (သူငယ်တန်း) မှ ၁၁ တန်း (တက္ကသိုလ်ဝင်တန်း)အထိ ရှိပါသည်။ ထို့အပြင် ၂၀၁၄ ခုနှစ်က ချမှတ်ခဲ့သော အမျိုးသားပညာရေး ဥပဒေအရ မြန်မာ့ပညာရေးစနစ်သည် သူငယ်တန်းပြီး နောက်ပိုင်းတွင် (၁၂) နှစ် ရှိသင့်ကြောင်း အတည်ပြု ဆုံးဖြတ်ခဲ့ပါသည် (မြန်မာ၊ ၂၀၁၄၊ အပိုဒ်–၁၆)။

ယခုသုတေသနပြုလုပ်နေစဉ်တွင် သူငယ်တန်းနှင့် (၁၂) တန်း ပညာရေးကို စတင်ပြောင်းလဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ဤသုတေသနတွင် အဌမတန်းနှင့် ဒသမတန်းကို အဓိက လေ့လာထားပါသည်။ NESP (မြန်မာ၊ ၂၀၁၆၊ စာ–၁၂၉) အပါအဝင် အခြားမှတ်တမ်းများတွင် သူငယ်တန်းကို ၁ တန်း၊ အဌမတန်းနှင့် ဒသမတန်းကို ၉တန်းနှင့် ၁၀တန်းဟူ၍ သုံးစွဲကြသော်လည်း အချို့မှတ်တမ်းများတွင် ထိုအတန်းများကို စတန်းနှင့် ၁၀တန်းဟု သုံးနှုန်းထားသည်။ အရေးကြီးသော အချက်မှာ ဤသုတေသန ပြုလုပ်သော အတန်းများသည် အလယ်တန်းဆင့်၏ နောက်ဆုံးအတန်းနှင့် အထက်တန်းဆင့်၏ နောက်ဆုံးအတန်း တို့ပင်ဖြစ်သည်။ ထိုနှစ်တန်းလုံးသည် အစိုးရစစ်စာမေးပွဲများ ဖြေဆိုရသော အတန်းများဖြစ်ပါသည်။

ပုံ (၂.၁) တရားဝင် ထုတ်ပြန်ထားသည့် ပညာရေးမျှော်မှန်းချက် (ကျောင်းတိုင်း တွင် ပြသထားသည်။)

'မျက်မှောက်ခေတ်ဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာ သင်ယူနေသော လူဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်'

၂၀၁၄ ခုနှစ် နိုင်ငံတော် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် ယခုလက်ရှိ ကျောင်းတက် နေသော အသက် (၅) နှစ်မှ (၁၅) နှစ်အရွယ် ကလေး စုစုပေါင်း ၆၉.၄% ရှိပါသည် (မြန်မာ၊ ၂၀၁၇(က)၊ စာ-၄၀)။ ထို့အပြင် ရန်ကုန်တိုင်းတွင် တစ်နိုင်ငံလုံး၏ ရာခိုင်နှုန်းနှင့် တူညီလုနီးပါး ၆၉.၀% ရှိကြောင်းသိရပါသည်။ တစ်နိုင်ငံလုံး ကျောင်းတက်နှုန်းအမြင့်ဆုံး ၈၅.၀% မှာ အသက် (၉) နှစ် အရွယ် တွင်ဖြစ်ပြီး၊ ၎င်းအသက်အရွယ်နောက်ပိုင်းမှစ၍ ကျောင်းတက်နှုန်း ကျဆင်းသွားကာ အသက်(၁၂)နှစ်အရွယ် တွင် ၆၈.၀% သို့ တစ်ဟုန်ထိုး ကျဆင်းသွားပါသည်။ အသက်(၁၂)နှစ် အထိ ကျောင်းတက်နှုန်းမှာ ယောကျ်ားလေးနှင့် မိန်းကလေး၊ ကျေးလက်နှင့် မြို့ပြတို့တွင် အတူတူပင် ဖြစ်ပါသည်။ နောက်ပိုင်းတွင် ယောကျ်ား လေးများသည် မိန်းကလေးများထက် ကျောင်းထွက်နှုန်း (သို့မဟုတ် ကျောင်းထုတ် ခံရနှုန်း) ပိုမိုမြင့်မားပြီး မြို့ပြရှိကလေးများ၏ ကျောင်းနေသက်သည် ကျေးလက်ရှိ ကလေးများထက် ပို၍ ရှည်ကြာကြောင်း တွေ့ရပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပိုဒ်ခွဲ (၂၈) နှင့် ၂၀၁၄ ခုနှစ် အမျိုးသား ပညာရေးဥပဒေ၌ ပြည်ထောင်စုနိုင်ငံတော်သည် ခေတ်မီပညာရေးစနစ် ဖြစ်ထွန်းလာ ရေးအတွက် တာဝန်ရှိကြောင်း ဖော်ပြထားပါသည်။ ၎င်းအပြင် နိုင်ငံတော်သည် -

(က) ပြည်သူများ၏ပညာရေးနှင့် ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထား ဆောင်ရွက်ရမည်၊

(ခ) ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသား ပြည်သူ များက ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်ရ မည်၊

(ဂ) အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်၊

(ဃ) ဘက်စုံအတွေးအခေါ် အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန် ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာ ရေးစနစ် ဖော်ဆောင်ရမည် ဟူ၍ ဖော်ပြထားပါသည်။

ပညာရေးစနစ်တစ်ခုလုံးတွင် ပြည်သူပိုင်၊ ပုဂ္ဂလိကပိုင်နှင့် ဘုန်းတော်ကြီး သင်ပညာရေးဟူ၍ ကဏ္ဍ (၃) ရပ် ရှိပါသည် (လာယ်လ်၊ ၂၀၁၁)။ အခြားသော ဗြိတိသျှနယ်ချဲ့လက်အောက်ခံ နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရချိန် ၁၉၄၈ ခုနှစ်၌ မိခင်ဘာသာစကား တတ်မြောက်နှုန်း အမြင့်ဆုံးဖြစ်ခဲ့ပါသည်။ ထိုသို့တတ်မြောက်ခဲ့ခြင်းမှာ ကျောင်းသင် ပညာရေးသာမက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ချို့တဲ့သော အလွှာများ အတွက် ပညာရေးလိုအပ်ချက်ကို လျှော့ချနိုင်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း လာယ်လ် (၂၀၁၁၊ စာ-၂၂၁) က ရှင်းလင်းဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံသည် မြင့်မားသော စာတတ်မြောက်နှုန်းကို မျက်မှောက်ခေတ်ထိ ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်။ ၂၀၀၅ ခုနှစ် ကုလသမဂ္ဂအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူ ၈၉.၉% နှင့် လူငယ်လူရွယ် ၉၄.၅% တို့ စာတတ်မြောက်ကြောင်း ဖော်ပြထားပါသည် (လာယ်လ်၊ ၂၀၁၁၊ စာ-၂၁၁)။ သို့သော် ဤကိန်းဂဏန်းများသည် မြန်မာတစ်နိုင်ငံ

လုံးနှင့် ကျေးလက်ဒေသများအားလုံးကို ကိုယ်စား မပြုနိုင်သည့် အားနည်းချက် ရှိနေပါသည် (ဇိုဘရစ္စထ်နှင့် မက်ခ်ကောမစ်ခ်၊ ၂၀၁၃)။

စာသင်နှစ်တစ်နှစ်သည် ဇွန်လမှစတင်၍ မတ်လအထိဖြစ်ပြီး ဇယား (၂.၁) တွင် ၂၀၁၄–၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှုန်းကို ဖော်ပြထားပါသည်။ မိန်းကလေးများသည် ယောကျ်ားလေးများထက် ကျောင်းအပ်နှုန်းသာမက အတန်းကူးပြောင်းမှုနှုန်းပါ မြင့်မားနေကြောင်း တွေ့ရပါသည်။ မတ်စောက်နေသော ပိရမစ်ပုံတွင် အလယ်တန်း ကျောင်းအပ်နှုန်းမှာ ၆၃.၅% သာ ရှိပြီး၊ အထက်တန်းတွင် ၃၂.၁% ရှိနေသည်မှာ အတန်းကြီးလာသည်နှင့်အမျှ ကျောင်းသားဦးရေ လျော့နည်းလာကြောင်း ညွှန်ပြနေပါသည်။ အလယ်တန်းကျောင်းသား ၇၂.၅% သာ အထက်တန်းပညာ ဆက်လက်သင်ကြားကြပြီး လေးပုံတစ်ပုံကျော်ခန့်မှာ ကျောင်းထွက်သွားကြကြောင်း လေ့လာသိရှိရပါသည်။ ဤအချက်အလက်များသည် စာမေးပွဲအောင်မြင်ရန်အတွက် ကျူရှင်ယူရန် ဖိအားပေးမှုများကို ခိုင်မာအားကောင်းစေသည်။

ဇယား (၂.၁) မြန်မာနိုင်ငံ၏ ၂၀၁၄/၁၅ ကျောင်းအပ်နှုန်းမှု၊ အတန်းကူးပြောင်းမှုနှင့် ပြီးမြောက်မှုနှုန်းများ (%)

	ကျား	မ	စုစုပေါင်း
မူလတန်း အသားတင် ကျောင်းအပ်နှုန်း	၈၂.၁	၉၀.၈	၈၆.၄
အလယ်တန်း အသားတင် ကျောင်းအပ် နှုန်း	၅၉.၉	၆၇.၂	၆၃.၅
အထက်တန်း အသားတင် ကျောင်းအပ် နှုန်း	၃၀.၄	၃၃.၈	၃၂.၁
မူလတန်းမှ အလယ်တန်းသို့ ကူးပြောင်းမှု	၈၃.၃	၈၄.၈	၈၃.၇
အလယ်တန်း(အခြေခံတန်း)သင်ယူပြီးမြောက်မှု	၄၃.၇	၄၅.၉	၄၄.၁
အလယ်တန်းမှ အထက်တန်းသို့ ကူးပြောင်းမှု	၇၈.၁	၇၆.၃	၇၇.၂
အထက်တန်း (ဒသမတန်း) သင်ယူ ပြီးမြောက်မှု	၂၄.၆	၂၇.၇	၂၆.၂

ရင်းမြစ်– မြန်မာ (၂၀၁၆)၊ စာ–၆၉.

နိုင်ငံတော်အစိုးရသည် ပညာရေးအတွက် အဓိကထောက်ပံ့သူဖြစ်ပြီး ပညာရေးဝန်ကြီးဌာန (MOE) မှတစ်ဆင့် ပြည်သူ့ကဏ္ဍရှိ အခြေခံပညာရေးကို စီမံခန့်ခွဲပါသည်။ သာသနာရေး ဝန်ကြီးဌာနသည် ဘုန်းကြီးကျောင်းများကို ကြီးကြပ်ကွပ်ကဲပြီး ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းများကို ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရားဝင်လုပ်ကိုင်ခွင့် လိုင်စင်များ ချထားပေးပါသည်။ သို့သော်လည်း မည်သည့် ကျောင်းမျိုးတွင်မဆို ပညာရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ပုံနှိပ်စာအုပ်များနှင့် သင်ရိုးညွှန်းတမ်းများကို အသုံးပြုရပါသည် (ဇိုဘရစ္စထ်နှင့် မက်ခ်ကောမစ်ခ်၊ ၂၀၁၃)။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက ပုဂ္ဂလိက ပညာရေးစနစ်သည် မြို့ပေါ်ဒေသများတွင် အများဆုံးပေါ်ထွက်လာခဲ့ပြီး လူလတ်တန်းစားများအတွက် ဦးတည်ထားပါသည်။ တရားဝင်ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ ပညာရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်တွင် ကျောင်းသားဦးရေ (၈.၅) သန်းကို ပညာသင်ကြားပေးနေသော ဆရာ (၃၀၀,၀၀၀) ကျော်ရှိသည့် ကျောင်းပေါင်း (၄၄,၀၀၀)

ကျောင်းများအတွက် တာဝန်ယူ ဆောင်ရွက်ပေး နေရပါသည် (ဆေးလ်၊ ၂၀၁၆၊ စာ-၁၂)။ အလယ်တန်းနှင့် အထက်တန်း အဆင့်တို့တွင်ပင် (မူလတန်းအဆင့်၌ ပိုများသည်) ၈၆.၇% သည် အမျိုးသမီးဆရာမများ ဖြစ်ကြပါသည်။

၂၀၁၂ ခုနှစ်တွင် မြန်မာ့ အခွင့်အလမ်း (Myanmar Egress) မှ ဆရာများ၏ အမြင်နှင့် ပတ်သက်သော လေ့လာမှုတစ်ခုကို ရန်ကုန်တိုင်းတွင် ပြုလုပ်ခဲ့ပြီး လေ့လာတွေ့ရှိချက်များကို ဆရာများအသံ (Teachers' Voice) ခေါင်းစဉ်ဖြင့် ပုံနှိပ်ထုတ်ဝေ အစီရင်ခံခဲ့ပါသည် (လာယ်လ်နှင့် သုတေသီများ၊ ၂၀၁၃)။ ၎င်းအစီရင်ခံစာ (စာ-၃) တွင် 'မြန်မာကျောင်းများ၌ အလေ့အထကောင်း များစွာရှိနေပါသည်'ဟု ဖော်ပြထားပါသည်။ ထို့အပြင် ပြုပြင်ပြောင်းလဲရန် လိုအပ်နေကြောင်းကိုလည်း မီးမောင်းထိုးပြထားပါသည်။ အဓိကအားပြိုင်မှုတစ်ခုမှာ တာဝန်ရှိသူများက ထောက်ခံ အားပေးသည့် ကလေးဗဟိုပြုသင်ကြားမှု နည်းလမ်းနှင့် အလွတ်ကျက်မှတ်မှုကိုသာ အားပေးသည့် စာမေးပွဲစစ်ဆေးမှုစနစ်ပင် ဖြစ်သည်။ အဆိုပါ အစီရင်ခံစာတွင် အနည်းဆုံး ကျောင်းသား (၄၀) ရှိသည့် အတန်းများကို စီမံခန့်ခွဲရသည့် ပြဿနာများကိုလည်း တင်ပြထားပါသည်။ ထို့အပြင် ဆရာအတတ်သည် မြင့်မားသော ပညာရပ်ဆိုင်ရာ ဂုဏ်သိက္ခာနှင့် ခေတ်နှင့်အညီရင်ဘောင်တန်း နိုင်ရန် လိုအပ်သောအသက်မွေးဝမ်းကြောင်း ပညာတစ်ခုဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့သော် ဆရာများ လစာသည် နေထိုင်စားသောက်မှုစရိတ်နှင့် ယှဉ်လျှင် လွန်စွာနိမ့်ပါးနေကြောင်း တွေ့ရပါသည်။ မြန်မာ့အခွင့်အလမ်းမှ ပြုလုပ်သည့် ဆန်းစစ်မှုတွင် ပါဝင်သော ဆရာ (၃၀၈) ဦး၏ လေးပုံတစ်ပုံခန့်သည် ယခုရရှိနေသော လစာ၏နှစ်ဆ ရရှိရန်လိုအပ်ကြောင်း၊ ၄၀% သည် သုံးဆ၊ ၁၁% သည် လေးဆ၊ ၂၃% သည် ငါးဆ ရလိုကြောင်း အသီးသီး ဖော်ပြခဲ့ပါသည် (လာယ်လ်နှင့် သုတေသီများ၊ ၂၀၁၃၊ စာ-၁၄)။

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR) ၌လည်း ဤပြဿနာများကို ထပ်မံတွေ့ရှိခဲ့ပါသည် (ဥပမာ- မြန်မာ၊ ၂၀၁၃၊ စာ-၆၆)။ အစိုးရသည် တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန် လိုအပ်နေမှုကို သိရှိလက်ခံပြီး NESP တွင် မဟာဗျူဟာများ ပေါင်းစပ်ထည့်သွင်းခဲ့ပါသည်။ သို့သော်လည်း ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများသည် အမြဲတမ်း ခက်ခဲရှုပ်ထွေးပြီး ဘဏ္ဍာရေးသုံးစွဲမှုကို ထည့်သွင်းစဉ်းစားရခြင်းကြောင့် လက်တွေ့ လုပ်ဆောင်ရန် ကန့်သတ်ခံထားရပါသည်။ ထို့ကြောင့် ယခုသုတေသနကို ပြုလုပ်နေစဉ်တွင် ဆရာများသည် ၎င်းတို့၏စာသင်ခန်းများတွင် ကျောင်းသားဦးရေများပြားခြင်းနှင့် လစာနည်းပါးခြင်းတို့ကို ခံစားနေရဆဲပင် ဖြစ်သည်။ ထို့အပြင် ဆရာအတော်များများက ကျူရှင်သင်ကြားခြင်းသည် ကျောင်းသားဦးရေ နည်းပါးသည့်အတန်းကို သင်ရသည့် ပညာရပ်ဆိုင်ရာ ကျေနပ်မှုခံစားရခြင်း၊ မိသားစုကို ထောက်ပံ့ရန် လုံလောက်သောဝင်ငွေ ရရှိခြင်းစသည့် အကျိုးများရရှိစေသည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း လက်ခံထားကြပါသည်။ ယခုလေ့လာမှုအတွက် ဆန်းစစ်ထားသော ဆရာများ၏အမြင်တို့ကို အခန်း (၅) တွင် ဖော်ပြထားပါသည်။

၂.၄။ သင်ယူမှုပုံစံများ၊ သင်ရိုးညွှန်းတမ်းနှင့် စစ်ဆေးအကဲဖြတ်မှု

မြန်မာနိုင်ငံရှိ ကျောင်းသင်ပညာရေးကို အလွတ်ကျက်မှတ် သင်ယူခြင်းက များစွာ လွှမ်းမိုးထားကြောင်း လေ့လာဆန်းစစ်သူများက အများအားဖြင့် ညည်းညူ ပြောဆိုကြသည်။ ကလေးဗဟိုပြု သင်ရိုးညွှန်းတမ်းရေးဆွဲရန် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြပြီး၊ သူငယ်တန်းနှင့် (၁၂) တန်းစနစ်ကို ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန် ကြေညာခဲ့ကာ ယခုအချိန်အထိ တစ်နှစ်လျှင် တစ်တန်းစီအတွက် သင်ရိုးသစ်များရေးဆွဲ လုပ်ဆောင်နေပါသည်။ သို့သော်ငြားလည်း ဆရာများကိုယ်တိုင်ပင် အလွတ်ကျက် ပညာရေးစနစ်ဖြင့် ကြီးပြင်းခဲ့ရပြီး ကျောင်းသားများအားလည်း စာမေးပွဲစစ်ဆေးမှုဖြင့်သာ ဆုံးဖြတ်ပေးသောကြောင့် အလွတ်ကျက်သည့် ဓလေ့သည်သာ စိမ့်ဝင်ပျံ့နှံ့လျက် ရှိပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျောင်းသင်ဆရာများ သာမက ကျူရှင်ဆရာများကပါ အချိန်ပိုပေးရသည့် ကလေးဗဟိုပြု သင်ကြားနည်းစနစ်များကို အသုံးပြုရန် ဝန်လေးနေကြခြင်းကြောင့် ဖြစ်ပါသည်။ ယခုလေ့လာမှုအတွက် လူတွေ့မေးမြန်းရာ၌ ဖြေကြားသူတစ်ဦးက 'ကလေးဗဟိုပြုချဉ်းကပ်နည်းကို သုံးတဲ့အခါ တစ်နာရီ သင်ရမယ့် သင်ခန်းစာဟာ နှစ်နာရီ ကြာသွားနိုင်တယ်' ဟူ၍ ၎င်းအမြင်ကို ဖော်ပြခဲ့ပါသည်။ ထို့ပြင် ၎င်းမှပင် ဤကဲ့သို့သော သင်ကြားနည်းသည် သင်ပြနည်းများ များစွာအသုံးပြုရန် လိုအပ်ကြောင်းကို 'ကျွန်တော်/ကျွန်မတို့က ကလေးတွေကို ပိုမိုစဉ်းစားတတ်အောင် နည်းလမ်းတွေ အမျိုးမျိုးသုံးပြီး လမ်းညွှန်အားပေးရပါတယ်' ဟု ဖြေကြားခဲ့ပါသည်။ ၎င်းကပင် မည်သည့်သင်ကြားနည်းကို သုံးသည်ဖြစ်စေ စာမေးပွဲစစ်ဆေးမှုသည် အလွတ်ကျက်မှတ်ခြင်းကိုသာ အားပေးကြောင်း ဆက်လက်ပြောဆိုခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့ (DME) သည် အခြေခံပညာရှိ စစ်ဆေးတိုင်းတာမှုအားလုံးကို တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။ NESP (မြန်မာ၊ ၂၀၁၆၊ စာ-၁၂၉) ၏ ဖော်ပြချက်အရ မြန်မာနိုင်ငံစာစစ်အဖွဲ့သည် စဉ်ဆက်မပြတ်အကဲဖြတ်၍ အတန်းတင် ပေးသောစနစ် (CAPS)၊ စတုတ္ထတန်းနှင့် အဋ္ဌမတန်း နှစ်ဆုံးစာမေးပွဲများနှင့် ဒသမတန်း (တက္ကသိုလ်ဝင်တန်း) စာမေးပွဲများစသော ကျောင်းသားများကို စစ်ဆေးသည့် စာမေးပွဲ အမျိုးအစား (၃) မျိုးကို ကြီးကြပ်ကွပ်ကဲရပါသည်။ ၎င်းစာမေးပွဲများအနက် တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အရေးအကြီးဆုံး စာမေးပွဲတစ်ခုအဖြစ် အများက လက်ခံထားကြပါသည်။ အကြောင်းမှာ တက္ကသိုလ်ဝင်တန်း စာမေးပွဲရလဒ်များအပေါ် မူတည်၍ တက္ကသိုလ်ဝင်ခွင့် ရရှိကြသောကြောင့် ဖြစ်ပါသည်။ ထိုစာမေးပွဲသည် ကျောင်းသားများ၊ မိသားစုဝင်များနှင့် ကျောင်းများအတွက် အလွန်ကြီးမားသော ဖိအား ဖြစ်ပေါ်စေပါသည်။ ကျောင်းအဆင့် စစ်ဆေးမှုများတွင် အခြေခံပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် တစ်နှစ်လျှင် (၅) ကြိမ်မှ (၇) ကြိမ်အထိ လစဉ်စစ်ဆေးလေ့ရှိသော အခန်းဆုံး စာမေးပွဲများ ပါဝင်သည်။ ထိုအခန်းဆုံး စာမေးပွဲများသည် ကျောင်းသားတစ်ဦးစီအတွက် လာမည့်နှစ်တွင် မည်သည့် အတန်းတွင် တက်ရမည်ကို အဆုံးအဖြတ်ပေးပါသည်။ အဋ္ဌမတန်း မှ ဒသမတန်းအထိ ကျောင်းသားများသည် တစ်နှစ်လျှင် အခန်းဆုံးစာမေးပွဲ (၄) ကြိမ် ဖြေဆိုရမည်ဖြစ်ပြီး တိုင်းဒေသ

ကြီး/ပြည်နယ်အစိုးရမှ စစ်ဆေးသော နှစ်ဝက်ဆုံးစာမေးပွဲများကို ဖြေဆိုရမည်ဖြစ်သည် (စွန်သဲ၊ ၂၀၁၇၊ စာ–၁၄)။ အခန်းဆုံးစာမေးပွဲများနှင့် နှစ်ဝက်ဆုံးစာမေးပွဲ နှစ်ခုကို အောင်မြင်ထားသော ဒသမတန်းကျောင်းသားများသည် တက္ကသိုလ်ဝင်ခွင့်အတွက် တက္ကသိုလ်ဝင် တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့် ရကြပါသည်။ NESP (မြန်မာ၊ ၂၀၁၆၊ စာ–၁၄၇) သည်။

> လွန်ခဲ့သော ပညာသင်နှစ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော စဉ်ဆက်မပြတ် အကဲဖြတ်၍ အတန်းတင်ပေးသောစနစ်သည် ကျောင်းသား၏ အတန်းတွင်း လေ့လာသင်ယူမှုကို တိုင်းတာသည့် စနစ်ဖြစ်သော်လည်း သင်ကြား၊ သင်ယူခြင်းနှင့် စစ်ဆေးခြင်းကို ပေါင်းစပ်ကျင့်သုံးနိုင်မှု အားနည်းခြင်းကြောင့် အကျိုးရှိသင့်သလောက်မရှိဘဲ နောက်ဆုံးတွင် အလွတ်ကျက်မှတ် ဖြေဆိုရသော ပညာရည် စစ်ဆေးခြင်းအဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။ ယင်းအကဲဖြတ်စနစ်တွင် ပါဝင်သော အခန်းဆုံးစစ်ဆေးခြင်းသည် အခြေခံပညာ ကျောင်းသားများအား အလွတ်ကျက်မှတ် ဖြေဆိုခြင်းကဲ့သို့သော သင်ယူမှုရလဒ်များကိုသာ ဖြစ်ထွန်းစေခဲ့ပါသည်။ ထို့ပြင် ယင်းကဲ့သို့သော စာမေးပွဲစနစ်တွင် ကျောင်းသားများသည် စာမေးပွဲတွင် ပိုမိုကောင်းမွန်စွာ ဖြေဆိုနိုင်ရန်အတွက် ပြင်ပတွင် ကျူရှင်ယူရသောကြောင့် ကျောင်းသားမိဘများအနေဖြင့် သားသမီးပညာရေးအတွက် ကုန်ကျစရိတ်သည် သိသိသာသာ များလာခဲ့ပါသည်ဟူ၍ လေ့လာတွေ့ရှိထားပါသည်။

နှစ်ဝက်ဆုံး စာမေးပွဲများနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲများအပေါ်တွင်လည်း အလားတူ သုံးသပ်ချက်များ ရှိနေပါသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို မြန်မာနိုင်ငံစာစစ်အဖွဲ့မှ တစ်နိုင်ငံလုံး တညီတညာတည်း ပြဋ္ဌာန်းစစ်ဆေးလေ့ရှိပါသည်။

ထိုစာမေးပွဲများသည် အလယ်တန်းကျောင်းသားများ (ပဉ္စမတန်း မှ အဋ္ဌမတန်းအထိ) သင်ယူရသည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ၊ ပထဝီ၊ သမိုင်းနှင့် အထွေထွေသိပ္ပံ စသော ဘာသာရပ် (၆) ခုပါ သင်ရိုးညွှန်းတမ်းပေါ်တွင် အခြေခံထားပါသည်။ အထက်တန်းအဆင့်တွင် (နဝမတန်းနှင့် ဒသမတန်း) ကျောင်းသားများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် သချာကို အားလုံး သင်ကြရပြီး စိတ်ကြိုက်မြန်မာစာ၊ ပထဝီ၊ သမိုင်း၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ နှင့် ဇီဝဗေဒ ဘာသာတို့မှ နှစ်သက်ရာ (၃) ဘာသာကို ရွေးချယ်ရပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများသည် စာရိတ္တနှင့် ပြည်သူ့နီတိ၊ သက်မွေး သို့မဟုတ် စိုက်ပျိုးရေး၊ ကာယ သို့မဟုတ် ဘဝတွက်တာကျွမ်းကျင်စရာ၊ ရသ နှင့် ကွန်ပျူတာသင်ကြားရေး အပါအဝင် အခြားသော ကျောင်းလုပ်ငန်းများကိုလည်း သင်ယူကြရပါသည် (စွန်သဲ၊ ၂၀၁၇၊ စာ–၁၄)။ သို့သော်လည်း ဒသမတန်း နှစ်ဆုံးတွင် ဖြေဆိုရသော စာမေးပွဲများသည် အဋ္ဌမတန်း နှစ်ဆုံးတွင် ဖြေဆိုရသည့် စာမေးပွဲများထက် ပိုမိုတာဝန်ကြီးလေးပါသည်။ အမျိုးသားပညာရေး မူဝါဒ ကော်မရှင်အဖွဲ့မှ အရာရှိတစ်ဦးအား ယခုလေ့လာမှုအတွက် လူတွေ့မေးမြန်းခဲ့ရာ ၎င်းမှ အောက်ပါအတိုင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ကလေးတွေရဲ့အနာဂတ်ကို စာမေးပွဲရမှတ်များနှင့် ဆုံးဖြတ်လေ့ရှိတာကြောင့် ၁၀တန်း (ဒသမတန်း) စာမေးပွဲဟာ အရမ်းအရေးကြီးတဲ့ စာမေးပွဲအဖြစ် အများက လက်ခံထားကြပါတယ်။ ဒသမတန်း တန်း စာမေးပွဲမှာ အမှတ်ကောင်းရင် တက္ကသိုလ်ကောင်းကောင်း တက်ခွင့်ရမယ်။ ဒသမတန်းတန်း စာမေးပွဲ ရလဒ်တွေဟာ ကျောင်းသားများရဲ့ ဘဝမှာရှိတဲ့ ကိစ္စအတော်များများ အပေါ် သက်ရောက်မှု ရှိတဲ့အတွက် ကျောင်းသားတွေကိုယ်တိုင်ရော၊ မိဘတွေနဲ့ ဆရာတွေကပါ အရမ်းဂရုစိုက်ကြပြီး အဲဒီအတန်းရောက်နေတဲ့ ကလေးတွေအပေါ် တော်တော်လေးကို ရင်းနှီးမြှုပ်နှံထားကြပါတယ်။

၈ တန်း (အဋ္ဌမတန်း) မှာတော့ အခြေအနေချင်း မတူပါဘူး။ တက္ကသိုလ်ဝင်တန်း စာမေးပွဲလောက် အရေးမကြီးတဲ့အတွက် သိပ်အာရုံမစိုက် ကြဘူး။ ဖြေနိုင်သည်ဖြစ်စေ မဖြေနိုင်သည်ဖြစ်စေ အလိုလျောက် အတန်းတင်ပေးတဲ့ စနစ်အရ နောက်တစ်တန်းကို ဆက်တက်ရမှာပဲဆိုတာ အားလုံးက သိထားကြပါတယ်။

ယခုလေ့လာမှုအတွက် လူတွေ့မေးမြန်းရာတွင် ပါဝင်ခဲ့သည့် ဆရာများသည် အတန်းကူးပြောင်း စနစ်၏ သက်ရောက်မှုအပေါ် စိတ်ပျက်နေကြကြောင်း တွေ့ရှိခဲ့ရပါသည်။ အလိုအလျောက် အတန်းတင်ပေးသည့်အတွက် ကျောင်းသားများ၏ စာကြိုးစားချင်စိတ်ကို လျော့ပါးစေပြီး စာမေးပွဲအောင်မြင်စေဖို့ လိုအပ်သော ပြန်လည်ကုစား သင်ကြားပေးရန် တောင်းဆိုမှုများလည်း နည်းပါးစေပါသည်။ လူတွေ့မေးမြန်းရာတွင် ပါဝင်သူများက အဋ္ဌမတန်းစာမေးပွဲသည် ယခင်က ကျောင်းသားများ သိပ္ပံဘာသာတွဲ သို့မဟုတ် ဝိဇ္ဇာဘာသာတွဲ ရွေးချယ်နိုင်မှုကို အဆုံးအဖြတ်ပေးခဲ့သည့် အရေးကြီးသော စာမေးပွဲဖြစ်ကြောင်း သိမှတ်ထားသည်။ အဘယ်ကြောင့်ဆိုသော် သိပ္ပံဘာသာတွဲမှ တက်ရောက်နိုင်မည့် ဆေးပညာ သို့မဟုတ် စက်မှုအင်ဂျင်နီယာဘာသာရပ်ကို လေ့လာလိုသည့် ကျောင်းသားများအဖို့ ယင်းစာမေးပွဲသည်လွန်စွာအရေးကြီးလှပေသည်။ ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ ကျောင်းသားများ၏ အဋ္ဌမတန်း ရမှတ်များကို ထည့်သွင်း စဉ်းစားခြင်းမပြုဘဲ ၎င်းတို့နှစ်သက်ရာ ဘာသာတွဲကို ရွေးချယ်နိုင်ရန် ခွင့်ပြုထားပါသည်။ ဆရာများသည် ကျောင်းသားများ ဘာသာတွဲ တစ်ခု သို့မဟုတ် အခြားတစ်ခုကို ရွေးချယ်ရန် များသောအားဖြင့် လမ်းညွှန်မှုပေးလေ့ရှိပါသည်။ သို့သော် ၎င်းတို့၏ စာမေးပွဲရလဒ်များသည် ယခင်ကကဲ့သို့ လွန်စွာအရေးမကြီးတော့သည့် အချက်မှာ ကလေးများ၏ လေ့လာသင်ယူလိုစိတ်အပေါ် အကျိုးသက်ရောက်စေသည်။

သို့သော် ပညာရေးစနစ်၏ အောက်ခြေအဆင့်များတွင် စာမေးပွဲရလဒ်များသည် အရေးပါနေဆဲ ဖြစ်ပါသည်။ ဆရာများသည် ၎င်းစာမေးပွဲရလဒ်များမှတစ်ဆင့် ကျောင်းသားများ ၏ သဘောထားနှင့် စာတတ်မြောက်မှု စွမ်းရည်များကို သိရှိနိုင်ပါသည်။ အချို့ကျောင်းများတွင် ကျောင်းသားများ၏ ဉာဏ်ရည်ပေါ်မူတည်၍ ကျောင်းသားများကို အတန်းခွဲ တတ်ကြသည်။ မိဘများသည်လည်း စာမေးပွဲရလဒ်များအပေါ် အာရုံစိုက်လာကြပြီး ၎င်းတို့ကလေးများ အမှတ်ကောင်းစေရန် ကျူးရှင်ထားကြသည်။ ထိုကြောင့် စာမေးပွဲစနစ်သည် ကျူးရှင်သင်ကြားခြင်းကို အတန်း

ငယ်များနှင့် အထူးသဖြင့် ဒသမတန်းတွင် အရေးအကြီးဆုံး ဖြစ်လာအောင် တွန်းအားပေးနေသော အကြောင်းတရားပင် ဖြစ်ပေသည်။

ယခုလေ့လာမှု၌ စာသင်ကြားရာတွင် အသုံးပြုသည့် ကြားခံဘာသာ စကားဆိုင်ရာ မူဝါဒများသည်လည်း အရေးကြီးသောအချက်အဖြစ် ပါဝင်ပါသည်။ လူနည်းစုတိုင်းရင်းသားများနှင့် ဆက်စပ်နေသော နိုင်ငံရေးတွန်းအားပေးမှုများ၊ နိုင်ငံတော်ဘာသာစကားဖြစ်သည့် မြန်မာစာနှင့် နိုင်ငံတကာနှင့်ဆက်သွယ်ရာတွင် အသုံးပြုလိုသည့် အင်္ဂလိပ်စာကြား ချိန်ဆရမှု စသည်တို့ကြောင့် ၎င်းမူဝါဒများသည် အတိမ်းအစောင်းမခံသော အခြေအနေများနှင့် ရင်ဆိုင်နေရပါသည် (ကျော်ရဲလင်း၊ ၂၀၀၇။ လိုဘျန်ကို၊ ၂၀၁၆)။ လာယ်လ် (၂၀၁၆၊ စာ ၁၇၈–၁၇၉) ၏ လေ့လာမှုအရ 'ဗမာစကားကို ပြည်ထောင်စုဘာသာစကားအဖြစ် အသုံးပြုကာ ဗမာ့ယဉ်ကျေးမှု အပေါ် အခြေခံသည့် အမျိုးသားစရိုက်လက္ခဏာတစ်ခု ဖြစ်ထွန်းလာစေရန်' ရည်ရွယ်ချက်ဖြင့် တာဝန်ရှိသူများသည် ဗမာစကားကို ပညာရေးစနစ်တစ်ခုလုံးတွင် အသုံးပြုရန် ဆယ်စုနှစ်များစွာ ကြာသည်အထိ အစဉ်တစိုက် သတ်မှတ်ထားခဲ့ပါသည်။

မကြာသေးခင်က ဖြစ်ပေါ်ခဲ့သော အဓိကပြောင်းလဲတိုးတက်မှုများသည် အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းရာတွင် အထောက်အပံ့ဖြစ်စေပါသည် (မြန်မာ၊ ၂၀၁၄၊ အခန်း၇)။ အဆိုပါ ဥပဒေ၏ အပိုင်း ၄၃ (က) ၌ 'သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြစ်စေ၊ မြန်မာဘာသာ နှင့် အင်္ဂလိပ်ဘာသာ နှစ်ဘာသာတွဲ၍ ဖြစ်စေ သင်ကြားနိုင်သည်' ဟု ဖော်ပြထားပြီး၊ အပိုင်း ၄၃ (ခ) ၌ 'အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသား ဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှုဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်'ဟု ထည့်သွင်း သတ်မှတ်ထားပါသည်။ ယခုလေ့လာမှုပြုလုပ်ခဲ့သည် ရန်ကုန်တိုင်းတွင် အခြားသော ဒေသများထက် တိုင်းရင်းသားလူမျိုးစု ဘာသာစကားပြဿနာ နည်းပါးပါသည်။ သို့သော်လည်း မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာ သင်ကြားရေး ဘက်ညီရန် လွန်စွာအရေးကြီးပေသည်။ ၂၀၁၄ ခုနှစ် အမျိုးသားပညာရေး ဥပဒေသည် ပြောင်းလွယ်ပြင်လွယ် ရှိသော်လည်း အတန်းကြီးများ၏ ပုံနှိပ်စာအုပ်၊ စာမေးပွဲများနှင့် သင်ကြားရေးအများစုတွင် အင်္ဂလိပ်စာ လွှမ်းမိုးမှုများနေဆဲ ဖြစ်ပါသည်။ ဤအခြေအနေသည် ကျောင်းတွင်သာမက ကျူရှင်တွင်ပါ ထိရောက်သော သင်ယူမှုဖြစ်ရန်အတွက် လွှမ်းမိုးရိုက်ခတ်မှုများ ရှိနေပါသည်။

၂.၅။ ကျူရှင် ဖွဲ့စည်းပုံများ

အထက်ပါ တရားဝင်ပညာရေးစနစ် ဖော်ပြချက်များနှင့်အတူ ကျူရှင်စနစ် အတွက် ဖော်ပြချက်အချို့လည်း လိုအပ်နေပါသည်။ ကျူရှင်သင်ကြားရေး နယ်ပယ် တွင် အများစုသည် တရားမဝင် လုပ်ကိုင်နေကြသည့်အတွက် ယေဘုယျဆန်သော ဖော်ပြချက်မျိုးသာ ဖြစ်နိုင်ပါသည်။

ရှေးဦးစွာ ဝေါဟာရနှင့် ပတ်သက်၍ စတင်လေ့လာကြည့်ပါမည်။ အခြားသော တောင်အာရှ နိုင်ငံများကဲ့သို့ပင် (ဥပမာ – ဖွန်းဒန်၊ ၂၀၀၂။ ဆူဂျာသာနှင့်ရာနီ၊ ၂၀၁၁။ ဂျဲလနီနှင့်တန်၊ ၂၀၁၂ တို့တွင် ရှု) မြန်မာနိုင်ငံ၌ ကျူရှင်သင်ကြားခြင်းကို

ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်း သို့မဟုတ် ကျူရှင်ဟူ၍သာ ခေါ်ဝေါ်သုံးစွဲလေ့ရှိပါသည်။ ၎င်းကို တစ်ဦးချင်း၊ အုပ်စုငယ်နှင့် အုပ်စုကြီးအလိုက် သင်ကြားပေးသဖြင့် အခြားနိုင်ငံများနှင့် ပုံစံအားဖြင့် တူညီသည်။ အင်တာနက်မှတစ်ဆင့် သင်ကြားခြင်းများ ရှိကြသော်လည်း မြန်မာနိုင်ငံတွင်မူ အီလက်ထရောနစ် အခြေခံအဆောက်အအုံမှာ ချမ်းသာသည့် နိုင်ငံများအဆင့်ကို မမီသေးသည့်အတွက် အတွေ့ရနည်းသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အသုံးများသော ဝေါဟာရများသည် တစ်ဦးချင်းသင်သည့် ဂိုက်ကျူရှင်၊ အုပ်စုငယ်ဖြင့် သင်သည့် *ဝိုင်း* ကျူရှင်နှင့် အုပ်စုကြီးဖြင့် သင်ကြားသည့် 'အတန်း' ကျူရှင်တို့ ဖြစ်ပါသည်။

ကျူရှင်သင်ကြားသူများကို လေ့လာကြည့်မည်ဆိုပါက အဓိကအုပ်စုများမှာ အပိုဝင်ငွေရရှိရန် သင်ကြားနေကြသော ပင်မကျောင်းသင်ပညာရေးမှ ဆရာများ၊ 'ဂိုက်' အဖြစ် လုပ်ကိုင်နေကြသည့် အထက်တန်းကျောင်းသားများနှင့် တက္ကသိုလ်ကျောင်းသားများ၊ အလွတ်တမ်း ကျူရှင်ပေးသူများနှင့် တရားဝင်ဖွင့်ထားသော ကျူရှင်များတွင် သင်ကြားနေသူများဟူ၍ တွေ့ရပါသည်။ ကျူရှင်သင်ကြားရေးတွင် ဆရာများနှင့် တက္ကသိုလ်ကျောင်းသားများ၏ အခန်းကဏ္ဍများသည် ရှည်ကြာခဲ့ပြီဖြစ်ပြီး ၎င်းတို့ကို ဤသုတေသနတွင် အဓိက လေ့လာထားပါသည်။ ကျူရှင်သင်ကြားသည့် လုပ်ငန်းစုများ၏ အခန်းကဏ္ဍသည်လည်း မကြာသေးမီကမှ ပါဝင်လာခဲ့ပြီး ဈေးကွက်နှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်စိတ်တစ်ဒေသအားဖြင့် သက်ဆိုင်နေပါသည်။ ရန်ကုန်တိုင်းအတွင်းရှိ ကျူရှင် ကုမ္ပဏီများ၏ အရေအတွက်နှင့်လုပ်ငန်းဆောင်တာတို့ကို *'လူတိုင်းအတွက် ပညာရေးလမ်းညွှန်'* ခေါင်းစဉ်ဖြင့် မြန်မာ့ဈေးကွက် စီးပွားရေး သုတေသနနှင့် တီထွင်ထုတ်လုပ်မှု ကုမ္ပဏီ (MMRD) မှ ထုတ်ဝေသည့် နှစ်လည်လမ်းညွှန်စာအုပ်တွင် ဖော်ပြထား သည်။ ၎င်းစာအုပ်နောက်ဖုံးတွင် ၂၀၁၇/၁၈ ပုံစံဖြင့် ရန်ကုန်၊ ပဲခူးနှင့် မန္တလေးရှိ ကျူရှင်ဆရာများအတွက် ပွဲစားအဖြစ် လုပ်ကိုင်နေသည့် ကုမ္ပဏီတစ်ခုမှ ကြော်ငြာထည့်သွင်းထားပါသည်။ ထိုကုမ္ပဏီ၏ အင်တာနက် စာမျက်နှာပေါ်တွင် ဂီတတူရိယာ၊ ကွန်ပျူတာဆော့ဖ်ဝဲလ်၊ ဘာသာစကား၊ ဖက်ရှင်နှင့် အခြားသော ဘာသာရပ်များ သင်ကြားသည့် ဆရာ (၃၀၀) ကျော်အပါအဝင် ဘာသာရပ်သင် ကျူရှင်ဆရာ အယောက် (၅၀၀) ကျော်ကို ဓာတ်ပုံများ၊ ကိုယ်ရေးအချက်အလက်များ၊ ဈေးနှုန်းများနှင့်တကွ ဖော်ပြထားသော လင့်ခ်များ ပါဝင်ပါသည်။ လမ်းညွှန်စာအုပ်ထဲက ကျူရှင်ဟူသည့် ခေါင်းစဉ် အောက်တွင် ရန်ကုန်တိုင်းအတွင်းရှိ အခြားကျူရှင်ကုမ္ပဏီ (၆၈) ခုတို့၏ ကြော်ငြာများကို စာမျက်နှာ (၁၂) မျက်နှာဖြင့် ဖော်ပြထားပါသည် (MMRD ၊ ၂၀၁၇၊ စာ–၁၃၇–၁၄၈)။

မြန်မာနိုင်ငံရှိ ကျူရှင်နှင့်ပတ်သက်သော အခြားသိသာထင်ရှားသည့် သွင်ပြင်လက္ခဏာမှာများစွာသော ကျူရှင်ဘော်ဒါများပင်ဖြစ်ပါသည်။ ၎င်းတို့သည် နေ့ကျောင်းများတွင် ပုံမှန်သင်ကြားနေမှုများကို ဖြည့်စွက်သင်ကြားပေးရန် ပုံစံတစ်မျိုးဖြင့် ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဘော်ဒါတက်သော ကျောင်းသားများသည် စာမေးပွဲဖြေဆိုခွင့် ရရှိရေးအတွက် ပုံမှန်နေ့ကျောင်းများ ကိုလည်း ကျောင်းခေါ်ကြိမ် ၇၅% ပြည့်မီအောင် တက်ကြသည်။ ဘော်ဒါ၌ ထိုကျောင်းသားများကို ဆရာများ၊ ဂိုက်များက ထပ်ဆောင်းသင်ကြားပေးပြီး ၎င်းတို့ ကိုယ်တိုင်လည်း

လေ့လာကျက်မှတ် ရပါသည်။ အချို့သော ကျူရှင်သင်ကြားပေးသည့် ဘော်ဒါ ဆောင်များသည် ပြည်သူပိုင်ကျောင်းများ နည်းတူ ကိုယ်ပိုင်ကျောင်းများအဖြစ် ပြောင်းလဲလိုက်ကြသည်။ ထိုအခြေအနေမျိုးတွင် ၎င်းတို့၏ ကိုယ်ပိုင်လက္ခဏာ ရပ်များကို ပြောင်းလဲ လိုက်သည့်အတွက် ဤလေ့လာမှုနယ်ပယ်အတွင်း မပါဝင် တော့ပေ။ ကျူရှင်သင်ကြားပေးသည့် ဘော်ဒါကျောင်း အများစုသည် ဒသမတန်းကျောင်းသားများ အတွက် တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုရန် လေ့ကျင့်သင်ကြားပေး နေကြပြီး အချို့သော ဘော်ဒါများတွင်မူ အဋ္ဌမတန်း သို့မဟုတ် နဝမတန်း မှစ၍ လေ့ကျင့် သင်ကြားပေးပါသည်။ ကျူရှင်သင်ကြားပေး သည့် ဘော်ဒါကျောင်းများ၏ အရည်အသွေးသည် သိသာ ထင်ရှားစွာပင် အမျိုးမျိုး ကွဲပြားနေကြပါသည်။ ဈေးနှုန်းမြင့်သည့် နာမည်ကြီး ကျောင်းများသည် အကောင်း ဆုံး ဆရာများကို လခကောင်းကောင်းဖြင့် ငှားရမ်းထား သော်လည်း အချို့သော ကျောင်းများမှာမူ ပုံပိုးမှုနှင့် အရည်အသွေးတို့မှာ အခြေခံမျှသာ ရှိပါသည်။

ကျူရှင်သင်ကြားခွင့်နှင့်ပတ်သက်၍ တရားဝင်သတ်မှတ်ခြင်းကို ၁၉၈၄ ခုနှစ် ပါလီမန် လွှတ်တော် အမှတ် (၆)၊ ဘာသာရပ်သင်ကိုယ်ပိုင်သင်တန်းဥပဒေတွင် ဖော်ပြထားသည် (ဗမာ၊ ၁၉၈၄)။ ၁၉၅၁ နှင့် ၁၉၆၃ ခုနှစ်တို့တွင် ထုတ်ပြန်ခဲ့သော ဥပဒေများတွင် ကိုယ်ပိုင်ကျောင်းများကိုသာ ဦးတည်ပြီး၊ ၁၉၈၄ ခုနှစ် ဥပဒေတွင် ကျူရှင်သင်ကြားရေးကို ဦးတည်ပြဋ္ဌာန်းခဲ့သည်။ ၎င်းသည် ကြီးမားသော အတိုင်း အတာတစ်ခုအထိ နိုင်ငံရေးလှုံ့ဆော်မှု ဖြစ်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်က ကျူရှင်အချို့သည် ကျောင်းသား (၂၀၀) ကျော်ရှိပြီး ကျောင်းသားများကို အဟောအပြော ကောင်းသူများက သင်ကြားပေးခဲ့ကြသည်ဖြစ်ရာ ဦးနေဝင်း ခေါင်းဆောင်သည့် စစ်အစိုးရသည် ကျူရှင်များတွင် နိုင်ငံရေးဇာတ်သွင်းခြင်းကို ကြောက်ရွံ့ခဲ့ သောကြောင့် ဖြစ်သည်။ ၁၉၈၄ခုနှစ် ဥပဒေများတွင် အရေးကြီးသော ပြဋ္ဌာန်းချက်တစ်ခုမှာ ကျူရှင်ဖွင့်လှစ် သင်ကြားလိုသူများသည် နိုင်ငံတော် အစိုးရထံ တွင် မှတ်ပုံတင်ရမည်ဆိုသော အချက်ပင်ဖြစ်သည်။ ကျူရှင်အတန်းများသည် အများ ဆုံး ကျောင်းသားအယောက် (၄၀) ထိသာ ကန့်သတ်ထားပြီး၊ ကျူရှင်တစ်ခုတွင် ကျောင်းသား စုစုပေါင်း (၁၆၀)ဦး တက်ရောက်နိုင်သည်။ လူတစ်ဦးလျှင် ကျူရှင် တစ်ခုသာ ဖွင့်လှစ်ခွင့်ရှိပြီး ကျူရှင် ဆရာများသည်လည်း ကျူရှင်တစ်ခုတွင်သာ စာသင်ကြားနိုင်သည်။ ၎င်းစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက ထောင်ဒဏ် (၃)နှစ်နှင့် ဒဏ်ငွေ (၃၀,၀၀၀)ကျပ် စသည်ဖြင့် ပြင်းထန်စွာ အပြစ်ပေး ခံရမည် ဖြစ်သည်။ အဆိုပါဥပဒေတွင် ကျောင်းကဲ့သို့သော ပြည်သူပိုင်ပစ္စည်းများကို အသုံး ပြုခြင်းနှင့် မှတ်စုစာအုပ်များ၊ ပြဋ္ဌာန်းစာအုပ်များ ရောင်းချခြင်းတို့ကို တားမြစ်ထား ပါသည်။ ထို့အပြင် ကျူရှင်များသည် ကျောင်းသင်ရိုးညွှန်းတမ်း အတိုင်း လိုက်နာ သင်ကြားရမည်ဖြစ်ပါသည်။ ထိုသတ်မှတ်ချက်များကို ဖောက်ဖျက်ပါက ထောင်ဒဏ် (၂)နှစ်နှင့် ဒဏ်ငွေ (၂၀,၀၀၀)ကျပ် ကျခံ ရမည်ဖြစ်ပါသည်။

ထိုဥပဒေတွင် ခေတ်ကာလ ဈေးနှုန်းများကိုလိုက်၍ အမြင့်ဆုံးလစာ သတ်မှတ် ခြင်း အပါအဝင် လိုက်နာရမည့် စည်းကမ်းချက်များပါ ပါရှိပါသည်။ စောဂျစ်ဘ်ဆန် (၁၉၉၂၊ စာ–၁၀) ၏ တင်ပြချက်အရ ၁၉၉၀ ပြည့်နှစ်တွင် ရန်ကုန်တိုင်းရှိ ကျောင်း (၉) ကျောင်းမှ ကျောင်းသား (၂၄၉) ယောက်ကို လေ့လာဆန်းစစ်ခဲ့ရာ အလယ်တန်း ကျောင်းသား ၆၅.၆% နှင့် အထက်တန်းကျောင်းသား ၉၀.၇% ကျူရှင်ယူကြ

ကြောင်း သိရှိခဲ့ရပါသည်။ ၁၉၈၄ ခုနှစ် စည်းမျဉ်းစည်းကမ်းများတွင် ကျောင်းသား များသည် ကျူရှင်လခကို တစ်ဘာသာ တစ်လလျှင် (၁၀) ကျပ်နှင့် နှစ်ဘာသာ အထက် ကျူရှင်ယူလျှင် အမြင့်ဆုံး (၂၀) ကျပ် ကျခံရမည်ဟု သတ်မှတ်ထားခဲ့ပါ သည် (ဗမာ၊ ၁၉၈၄)။ သို့သော် ၁၉၉၀ ခုနှစ် ဆန်းစစ်မှုတွင် ကျောင်းသားများကို လူတွေ့မေးမြန်းခဲ့ရာ (၁၀၀) ကျပ် ကျော်မျှ ပေးနေရပြီး၊ အချို့သော ကျူရှင်များတွင် တစ်ဘာသာလျှင် (၃၀၀) ကျပ်ခန့် ပေးနေရကြောင်း သိရပါသည်။ ၂၀၁၇/၁၈ ပညာသင်နှစ်တွင်မူ ကျူရှင်လခများသည် တစ်ဦးချင်း သင်ကြားမှုအတွက် တစ်နာရီလျှင် (၃,၅၀၀) ကျပ်ခန့် ရှိပြီး တစ်ပတ်လျှင် တစ်နာရီ သင်ကြားပါက တစ်လလုံးတွင် (၁၄,၀၀၀) ကျပ် ကျသင့်မည် ဖြစ်သည်။ အခန်း (၄) ၌ ယခုသုတေသနအတွက် တစ်ပတ်လျှင် ဘာသာရပ်အတော်များများကို ကျူရှင်ယူ သော ကျောင်းသားများအား ဆန်းစစ်လေ့လာ ထားသည်များကို တင်ပြထားပါသည်။

၂၀၀၃ ခုနှစ်တွင် ၁၉၈၄ ခုနှစ်ဥပဒေများကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ကျူရှင် လုပ်ငန်း လုပ်ကိုင်သူများကို မြို့နယ်မတူပါက ကျူရှင်တစ်ခုထက်ပို၍ ဖွင့်လှစ်နိုင်ရန် ခွင့်ပြုပေးခဲ့ပါသည် (မြန်မာ၊ ၂၀၀၃)။ ထိုပြင်ဆင်ချက်၌ မူလအခြေခံ ပညာကျောင်း သင်ရိုးတွင် အဓိက (၆) ဘာသာ ရှိသော်လည်း ကျူရှင်များတွင် (၃) ဘာသာထက်ပို သင်ကြားခွင့် မပြုခဲ့ပေ။ ဆရာများ သည်လည်း အများဆုံး ကျူရှင် (၃) ခုတွင် သင်ကြားနိုင်ပြီး ၎င်းတို့ မှတ်ပုံတင်ထားသည့် ဘာသာရပ်များကိုသာ သင်ကြား ခွင့်ရှိပါသည်။ ထို့အပြင် ကျူရှင်တစ်ခုတွင် ကျောင်းသား စုစုပေါင်း (၂၄၀) သာ လက်ခံသင်ကြားရမည်ဖြစ်ပါသည်။

၂၀၀၅ ခုနှစ်ဝန်းကျင်တွင် တာဝန်ရှိသူများက ဆရာများ ကျူရှင်သင်ကြား ခြင်းကို တားမြစ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ရန်ကုန်၌ ကျူရှင်ဆရာ (၆) ယောက်ကို ဖမ်းဆီးခဲ့ခြင်းဖြင့် ကျူရှင်နှိမ်နင်းရေး လုပ်ဆောင်ခဲ့သည် (ယေနီ၊ ၂၀၀၆)။ သို့သော်လည်း ထိုအချိန်က မျက်မှောက်ရေးရာ အစီရင်ခံတင်ပြသူများသည် ၎င်းဆောင်ရွက်ချက်၏ ထိရောက်မှုအပေါ် သံသယ ဖြစ်ခဲ့ကြသည်။ ပုဂ္ဂိုလ်တစ်ဦးကမူ (ယေနီ၊ ၂၀၀၆ က ကိုးကား ဖော်ပြထားသည်) အစိုးရ၏ ကြိုးပမ်းမှုသည် 'အပေါ်ယံရွေ့မှုန်ကြဲ ပြုပြင်ပြောင်းလဲမှုသာ ဖြစ်သည်' ဟု ထင်မြင်ယူဆခဲ့ပါသည်။ အခြားသော အစီရင်ခံတင်ပြသူတစ်ဦးက (ယေနီ၊ ၂၀၀၆ က ကိုးကားဖော်ပြထားသည်) အစိုးရသည် ဆရာများနှင့် ကျောင်းသားများကို အောက်ခြေထိ ရောက်အောင် ထိုးချခဲ့သည်ဟု မှတ်ချက်ချခဲ့ပါသည်။ ၎င်းကပင် 'ဥပဒေသည် ပြည်သူလူထုကို ကျီးလန့်စာစား ဖြစ်စေရုံမှလွဲ၍ အခြားတိုးတက် ကောင်းမွန်မှု တစ်စုံတစ်ရာကို မစွမ်းဆောင်နိုင်ပါ။ ယခုလက်ရှိ ပညာရေး စနစ်သည်လည်း ငွေကြေးထောက်ပံ့မှု မလုံလောက်ဘဲ စတင်အကောင်အထည် မဖော်ခင် အခြေခံကျကျ ပြောင်းလဲပစ်သင့်ပေသည်' ဟူ၍ ဖြည့်စွက် ပြောကြား ခဲ့ပါသည်။

သို့သော် ပြင်းထန်သော စည်းမျဉ်းစည်းကမ်းများသည် ယခုမျက်မှောက်ခေတ် အချိန်များထိ ဆက်လက်ကျန်ရှိနေဆဲ ဖြစ်ပါသည်။ ပုံ (၂.၂) တွင် ပဲခူးတိုင်း ပညာရေးမှူးရုံးမှ ဆရာများ ကျူရှင်သင်ကြားခြင်းကို တားမြစ်သည့် တရားဝင် အမိန့်ကြော်ငြာစာကို ပြသထားပြီး အလားတူ အမိန့် ကြော်ငြာစာများလည်း ရန်ကုန်တိုင်းတွင် ထုတ်ပြန်ခဲ့ပါသည်။ ပုံ (၂.၃) တွင် ရန်ကုန်တိုင်း တာဝန်ရှိ သူများက ထုတ်ပြန်ထားသည့် ဆရာများက ကျူရှင်သင်ကြားခြင်း မပြုပါကြောင်း

လက်မှတ်ရေးထိုးရမည့်အကြောင်း ညွှန်ကြားထားသော ကြေညာချက်ကို ပြသထားပါသည်။ ထိုထုတ်ပြန်ကြေညာချက်ကို ၂၀၁၇ ခုနှစ်တွင် ဖြန့်ဝေခဲ့ပါသည်။ စည်းကမ်းချိုးဖောက်မှု ပြစ်ဒဏ်သည် – ထောင်ဒဏ် (၃) နှစ် သို့မဟုတ် ဒဏ်ငွေ (၃၀၀,၀၀၀) ကျပ် သို့မဟုတ် ပြစ်ဒဏ် နှစ်မျိုးစလုံး စသည်ဖြင့် ပြင်းထန်လှပေသည်။ သို့သော်လည်း ယခုလေ့လာမှုတွင် ပါရှိသည့် အချက်အလက်များအရ ဆရာများသည် ကျူးရှင်မသင်ပါဟု ဝန်ခံလက်မှတ် ထိုးထားသော်လည်း ကျူးရှင်သင်ကြား နေကြကြောင်းသိရသည်။

ပုံ (၂.၂) ဆရာများ ကျူးရှင်မသင်ကြားရန် တရားဝင်တားမြစ်ချက်



ဥပဒေအရ သတ်မှတ်ထားသော ပြစ်ဒဏ်များကို သိရှိပါသလားဟု မေးမြန်းရာတွင် လူတွေ့ဖြေဆိုသူ တစ်ဦးကသာ သိရှိပါကြောင်းနှင့် ထိုစည်းမျဉ်းဥပဒေမှာ ချမှတ်ထားသည့်အတိုင်း ကြီးလေးသည့် ပြစ်ဒဏ်ပုံစံမျိုး မဟုတ်ကြောင်း ဖြေကြားခဲ့သည်။ ၎င်းဖြေဆိုသူက ရန်ကုန်တိုင်းဒေသကြီးပြင်ပတွင် ဖြစ်ခဲ့သည့် ကျူးရှင်သင်သော ဆရာများ မြို့ပေါ်ကျောင်းများမှ ကျေးလက်ကျောင်းများသို့ အုပ်စုလိုက် ရွှေ့ပြောင်း ခြင်းခံရသော အမှုတစ်ခုကို ရည်ညွှန်းဖြေဆိုခဲ့ပါသည်။ ဖြေဆိုသူက တိကျသော နေရာကို မဖော်ပြခဲ့သော်လည်း ဤစီမံချက်နှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ် နိုဝင်ဘာ လက သတင်းပေးပို့ချက်အရ မန္တလေးတိုင်းဒေသကြီးအတွင်း ဖြစ်ပွားခဲ့ဟန်တူ ပါသည် (သင်းလှိုင်၊ ၂၀၁၆။ စွန်သဲ၊ ၂၀၁၇၊ စာ–၇)။

ပုံ (၂.၃) ဆရာများ (ကျူရှင်မသင်ပါကြောင်း) ဝန်ခံလက်မှတ်ထိုးရန် ထုတ်ပြန်ကြေညာချက်



၂၀၁၇ ခုနှစ်က ရေးဆွဲပြီး ဤသုတေသနပြုလုပ်နေစဉ်အတွင်း ပြည်သူလူထုလေ့လာအကြံပြုနိုင်ရန် ချပြခဲ့သော ပုဂ္ဂလိကပညာရေးဥပဒေကြမ်းလည်း ဥပဒေမူဘောင်ထဲတွင် ပါရှိသည်။ ယင်းဥပဒေကြမ်းသည် ၂၀၁၁ ခုနှစ်က ချမှတ်ခဲ့သော ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကို အခြေခံ ထားပါသည် (မြန်မာ၊ ၂၀၁၁၊ ၂၀၁၇(ခ))။ ၂၀၁၁ ခုနှစ် ဥပဒေသည် ပြည်သူပိုင်ကျောင်းများတွင် ဖြည့်စွက်သင်ကြားခြင်းထက်စာလျှင် အစားထိုး ဝင်ရောက်လာသည့် ကိုယ်ပိုင်ကျောင်းများကို အဓိကထား ထုတ်ပြန်ခဲ့ခြင်း ဖြစ်သော်လည်း နှစ်မျိုးစလုံးအပေါ်တွင် သက်ရောက်မှုရှိနေပါသည်။ ကိုယ်ပိုင်ကျောင်း၏ အနက်အဓိပ္ပာယ်ကို ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေ (အပိုဒ် ၂-က) တွင် 'ပညာအရည်အသွေး မြင့်မားရေးအတွက် ပညာရေးဝန်ကြီးဌာနက သတ်မှတ်သော အခြေခံပညာ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများပါ ဘာသာရပ်များအတိုင်းဖြစ်စေ၊ အဆိုပါဘာသာရပ်များ အတွက် သင်ခန်းစာများ ထပ်ဆောင်း၍ဖြစ်စေ လေ့ကျင့်သင်ကြားပေးသော ပုဂ္ဂလိက တည်ထောင်ဖွင့်လှစ်သည့် အခြေခံပညာကျောင်း' ဟူ၍ ဖွင့်ဆိုထားပါသည်။ ကိုယ်ပိုင်ကျောင်းသည် နိုင်ငံတော်၏ သင်ရိုးညွှန်းတမ်းများနှင့် ကိုက်ညီမှုရှိရန် လိုအပ်ပြီး ကျောင်းနှင့် ဆရာများပါ တရားဝင် မှတ်ပုံတင် ထားရပါမည်။ လိုက်နာခြင်းမပြုပါက ပြင်းထန်စွာ အပြစ်ပေးခံရမည် ဖြစ်သည်။ မှတ်ပုံတင်ထားခြင်း မရှိဘဲ ကိုယ်ပိုင်ကျောင်းဖွင့်လှစ်ထားသူတို့သည် (၃) နှစ် ထောင်ဒဏ်ကျခံ၍ ဒဏ်ငွေ (၃၀၀,၀၀၀) ကျပ် ပေးဆောင်ရမည် ဖြစ်ပါသည်။ ကျူရှင်သင်ကြားခွင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆရာများမှာမူ ထောင်ဒဏ် (၁) နှစ် သို့မဟုတ် ဒဏ်ငွေ (၁၀၀,၀၀၀) ကျပ်

သို့မဟုတ် ပြစ်ဒဏ်နှစ်မျိုးလုံး ကျခံရမည် ဖြစ်ပါသည် (အပိုဒ် ၃၃ နှင့် ၃၅)။ ၂၀၁၇ ခုနှစ် ဥပဒေမူကြမ်းသည် ပြည်သူပိုင် ကျောင်းများကို အစားထိုး ဝင်ရောက်လာသော ကိုယ်ပိုင်ကျောင်းများနှင့် ဘာသာရပ်များကို သင်ကြားပေးနေသော ကျူရှင်များအား အဓိက ရည်ညွှန်းထုတ်ပြန်ထားပါသည်။ အဆိုပါဥပဒေကြမ်း (အပိုဒ်-၅၅) တွင် ဆရာတစ်ဦးသည် မှတ်ပုံတင်ထားခြင်း မရှိဘဲ ကျူရှင်ကုမ္ပဏီများတွင် ဝင်ရောက် သင်ကြားနေပါက ထောင်ဒဏ် (၃) လမှ (၆) လ အထိ ကျခံရမည် သို့မဟုတ် ဒဏ်ငွေ နှစ်သိန်း သို့မဟုတ် ပြစ်ဒဏ်နှစ်မျိုးလုံးကျခံရမည်ဟု ဖော်ပြထားပါသည်။

၂.၆။ အနှစ်ချုပ်နှင့် နိဂုံး

ဤအခန်းတွင် ယခုလေ့လာနေသော သုတေသနအတွက် နယ်ပယ်သတ်မှတ် ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံသည် ဆယ်စုနှစ်များစွာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်နေခဲ့ပါသည်။ အဆိုပါပြောင်းလဲမှုများသည် ပညာရေးအတွက်သာမက စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု အတွက်ပါ ကြီးမားသော သက်ရောက်မှု တို့ကို ဖြစ်ပေါ်စေပါသည်။ အသိသာဆုံးသော သက်ရောက်မှုမှာ အရပ်သား အများစု ပါဝင်သည့် အစိုးရကို ရွေးချယ် တင်မြှောက်ခဲ့သည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ များပင်ဖြစ်သည်။ အစိုးရသစ်သည်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများစွာကို ချက်ချင်း စတင်လုပ်ဆောင်ခဲ့ပြီး၊ ပညာရေးကဏ္ဍတွင် အမျိုးသားပညာရေး မဟာဗျူဟာစီမံ ကိန်းကို ဖော်ဆောင်နိုင်ခဲ့သည့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံး သပ်ရေးလုပ်ငန်း ပါဝင်ခဲ့ပါသည်။

ဤစာအုပ်၏နိဒါန်းတွင် ရေးသားထားသည့်အတိုင်း CESR နှင့် NESP တို့သည် ကျူရှင်သင်ကြားရေးလုပ်ငန်းကို လေ့လာခဲ့သော်လည်း အကြောင်းအရာ ပိုင်းကို နက်နက်နဲနဲ ရှာဖွေဖော်ထုတ်ခဲ့ခြင်း မရှိပါ။ ကျူရှင်သင်ကြားရေးသည် ရှည်လျားသော သမိုင်းကြောင်း ရှိခဲ့ပြီး ၁၉၉၀ ခုနှစ်မှာပင် ရန်ကုန်၌ ကျူရှင် တက်ရောက်နှုန်း မြင့်မားခဲ့သည် (စောဂျစ်ဘ်ဆန်၊ ၁၉၉၂)။ ကျူရှင်သင်ကြား ခြင်းနှင့်ပတ်သက်ပြီး မလိုက်နာသူများအတွက် ပြင်းထန်သော ပြစ်ဒဏ်ပေးမှုများ ပါဝင်သည့် စည်းမျဉ်းဥပဒေများရှိခဲ့သော်လည်း ထိုဥပဒေများကို တသွေမတိမ်း လိုက်နာခြင်း မရှိခဲ့ပေ။ နောက်တွင်ဖော်ပြထားသော အခန်းများ၌ ကျောင်းသားများ၊ မိသားစုဝင်များနှင့် ဆရာများ၏ ကျူရှင်နှင့်ပတ်သက်သော အမြင်များကို ဖော်ပြ ထားပြီး ကျောင်းပြင်ပ သင်ယူလေ့လာခြင်းနှင့် ကျောင်းတွင်း သင်ယူလေ့လာ ခြင်းတို့ကြား ချိတ်ဆက်မှုအပေါ် ဝေဖန်ချက်၊ ထင်မြင် ယူဆချက်တို့ကို ဖော်ပြထား ပါသည်။

အခန်း ၃
သုတေသနအချက်အလက်ကောက်ယူမှုနည်းလမ်းများ

ဤစာအုပ်တွင် ပညာရေးနယ်ပယ်နှင့် အခြားသော လူမှုသိပ္ပံဘာသာရပ်များမှ ကြာရှည်စွာ အခြေကျပြီးဖြစ်သည့် သုတေသနလုပ်ငန်းစဉ်များကို ကိုးကားအသုံးပြုထားပြီး (ဥပမာ – ဂျွန်ဆင်နှင့် ခရစ္စတင်ဆန်၊ ၂၀၁၂။ ရော့မန်းနှင့် ရယ်လစ်စ်၊ ၂၀၁၇ တို့ကို ကြည့်ပါ) အထူးသဖြင့် ကျူရှင် (ဘရေးနှင့် သုတေသီများ၊ ၂၀၁၅) နယ်ပယ်ရှိ သုတေသနလုပ်ငန်းစဉ်များ ပါဝင်သည်။ သုတေသနပြုရာတွင် အသုံးပြုသည့် နည်းလမ်းများနှင့် သုတေသနချဉ်းကပ်နည်း များကို မြန်မာနိုင်ငံ အခြေအနေနှင့်ကိုက်ညီအောင် ဆောင်ရွက်ထားပြီး ဟောင်ကောင်တက္ကသိုလ် (HKU) နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် (YUOE) မှ အဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုဖြင့် ဤသုတေသန လုပ်ငန်းကို လက်တွေ့အကောင်အထည်ဖော် နိုင်ခဲ့ကြခြင်းဖြစ်သည်။ ဤအခန်းတွင် သုတေသနပုံစံ၊ သုတေသန နမူနာကောက်ယူခြင်းနှင့် သုတေသန အချက်အလက်များ ကောက်ယူမှု၊ ခွဲခြမ်းစိတ်ဖြာ လေ့လာမှုဖြစ်စဉ်များအကြောင်းကို အလေးပေးရှု တင်ပြသွားပါမည်။ ထို့ပြင် ပူးပေါင်းဆောင်ရွက်မှုများနှင့် အသိပညာဖလှယ်မှုတို့၏ သဘောသဘာဝအပေါ် မှတ်ချက်များကိုလည်း တင်ပြသွားပါမည်။

၃.၁။ သုတေသနပုံစံ

ဤလေ့လာမှုတွင် အရေအတွက်စံထား သုတေသနချဉ်းကပ်နည်းနှင့် အရည်အသွေးစံထား သုတေသနချဉ်းကပ်နည်းနှစ်မျိုးကို အသုံးပြုခဲ့သည်။ အမှန်စင်စစ် တိုင်းဒေသကြီးများ၊ ပြည်နယ် များနှင့် မြို့နယ်များ အားလုံးပါဝင်သည့် သုတေသနနမူနာကို ဂရုတစိုက် ကောက်ယူပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သုတေသနလေ့လာမှုတစ်ခုကို လုပ်ဆောင်နိုင်လျှင် ပိုမိုထိရောက်ပါမည်။ သို့ရာတွင် ထိုမျှကြီးမားသော လေ့လာမှုသည် သုတေသနအဖွဲ့နှင့် ၎င်းကို ထောက်ပံ့သည့် အဖွဲ့အစည်းများ၏ တတ်နိုင်စွမ်းနှင့် ငွေကြေးသုံးစွဲရန် လျာထားမှုပမာဏတို့ထက် ကျော်လွန်နေခဲ့သည်။ ထို့ကြောင့် နည်းဗျူဟာကျကျ အလေးပေးလေ့လာ နိုင်စေရေးအတွက် မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးမြို့ကြီးကို ရွေးချယ်လျက် မြို့ပေါ်ကျောင်းများနှင့် မြို့ဆင်ခြေဖုံး ကျောင်းများကို နမူနာကောက်ယူခဲ့ကြသည်။ ပုံစံတကျ မဟုတ်သော အထောက်အထားများအရ ကျူရှင်ဆရာ ၄ားရမ်းခန္ဓနန်းများသည် အခြားနေရာများထက် ရန်ကုန်မြို့တွင် ပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ဤလေ့လာမှုတွင် အထူးအရေးကြီးသော နေရာတစ်ခုကို အလေးပေးလေ့လာခြင်းဖြစ်သည်။ တချိန်တည်းတွင် ဤလေ့လာမှုသည် ရန်ကုန်မြို့အတွင်း ပုံစံကွဲများကို ရှာဖွေဖော်ထုတ်ပြီး မြန်မာနိုင်ငံ၏ အခြားဒေသများကိုလည်း ကောက်ချက်ဆွဲမှုများ ပြုလုပ်နိုင် ပါသည်။

ပေါင်းစပ်သုတေသနချဉ်းကပ်နည်းကို ရွေးချယ်ခြင်းသည် လေ့လာမှု၏ ရည်မှန်းချက်များနှင့် တစ်ဦးချင်း ကျူရှင်သင်ကြားခြင်း သဘောသဘာဝတို့နှင့် ဆက်စပ်နေသည်။ သုတေသန ချဉ်းကပ်နည်း တစ်ခုတည်းဖြင့် ကျူရှင်၏ နက်နဲ

ရှုပ်ထွေးမှုများကို ပြည့်စုံလုံလောက်စွာ ဖော်ပြနိုင်မှု၊ ခွဲခြမ်းစိတ်ဖြာ လေ့လာမှုနှင့် ရှင်းလင်းမှုတို့ကို ဆောင်ရွက်နိုင်မည် မဟုတ်ပါ။ သို့အတွက် လူမှုသိပ္ပံ သုတေသီများက လွန်စွာအရေးကြီးသည့် ပြဿနာရပ်များကို အမြင်အမျိုးမျိုးမှ ဆန်းစစ်လေ့လာနိုင်ရန် သုတေသန ချဉ်းကပ်နည်းများ ပေါင်းစပ်အသုံးပြုခြင်းကိုတိုး၍ သုံးလာကြသည် (ကာရာ၊ ၂၀၁၇)။ ပေါင်းစပ်သုတေသန နည်းလမ်းသည် လူမှုရေး အမှန်တရားဆိုင်ရာ အရှုပ်အထွေးများကိုဖော်ပြခြင်း၊ သုတေသနတွင်ပါဝင်သူများ၏ ခံစားချက်၊ ထင်မြင်ယူဆချက်များကို ပိုမိုလွှမ်းခြုံဖော်ပြခြင်းနှင့် ခိုင်မာစွာ နားလည်မှုတိုးပွားခြင်းတို့ကို ဖြစ်စေနိုင်သည် (ဆွင်း၊ ၂၀၁၇)။

များသောအားဖြင့် ဤလေ့လာမှုအတွက် အရေအတွက် စံထားသုတေသန အချက်အလက်များနှင့် အရည်သွေးစံထား သုတေသနအချက်အလက်များကို တစ်ပြိုင်နက်တည်း ကောက်ခံခဲ့ကြသော်လည်း တစ်ချို့သောအခြေအနေများတွင် အရည်အသွေးစံထားသုတေသန အချက်အလက်ပိုင်းကို အရေအတွက်စံထား သုတေသန အချက်အလက်ပိုင်းထက် စောရှေ့ကောက်ခဲ့သည်။ လေ့လာမှုတွင် အရည်အသွေးစံထားနမူနာသည် အရေအတွက်စံထားနမူနာအုပ်စု၏ ပို၍သေး ငယ်သော အုပ်စုငယ် တစ်ခုအဖြစ် ပါဝင်နေသည့် nested mixed-methods sampling design (ရွေးချယ်ထားသည့် အရေအတွက်စံထား နမူနာအုပ်စုမှ အရည်အသွေးစံထား နမူနာအုပ်စုအတွက် နှစ်ယောက် သို့မဟုတ် နှစ်ယောက် ထက်ပိုသော နမူနာငယ်ကို ထပ်မံရွေးချယ်ပြီး နမူနာအုပ်စုတစ်ခုလုံးနှင့် ပြန်၍ ယှဉ်ထိုးလေ့လာရသည့် ပေါင်းစပ်သုတေသန နမူနာကောက်ယူမှုပုံစံ) ကို အသုံးပြုထားပါသည် (အွန်ဂူဂ်ဘူဆီနှင့် ကောလင်းစ်၊ ၂၀၀၇)။ (၃.၂) တွင် နမူနာကောက်ယူပုံနှင့် နမူနာအဖြစ် ရွေးချယ်သည့် လူဦးရေတို့၏ ဝိသေသ လက္ခဏာများကို အကျယ်တဝင့် တင်ပြထားသည်။

၃.၂။ နမူနာကောက်ယူခြင်း

ကနဦးသုတေသနပုံစံတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသများနှင့် ဝေးလံခေါင်ပါးသည့် ဒေသများရှိ ကျောင်းများသာမက မြို့ပေါ်နှင့် မြို့ဆင်ခြေဖုံးကျောင်းများကိုလည်း ထည့်သွင်းရန် ရည်ရွယ်ထားခဲ့သည်။ သို့ရာတွင် မြို့ပေါ်ကျောင်းများနှင့် မြို့ဆင်ခြေဖုံး ကျောင်းများကိုသာ အလေးပေးရန် သုတေသနပုံစံကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ကျေးလက်ဒေသ နှင့် ဝေးလံခေါင်ပါး ဒေသများကို နှိုင်းယှဉ်လေ့လာရန် ရည်ရွယ်လျက် ထည့်သွင်းခဲ့လျှင် အကောင်းဆုံး အနေအထား ဖြစ်နိုင်ခဲ့မည်ဆိုသော်လည်း စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် စွန်သဲ (၂၀၁၇)၏ သုတေသနပြုမှုနှင့် မြန်မာနိုင်ငံ၏ အခြားအစိတ်အပိုင်း များမှ တရားဝင်မဟုတ်သော လေ့လာဆန်းစစ်မှု အထောက်အထားများအရ အရိပ်ပညာရေး (Shadow education) သည် ထိုဒေသများတွင် ပိုမိုနည်းပါးကြောင်း တွေ့ရှိရသည်။[၂] ထို့ကြောင့် ရန်ကုန်မြို့ပေါ်နှင့် မြို့ဆင်ခြေဖုံး ဒေသမှ နမူနာ ကောက်ယူမှု

---

[၂] မြို့ပေါ်နေရာများတွင် အရိပ်ပညာရေး တက်ရောက်သင်ယူမှုနှုန်း ပိုမိုမြင့်မားနေကြောင်းကို အခြားလေ့လာမှုများတွင် လည်းအခိုင်အမာ ပြထားပြီးဖြစ်ရာ ထိုသို့သော နိုင်ငံများတွင် အိမ်နီးချင်း ဘဂ်လားဒေ့ရ်နိုင်ငံ ပါဝင်သည် (မာမွတ်နှင့် ဘရေး၊ ၂၀၁၇)။

ကိုသာ ဤလေ့လာမှုအတွက် အလေးပေးထားသည်။ မြန်မာနိုင်ငံ ပညာရေးစနစ်တွင် အစိုးရကျောင်းနှင့် ကိုယ်ပိုင်ကျောင်းဟူ၍ ရှိသော် လည်း ကိုယ်ပိုင်ကျောင်းများသည် မကြာသေးမီနှစ်များအတွင်းမှသာ စတင်ပေါ်ပေါက်လာ ပြီး ပညာရေးအဖွဲ့အစည်း များ၏ စုစုပေါင်းအရေအတွက်တွင် အစိတ် အပိုင်းငယ် တစ်ခုမျှသာရှိသည်။ ထို့ကြောင့် ဤသုတေသနတွင် အစိုးရကျောင်းများ ကိုသာ အဓိကထားပြီး ဆောင်ရွက်ခဲ့ပါသည်။

အလွှာသတ်မှတ်၍ ကျပန်းနမူနာ ကောက်ယူမှုပုံစံကို အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ပထမဦးစွာ ကျပန်းနမူနာရွေးချယ်ရန် ရန်ကုန်တိုင်းဒေသကြီး ရှိ ကျောင်းများစာရင်းကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ရယူသည်။ ဒုတိယအနေဖြင့် ရွေးချယ်ထားသည့် ခရိုင်များမှ မြို့နယ်များကို ကျပန်း ရွေးချယ်ခဲ့ သည်။ တတိယအနေဖြင့် ရွေးချယ်ထားသော မြို့နယ်များမှ ကျောင်းများကို ကျပန်း ရွေးချယ်ခဲ့သည်။ အဆိုပါကျောင်းများတွင် အဆင်ပြေမှုပေါ်မူတည်၍ အဌမတန်းနှင့် ဒသမတန်းတို့ရှိ အတန်းများကို ရွေးချယ်ခဲ့ကြသည်။ ဥပမာအားဖြင့် သုတေသီများ သွားရောက်သည့်အချိန်တွင် အတန်းချိန်လွတ်သော အတန်းများကို ရွေးချယ်ခြင်းမျိုး ဖြစ်သည်။

ကိန်းဂဏန်း လျှို့ဝှက်နံပါတ်များကို အသုံးပြုလျက် ကျပန်းနမူနာ ကောက်ယူ ခြင်းဖြင့် ကျောင်းရှစ်ကျောင်းကို ရွေးချယ်ခဲ့သည်။ ၎င်းကျောင်းရှစ် ကျောင်းအနက် ငါးကျောင်းသည် မြို့ပေါ် ကျောင်းများဖြစ်ပြီး ကျန်သုံးကျောင်းသည် မြို့ဆင်ခြေဖုံး ကျောင်းများဖြစ်သည်။ ထိုကျောင်းများကို အမည်မဖော်လိုသဖြင့် ဤနေရာတွင် က–ဇ (ဇယား ၃.၁) အဖြစ် ဖော်ပြထားသည်။ ကျောင်း တစ်ကျောင်းစီတွင် ကျောင်းသား ဦးရေနှင့် ကျောင်းသူဦးရေ အတူတူနီးပါးကို အရေအတွက်စံထား ဆန်းစစ်လေ့လာ မှုအတွက် ရွေးချယ်ခဲ့ပြီး အဌမတန်းနှင့် ဒသမတန်းတို့အကြား (ဇယား ၃.၂) တွင် ကျား၊မ အရေအတွက် အတူတူနီးပါး ခွဲဝေသတ်မှတ်ခဲ့ပါသည်။

ဇယား (၃.၁) နမူနာကောက်ယူထားသော ကျောင်းသားများစာရင်း ဖော်ပြ ချက် (အရေအတွက်စံထား ဆန်းစစ်လေ့လာမှု)

ကျောင်း	*တည်နေရာ*	*နမူနာကောက်ယူသည့် ကျောင်းသားများ*	*စုစုပေါင်းနမူနာ ရာခိုင်နှုန်း*
က	မြို့ပေါ်	၁၅၉	၉.၇
ခ	မြို့ပေါ်	၂၄၀	၁၄.၇
ဂ	မြို့ပေါ်	၂၇၇	၁၆.၉
ဃ	မြို့ပေါ်	၂၄၀	၁၄.၇
င	မြို့ပေါ်	၂၄၀	၁၄.၇
စ	မြို့ဆင်ခြေဖုံး	၁၆၁	၉.၈
ဆ	မြို့ဆင်ခြေဖုံး	၁၆၀	၉.၈
ဇ	မြို့ဆင်ခြေဖုံး	၁၆၀	၉.၈
စုစုပေါင်း		*၁,၆၃၇*	*၁၀၀.၀*

ဇယား(၃.၂) အရေအတွက်စံထား ဆန်းစစ်လေ့လာမှုတွင် ပါဝင်သော ကျောင်းသားများ၏ အတန်းများနှင့် ကျား၊မဦးရေ

	ကျား		*မ*		*စုစုပေါင်း*	
	အရေအတွက်	ရာခိုင်နှုန်း	အရေအတွက်	ရာခိုင်နှုန်း	အရေအတွက်	ရာခိုင်နှုန်း
အဋ္ဌမတန်း	၄၂၀	၄၉.၀	၃၈၁	၄၈.၈	၈၀၁	၄၈.၉
ဒသမတန်း	၄၃၇	၅၁.၀	၃၉၉	၅၁.၂	၈၃၆	၅၁.၁
စုစုပေါင်း	၈၅၇	၁၀၀.၀	၇၈၀	၁၀၀.၀	၁,၆၃၇	၁၀၀.၀

အရေအတွက်စံထား ဆန်းစစ်လေ့လာမှုအတွက် ဆရာများကို ရွေးချယ်ရာတွင် ဆရာများရရှိနိုင်မှုပေါ် မူတည်၍ အဆင်ပြေသလို ရွေးချယ်ခဲ့သည်။ ကျောင်းရှစ်ကျောင်းမှ စုစုပေါင်း ဆရာ (၃၃၁) ဦး ပါဝင်ခဲ့သည် (ဇယား ၃.၃)။ အများစု (၉၄.၉%) သည် ဆရာမများ ဖြစ်ပြီး ၅.၁% သာ ဆရာများ ဖြစ်သည်။ ဆရာအားလုံးနီးပါး တက္ကသိုလ်ပညာ သင်ကြားခဲ့ရပြီး ၎င်းတို့အနက် ၁၀.၃% သည် မဟာဘွဲ့အထိ ရထားကြသည်။ အဆိုပါ ဆရာများ သင်ကြားပေးသည့် ဘာသာရပ်များကို ဇယား (၃.၃) တွင် ဖော်ပြထားသည်။

ဇယား (၃.၃) နမူနာကောက်ယူထားသော ဆရာများ စာရင်းဖော်ပြချက် (အရေအတွက်စံထား ဆန်းစစ်လေ့လာမှု)

	အရေအတွက်	ရာခိုင်နှုန်း		အရေအတွက်	ရာခိုင်နှုန်း
ကျောင်း			**ပညာရေးအဆင့်**		
က	၁၉	၅.၇	အလယ်တန်းနှင့် အထက်တန်းအဆင့်	၅	၁.၅
ခ	၄၂	၁၂.၇	ဘွဲ့ရ	၂၆၅	၈၀.၁
ဂ	၆၄	၁၉.၃	ဘွဲ့လွန်ဒီပလိုမာ	၂၅	၇.၆
ဃ	၄၀	၁၂.၁	မဟာဘွဲ့	၃၄	၁၀.၃
င	၄၀	၁၂.၁	အခြား/ ပျောက်ဆုံး	၂	၀.၆
စ	၄၃	၁၃.၀			
ဆ	၄၃	၁၃.၀	**ကျား၊မ**		
ဇ	၄၀	၁၂.၁	ကျား	၁၇	၅.၁
စုစုပေါင်း	၃၃၁	၁၀၀.၀		၃၁၄	၉၄.၉

ဇယား (၃.၄) အရေအတွက်စံထား ဆန်းစစ်လေ့လာမှုအတွက် နမူနာကောက်ယူထားသော ဆရာများ သင်ကြားသည့် ဘာသာရပ်များ

	အရေအတွက်	ရာခိုင်နှုန်း		အရေအတွက်	ရာခိုင်နှုန်း
သင်္ချာ	၈၇	၂၆.၃	ဓာတုဗေဒ	၃၃	၁၀.၀
အင်္ဂလိပ်စာ	၈၅	၂၅.၇	ရူပဗေဒ	၃၀	၉.၁
မြန်မာစာ	၆၇	၂၀.၁	ဘေဂဗေဒ	၁၈	၅.၄
သိပ္ပံ	၄၀	၁၂.၁	အခြား	၁၇	၅.၁
ပထဝီဝင်	၃၅	၁၀.၆	ဇီဝဗေဒ	၁၅	၄.၅
သမိုင်း	၃၃	၁၀.၀			

မှတ်ချက်။ ။အချို့ဆရာများက ဘာသာရပ်တစ်ခုမက သင်ကြားပေးကြသည်။ ဖော်ပြပါ ရာခိုင်နှုန်းများသည် ဤမေးခွန်းကို တုံ့ပြန်ဖြေဆိုခဲ့ကြသော ဆရာ စုစုပေါင်းအရေအတွက် (၃၀၁) ဦး၏ ရာခိုင်နှုန်းများ ဖြစ်သည်။

အရည်အသွေးစံထား သုတေသနအပိုင်းကို ဆောင်ရွက်နိုင်ရန် အရေအတွက်စံထားသုတေသန အပိုင်းအတွက် ရွေးချယ်ထားသည့် ကျောင်းများအနက်မှ လေးကျောင်းကို ရွေးချယ်ခဲ့သည်။ ၎င်းတို့အနက် မြို့ပေါ်နေရာနှစ်ခုနှင့် မြို့ဆင်ခြေဖုံးနေရာနှစ်ခု (ဇယား ၃.၅) တို့ကို အညီအမျှ ခွဲယူထားသည်။ ကျောင်းတစ်ကျောင်းစီတွင် အဓိကအချက်အလက် ကောက်ယူမှုအတွက် စီစဉ်ထားသည့် တုံ့ပြန်ဖြေဆိုမည့်သူများ၏ နမူနာမှာ အောက်ပါအတိုင်း ဖြစ်သည်။

- ကျူရှင်ယူသည့် ကျောင်းသားတစ်ယောက်၊ ကျူရှင်ယူသည့် ကျောင်းသူတစ်ယောက်၊ ကျူရှင်မယူသည့် ကျောင်းသားတစ်ယောက်နှင့် ကျူရှင်မယူသည့် ကျောင်းသူ တစ်ယောက်တို့ ပါဝင်သော အဌမတန်းနှင့် ဒသမတန်းတစ်တန်းစီမှ ကျောင်းသား လေးယောက်
- ထိုအတန်းများကို သင်ပြသည့် ဆရာများဖြစ်ရေးနှင့် သင်ကြားသည့် ဘာသာရပ် စုံလင်ရေးကို ဦးစားပေးရွေးချယ်ထားသော ဆရာရှစ်ဦး၊
- ကျောင်းအုပ်ကြီးနှင့် နမူနာကောက်ယူထားသည့် ကျောင်းသားများ၏ မိဘများအနက် ဦးစားပေးရွေးချယ်ထားသည့် မိဘလေးဦး
- လက်တွေ့အခြေအနေတွင်မူ ထိုကျောင်းများတွင် ပါဝင်ဖြေဆိုသူ အရေအတွက် အနည်းငယ်စီ အပိုကောက်ယူခဲ့ပြီး (ဇယား ၃.၅) အခြားကျောင်းများနှင့် ပိုမိုကျယ်ပြောသော လူမှုအသိုက်အဝန်းမှ ပုဂ္ဂိုလ်များနှင့် သီးခြားရည်ရွယ်၍ လူတွေ့မေးမြန်းချက်များဖြင့် ဖြည့်စွက်ပေးသည်။

သုတေသနအဖွဲ့က ကနဦးတွေ့ရှိချက်များ ရရှိပြီးသောအခါ ဇယား (၃.၅) တွင် ဖော်ပြထားသည့် ကျောင်းလေးကျောင်းရှိ ကျောင်းအုပ်ကြီးသုံးဦး၊ အခြားကျောင်းလေးကျောင်းအနက် တစ်ကျောင်းမှ ကျောင်းအုပ်ကြီးတစ်ဦးတို့နှင့် တစ်ဦးချင်း လူတွေ့မေးမြန်းချက်များကို ထပ်ကျော့ဆောင်ရွက်ခဲ့သည်။ ကျောင်းရှစ်ကျောင်းအနက် သုံးကျောင်းမှ ဆရာငါးဦးနှင့် အုပ်စုလိုက် တွေ့ဆုံမေးမြန်း

ချက်တစ်ခုကိုလည်း ဆောင်ရွက်ခဲ့သည်။ ဤနောက်ထပ်တွေ့ဆုံ မေးမြန်းချက်များက အမြင်သစ်များကို ထပ်မံရရှိစေသည်သာမက သုတေသနအဖွဲ့အနေဖြင့် ကနဦးတွေ့ရှိချက်များအပေါ် တုံ့ပြန်မှုများကို ကြားသိခွင့်လည်း ရစေသဖြင့် အထူးပင်တန်ဖိုးရှိပါသည်။ ဤတွေ့ဆုံ မေးမြန်းချက်များကို ဆောင်ရွက်ခဲ့သည့် အစီအစဉ်များကို အောက်တွင် ရှင်းလင်းတင်ပြထားသည်။ ထိုပြင် အဓိကလေ့လာမှု ပြုလုပ်နေစဉ်အတွင်းနှင့် ကနဦးတွေ့ရှိချက်များကို ရယူနေစဉ် ဟောင်ကောင်တက္ကသိုလ် (HKU) အဖွဲ့သည် အစိုးရအရာရှိများ၊ ဆရာအဖွဲ့များ၏ အဖွဲ့ဝင်များ၊ ကျူရှင်ဆရာများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၏ ဝန်ထမ်းများ အပါအဝင်သက်ဆိုင်သူအမျိုးမျိုးနှင့် တွေ့ဆုံမေးမြန်းချက်များကို ဆောင်ရွက်ခဲ့သည်။[၃] ဤတွေ့ဆုံမေးမြန်း ချက်များတွင် အရိပ်ပညာရေးနှင့်ပတ်သက်သည့် နောက်ထပ် အခြေအနေ အလိုက် အချက်အလက်များနှင့် အမြင်များကို တွေ့ဆုံမေးမြန်းခံများ၏ အလုပ်အကိုင်ရာထူး တာဝန်များရှုထောင့်မှ ကြည့်၍ မေးမြန်းထားသည်။

ဇယား (၃.၅) ကျောင်းအခြေပြု လူတွေ့မေးမြန်းချက်များ

		စီစဉ်ထားသော နမူနာ				နမူနာ အမှန်			
ကျောင်းများ	နေရာ	ကျောင်းသားများ	ဆရာများ	ကျောင်းအုပ်ကြီးများ	မိဘများ	ကျောင်းသားများ	ဆရာများ	ကျောင်းအုပ်ကြီးများ	မိဘများ
က	မြို့ပေါ်	၈	၈	၁	၄	၈	၁၂	၁	၄
ခ	မြို့ပေါ်	၈	၈	၁	၄	၈	၈	၁	၅
ဆ	မြို့ဆင်ခြေဖုံး	၈	၈	၁	၄	၈	၈	၁	၄
ဇ	မြို့ဆင်ခြေဖုံး	၈	၈	၁	၄	၈	၈	၁	၄
စုစုပေါင်း		၃၂	၃၂	၄	၁၆	၃၂	၃၆	၄	၁၇

၃.၃။ သုတေသနဆောင်ရွက်မှု အဆင့်ဆင့်နှင့် သုတေသနပြုလုပ်ရာတွင် အသုံးပြုသည့် တိုင်းတာမှု ကိရိယာအစု တည်ဆောက်ခြင်း

၂၀၁၆ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း သုတေသနအချက်အလက် ကောက်ယူမှု၏ စမ်းသပ်အဆင့်နှင့် အဓိကအဆင့်တို့ ပါဝင်သော ကွင်းဆင်းလေ့လာမှုကို ဆောင်ရွက်ခဲ့သည်။ ဟောင်ကောင်တက္ကသိုလ် (HKU) ၏ လုပ်ငန်းစဉ်များအတိုင်း စီစဉ်ထားသည့် သုတေသနပုံစံနှင့် သုတေသနပြုလုပ်ရာတွင်

[၃] မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ် (MTF) နှင့် ပုဂ္ဂလိကဆရာများအဖွဲ့ (PTA) ၏ အရာရှိများနှင့် တွေ့ဆုံမှုများ ပြုလုပ်ရာတွင်လည်း အလားတူအခြေ အနေမျိုးပင် ဖြစ်သည်။ ဤတွေ့ဆုံမေးမြန်းမှုများနှင့် တစ်ပြိုင်နက်တည်း ဆိုသလို အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) ဝန်ထမ်းခြောက်ဦး၊ ပုဂ္ဂလိက ဆရာများအဖွဲ့ (PTA) မှ အရာရှိများလည်း ဖြစ်သော ဝါရင့်ကျူရှင်ဆရာနှစ်ဦး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ သင်ရိုးကော်မတီ အဖွဲ့ဝင်တစ်ဦး တို့နှင့် တွေ့ဆုံမေးမြန်းချက်များ ဆောင်ရွက်ခဲ့သည့်အပြင် အသံလည်း သွင်းယူထားခဲ့ပါသည်။ ထိုပြင် မိဘများ၊ ဆရာများ၊ နိုင်ငံတကာ ကိုယ်စားလှယ် အဖွဲ့များမှ ဝန်ထမ်းများနှင့် အခြားပုဂ္ဂိုလ်များနှင့် ပုံစံတကျမဟုတ်သော ပြောဆိုဆွေးနွေးမှုများစွာကို သုတေသနအဖွဲ့က ပြုလုပ်ခဲ့သည်။

အသုံးပြုသည့် နည်းလမ်းများကို သုတေသန ကျင့်ဝတ်များ ခြုံငုံလေ့လာရန် တာဝန်ရှိသည့် ဟောင်ကောင်တက္ကသိုလ်အဖွဲ့ထံ တင်ပြခဲ့ပြီး ထိုတက္ကသိုလ်အဖွဲ့မှ သဘောတူခွင့်ပြုချက်ပေးခဲ့သည်။ ထို့နောက် စမ်းသပ်လေ့လာမှုအဆင့်ကို ရန်ကုန်မြို့တွင် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်လျက် စတင်ခဲ့သည်။ ထိုအလုပ်ရုံဆွေးနွေးပွဲများအတွင်း ဟောင်ကောင်တက္ကသိုလ်အဖွဲ့နှင့် ရန်ကုန်ပညာရေးတက္ကသိုလ် (YUOE) အဖွဲ့တို့သည် အတူတကွပူးပေါင်းဆောင်ရွက်သော သုတေသနပုံစံဖြစ်စေရန် လေ့လာမှုဘောင်များကို ဆွေးနွေး တိုင်ပင်ခဲ့ကြသည်။ စမ်းသပ်လေ့လာမှု အဆင့်တွင် ဟောင်ကောင်တက္ကသိုလ်အဖွဲ့ကလည်း လက်တွေ့ အတွေ့အကြုံအတွက် ရန်ကုန်ပညာရေးတက္ကသိုလ် သုတေသီများနှင့် ပူးပေါင်းပြီး သုတေသန ပြုလုပ်ရာတွင် အသုံးပြုသည့် နည်းလမ်းများကို ပိုမိုကောင်းမွန်အောင် ပြုပြင်နိုင်ရေး အတွက် လေ့လာသင်ယူခဲ့ကြသည်။ ဥပမာအားဖြင့် ထိလွယ်ရှလွယ်ဖြစ်သော မေးခွန်းများအတွက် ပွင့်လင်းစွာ ဖြေဆိုမှုများကို ဆွဲထုတ်နိုင်ရန် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရာတွင် လေ့လာသင်ယူနိုင်ခဲ့ကြသည်။ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဘာသာပြန်ဆိုမှုများကို တစ်သမတ်တည်း ဆောင်ရွက်ခဲ့ကြပြီး စမ်းသပ်တွေ့ဆုံမေးမြန်းချက်များကို အသံသွင်းကာ အသံမှ စာသားအဖြစ်သို့ ပြောင်းလဲရေးသားခဲ့ကြသည်။

နမူနာစမ်းသပ်လေ့လာမှုမှ ကနဦးတွေ့ရှိချက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာပြီးနောက် သင်တန်းပေးအလုပ်ရုံဆွေးနွေးပွဲများ နောက်တစ်ကြိမ် ပြုလုပ်သည့်အခါ ဟောင်ကောင်တက္ကသိုလ် အဖွဲ့က ရန်ကုန်ပညာရေးတက္ကသိုလ်အဖွဲ့အား လိုအပ်သည်များကို ပြန်လည်ဖြည့်စွက်ပြောကြားပေးသည်။ ဟောင်ကောင်တက္ကသိုလ်ရှိ မြန်မာစကားပြောသော ဘွဲ့လွန်ကျောင်းသားများ၏ အကူအညီဖြင့် ဟောင်ကောင်တက္ကသိုလ်အဖွဲ့က စစ်တမ်းနှင့် တွေ့ဆုံမေးမြန်းမှုတို့အတွက် မေးခွန်းများကို မြန်မာဘာသာသို့ပြန်ဆိုရန် စီစဉ်ခဲ့သည်။ ထို့နောက်တွင် ပိုမိုရှင်းလင်း ကောင်းမွန်စေရန် ဝေါဟာရအထားအသိုတချို့ကို ညှိယူဆောင်ရွက်ခဲ့သည်။ နမူနာစမ်းသပ် အဆင့်တွင် ဟောင်ကောင် တက္ကသိုလ်အဖွဲ့က ဒေသခံလူ့အဖွဲ့အစည်းများရှိ ပညာရေးနှင့် နီးနွယ်ဆက်စပ်သူများထံ သွားရောက်လျက် ၎င်းတို့၏အခြေအနေကို ပိုမိုနားလည် သဘောပေါက်စေရန်လည်း ဆောင်ရွက်ကြသည်။ ဤပြင်ဆင်မှုသည် အဓိကလေ့လာမှု ဆောင်ရွက်ရာတွင် ကြုံလာမည့် ထောက်ပံ့ကူညီရေးဆိုင်ရာ အတားအဆီးများ ကြိုတင်နားလည်စေပြီး ၎င်းအတားအဆီးများကို ကျော်လွှားရန် သင့်တော်သော ညှိနှိုင်းဆောင်ရွက်မှုနည်းဗျူဟာများကို ကြိုတင်ပြင်ဆင်ခွင့် ပေးသည်။

အရေအတွက်စံထား အချက်အလက်များအတွက် မေးခွန်းလွှာများတွင် အဖြေယတိပြတ်ရှိသော မေးခွန်းများအပြင် အဖြေအမျိုးမျိုးရှိနိုင်သော မေးခွန်းအနည်းငယ်လည်း ပါဝင်သည် (နောက်ဆက်တွဲ ၁–၂)။ ကျောင်းသားများထံမှ သုတေသန အချက်အလက်များကို အားလပ်ချိန်များတွင်သော် လည်းကောင်း၊ စီစဉ်ထားသည့် သင်ခန်းစာများ သင်ကြားချိန်တွင် သော်လည်းကောင်း အတန်းထဲတွင် ကောက်ယူသည်။ ဆရာများထံမှ သုတေသန အချက်အလက်များကို နားချိန်များအတွင်း ကောက်ယူခဲ့သည်။ များသောအားဖြင့် အုပ်စုလိုက် စုရုံးနေသည့် အချိန်များတွင် ကောက်ယူခဲ့ပြီး တစ်ခါတစ်ရံ ဆရာများက ၎င်းတို့၏ ကိုယ်ပိုင်အချိန်များတွင်

ဖြေဆိုမှုများ ပြုလုပ်ခဲ့ကြပါသည်။ စစ်တမ်းဆိုင်ရာ အချက်အလက်များကို လူမှုရေး သိပ္ပံ ဘာသာရပ်များအတွက် စာရင်းအင်းအသုံးချမှုဆိုင်ရာ (SPSS) ဗားရှင်း ၂၁ ကွန်ပျူတာဆော့ဖ်ဝဲတွင် ထည့်သွင်းတွက်ချက်ခဲ့သည်။ ခြုံငုံပေါ်လွင်စေရန် ခန့်မှန်း တွက်ချက်မှုနှင့်အတူ ကိန်းဂဏန်းဆိုင်ရာ ကွဲလွဲချက်များကို စာရင်းအင်းဖြင့် သရုပ်ဖော်စိစစ်ခဲ့သည်။ SPSS ဖြင့် စိစစ်ချက်သည် အုပ်စုများအကြား နှိုင်းယှဉ်မှု ကို လွယ်ကူစေသည်သာမက ကျူရှင်သင်ကြားခြင်း၏ ပုံ့နံ့မှုအတိုင်းအတာကို လည်း သိရှိစေပြီး သုတေသနတွင် ပါဝင်သူများ၏သဘောထား၊ ယုံကြည်ချက် များနှင့် ပတ်သက်သော အချက်အလက်များကိုလည်း ပေးစွမ်းနိုင်ပါသည်။

အဓိကလေ့လာမှု၏ အရည်အသွေးစံထားသုတေသနအပိုင်းအတွက် တွေ့ဆုံ မေးမြန်းမှု၏ ပင်မမေးခွန်းများကို နောက်ဆက်တွဲ (၃) မှ (၆) အထိတွင် တင်ပြထား သည်။ တွေ့ဆုံမေးမြန်းသူများသည် စကားအသွားအလာနှင့် ကိုက်ညီအောင် မေးခွန်း အစီအစဉ်ကို ပြောင်းလဲခဲ့ကြပြီး တွေ့ဆုံမေးမြန်းခံရသူတစ်ဦးစီ၏ အခြေအနေများနှင့် ကိုက်ညီစေရန် မေးခွန်းအချို့ကို ညှိယူခြင်း၊ အကျယ်ချဲ့မေးမြန်းခြင်းတို့ကို ပြုလုပ်ခဲ့ ကြသည်။ အစိုးရဝန်ထမ်းများ၊ ဆရာအဖွဲ့အစည်းများမှ အဖွဲ့ဝင်ဆရာများ၊ အစိုးရ မဟုတ်သောအဖွဲ့များ၏ ဝန်ထမ်းများ၊ အခြား နီးနွယ်ဆက်စပ် သူများကဲ့သို့သော တွေ့ဆုံဆွေးနွေးခံရသူများ၏ ပင်ကိုယ်အခြေအနေများနှင့် ကိုက်ညီအောင် တွေ့ဆုံ မေးမြန်းသည့် မေးခွန်းများကို ညှိယူခဲ့ကြသည်။

တွေ့ဆုံမေးမြန်းမှု အများစုကို ရန်ကုန်ပညာရေးတက္ကသိုလ်အဖွဲ့ဝင်များက မြန်မာဘာသာ စကားဖြင့် ပြုလုပ်ခဲ့သည်။ သို့သော် အချို့သော အခြေအနေများတွင် ဟောင်ကောင်တက္ကသိုလ် အဖွဲ့ဝင်များက အင်္ဂလိပ်ဘာသာစကားကို အသုံးပြု၍ မြန်မာဘာသာပြန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှု အနည်းငယ်ကို ဟောင်ကောင်တက္ကသိုလ်အဖွဲ့က အင်္ဂလိပ်ဘာသာဖြင့် တိုက်ရိုက် ဆောင်ရွက်ခဲ့ သည်။ ဥပမာအားဖြင့် ကျောင်းများရှိ အင်္ဂလိပ်ဘာသာပြဆရာများ၊ အစိုးရ မဟုတ် သော အဖွဲ့များမှ ဝန်ထမ်းများနှင့် အခြားပတ်သက်ဆက်နွယ်သူများကို တွေ့ဆုံမေး မြန်းသည့်အခါ အင်္ဂလိပ်ဘာသာစကားဖြင့် တိုက်ရိုက် တွေ့ဆုံမေးမြန်းခဲ့ကြသည်။ တွေ့ဆုံမေးမြန်းမှု အများစုသည် မိနစ် (၃၀) မှ (၄၅) မိနစ်အထိ ကြာမြင့်ပြီး အချို့မှာ မိနစ် (၉၀) အထိ ကြာမြင့်တတ်သည်။ ရန်ကုန်ပညာရေးတက္ကသိုလ်အဖွဲ့က ပြုလုပ်သော အစီအစဉ်များတွင် ကျောင်းများကို ကြိုတင်ဆက်သွယ်ခြင်းနှင့် စာသင်ချိန်အတွင်းသော်လည်းကောင်း၊ စာသင်ချိန်အပြီးတွင်သော်လည်းကောင်း တွေ့ဆုံမေးမြန်းချက်များကို စီစဉ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းချက်များကို လွတ်နေ သော စာသင်ခန်းများ၊ ထမင်းစားခန်းများ၊ ဓာတ်ခွဲခန်းများ၊ သို့မဟုတ် ကျောင်းရှိ အခြားရနိုင်သည့် အခန်းများတွင် ပြုလုပ်ခဲ့သည်။ ကျောင်းအုပ်ကြီးအများစုကို ၎င်း တို့၏ ရုံးခန်းတွင် တွေ့ဆုံမေးမြန်းခဲ့ကြသည်။ တွေ့ဆုံမေးမြန်းခံရသူများ၏ သဘော တူညီချက်ဖြင့် တွေ့ဆုံမေးမြန်းချက် တစ်ခုစီကို အသံသွင်းယူပြီး နောက်ပိုင်းတွင် ရန်ကုန်ပညာရေးတက္ကသိုလ်အဖွဲ့က မြန်မာဘာသာဖြင့် အသံမှ စာသားသို့ ပြောင်းလဲရေးသားခဲ့ကြသည်။ ထို့နောက်တွင် အသံမှ စာသားသို့ ပြောင်းလဲ ရေးသားထားသော တွေ့ဆုံမေးမြန်းချက်များကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့ပြီး ဟောင်ကောင် တက္ကသိုလ်ရှိ မြန်မာဘာသာစကား ကျွမ်းကျင်သော ကျောင်းသား

တစ်ဦးမှ အချို့ကို သန့်စင်မွမ်းမံကာ ဒုတိယအကြိမ် ထပ်မံစစ်ဆေးခဲ့သည်။ ဟောင်ကောင်တက္ကသိုလ်အဖွဲ့ကလည်း ကွင်းဆင်းလေ့လာမှု ဆောင်ရွက်စဉ်အတွင်း ကျောင်းသားများ၊ ဆရာများနှင့် အလွတ်သဘော တွေ့ဆုံမေးမြန်းချက် အချို့ကို ရယူနိုင်ခဲ့သည်။ ဤသို့ အပြန်အလှန် ပြောဆိုမှုများမှ ပိုမိုပြည့်စုံသော အချက်အလက်များကို ရယူခဲ့ပြီး စိစစ်မှုပြုလုပ်ရန်အတွက် မူလရှိပြီးသား အချက်အလက်အစုအဝေးသို့ ပေါင်းထည့်ခဲ့ပါသည်။

ဤသုတေသနသည် ကျင့်ဝတ်ပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ဂရုတစိုက်လိုက်နာထား ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သုတေသနပြုလုပ်ခွင့်ကို မြန်မာနိုင်ငံတွင် ဝန်ကြီးဌာန အဆင့်ဆင့်မှသော်လည်းကောင်း၊ ဟောင်ကောင်တက္ကသိုလ်၏ လူမှုသုတေသန ကျင့်ဝတ်ကော်မတီထံမှသော်လည်းကောင်း ရယူခဲ့ပါသည်။ ကဏ္ဍအသီးသီးမှ ပတ်သက်ဆက်နွယ် သူများအတွက် သဘောတူညီချက်ပုံစံများကို အင်္ဂလိပ်ဘာသာဖြင့် ပြင်ဆင်ပြီးနောက် မြန်မာဘာသာ ပြန်ဆိုခဲ့သည်။ တွေ့ဆုံမေးမြန်းမှုတစ်ခုစီ၏ အစတွင် သုတေသန၏ ရည်ရွယ်ချက်နှင့် သုတေသနလုပ်ငန်းစဉ်များကို ပါဝင်သူများအား အတိုချုပ်ရှင်းပြခဲ့ကြသည်။ လူမှုသိပ္ပံထုံးတမ်းစဉ်လာကို လိုက်နာလျက် စာဖြင့် သဘောတူညီမှုပုံစံများတွင် မိမိသဘောဆန္ဒအလျောက် ပါဝင်ဆောင်ရွက်မှုနှင့် အချက်အလက်များကို သိုသိပ်လျှို့ဝှက်ထားခွင့်တို့ကို အလေးထားသည်။ နာမည်ဝှက်များ သို့မဟုတ် သတ်မှတ်ခေါ်ဆိုမှု အမျိုးမျိုးတို့ဖြင့် ပါဝင်သူများ၏ အချက်အလက်များ သိုသိပ်လျှို့ဝှက်မှုရှိအောင် ဆောင်ရွက်ခဲ့သည်။ တွေ့ဆုံမေးမြန်းခဲ့သော ကျောင်းများကို အမည်မဖော်ထားသည့်အပြင် တုန့်ပြန်ဖြေဆိုသူများ၏ တစ်ဦးချင်း ရပ်တည်မှုများကို ကာကွယ်ရန် ၎င်းတို့ကို လျှို့ဝှက်နံပါတ်များဖြင့်သာ ဖော်ပြထားသည်။ သဘောတူညီချက် ပုံစံများတွင် ပါဝင်ဖြေဆိုသူများအနေဖြင့် မေးခွန်းတစ်စုံတစ်ရာ မေးလိုလျှင် သုတေသီများထံ ဆက်သွယ်ရန် လိပ်စာများကို ထည့်သွင်းထားသည်။

အရည်အသွေးစံထား အချက်အလက်စိစစ်မှုသည် သုတေသနလုပ်ငန်း အဆင့်ဆင့်တွင် ထပ်တလဲလဲဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။ စမ်းသပ်အဆင့်အပြီးတွင် အရည်အသွေးစံထားသုတေသန၏ ကနဦးအစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး အဓိကလေ့လာမှု အပြီးတွင် ပိုမိုပြည့်စုံသော အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ဘုံအနေဖြင့် တူညီသော အကြောင်းအရာများနှင့် အုပ်စုများကို ရှာဖွေရာတွင် အချက်အလက်များ ဆန်းစစ်မှုနှင့် အပြန်အလှန်ဆန်းစစ်မှုတို့ကို ဆောင်ရွက်ခဲ့သည်။ တွေ့ဆုံမေးမြန်းချက်များမှ စာသားများကို NVivo ၁၁ ကွန်ပျူတာဆော့ဖ်ဝဲကို အသုံးပြုလျက် အဆင့်ဆင့် စိစစ်လုပ်ဆောင်ခဲ့ကြပါသည်။ ထိုဆော့ဖ်ဝဲသည် တွေ့ဆုံမေးမြန်းမှုပေါင်း (၁၀၇) ခုမှ များစွာသော အချက်အလက်များကို အောက်ပါ ရည်ရွယ်ချက်များဖြင့် စနစ်တကျ စိစစ်နိုင်စေခဲ့ပါသည်။

- တုန့်ပြန်ဖြေဆိုသူများ၏ အုပ်စုအမျိုးမျိုးထဲမှ တူညီမှုများနှင့် ကွဲပြားမှုများကို ရှာဖွေ ဖော်ထုတ်ရန်
- အကြောင်းအရာအရဖြစ်စေ သဘောတရားပိုင်းအရဖြစ်စေ ဆက်စပ်မှုရှိသည့် အချက်အလက် များကို ချိတ်ဆက်ရန်နှင့်

- သင်္ကေတလုပ်ထားသောစာများကို ဖော်ပြချက်များ သတ်မှတ်ပေးခြင်းနှင့် ရှင်းလင်းချက် များပေးခြင်း တို့ကို ဆောင်ရွက်ရန်

NVivo သည် သက်ဆိုင်ရာ အထောက်အထားများကို တိုက်ရိုက်ကိုးကားချက်၊ တစ်ဆင့်ခံ ကိုးကားချက်များဖြင့် တင်ပြရန် သင်္ကေတလုပ်ထားသော စာများကို ရှာဖွေမှုနှင့် ပြန်လည် ရယူမှုတို့အတွက် အထောက်အကူလည်း ဖြစ်စေသည်။ NVivo သင်္ကေတအချို့ကို တွေ့ဆုံမေးမြန်းသည့် မေးခွန်းများအပေါ် အခြေခံပြီး ကြိုတင်သတ်မှတ်ခဲ့သော်လည်း အချို့သော သင်္ကေတများကိုမူ ဖြည့်သွင်းနေစဉ်အတွင်း တည်ဆောက်ခဲ့ပါသည် (ဆန်နှင့် ဆစ်ကို၊ ၂၀၁၄၊ စာ–၁၃၇ တွင် ရှု)။ ထို့နောက်တွင် အခြေခံသင်္ကေတများကို ပို၍ ကျယ်ပြန့်သော အရည်အသွေးစံထားအကြောင်းအရာများတွင် ပေါင်းထည့်လိုက်သည်။ ထိုသို့ ဆောင်ရွက်ပြီးနောက် အဆိုပါအကြောင်းအရာများကို စိစစ်လေ့လာမှုအုပ်စုများဟူသော နောက်တစ်ဆင့်သို့ ပို့ဆောင်ခဲ့ပါသည်။ သုတေသီများသည် သင်္ကေတများ ဖြည့်သွင်းမှု၏ အစောပိုင်းအဆင့်များ လုပ်ဆောင်နေစဉ်အတွင်း အကြောင်းအရာများကို သတိပြုမိစေရန် သရုပ်ဖော်ပုံမျိုးစုံကိုလည်း အသုံးပြုသည်။ ထို့နောက် ဆက်စပ်အကြောင်းအရာများကို ပုံများဖြင့် သရုပ်ဖော်တင်ပြရန် သဘောတရားပိုင်းဆိုင်ရာ ပုံစံအချို့ကို ဖန်တီးခဲ့ကြပါသည်။

သဘောထား မှတ်ချက်များရယူရန်နှင့် အကြောင်းအရာများကို ဆက်လက်စူးစမ်းလေ့လာရန် သုတေသန၏ ကနဦးတွေ့ရှိချက်တစ်စုံကို ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် ပြုလုပ်သော အလုပ်ရုံ ဆွေးနွေးပွဲနှစ်ခုတွင် တင်ပြခဲ့ပါသည်။ ပထမအလုပ်ရုံ ဆွေးနွေးပွဲသည် ကျောင်းရှစ်ကျောင်းအနက် တစ်ကျောင်းစီမှ ကျောင်းအုပ်ကြီးများနှင့် ထိုကျောင်းအုပ်ကြီးများက ရွေးချယ်ထားသော ဆရာနှစ်ဦးစီအတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပါဝင်ဆောင်ရွက်သူများက ကနဦး တွေ့ရှိချက်များ ကို လေ့လာဖတ်ရှုပြီး၊ တွေ့ရှိချက်များအပေါ် မိမိတို့ထင်မြင်ချက်နှင့် ကိုက်ညီမှု ရှိမရှိ မှတ်ချက်ပေးခြင်းနှင့် ပညာရေးစနစ်တစ်ခုလုံးတွင်သာမက ကျောင်းအဆင့်တွင်လည်း မူဝါဒသက်ရောက်မှုများအပေါ် မိမိတို့အမြင်များကို မှတ်ချက်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ဒုတိယအလုပ်ရုံ ဆွေးနွေးပွဲသည် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဆရာ့လုပ်ငန်း ဆိုင်ရာအဖွဲ့အစည်းများနှင့် အမျိုးသား ပညာရေးမူဝါဒကော်မရှင် (NEPC) တို့အပါအဝင် ပညာရေးစနစ်မှ အခြားပတ်သက်ဆက်နွယ်သူများအတွက် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ပါဝင် ဆောင်ရွက်သူများက ကနဦး တွေ့ရှိချက်များအပေါ် မှတ်ချက်ပြုခြင်းနှင့် အဆင့်အသီးသီးရှိ မူဝါဒသက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ သုတေသနပြုလုပ်နည်း အမြင်မှကြည့်လျှင် ထိုအလုပ်ရုံဆွေးနွေးပွဲများက အချက်အလက်များကို အတည်ပြုခြင်း၊ အကျယ်ချဲ့ပြုခြင်းနှင့် ဘက်ပေါင်းစုံလှည့်၍ တိုင်းတာခြင်းတို့ ဆောင်ရွက်ရာတွင် အထောက်အကူပေးသည်။ အထူးသဖြင့် ကျောင်းများနှင့် သက်ဆိုင်သည့်ကိစ္စတွင် အချက်အလက်များမှ ပေါ်ထွက် လာသော နောက်ထပ် မှတ်ချက်များ လိုအပ်နေသည့် မေးခွန်းများကို ဖော်ထုတ်မေးမြန်းနိုင်၊ အဖြေရှာနိုင်စေသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲများသာမက နောက်ဆက်တွဲ တွေ့ဆုံမေးမြန်း

ချက်များ ကိုလည်း ဆောင်ရွက်ခြင်းဖြင့် သုတေသနအချက်အလက်များ စိစစ်လေ့လာမှုကို ပိုမိုအားကောင်းစေခဲ့သည်။[၄]

၃.၄။ ပူးပေါင်းဆောင်ရွက်မှုများနှင့် အသိပညာဖလှယ်မှု

နှိုင်းယှဉ်လေ့လာပညာရေးနယ်ပယ်မှ ပညာရှင်များက ပြင်ပပုဂ္ဂိုလ်များနှင့် ပညာရေးနှင့် နီးနွယ်ဆက်စပ်သူများ အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အားသာချက် ပိုမိုရရှိနိုင်ကြောင်း ပြောဆိုခဲ့ကြသည် (ခရော့စ်လေနှင့် သုတေသီများ၊ ၂၀၁၆)။ ဤလေ့လာမှုသည် ဟောင်ကောင် တက္ကသိုလ်အဖွဲ့နှင့် ရန်ကုန်ပညာရေး တက္ကသိုလ်အဖွဲ့တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းကြောင့် ပိုမိုအားကောင်းလာခဲ့သည်မှာသေချာပေသည်။ ဟောင်ကောင်အဖွဲ့အနေဖြင့် နိုင်ငံတကာ အတွေ့အကြုံများရှိသကဲ့သို့ ဟောင်ကောင်တက္ကသိုလ်တွင် ဘွဲ့လွန်ပညာဆည်းပူးနေသော မြန်မာကျောင်းသားများ၏ အားဖြည့်ကူညီမှုကြောင့် မြန်မာနိုင်ငံနှင့် ပတ်သက်သည့် နောက်ခံဗဟုသုတ အချို့လည်း ရရှိထားသည်။[၅] ထိုသို့ မြန်မာနိုင်ငံအကြောင်း နောက်ခံဗဟုသုတအချို့ ရှိခဲ့ခြင်းသည်လည်း မြန်မာဘာသာစကားကို ပြောဆိုကြသည့် ဘွဲ့လွန်ကျောင်းသားများ ထိုသုတေသနတွင် ပါဝင်မှုကြောင့် ပိုမို အားကောင်းစေခဲ့သည်။ ရန်ကုန်ပညာရေးတက္ကသိုလ်အဖွဲ့တွင် မိမိတို့၏ အမျိုးသားဘာသာစကားကို သွက်လက်စွာ ပြောဆိုနိုင်ပြီး မိမိတို့ ဒေသအခြေအနေကို ပိုမိုနားလည်၍ ယဉ်ကျေးမှုခလေ့ထုံးတမ်းဆိုင်ရာ အဖိုးတန်သော ဗဟုသုတများနှင့် ပြည့်စုံသည့် မြန်မာနိုင်ငံသားများသာ ပါဝင်သည်။ ဟောင်ကောင်တက္ကသိုလ်၏ ပင်မအဖွဲ့တွင် အရိပ်ပညာရေးအကြောင်း ပါရဂူဘွဲ့ယူကျမ်းများ ပြုစုခဲ့ဖူးသည့် အဖွဲ့ဝင်နှစ်ဦး (ဂျန်၊ ၂၀၁၃။ ကိုဘာခီဒီ၊ ၂၀၁၆) နှင့် ဤအကြောင်းအရာနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖူးသည့် အခြားပုဂ္ဂိုလ် နှစ်ဦး (ဥပမာ – ဘရေး၊ ၁၉၉၉။ ၂၀၀၉။

---

[၄] ထိုအလုပ်ရုံဆွေးနွေးပွဲနှစ်ခုကို ပြုလုပ်ပြီးနောက် ဟောင်ကောင်တက္ကသိုလ် မဟာပညာရေးဘွဲ့ (MEd) သင်တန်း တက်ရောက်နေသည့် ရွယ်ဆိုင်းခွမ်က တရားဝင် တွေ့ဆုံမေးမြန်းချက်များစွာကို ပြုလုပ်ခဲ့သည်။ တွေ့ဆုံမေးမြန်းချက်များကို သုမက မြန်မာဘာသာဖြင့် ပြုလုပ်ပြီးနောက် အသံမှ စာသားအဖြစ်သို့ ပြောင်းကာ အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သည်။ ကနဦးတွေ့ရှိချက်များအပေါ် တန်ဖိုးရှိသော မှတ်ချက်များ ရရှိခဲ့ပြီး တွေ့ဆုံမေးမြန်းခံရသူများ၏ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမှ အမြင်များကိုပါ ရရှိခဲ့သည်။ သုမက ဆရာဆရာမ ငါးဦးနှင့် အုပ်စုလိုက်တွေ့ဆုံမေးမြန်းချက်တစ်ခု၊ ကျူရှင်ဆရာနှစ်ဦးနှင့် နှစ်ယောက်တွဲ တွေ့ဆုံမေးမြန်းချက်တစ်ခုနှင့် ကျောင်းအုပ်ကြီးလေးဦးနှင့် တစ်ဦးချင်း တွေ့ဆုံမေးမြန်းချက်များအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဝန်ထမ်းနှစ်ဦးနှင့်အမျိုးသားပညာရေးမူဝါဒ ကော်မရှင်အဖွဲ့ဝင်တစ်ဦးတို့နှင့် တစ်ဦးချင်းတွေ့ဆုံမေးမြန်းချက်များ ကိုလည်း ဆောင်ရွက်ခဲ့သည်။

[၅] ၁၉၈၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ မတ်ခ်ဘရေး ပထမဆုံး ရောက်ရှိခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် UNESCO အဖွဲ့က ခန့်အပ်သော ပညာရေးကဏ္ဍ လေ့လာရေးအဖွဲ့၏ အဖွဲ့ဝင်တစ်ယောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ နှစ်နှစ်အကြာတွင် ပညာရေးအသုံးစရိတ်များနှင့် ဘဏ္ဍာရေးပိုင်းကို အလေးပေးလေ့လာ သည့် UNICEF အဖွဲ့တစ်ဖွဲ့တွင် ပါဝင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ပညာရေး၊ ကျန်းမာရေးတို့နှင့်ပတ်သက်သည့် အမျိုးသားဖွံ့ဖြိုးရေးရွေးချယ်မှုများနှင့် သက်ဆိုင်သည့် နေပြည်တော်ရှိ ညီလာခံတစ်ခုအတွက် UNICEF က ခန့်အပ်သော ပညာရှင်တစ်ဦး ဖြစ်ခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် သူသည် ခေတ်သစ် နိုင်ငံရေးတွင် ကြီးမားသော ကနဦးလုပ်ငန်းအဖြစ် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနက စည်းရုံးလုပ်ဆောင်ခဲ့သော အခြေခံပညာရေးဆိုင်ရာ အဓိကဖိုရမ် တစ်ခုအတွက် အဓိက ဟောပြောသူအဖြစ် ဆောင်ရွက်ခဲ့ သည်။

[၅]၂၀၁၇ခုနှစ်၊ စက်တင်ဘာလတွင် (ချင်းပြည်နယ်မှ) ပီတာကမ်တုန်းတွောင်စွန်သဲသည် ဟောင်ကောင်တက္ကသိုလ်တွင် ပါရဂူဘွဲ့ကျောင်းသားအဖြစ် ဝင်ရောက်လာခဲ့ပြီး ရွယ်ဆိုင်းခွမ်နှင့် မင်းသိန်းဝင်းတို့က မဟာပညာရေးဘွဲ့သင်တန်း စတင်တက်ရောက်ခဲ့ကြသည်။ ၂၀၁၆/၁၇ ခုနှစ်များအတွင်း ဘာသာပြန်မှုဆိုင်ရာ နောက်ထပ်အကူအညီများကို ဝိဇ္ဇာဘွဲ့၊ ပညာရေးဘွဲ့သင်တန်း တက်ရောက်နေသည့် ဘွဲ့ကြိုကျောင်းသူ ဝင်းလဲ့လဲ့ရှိစီက ပေးခဲ့သည်။

ဘရေးနှင့် ခွိ၊ ၂၀၁၃။ ခွိနှင့် ဘရေး၊ ၂၀၁၄) တို့ ပါဝင်ခဲ့ကြသည်။ ထို့အတူ မြန်မာအဖွဲ့တွင်လည်း တန်ဖိုးရှိသော နိုင်ငံတကာအတွေ့အကြုံ ရှိသူများလည်းပါရှိပြီး အဖွဲ့ဝင်အတော်များများသည် ပါရဂူဘွဲ့ တက်ရောက်ရယူဖူးသူများ ဖြစ်သည်။

အကျိုးတူပူးပေါင်းဆောင်ရွက်မှု၏ နောက်ထပ်အဓိကအစိတ်အပိုင်းတစ်ခုမှာ UNESCO ရုံးပင် ဖြစ်သည်။ ယင်းရုံးရှိ လုပ်ဖော်ကိုင်ဖက်များတွင် မြန်မာနိုင်ငံသားများနှင့် အခြားနိုင်ငံသားများ ရောနှောပါဝင်နေသည်။ ထိုပုဂ္ဂိုလ်များနှင့် မြန်မာအစိုးရအကြား ဆက်သွယ်မှုများသည် အထူးပင် အရေးကြီးပေသည်။ ပထမဦးစွာ ၎င်းတို့အနေဖြင့် သုတေသနအချက်အလက်များ ကောက်ယူရန် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၏ တရားဝင်သဘောတူညီချက်ကို ရယူခဲ့သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးရုံးမှလည်း တရားဝင်သဘောတူညီချက်ကို ရယူခဲ့ပါသည်။ အစောပိုင်းအဆင့်တွင် UNESCO အဖွဲ့နှင့် ဟောင်ကောင်တက္ကသိုလ်အဖွဲ့တို့က ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ လုပ်ဆောင်မည့် သုတေသနလေ့လာမှု၏ ရည်ရွယ်ချက်ကို ရှင်းပြခြင်းနှင့် အစိုးရအရာရှိများထံမှ အမြင်သဘောထားများကို လိုက်နာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆွေးနွေးခြင်းသည် အစိုးရ၏ ဦးစားပေးလုပ်ငန်းများနှင့် ကိုက်ညီသည့် သုတေသနအလေးပေးမှုနှင့် သုတေသနပုံစံတို့ကို ကူညီပုံဖော်ပေးခဲ့သည်။

အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၏ အဆင့်အသီးသီး၌ နည်းလမ်းအမျိုးမျိုးဖြင့် ဆက်သွယ်ပြောဆိုခဲ့ရပါသည်။ ၂၀၁၆–၁၈ ခုနှစ်များအတွင်း ဟောင်ကောင်တက္ကသိုလ်အဖွဲ့သည် တစ်ကြိမ်လျှင် မတူညီသော အဖွဲ့ဝင်များ ပါဝင်လျှက် မြန်မာနိုင်ငံသို့ ရှစ်ကြိမ် လာရောက်ခဲ့သည်။ လာရောက်မှုတစ်ခုနှင့်တစ်ခုအကြားတွင် ဆက်သွယ်မှုအများစုကို အီးမေးလ် ပေးပို့၍ ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့လာရောက်မှုတိုင်းတွင် တိကျသော ရည်ရွယ်ချက်များ ရှိသည်။ ဥပမာ – သုတေသနပုံစံရှင်းလင်းစေရန်၊ သုတေသနပြုလုပ်နည်းများ စမ်းသပ်ရန်နှင့် ပိုကောင်းအောင် မွမ်းမံရန်၊ ဒေသတွင်း ဆက်သွယ်ရန်ပုဂ္ဂိုလ်များကို အတည်ပြုသတ်မှတ်ရန်နှင့် သုတေသနအချက်အလက်များစိစစ်မှုအတွက် အခြေအနေကို အပြည့်အဝ နားလည်အောင် ပညာရေးနှင့် နီးနွယ်ဆက်စပ်သူများနှင့် တွေ့ဆုံရန်ဟူသော ရည်ရွယ်ချက်များ ရှိခဲ့သည်။ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုရရှိပြီး ရေရှည်ထိန်းသိမ်းထားနိုင်ရန် ပန်းတိုင်များနှင့် နည်းဗျူဟာများကို အစဉ်တစိုက် ဆွေးနွေးခြင်း၊ တာဝန်ဝတ္တရားများ မျှဝေပိုင်ဆိုင်မှုဖြစ်စေရန် သန္ဓိဌာန်ဖြင့် မိမိအလုပ်တာဝန်များ ခွဲဝေသတ်မှတ်ခြင်းနှင့် သုတေသနအဖွဲ့နှစ်ဖွဲ့ကြားတွင် အပြန်အလှန် ယုံကြည်စိတ်နှင့် လေးစားစိတ်တို့ကို ပြုစုပျိုးထောင်ပေးခြင်းတို့ကို ဆောင်ရွက် ခဲ့သည်။

ကနဦးတွေ့ရှိချက်များကို ပြင်ဆင်ပြီးနောက် ဟောင်ကောင်တက္ကသိုလ် အသိပညာ ဖလှယ်ရေး ထောက်ပံ့ငွေဖြင့် အလုပ်ရုံဆွေးနွေးပွဲနှစ်ခု ပြုလုပ်ခဲ့သည်။ ပထမဦးစွာ ကျောင်းရှစ်ကျောင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးပြီးနောက် ပညာရေးကဏ္ဍမှ အခြားနီးနွယ်ဆက်စပ်သူများနှင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲများအတွင်း အထက်တွင် ဖော်ပြခဲ့သော ဟောင်ကောင်တက္ကသိုလ်ရှိ ဘွဲ့လွန်မြန်မာကျောင်းသားသုံးဦးတို့က ဟောင်ကောင်တက္ကသိုလ် အဖွဲ့တွင်း အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ရန် ဆောင်ရွက်

ခဲ့သည်။ အဆိုပါကျောင်းသားသုံးဦးကစကားပြန်အဖြစ်လည်းကောင်း၊ ဘာသာပြန်ဆိုခြင်းကိုလည်းကောင်း နှစ်ခုလုံးကို ဆောင်ရွက်ခဲ့ပြီး ပြောဆိုဆက်သွယ်မှုများကို များစွာ အထောက်အကူ ပြုခဲ့သည်။ နောင်တစ်ချိန်တွင် ကြုံတွေ့လာနိုင်မည့် အခက်အခဲများကို ပူးပေါင်းရှာဖွေ ဖော်ထုတ်နိုင်ရန်၊ အဖြေရှာနိုင်ရန် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို အဓိကအလေးပေး အာရုံစိုက်ခဲ့သည် (လေးထောင့်ဇယားကွက် ၃.၁)။

လေးထောင့်ဇယားကွက် (၃.၁) ရိုးသားပွင့်လင်းစွာ ပြောဆိုဆွေးနွေးနိုင်ရေးအတွက် ပြင်ဆင်ခြင်း[7]

ဆွေးနွေးမှုများတွင် ပါဝင်ပေးသူများက စိတ်ဝင်စားလာစေရန် ကူညီဆောင်ရွက်ပေးသူများအတွက် အလုပ်ရုံ ဆွေးနွေးပွဲဆိုင်ရာ လမ်းညွှန်ချက်များမှ ထုတ်နှုတ်ချက်ကို အောက်တွင် ဖော်ပြထားပါသည်။

ဤသို့ ခွဲခြမ်းစိတ်ဖြာလေ့လာမှုကို အသိပညာဖလှယ်မှုနှင့် စိန်ခေါ်မှုများကို ပူးတွဲ<u>တာဝန်ယူဖြေရှင်းမှု</u>တို့အတွက် အခွင့်အလမ်းတစ်ခုအဖြစ် ကျွန်ုပ်တို့ ဖန်တီးကြပါစို့။

<u>အားလုံးအပေါ်ခြုံငုံနိုင်သော စူးစမ်းလေ့လာတတ်သည့် အလေ့တစ်ခု</u>ကို ကျွန်ုပ်တို့ လိုချင်ကြသည်။ အဓိကအားဖြင့် ဆွေးနွေးပွဲကို ကူညီဆောင်ရွက်ပေးသူ တစ်ဦးသည် (က) တက်ကြွစွာ အပြန်အလှန် ဆွေးနွေးမှုကို တွန်းအားပေးရန်နှင့် (ခ) သေသေချာချာ စဉ်းစားတတ်ဖို့ လမ်းကြောင်းတည့်မတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

၁။ <u>အပြုသဘောဆောင်သော အကြံအစည်</u>ကို လက်ကိုင်ထားပါ။ ကွဲပြားမှုများအပေါ် အမှန်တကယ် အပြုသဘောဆောင်သော ပြောဆိုဆွေးနွေးမှုများ ရှိစေရန် အကျိုးဆက်အနေဖြင့် ကောင်းသော အရာတစ်ခုခု ဖြစ်လာမည်ဟူသော စိတ်နေသဘောထားမျိုး လိုအပ်ပေသည်။ ဤသို့သော သဘောထားမျိုး ရလာစေရန် အပြုသဘောဆောင်သော အကြံအစည်ကို လူတိုင်း လက်ကိုင်ထားရန် လိုအပ်သည်။ လူတစ်ဦးတစ်ယောက်၏ အမှန်တကယ် ဆိုလိုရင်းကို သိရှိနားလည်စေရန် ကျွန်ုပ်တို့၏ပုဂ္ဂလဓိဋ္ဌာန်အမြင်များနှင့် ဘက်လိုက်မှုများကို ဘေးဖယ်ထားရမည်။

၂။ <u>ဂရုတစိုက် နားထောင်ပေးခြင်း</u>၏ အစွမ်းကို လိုလားစွာ လက်ခံပါ။ တစ်ယောက်ကိုတစ်ယောက် ရင်ထဲရှိသည့်အတိုင်း ပြောဆိုရန် ကျွန်ုပ်တို့ အချင်းချင်းအားပေးကြပါစို့။ နားထောင်မှုပြုသည် ဆိုရာတွင် ပိုမိုနက်နဲစွာ နားလည်စေရန် ရှင်းလင်းစေမည့် မေးခွန်းများ မေးမြန်းခြင်းဖြင့် အခြားသူ တစ်ဦး၏ အမြင်များနှင့် အတွေ့အကြုံများကို ကြုံတွေ့ခံစားလိုသော စိတ်နှင့် မိမိကိုယ်ကိုယ် နှိမ့်ချလိုစိတ်တို့ လိုအပ်သည်။

[7] ရိုးသားပွင့်လင်းစွာ ပြောဆိုရဲရန် ဆွေးနွေးမှုများဆိုင်ရာ ဝေါဟာရများနှင့် ၎င်းတို့၏ တန်ဖိုးတို့ကို အာရုံစူးစိုက် လာအောင် ကြိုးပမ်းဆောင်ရွက်ပေးမှုအတွက် ဟောင်ကောင်တက္ကသိုလ် ပညာရေးမဟာဌာနမှ လီဆာယူကို စာရေးသူများက ကျေးဇူးတင်ပါသည်။

> ၃။ *<u>တစ်ဦးပေါ်တစ်ဦး အပြန်အလှန် ယုံကြည်မှု</u> တည်ဆောက်ပါ။ အနည်းငယ် စိတ်ကသိကအောက် ဖြစ်စရာ ရှိလျှင်လည်း အဆင်ပြေပါသည်။* တစ်ခါတစ်ရံ ယုံကြည်မှုဖြင့် လွတ်လပ်စွာ မျှဝေရန်ဟူသော အခြေခံစည်းမျဉ်းစည်းကမ်းများက လူတစ်ဦးစီ၏ အမြင်များကို စိန်ခေါ်မှု ဖြစ်စေမည်မဟုတ်ဟူ၍ အထင်အမြင်လွဲသွားတတ်ကြသည်။ အမှန်တကယ် ဘေးကင်းသော အခြေအနေတစ်ခုကို ကာကွယ်နိုင်ဖို့ အတိုင်းအတာတစ်ခုထိ စိတ်မသက်မသာ ဖြစ်ကြရပေမည်။ ရွေးချယ်စရာ အမြင်အမျိုးမျိုး ဖော်ထုတ်ပြသခြင်းသည် လေးနက်စွာ ရှာဖွေစူးစမ်းမှုတွင် လုပ်ရှားဆောင်ရွက်မှု၏ တစ်စိတ်တစ်ဒေသ ဖြစ်သင့်သည်။

အသိပညာဖလှယ်ရေးနှီးနှောဆွေးနွေးပွဲများသည် တက္ကသိုလ်မှ ပညာရှင်များ၊ ကျောင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အခြားနီးနွယ်ဆက်စပ်သူများအတွက် အမြင်များ ဖလှယ်ရန် နေရာတစ်ခုကို ဖန်တီးပေးသည်။ ထိုဖလှယ်ပွဲများသည် ကနဦးတွေ့ရှိချက်များကို အတည်ပြုပေးသည့်အပြင် အပြန်အလှန်ပြောဆိုမှုများသည် ကနဦးတွေ့ရှိချက်များမှ ပြန်လှန်စိစစ်ရန်လိုအပ်သော ကျူးရှင်၏ ရှုပ်ထွေးလှသည့် ဖြစ်စဉ်များနှင့် ဆက်လက်ဖြေရှင်းရန် လိုအပ်နေသေးသော မေးခွန်းများအတွက် ကောင်းမွန်သည့် ရလဒ်တစ်ခုကို ဖြစ်ပေါ်စေသည်။ ပညာရေးအရည်အသွေးနှင့် အများပြည်သူ အကျိုးအတွက် အနာဂတ်တွင် အရည်အသွေးရှိ၍ အများအတွက် အကျိုးဖြစ်စေသော ပညာရေးစနစ် တစ်ခုဖြစ်တည်လာရန်အတွက် အောက်ပါမေးခွန်းများကို ဖန်တီးထားသည်။

၁။ နောင်အနာဂတ်တွင် ကျူးရှင်၏ လွှမ်းမိုးမှုပမာဏနှင့် ၎င်း၏ သဘောသဘာဝသည် ကျဆင်းသွားမည်ဟု ထင်ပါသလား။ တိုးတက်လာမည်ဟု ထင်ပါသလား။ သို့မဟုတ် လက်ရှိအနေအထားအတိုင်း မပြောင်းလဲဘဲ ရှိနေမည်ဟု ထင်ပါသလား။ အဘယ်ကြောင့်နည်း။

၂။ 'ကျောင်းနေရုံဖြင့် မလုံလောက်ပါ' ဟူသောအချက်ကို သင် သဘောတူပါသလား။ ကျူးရှင်လိုအပ်ချက်နည်းစေဖို့ ပိုမိုထိရောက်သော ကျောင်းတွင်းသင်ကြားရေး ဖြစ်စေရန် ကျွန်ုပ်တို့၏ ဝတ္တရားများကို ကျွန်ုပ်တို့ (ဆရာများနှင့် ကျောင်းအုပ်ကြီးများ) က မည်သို့ ဖြည့်ဆည်းပေးနိုင်မည်နည်း။

၃။ ကျောင်းအဆင့်မူဝါဒများအနက် မည်သည့် မူဝါဒများက လိုလားဖွယ်ဖြစ်သနည်း။ ကျောင်းအဆင့်မူဝါဒများကို မည်သို့ စီမံခန့်ခွဲ၍ သတ်မှတ်ပြဋ္ဌာန်းနိုင်ပါသနည်း။

၄။ ကျူးရှင်များအပေါ် အစိုးရ၏ လက်ရှိမူဝါဒများနှင့်ပတ်သက်၍ သင် မည်သို့ထင်မြင်သနည်း။ သင့်အနေဖြင့် မည်သည်ကို ပြောင်းလဲလိုပါသနည်း။ အဘယ်ကြောင့်နည်း။

အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုစီ၏အဆုံးတွင် ပါဝင်တက်ရောက်သူအသီးသီးကို မေးခွန်းနှစ်ခုနှင့် ပတ်သက်၍ ဆွေးနွေးမှုအပေါ် အဓိကအတွေးအမြင်များကို မိမိအမည်မဖော်ပြစေဘဲ ဖော်ထုတ်ရန် ဖိတ်ခေါ်ခဲ့သည်။ ထိုမေးခွန်းနှစ်ခုအနက် ပထမမေးခွန်းသည် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို အများပြည်သူ အာရုံစူးစိုက်လာအောင် မည်သို့ လုပ်ဆောင်ရမည်ဟူသော အဓိကပြဿနာရပ်ကို ဖော်ထုတ်

သတ်မှတ်ရန်ဖြစ်ပြီး ဒုတိယမေးခွန်းသည် တစ်ဦးချင်းလက်တွေ့ဆောင်ရွက်မှုအတွက် အတွေးအမြင်သစ်တစ်ခုနှင့် သက်ဆိုင်သည်။ ပြန်လည်ဖြေဆိုချက်များကို စုပေါင်း၍ ထပ်လောင်း စိစစ်ချက်အတွက် ဘာသာပြန်ခဲ့သည်။ ထိုဖြေဆိုချက်များသည် မူဝါဒ သက်ရောက်မှုများနှင့် သက်ဆိုင်သည့် နိုဂုံးအခန်းတွင် အထောက်အကူ ဖြစ်စေခဲ့သည်။

နောက်ဆုံးအနေဖြင့် ၂၀၁၈ခုနှစ်၊ စက်တင်ဘာလတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (DERPT) က တာဝန်ယူကျင်းပပေးသော မူဝါဒဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ခုတွင် အစီရင်ခံစာမူကြမ်းကို တင်ပြခဲ့ပါသည်။ ဤနှီးနှောဖလှယ်ပွဲတွင် နေပြည်တော်နှင့် မြန်မာနိုင်ငံ၏ အခြားဒေသများမှ ပါဝင်တက်ရောက်သူ (၅၄) ဦး ရှိခဲ့သည်။ ပညာရေးဆိုင်ရာ ဒုတိယဝန်ကြီး တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားခဲ့ရာ ဤသုတေသန ခေါင်းစဉ်၏ အရေးပါမှုကို အလေးပေးပြောဆိုခဲ့သည်။ ထိုပွဲသည် တွေ့ရှိချက်များကို တင်ပြရန်နှင့် သဘောထားမှတ်ချက်များကို ထုတ်ဖော်ရယူရန် အခွင့်အခါတစ်ခုပင် ဖြစ်ပါသည်။ ပါဝင်တက်ရောက် သူများ၏ အမြင်အရ ဤအစီရင်ခံစာပါ တွေ့ရှိချက်များသည် လက်ရှိ အမှန်တကယ်ဖြစ်ပျက်နေသည့် အခြေအနေများနှင့် ကိုက်ညီကြောင်း ကျယ်ပြန့်စွာ သဘောတူညီချက်ကို တွေ့ရသဖြင့် ရေးသားပြုစုသူများက ဝမ်းသာပီတိ ဖြစ်ခဲ့ကြပါသည်။ အသေးစိတ်အချက်အလက်အနည်းငယ်ကို ပိုမိုတိကျခိုင်လုံစေရန် အထောက်အကူပြုသောသဘောထားမှတ်ချက်များကလည်း စာရေးသူများအတွက် အကျိုးရှိခဲ့ပါသည်။

၃.၅။ အနှစ်ချုပ်နှင့် နိဂုံး

ဤအခန်းတွင် သုတေသနလေ့လာမှုပုံစံနှင့် အချက်အလက်များ ကောက်ယူ ခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စိစစ်ခြင်းတို့ကို ဆောင်ရွက်သည့် နည်းလမ်းများကို ရှင်းပြခဲ့ပါသည်။ ဤသုတေသန စီမံကိန်းသည် မတူညီသော အဖွဲ့အစည်း၊ ဘာသာစကားနှင့် ယဉ်ကျေးမှု အခြေအနေများအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့်အတူ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုနမူနာပုံစံတစ်ခုပင် ဖြစ်သည်။ မျှော်မှန်းထားသည့်အတိုင်း အောင်မြင်စေရန် အဖွဲ့အသီးသီး၏ အချိန်ဇယားများနှင့် အဆင်ပြေ ကိုက်ညီစေခြင်းနှင့် လုပ်ငန်းစဉ်အမျိုးမျိုးကို ပြုလုပ်မည့် ရက်စွဲများ ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ဤသုတေသနလုပ်ငန်းသည် တစ်ဖက်တွင် ရန်ကုန်ပညာရေးတက္ကသိုလ် အဖွဲ့ဝင်များစွာ၏ နိုင်ငံတကာအတွေ့အကြုံများမှ သော်လည်းကောင်း၊ အခြားတစ်ဖက်မှ ကြည့်လျှင် ဟောင်ကောင်တက္ကသိုလ်အဖွဲ့ဝင်များစွာ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အတွေ့အကြုံများမှ သော်လည်းကောင်း အကျိုးဖြစ်ထွန်းလာခြင်း ဖြစ်သည်။ ဒေသတွင်းကျောင်းများအပေါ် ရန်ကုန်ပညာရေးတက္ကသိုလ်၏ ဂုဏ်ပုဒ်သာမက ဆရာများ၊ ကျောင်းအုပ်ကြီးများနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်အဖွဲ့ဝင်များ၏ လူပုဂ္ဂိုလ်ချင်း တိုက်ရိုက်တွေ့ဆုံ ဆက်သွယ်မှုများကြောင့် ဤသုတေသနသည် များစွာအကျိုးဖြစ်ထွန်းခဲ့သည်။ ပညာရေးနှင့် နှီးနွယ်ဆက်စပ်သူများနှင့် ပြင်ပပုဂ္ဂိုလ်များ တွေ့ဆုံဆွေးနွေးပွဲများမှတစ်ဆင့် ဤသို့ သွားရောက်ခဲ့ခြင်းများသည် ကျောင်းများရှိ ဆက်ဆံရေးနှင့် လှုပ်ရှားဆောင်ရွက်

မှုများ၏ အခြေအနေကို သိရှိနားလည်စေခဲ့ပြီး ထိုသို့သိနားလည်ခြင်းမှ အချက်အလက်များစိစစ်မှုကို ချဉ်းကပ်ဆောင်ရွက်နိုင်စေခဲ့သည်။

အသိပညာဖလှယ်ရေးအလုပ်ရုံဆွေးနွေးပွဲများက သုတေသနတွေ့ရှိချက်များ၏ တန်ဖိုးကို အတည်ပြုသတ်မှတ်ခဲ့ပြီး ကျူးရှင်၏ အခြေအနေများနှင့် သက်ရောက်မှုများကိုလည်း ပိုမိုနားလည်စေခဲ့သည်။ အထူးသဖြင့် ဤဆွေးနွေးပွဲများသည် စိန်ခေါ်မှုများအပေါ် ပူးတွဲတာဝန်ယူဖြေရှင်းလိုစိတ်ကို မြှင့်တင်ပေးခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများသည် ပညာရေးနှင့် နီးနွယ်ဆက်စပ်သူများထံမှ ပညာရေးဆိုင်ရာ ထင်မြင်ယူဆချက်များ၊ ပြောရေးဆိုခွင့်များ ထွက်ပေါ်လာအောင် ကူညီပေးပြီး စိန်ခေါ်မှုများကို အတူတူရင်ဆိုင်ဖြေရှင်းရန် နောက်ထပ်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်နေသည်ဟူသော အခြေအနေကို ညွှန်ပြနေပါသည်။ ငါးလအကြာတွင် နေပြည်တော်၌ ကျင်းပသော မူဝါဒရေးရာ နီးနှောဖလှယ်ပွဲနှင့် ပတ်သက်၍လည်း အလားတူသဘောထားမှတ်ချက်မျိုး ပေးနိုင်ပါသည်။

ဤလေ့လာမှုသည် ဘက်ပေါင်းစုံမှ လေ့လာနိုင်ရန် အရေအတွက် စံထားသုတေသနနည်းနှင့် အရည်အသွေးစံထားသုတေသနနည်း နှစ်ခုလုံးကို အသုံးပြုထားပြီး ကျောင်းသားများ၊ ဆရာများ၊ ကျောင်းအုပ်ကြီးများ၊ မိဘများနှင့် အစိုးရအရာရှိများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအပါအဝင် အခြားပတ်သက်ဆက်နွယ် သူများထံမှ အမြင်အမျိုးမျိုးကို ထုတ်ဖော်တင်ပြထားပါသည်။ ဤသုတေသနတွင် ကျူးရှင်များနှင့် ဆက်စပ်လုပ်ငန်းများကို လုပ်ကိုင်နေသည့် ပုဂ္ဂိုလ်များ၏ အမြင်များနှင့် လုပ်ဆောင်ချက်များထက် ကျောင်းနှင့်ဆက်စပ်၍ တာဝန်ယူလုပ်ကိုင်ပေးသူများကို အများအားဖြင့် အလေးပေးတင်ပြထားသည်ဖြစ်ရာ မြန်မာနိုင်ငံတွင် ယခင်က ပြုလုပ်ခဲ့ဖူးသည့် သုတေသနလုပ်ဆောင်မှုများထက် ကျူးရှင်သင်ကြားမှုကို ပိုမိုနက်နဲစွာ စူးစမ်းလေ့လာတင်ပြထားပါသည်။ သုတေသနပုံစံအားလုံးတွင် အားနည်းချက်များ ရှိသည်မှာ သဘာဝပင် ဖြစ်သည်။ ဤလေ့လာမှု၏ ထင်သာမြင်သာ အဖြစ်ဆုံးသော အားနည်းချက်မှာ ရန်ကုန်မြို့ရှိ ကျောင်းရှစ်ကျောင်းတွင်သာ သုတေသနပြုခဲ့ခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဤလေ့လာမှုသည် အခြားသုတေသနများအတွက် အခြေခံအုတ်မြစ်တစ်ခု ဖြစ်နိုင်ပြီး နိုင်ငံတွင်းရှိ အခြားနေရာများမှ ဆင်တူသည့်ပုံစံများကို ညွှန်ပြနိုင်ပေသည်။ ထို့ပြင် အဌမတန်းနှင့် ဒသမတန်းတို့ကို ကန့်သတ်အလေးပေးထားသော်လည်း ဤလေ့လာမှုတွင် အခြားအဆင့်များရှိ အလားတူပုံစံများကို ညွှန်ပြသည်။ ဤအခန်းတွင် သုတေသနလေ့လာနည်းများကို တင်ပြပြီးသည်ဖြစ်ရာ လာမည့်အခန်းတွင် တွေ့ရှိချက်များ အကြောင်း တင်ပြပါမည်။

အခန်း ၄
ကျောင်းသားများနှင့် မိဘများ၏ သဘောထားအမြင်များ

ဤအခန်းတွင် ကျောင်းသားများကို လေ့လာဆန်းစစ်ထားသော အချက်အလက်များနှင့် ကျောင်းသားများနှင့် မိဘတို့ကို တွေ့ဆုံမေးမြန်းရာမှ ရရှိလာသော အချက်အလက်တို့ကို တင်ပြထားပါသည်။ ကျောင်းသားများနှင့် မိဘတို့၏ ကျူရှင်အပေါ် သဘောထားအမြင်များနှင့် ဌေကုန်ကြေးကျခံကာ ကျူရှင်ယူရခြင်း၊ မယူရခြင်း အကြောင်းအရင်းများကို တင်ပြထားပါသည်။ ဤအခန်းတွင် ကျူရှင်နှင့် စာသင်ကျောင်း၏ သဘောသဘာဝတို့ကို ကျယ်ပြန့်စွာ တင်ပြထားသည့်အပြင် ကျူရှင်သင်ကြားပေးသူ၊ သင်ကြားမှုပုံစံနှင့် သင်ကြားသည့်နေရာများကိုလည်း ဖော်ပြထားပါသည်။

၄.၁။ ကျူရှင်ယူခြင်း (မယူခြင်း) အတွက် အတိုင်းအတာနှင့် အကြောင်းရင်းများ

လွန်ခဲ့သည့် (၁၂) လတာကာလအတောအတွင်း ကျူရှင်တက်ရောက်ခြင်းရှိ၊ မရှိကို ကျောင်းသားများအား မေးမြန်းခဲ့ပါသည်။ လက်ရှိ အဋ္ဌမတန်း ကျောင်းသားများသည် သတ္တမတန်း ကျောင်းတက်ခဲ့စဉ် ကာလအပါအဝင်နှင့် ဒသမတန်း ကျောင်းသားများသည် နဝမတန်း ကျောင်းတက်ခဲ့စဉ် ကာလအပါအဝင်ကို ဆိုလိုပါသည်။ ခြုံငုံတင်ပြရမည်ဆိုလျှင် ကျောင်းသားကျောင်းသူ၊ အတန်းနှင့် နေရာစသည်တို့ အပြောင်းအလဲ အနည်းငယ်ကွာခြားမှုမှလွဲ၍ ကျောင်းသားကျောင်းသူ ၈၄.၉% သည် ပြီးခဲ့သည့် (၁၂) လတာ အတောအတွင်း ကျူရှင် တက်ရောက်ခဲ့ပါသည်။ ဇယား ၄.၁ တွင် ဖော်ပြချက်အရ ကျူရှင်ယူသော ကျောင်းသူ ၈၄.၅% နှင့်နှိုင်းယှဉ်ပါက ကျောင်းသား ၈၆.၄%၊ ဒသမတန်း ကျောင်းသားကျောင်းသူ ၈၆.၀% နှင့်နှိုင်းယှဉ်ပါက အဋ္ဌမတန်း ကျောင်းသားကျောင်းသူ ၈၃.၄% နှင့်၊ ဆင်ခြေဖုံးတွင် နေထိုင်သော ကျောင်းသားကျောင်းသူ ၇၉.၄% နှင့်နှိုင်းယှဉ်ပါက မြို့ပြတွင်နေထိုင်သော ကျောင်းသားကျောင်းသူ ၈၈.၂% တို့ ဖြစ်ကြပါသည်။

ဇယား (၄.၁) ကျူရှင်ယူမှု အတိုင်းအတာ

ကျောင်း	နေရာ	အဋ္ဌမတန်း (%)	ဒသမတန်း (%)	စုစုပေါင်း(%)
က	မြို့ပြ	၈၉.၈	၉၁.၈	၉၁.၁
ခ	မြို့ပြ	၉၅.၉	၉၅.၈	၉၅.၈
ဂ	မြို့ပြ	၉၁.၂	၉၃.၅	၉၂.၄
ဃ	မြို့ပြ	၈၃.၉	၇၂.၅	၇၈.၂
င	မြို့ပြ	၈၆.၇	၈၀.၀	၈၃.၃

မြို့ပြအတွက် ပျမ်းမျှတန်ဖိုး		၈၉.၅	၈၆.၇	၈၈.၂
စ	ဆင်ခြေဖုံး	၅၃.၈	၉၈.၈	၇၆.၄
ဆ	ဆင်ခြေဖုံး	၇၈.၅	၈၂.၅	၈၀.၅
ဇ	ဆင်ခြေဖုံး	၈၇.၅	၇၅.၀	၈၁.၃
ဆင်ခြေဖုံးအတွက် ပျမ်းမျှတန်ဖိုး		၇၃.၃	၈၅.၄	၇၉.၄
အားလုံးပျမ်းမျှတန်ဖိုး		**၈၃.၄**	**၈၆.၂**	**၈၄.၉**

တွေ့ဆုံမေးမြန်းခြင်းကဏ္ဍများတွင် ကျောင်းသားများအား ပထမဦးဆုံးအကြိမ် ကျူးရှင်ယူ ဖြစ်ခဲ့သည့် အကြောင်းများကို မေးမြန်းခဲ့ပါသည်။ ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည် ဖြေကြားသူများထဲ၌ သူငယ်တန်းတွင် စတင် ကျူးရှင်ယူခဲ့သူ (၂) ဦး၊ ပထမတန်းတွင် (၂)ဦး၊ ဒုတိယတန်းတွင် (၁) ဦး၊ တတိယတန်းတွင် (၄) ဦးနှင့် စတုတ္ထတန်းဆင့်တွင် (၁) ဦးတို့ ပါဝင်ကြသည်။ ထို့ကြောင့် အချို့သော ကျောင်းသားများသည် အဌမတန်း နှင့် ဒသမတန်းရောက်မှ စာမေးပွဲအတွက် ချက်ချင်းကျူးရှင်ယူခြင်း မဟုတ်ဘဲ အတန်းငယ်များမှ စတင်ပြီး အချိန်အတော်ကြာ ကျူးရှင်ယူခဲ့ကြသည်။ ထိုအချက်ကို ပထမတန်း ကတည်းက စတင်၍ ကျူးရှင်ယူခဲ့သော ဒသမတန်းကျောင်းသားတစ်ဦး ဖြေဆိုခဲ့သည်မှာ 'အခုအချိန်အထိ ကျူးရှင်မယူခဲ့တဲ့နှစ် မရှိခဲ့ပါဘူး' ဆိုသည့်စကားက သက်သေပြခဲ့သည်။

နမူနာကောက်ယူထားသည့် အထဲတွင် တည်နေရာအလိုက် သာမက လူ့အဖွဲ့အစည်းဆိုင်ရာ အလေ့အထများကြောင့် ကွဲပြားမှုများကို ထင်ရှားစွာတွေ့ခဲ့ရသည်။ ဧယားတွင် ဖော်ပြထားသည့် အတိုင်း ကျောင်း (စ) သည် အခြားကျောင်းများ၏ ယေဘုယျအချက်များနှင့် သိသာစွာ ကွဲထွက်နေသည်။ ဤကျောင်းရှိ အဌမတန်းတွင် ကျူးရှင်ယူသော ကျောင်းသား ၅၃.၈% ဖြင့် ကျောင်းများအားလုံးတွင် ကျူးရှင်ယူနှုန်း အနည်းဆုံးဖြစ်သော်လည်း ဒသမတန်းတွင်မူ ၉၈.၈% ဖြင့် ကျူးရှင်ယူနှုန်း အများဆုံးဖြစ်ကြောင်း တွေ့ရသည်။ ဤကျောင်းသည် ဝင်ငွေနည်းပါးသော မြို့ဆင်ခြေဖုံးတွင်တည်ရှိသော ကျောင်းတစ်ကျောင်းဖြစ်သည်။ ဝင်ငွေနည်းပါးသော ပတ်ဝန်းကျင်ကြောင့် အဌမတန်း ကျောင်းသားအများစုသည် အချိန်ပိုင်း အလုပ်လုပ်ကြရပြီး ပညာသင်ယူ လိုစိတ် နည်းပါးနေခဲ့သည်။ ထို့အပြင် မိသားစုက စျေးနှုန်းနည်းသော ကျူးရှင်ကိုသာ တက်ရောက်ရန် တတ်နိုင်သည့်အတွက် ကိုယ်ပိုင်လုပ်ငန်းရှင်များကို ထိုနေရာ၌ ကျူးရှင်လာဖွင့်ရန် မဆွဲဆောင်နိုင် သကဲ့သို့ ဆရာများကလည်း ကျောင်းသားများကို ကျူးရှင်သင်လျှင် ကြုံတွေ့ရမည့် စည်းမျဉ်း ချိုးဖောက်ခြင်း၊ ပြစ်တင်ဝေဖန်ခံရခြင်းများကြောင့် ထိုကျောင်းသားများကို ကျူးရှင်မသင်ပေးလိုကြပေ။ အလိုအလျောက် အတန်းတိုးမြှင့်သော အခြေခံမူ ရှိသော်လည်း သင်ယူမှုတွင် သိသိသာသာ အားနည်းသည့် အဌမတန်း ကျောင်းသားများသည် ဆက်လက်မသင်ယူတော့ဘဲ လုပ်ငန်းခွင်သို့ ဝင်ရောက်သွားကြသည်။ သို့သော်လည်း တစ်ဖက်တွင် သင်ယူမှု၌ စိတ်အားထက်သန်သော သူတို့သာ နဝမတန်းနှင့် ဒသမတန်းသို့

တက်ရောက်လာကြပြီး အတန်းအောင်မြင်ရေးအတွက် လိုအပ်သော ပြင်ဆင်မှုများကို အသေအချာလုပ်ဆောင်တတ်ကြသလို ကြိုးစားအားထုတ်မှုလည်း မြင့်မားကြသည်။

နောက်ထပ် ပုံစံကွဲတစ်မျိုးမှာ အတန်းတူသော်လည်း တန်းခွဲမတူညီသည့် ကျောင်းသားများ အကြားတွင် ကျူရှင်ယူနှုန်း ကွာဟချက်ဖြစ်သည်။ လေ့လာခဲ့သည့် ကျောင်း (၈) ကျောင်းအနက် ကျောင်း (၃) ကျောင်း၌ စာမေးပွဲတွင်ရသည့် ရမှတ်အနည်းအများပေါ်မူတည်၍ ကျောင်းသားများကို မတူညီသော တန်းခွဲများတွင် ထားရှိသည့်မူ ရှိသည်ကိုလည်း သိရသည်။ အများဆုံးတွေ့ရသည်မှာ ရမှတ်မြင့် တန်းခွဲမှ ကျောင်းသားများက ရမှတ်နိမ့် တန်းခွဲမှ ကျောင်းသားများထက် ကျူရှင်ယူသည့် အချိုးအစားပိုများသည် (ဇယား ၄.၂)။ ထို့ကြောင့် ကျောင်း (စ) ရှိ အဌမတန်း ကျောင်းသား စုစုပေါင်း၏ ကျူရှင်ယူနှုန်းထားနိမ့်နေသော်လည်း အမှတ်နည်းသည့် ကျောင်းသားများ၏ တန်းခွဲများဖြစ်သည့် အဌမတန်း (ခ) ၏ ကျူရှင်ယူနှုန်း (၄၄.၁%) နှင့် အဌမတန်း (ဂ) ၏ ကျူရှင်ယူနှုန်း (၂၁.၁%) တို့နှင့်နှိုင်းယှဉ်သော် ရမှတ်မြင့်မားသော ကျောင်းသားများ၏ တန်းခွဲဖြစ်သည့် အဌမတန်း (က) မှ ကျူရှင်ယူနှုန်းသည် ၉၄.၆% ဖြစ်သည်။

ကျူရှင်ယူကြသော ဘာသာရပ်များထဲမှ ကျူရှင်ယူမှုများသော ဘာသာရပ်များကို လေ့လာကြည့်သည့်အခါ အင်္ဂလိပ်စာ၊ သင်္ချာ၊ မြန်မာစာ ဘာသာရပ်တို့သည် ကျူရှင်ယူမှုတွင် လူကြိုက်များသည်ကို ဇယား (၄.၃) က ညွှန်ပြခဲ့သည်။ ထိုဘာသာရပ်များသည် မဖြစ်မနေ သင်ယူရသော ဘာသာရပ်များ ဖြစ်သည်။ အများအနည်းအစဉ်လိုက်ကြည့်မည်ဆိုပါက အဌမ တန်းတွင် နောက်ထပ်ကျူရှင်ယူသည့် ဘာသာရပ်များမှာ ပထဝီ၊ သိပ္ပံနှင့် သမိုင်းတို့ဖြစ်သည်။ ဒသမတန်းကျောင်းသားများအတွက် ရူပဗေဒ နှင့် "ဓာတုဗေဒဘာသာရပ်တို့ကို မြန်မာစာ၊ အင်္ဂလိပ်နှင့် သင်္ချာဘာသာရပ်များကဲ့သို့တန်းတူ ကျူရှင်ယူကြသည်။ နောက်ထပ် ကျူရှင်ယူနှုန်းများသော ဘာသာရပ်များမှာ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်တို့ ဖြစ်သည်။ အချို့ ကျောင်းသားများက ဘာသာရပ်အနည်းငယ်ကိုသာ ကျူရှင်ယူသော်လည်း အများစုက ခြောက်ဘာသာစလုံးကို ကျူရှင်ယူကြသည်။

ဇယား (၄.၂) တန်းခွဲအမျိုးမျိုးရှိ ကျူရှင်ယူမှု အတိုင်းအတာ

ကျောင်း	**အဌမတန်း (ရာခိုင်နှုန်း)**		**ဒသမတန်း(ရာခိုင်နှုန်း)**		
	အတန်း (က)	အတန်း (ခ)	အတန်း (က)	အတန်း (ခ)	အတန်း (ဂ)
က	၁၀၀.၀	၇၉.၃	၉၆.၄	၉၅.၀	၉၄.၇
ဇ	၉၄.၆	၄၄.၁၈	၁၀၀.၀	၉၈.၀	၁၀၀.၀
စ	၉၂.၅	၇၆.၉	၈၃.၃	၈၆.၄	၈၁.၈

ဤကျောင်းအတွက် လက်ရှိတန်းခွဲ ကို နမူနာကောက်ယူထားပြီး တန်းခွဲ ကိုမကောက်ယူပါ။ တန်းခွဲ (င) တွင် ကျူရှင်ယူနှုန်း ပို၍နိမ့်သည်ကို စာထဲတွင် ဖော်ပြထားသည်။

ဇယား (၄.၃) ကျူးရှင်ယူသည့် ဘာသာရပ်များ

ဘာသာရပ် အရေအတွက်	အဌမတန်း		ဒသမတန်း		ဘာသာရပ်	အဌမတန်း		ဒသမတန်း	
	အရေ အတွက်	ရာခိုင် နှုန်း	အရေ အတွက်	ရာခိုင် နှုန်း		အရေ အတွက်	ရာခိုင် နှုန်း	အရေ အတွက်	ရာခိုင် နှုန်း
တစ်	၂၄	၃.၆	၉	၁.၃	အင်္ဂလိပ်စာ	၆၅၆	၉၇.၈	၇၀၃	၉၇.၆
နှစ်	၇၇	၁၁.၅	၁	၀.၁	သချာ	၆၅၉	၉၆.၇	၇၀၁	၉၇.၄
သုံး	၁၅	၂.၂	၅	၀.၇	မြန်မာစာ	၅၆၅	၈၄.၂	၆၇၇	၉၃.၃
လေး	၄	၀.၆	၁၇	၂.၄	ပထဝီ	၅၅၂	၈၂.၃	၆	၀.၈
ငါး	၁	၀.၁	၁၄	၂.၀	သိပ္ပံ	၅၅၂	၈၂.၃	၄	၀.၆
ခြောက်	၅၄၇	၈၁.၈	၆၆၅	၉၂.၉	သမိုင်း	၅၅၀	၈၂.၀	၆	၀.၈
ခုနှစ် နှင့်အထက်	၁	၀.၁	၅	၀.၇	ရူပဗေဒ	၁	၀.၁	၇၀၁	၉၇.၂
စုစုပေါင်း	*၆၆၉*	*၁၀၀.*	*၇၁၆*	*၁၀၀.၀*	ဓာတုဗေဒ	၁	၀.၁	၇၀၁	၉၇.၂
					ဇီဝဗေဒ	၁	၀.၁	၃၆၃	၅၀.၃
					ဘောဂဗေဒ	၀	၀.၀	၃၂၇	၄၅.၄
					အခြား	၆	၀.၉	၈	၁.၁

ဇယား (၄.၄) တွင် ကျူးရှင်တွင် ကုန်ဆုံးသည့် အချိန်နာရီများကို တင်ပြထားပါသည်။ ကျောင်းသားအများစုသည် ဘာသာရပ်တစ်ခုလျှင် တစ်ပတ် ပျမ်းမျှ နှစ်နာရီနှင့် သုံးနာရီအကြား ကျူးရှင်ယူကြပြီး အထူးသဖြင့် အင်္ဂလိပ်စာ၊ သချာနှင့် မြန်မာစာတို့ကို တစ်ပတ်လျှင် ငါးနာရီကျော်မျှ ကျူးရှင်ယူကြသည်။ သချာနှင့် အင်္ဂလိပ်စာကို မြန်မာစာထက် ပို၍ကျူးရှင်ယူကြရသည်။ အဌမတန်း ကျောင်းသားများထက် ဒသမတန်း ကျောင်းသားများက ကျူးရှင်ပို၍ သင်ယူသည်ကို ဇယား (၄.၄) က ထပ်မံဖော်ပြထားပါသည်။ ကျောင်းသား အနည်းစုသည် နေ့စဉ်ကျူးရှင် တက်ကြရသည်။ ဥပမာအနေဖြင့် ကျောင်း (က) မှ ဒသမတန်းကျောင်းသား၏ ပြောပြချက်ကို အောက်တွင် ဖော်ပြထားပါသည်။

> ညနေ လေးနာရီခွဲလောက်မှာ အိမ်ကို ပြန်ရောက်တယ်။ ညပိုင်း ရှစ်နာရီကနေ ဆယ်နာရီခွဲထိ ကျူးရှင်တက်ရတယ်။ တနလင်္ဂနွေ သောကြာနေ့ထိ ဒီတိုင်း မှန်ပါပဲ။ စနေနေ့တိုင်း မနက်ခုနှစ်နာရီကနေ နေ့လည် ဆယ့်နှစ်နာရီ တစ်ခါ၊
>
> ညနေ လေးနာရီကနေ ညခုနှစ်နာရီထိ တစ်ခါ ကျူးရှင်တက်ရတယ်။ တနင်္ဂနွေနေ့တိုင်း ညရှစ်နာရီခွဲကနေ ဆယ်နာရီခွဲထိ ကျူးရှင်တက်ရပါတယ်။

ဇယား (၄.၄) ကျူးရှင်အတွက် ကုန်လွန်သည့် အချိန်နာရီများ

ဘာသာရပ်များ	အနိမ့်ဆုံး ကြိမ်နှုန်း	အမြင့်ဆုံး ကြိမ်နှုန်း	ပျမ်းမျှ	ကျောင်းသားများ၏ တစ်ပတ်လျှင် ၅နာရီ သို့မဟုတ် ၅ နာရီ အထက် အသုံးချမှု ရာခိုင်နှုန်း
အင္ဂလိပ်တန်းမြန်မာ	၁ (၁၃၇)	၁၀ (၁)	၂.၃၅	၈.၅
အင္ဂလိပ်တန်းအင်္ဂလိပ်	၁ (၉၂)	၁၂ (၂)	၂.၉၂	၁၅.၆
အင္ဂလိပ်တန်းသချာ	၁ (၈၃)	၁၅ (၁)	၃.၁၇	၂၀.၃
ဒသမတန်းမြန်မာ	၁ (၉၅)	၉ (၁၀)	၂.၉၅	၁၂.၆
ဒသမတန်းအင်္ဂလိပ်စာ	၁ (၇၆)	၁၄ (၁)	၃.၃၉	၂၁.၉
ဒသမတန်းသချာ	၁ (၇၁)	၁၂ (၁)	၃.၄၀	၂၂.၁
သိပ္ပံ	၁ (၁၃၄)	၈ (၂)	၂.၃၀	၈.၄
ပထဝီဝင်	၁ (၁၄၀)	၈ (၂)	၂.၃၀	၇.၅
သမိုင်း	၁ (၁၃၆)	၁၀ (၁)	၂.၃၆	၆.၆
ရူပဗေဒ	၁ (၅၃)	၉ (၇)	၃.၅၂	၂၅.၉
ဓာတုဗေဒ	၁ (၈၀)	၉ (၃)	၃.၂၃	၂၀.၂
ဇီဝဗေဒ	၁ (၆၉)	၉ (၂)	၃.၀၁	၂၂.၉
ဘာဝဗေဒ	၁ (၃၉)	၈ (၁)	၂.၈၇	၂၄.၆

အင္ဂလိပ်တန်းဘာသာရပ်၊ ဒသမတန်းဘာသာရပ်။ ဘာသာရပ်တစ်ခုချင်းစီ ကျူးရှင်ယူသော ကျောင်းသားများ၏ ခိုင်လုံသော အချက်အလက်များ

အထက်ပါ ဖြေကြားချက်သည် သာမန်ထက်လွန်ကဲသော နေ့စဉ်ဘဝ ဖြစ်ကောင်းဖြစ်နိုင်သော်လည်း အချို့သော ကျောင်းသားများသည် ကျူးရှင်ကြောင့် ဝန်ပိနေနိုင် သည်ကို ထင်ဟပ် စေသည်။ ထိုကဲ့သို့ပင် ကျောင်းသားအများစုသည် ကျောင်းစာသင်ချိန်ပြီးဆုံးလျှင် ပြီးဆုံးခြင်း ကျူးရှင်ဆက်တက်ကြရသည်။ သို့သော်လည်း အချို့ကျောင်းသားများသည် ကျောင်းစာသင်ချိန် မတိုင်မီ နံနက်ခြောက်နာရီ ကပင် ကျူးရှင်စတက်ကြရသည်။ သုတေသနတွင် ပါဝင်သည့် ကျောင်းများထဲတွင် မနက်ပိုင်း၌ အထက်တန်းအဆင့် ကျောင်းသားများ၊ ညနေပိုင်း၌ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသားများဟူ၍ ကျောင်းချိန်ကို နှစ်ချိန်ခွဲသင်ပေးရသော ကျောင်းတစ်ကျောင်းပါရှိသည်။ ထိုကျောင်းမှ အလယ်တန်းနှင့် မူလတန်းကျောင်း သားများသည် နံနက်ခင်းတွင် ကျူးရှင်တက်ကြပြီး အထက်တန်း ကျောင်းသား များသည် နေ့လယ်ခင်းနှင့် ညနေပိုင်းတို့တွင် ကျူးရှင်တက်ကြသည်။ ဆရာများနှင့် ကျောင်းသားများ နှစ်ဦးစလုံးအတွက် အချိန်ပိုရသောကြောင့် နှစ်ချိန်ကျောင်း တက်ရ သည်ကို ဆရာအချို့က ပို၍သဘောကျကြသည်။

ထိုကျူးရှင်ယူခြင်းကိစ္စတွင် ငွေရေးကြေးရေး ကုန်ကျစရိတ်ကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်သည်။ ၂၀၁၆ ခုနှစ်တွင် ထုတ်ဝေသော အမျိုးသား ပညာရေး မဟာဗျူဟာစီမံကိန်း စာအုပ်၏ စာမျက်နှာ (၂၃၉) တွင် ၂၀၀၉/၁၀ ခုနှစ် ပြည်တွင်း အိမ်ထောင်စုဝင်များ၏ အသုံးစရိတ် မှတ်တမ်းများအရ အိမ်ထောင်စုဝင်များ၏ ပညာရေးစုစုပေါင်းအသုံးစရိတ်အနက် ကျူးရှင်အတွက် ကုန်ကျစရိတ်မှာ ၄၁.၅% ခန့် ရှိသည်ဟု ဖော်ပြပြီးဖြစ်သည်။ လက်ရှိ သုတေသနတွင် နမူနာယူထားသော ရန်ကုန်တိုင်းဒေသကြီးနှင့်ပတ်သက်၍ ဇယား (၄.၅) နှင့် (၄.၆) တွင် ပညာရေးအတွက် အသုံးစရိတ်ကို ဖော်ပြထားပြီး ထိုအသုံးစရိတ်သည် မိသားစုအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်ဟု ကျောင်းသားများ ထင်မြင်ကြောင်း ဖော်ပြထားသည်။ ကျူးရှင်အတွက် ပျမ်းမျှကုန်ကျစရိတ်အနေဖြင့် ဒသမတန်း ကျောင်းသားများသည် အဌမတန်း ကျောင်းသားများထက် နှစ်ဆပိုများနေပြီး ယေဘုယျအားဖြင့် ကျောင်းသားများက ကျောင်းသူများထက်သော်လည်းကောင်း၊ မြို့ထဲတွင်နေသူများက ဆင်ခြေဖုံးတွင်နေသူများ ထက်သော်လည်းကောင်း ကျူးရှင်ကုန်ကျစရိတ် ပိုမြင့်သည်ကို တင်ပြထားသည်။ ကျောင်းသားတစ်ဝက်ကျော် လောက်က ကျူးရှင်အတွက် ကုန်ကျသည့် ငွေရေးကြေးရေးကို အသင့်အတင့်ဟု သဘောထားကြပြီး ၃၁.၉% က ထိုကုန်ကျစရိတ်ကို ဝန်ထုပ်ဝန်ပိုးဟု လုံးဝ မယူဆပါ။ ၈.၀% ကမူ ကြီးမားသော ဝန်ထုပ်ဝန်ပိုးဟု သဘောထားကြသည်။ ထိုတွက်ချက်ထားသော ကိန်းဂဏန်းသည် အဌမတန်းနှင့် ဒသမတန်း နှစ်တန်းစလုံးအတွက် ဖြစ်သော်လည်း ၁၁.၃% သော ဒသမတန်း ကျောင်းသားများကသာ အလွန်အမင်း ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟု တင်ပြထားသည်။ ဤကဲ့သို့ မိသားစုများ၏ ငွေကြေးအခက်အခဲ ရှိခြင်းနှင့် ပတ်သက်၍ ကျူးရှင်ဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသူ တစ်ဦး၏ သဘောထား မှတ်ချက်များကို လေးထောင့်ဇယားကွက် (၄.၁) တွင် တင်ပြထားသည်။

ဇယား (၄.၅) ကျူးရှင်အတွက် ကုန်ကျစရိတ် (တစ်လကုန်ကျငွေ)

ကျူးရှင် အသုံး စရိတ်ငွေ	အတန်း		ကျား၊ မ		နေရာ	
	အဌမတန်း	ဒသမတန်း	ကျား	မ	မြို့ပြ	ဆင်ခြေဖုံး
အနိမ့်ဆုံး	၁,၂၀၀	၈,၀၀၀	၁,၂၀၀	၁,၂၀၀	၁,၂၀၀	၅,၀၀၀
အမြင့်ဆုံး	၃၀၀,၀၀၀	၄၄၀,၀၀၀	၄၄၀,၀၀၀	၄၀၀,၀၀၀	၄၄၀,၀၀၀	၄၀၀,၀၀၀
ပျမ်းမျှ	၄၂,၇၉၇	၁၀၀,၄၆၀	၇၆,၂၇၇	၆၇,၂၂၃	၈၀,၆၇၂	၄၉ ,၅၇၁
စံကွဲလွဲချက်	၃၉,၈၂၈	၇၉,၀၂၁	၇၄,၈၄၇	၆၁,၈၀၅	၇၅,၅၇၇	၄၀,၅၂၂

မှတ်ချက်။ ။တစ်လတာ ကျူးရှင်အသုံးစရိတ် အချက်အလက်များကို အောက်ပါစည်းမျဉ်းများပေါ်တွင် အခြေခံ၍ တွက်ချက်ထားပါသည်။ (က) ကျူးရှင်သင်ကြားခြင်းတွင် ပါဝင်သူ မဟုတ်ဟု ဖြေဆိုထားသည်တို့ကို ဖယ်ထုတ်ထားသော အချက်

အလက်များ၊ (ခ) ဖြေဆိုထားခြင်း မရှိသော အဖြေများကို ငွေကြေးအသုံးစရိတ် သုညတန်ဖိုးအဖြစ် သတ်မှတ်ထားသော အချက်အလက်များ (ဂ) ငွေကုန်ကျစရိတ် တွက်ချက်ရာတွင် ၂.၀ ထက်ပိုသော Z တန်ဖိုးဖြေဆိုထားမှုကို ဖယ်ထုတ်ထားသော အချက်အလက်များ။

လေးထောင့်ဇယားကွက် (၄.၁) ကျူရှင်ကြောင့် ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်မှု

သုတေသနအဖွဲ့က နီးနွယ်ဆက်စပ်သူများထံသို့ ကြားဖြတ် တွေ့ရှိချက်များကို တင်ပြခဲ့သည့်အခါ ကျောင်းသားများ၏ ၈.၀% (ဒသမတန်းတွင် ၁၁.၃%) မျှသာ ကျူရှင်တက်သည်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟု ဖော်ပြချက်အပေါ် ပညာရေး နီးနွယ်သူတစ်ဦးက အံ့အားသင့်ကြောင်းဆိုခဲ့သည်။ ထိုသူ၏ အံ့အားသင့်ခဲ့ရသည့် အကြောင်းရင်းများနှင့် ကျူရှင်၏ သက်ရောက်မှုအပေါ် ၎င်း၏ အမြင်များကို အောက်တွင် ဖော်ပြထားပါသည်။ ကျူရှင်ဟာ တကယ်ပဲ မိသားစုတိုင်းရဲ့ ကြီးမားတဲ့ ငွေကြေးဝန်ထုပ်ဝန်ပိုး ဖြစ်ပါတယ်။ ဥပမာအနေနဲ့ ပြောရရင် မိဘနှစ်ဦးစလုံးက အစိုးရဝန်ထမ်း ဖြစ်တယ်ဆိုပါတော့။ အရာခံအဆင့်မှာ တာဝန်ထမ်းဆောင်သူက လစာ တစ်သိန်းရှစ်သောင်းကျပ်ရတယ်။ သူတို့မှာ အဋ္ဌမတန်း ကလေး တစ်ယောက် နှင့် ဒသမတန်း ကလေးတစ်ယောက် ရှိတယ်ဆိုပါတော့ အဋ္ဌမတန်း ကလေး အတွက် ဘာသာစုံ ဝိုင်းကျူရှင်ထားရရင် တစ်လကို အနိမ့်ဆုံး ကျူရှင်လစာ ရှစ်သောင်းကျပ်ရှိပါတယ်။ ဒါက ဂိုက်အတွက် ပေးရတဲ့ ကုန်ကျစရိတ် မပါ သေးဘူး။ ကျူရှင်လစာသက်သက်ပဲ ဖြစ်ပါတယ်။ ကျောင်းလခနဲ့ ကျူရှင်လခ စုစုပေါင်း တစ်သိန်းကျော် ရှိပါတယ်။ ဒသမတန်း ကျောင်းသားများအတွက် အနိမ့်ဆုံး ကျူရှင်လစာက တစ်သိန်းခွဲလောက် ရှိပါတယ်။ အစိုးရဆီကရတဲ့ မိဘနှစ်ဦးပေါင်းလစာက သုံးသိန်းခြောက်သောင်းပဲ ရှိနေချိန်မှာ ကလေးတွေရဲ့ ကျူရှင်ခနဲ့တင် နှစ်သိန်းခွဲ ကုန်ကျနေပြီ။ ဝင်ငွေ မလုံလောက်တဲ့အတွက် သူတို့ရဲ့ အလုပ်တွေမှာ လာဘ်ငွေရှာရင်ရှာ၊ မရှာရင် ထပ်ဆောင်းဝင်ငွေရမယ့်အလုပ် လုပ်ရမှာ ဖြစ်တယ်။ ဥပမာ လျှောက်လွှာတွေကို ကြန့်ကြာအောင် အချိန်ဆွဲထားတာမျိုး၊ အဲတော့ အမြန်လိုချင်တဲ့သူက လာဘ်ပေးရတာမျိုးပေါ့။ ဒါက မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ အရာတွေ။ အရာရာဟာ ဆက်စပ်နေတယ်။ တကယ်လို့ ကျွန်တော်တို့ မိဘတွေရဲ့ တရားဝင် ဝင်ငွေတစ်ခုတည်းနဲ့ပဲ ကြည့်ပြီး ပြောမယ်ဆိုရင် သူတို့ဝင်ငွေရဲ့ ၇၀% – ၈၀% က သူတို့သားသမီးတွေရဲ့ ကျူရှင်စရိတ်အတွက် ကုန်ကျနေပြီ။ အဲဒီတော့ သူတို့ ဘယ်လို ရပ်တည်ကြသလဲ ...။ လာဘ်ငွေနဲ့ပေါ့။ အဲလို အပိုဝင်ငွေ မရှိရင် ရပ်တည်နိုင်ဖို့ဆိုတာ လူအများစုအတွက် မဖြစ်နိုင်သလောက်ပဲ။ အဲဒါကြောင့် အစိုးရက အဲဒီကျူရှင်စနစ်ကို ကိုင်တွယ်ဖြေရှင်းဖို့ ဝန်လေးလာကြတယ်။

အဋ္ဌမတန်း နှင့် ဒသမတန်း နှစ်တန်းလုံးမှ ကျောင်းသားအားလုံး၏ ၇၀.၄% က ဘာသာရပ်များကို ပို၍ကောင်းကောင်း သင်ယူတတ်မြောက်ရန် အကူအညီရစေ

လိုသော မျှော်လင့်ချက်ဖြင့် ကျူးရှင်ယူခြင်းဖြစ်သည်ဟု ဆိုသည်။ ကျောင်းသားများ၏ ၆၂.၁%သည် စာမေးပွဲရမှတ်များမြင့်မားရန်ကျူးရှင်ယူခဲ့ခြင်းဖြစ်သည် (ဇယား ၄.၇)။ ဒုတိယအကြောင်းရင်းကြောင့် ကျူးရှင်ယူရခြင်းသည် ဒသမတန်းတွင် (၇၀%) ပိုမြင့်မားပြီး အကြောင်းရင်းမှာ ယခင်အတန်း စာမေးပွဲများထက် ဒသမတန်း၏ စာမေးပွဲရမှတ်က ၎င်းတို့ဘဝ အနာဂတ်ကို ခိုင်မာသော အဆုံးအဖြတ်ပေးသည့်အတွက်ကြောင့် ဖြစ်သည်။ အထက်ပါ ဖော်ပြချက်များအရ အဋ္ဌမတန်း စာမေးပွဲ ရမှတ်များသည် အရေးကြီးသော်လည်း အလိုအလျောက် အတန်းမြှင့်ပေးသည့်မူက ၎င်း၏အရေးပါမှုကို လျော့နည်းစေသည်။ ထိုအကြောင်းရင်း နှစ်ချက်အပြင် မိဘ၏ တောင်းဆိုမှုများက အချို့ကျောင်းသားများအတွက် ကျူးရှင်ယူရခြင်း၏ အရေးပါသော အကြောင်းရင်းများ ဖြစ်စေခဲ့သည်။

ဇယား (၄.၆) ကျူးရှင်အသုံးစရိတ်များအပေါ် ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးအဖြစ် ရှုမြင်သည့် အတိုင်းအတာ

ကျူးရှင်သည် ငွေရေးကြေးရေး ဝန်ထုပ်ဝန်ပိုးဟု ခံစားရမှု	စုစုပေါင်း ပမာဏ	အတန်း		ကျား၊မ		ကျောင်းတည်နေရာ	
		အဋ္ဌမတန်း	ဒသမတန်း	ကျား	မ	မြို့ပြ	ဆင်ခြေဖုံး
မဖြစ်ပါ	၄၂၀ (၃၁.၉%)	၂၇၅ (၄၂.၀%)	၁၄၅ (၂၁.၅%)	၂၁၂ (၃၀.၄%)	၂၀၈ (၃၂.၉%)	၃၁၀ (၃၁.၀%)	၁၂၉ (၃၄.၁%)
အတန်အသင့်	၈၀၃ (၆၀.၁%)	၃၄၈ (၅၃.၂%)	၄၅၄ (၆၇.၃%)	၄၂၅ (၆၁.၀%)	၃၇၇ (၅၉.၇%)	၆၀၂ (၆၀.၃%)	၂၂၆ (၅၉.၈%)
အလွန်အမင်း	၁၀၇ (၈.၀%)	၃၁ (၄.၇%)	၇၆ (၁၁.၃%)	၆၀ (၈.၆%)	၄၇ (၇.၄%)	၈၇ (၈.၇%)	၂၃ (၆.၁%)

ဇယား (၄.၇) ကျူးရှင်ယူသည့် အကြောင်းရင်းများ (%)

အကြောင်းရင်းများ	စုစုပေါင်း ပမာဏ	အတန်း		ကျား၊ မ		တည်နေရာ	
		အဋ္ဌမတန်း	ဒသမတန်း	ကျား	မ	မြို့ပြ	ဆင်ခြေဖုံး
စာကို ပိုရှိသင်ယူချင်သောကြောင့်	၇၀.၇	၇၄.၆	၆၇.၇	၆၇.၆	၇၄.၉	၇၃.၉	၆၃.၅
စာမေးပွဲရမှတ် ပိုကောင်းချင်သောကြောင့်	၆၂.၁	၅၃.၅	၇၀.၀	၆၀.၆	၆၃.၉	၆၀.၈	၆၅.၆
မိဘများက ရွေးချယ်ပေးသောကြောင့်	၂၅.၂	၂၄.၁	၂၆.၀	၂၉.၀	၂၀.၉	၂၅.၆	၂၄.၁
ဆရာ၏ တိုက်တွန်းချက်ကြောင့်	၂.၉	၁.၆	၄.၀	၃.၉	၁.၇	၃.၅	၁.၃
သူငယ်ချင်းများ ကျူးရှင်ယူသောကြောင့်	၄.၄	၃.၉	၅.၀	၅.၈	၂.၉	၄.၆	၃.၉
အခြား	၃.၅	၁.၆	၅.၃	၄.၅	၂.၄	၁.၀	၄.၆

အင်တာဗျူးမေးခွန်းများမှ ကျူးရှင်ယူရသည့် နောက်ထပ်အကြောင်းရင်းများကို ပိုမိုနားလည်လာရပါသည်။ ယှဉ်ပြိုင်မှုတွင် နောက်ကျမကျန်လိုသည့် အကြောက်တရားက အထူးသဖြင့် ဒသမတန်းစာသင်နှစ်ဆုံးတွင် ဖြေဆိုရသည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲရမှတ်အပေါ် အလေးထားမှုကို တွန်းအားပေးခဲ့သည်။ ထိုအချက်ကို NGO မှတက်ရောက်လာသူတစ်ဦး၏ ပြောပြချက်တွင် တွေ့ရှိနိုင်ပါသည်။

> မိသားစုတွေ ဆင်းရဲတဲ့အတွက် အဌမတန်းထိ ကျူးရှင် မယူဖြစ်ခဲ့ဘူး။ ဒါပေမဲ့ မြင့်မြင့်မားမား ပြင်ဆင်ဆောင်ရွက်မှုအနေနဲ့ ဘဝကို အလှည့်အပြောင်း ဖြစ်စေနိုင်တဲ့ အရေးကြီးတဲ့ ဒသမတန်းရဲ့အခြေခံ နဝမတန်းရောက်မှစပြီး ကျူးရှင်ယူခဲ့ပါတယ်။

အခြားစစ်ဆေး အကဲဖြတ်မှုများဖြစ်သည့် အဌမတန်းနှစ်ဆုံးက ခရိုင်စာမေးပွဲနှင့် ပဉ္စမတန်းနှစ်ဆုံး မြို့နယ်စစ်စာမေးပွဲများသည် ကျူးရှင်ယူရန် တွန်းအားပေးသည့် အကြောင်းရင်းများ ဖြစ်ပါသည်။

> ဖြေဆိုသူနှစ်ဦး၏ ပြောစကားအရ ပဉ္စမတန်းက ခရိုင်စစ် စာမေးပွဲဖြစ်လို့ အရမ်း အရေးကြီးတယ်လို့ အမေက စဉ်းစားခဲ့ပြီး ဂိုက်ကို ငှားရမ်းခဲ့တယ်။ အဌမတန်းကလည်း အစိုးရစစ် စာမေးပွဲဖြစ်လို့ အဲဒီ စာမေးပွဲ အောင်ဖို့ ထပ်ကြိုးစားရပါတယ်။
>
> ယှဉ်ပြိုင်မှုတွင် နောက်ကျကျန်ခဲ့မည်ကို ကြောက်သည့်စိတ်အပြင် စာတော်သော ကျောင်းသားများ၏ ရည်မှန်းချက်ကိုလည်း မှတ်သားအပ်ပါသည်။
>
> ယခုနှစ် ဒသမတန်းမှာ ခြောက်ဘာသာ ဂုဏ်ထူးရချင်ပါတယ်။ ငယ်ငယ်ကတည်းက အမှတ်များများရပြီး အခြေခံကောင်းရချင်လို့ ကျူးရှင်တက်ခဲ့တာ ဖြစ်ပါတယ်။ အဓိက အကြောင်းရင်းကတော့ ကျွန်တော် အခု စာတော်တယ်၊ ဒါပေမယ့် ပိုတော်ချင်တယ်။ ပြီးခဲ့တဲ့ အတန်းတွေမှာ ဘာသာရပ်အားလုံး အောင်မြင်ပေမယ့် ရလဒ်တွေကို မကျေနပ်သေးလို့ အမေနဲ့တိုင်ပင်ပြီး အမှတ်ကောင်းအောင် ကျူးရှင်တက်ပါတယ်။
>
> စာမေးပွဲ၏ ဖိအားပေးမှုကို ကျောင်းသားများ ခံစားရခြင်းမှာ စာမေးပွဲစနစ်ရှိနေခြင်း သက်သက်ကြောင့်မဟုတ်ပေ။ မိဘများနှင့် သက်တူရွယ်တူအတန်းဖော်များ၏ ဖိအားကလည်း စာမေးပွဲဖိအားနည်းတူ၊ သို့မဟုတ် ပို၍ပင်ကြီးမားကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။
>
> ကျွန်တော့်ကို အိမ်မှာ တီဗီချည်း ကြည့်လို့၊ စကားပဲ များနေလို့ ဆိုပြီး အမေကကျူးရှင်ယူခိုင်းပါတယ်။ ကျွန်တော့်အဖေနဲ့ အမေက ကျွန်တော် ဘာသာရပ်တွေမှာ အားနည်းလာတယ်လို့ ထင်ပြီး၊ ကျူးရှင်ယူရင် ပိုကောင်းလာမယ်ပေါ့။ အဲလိုသူတို့ရဲ့ ထင်မြင်ချက်တွေကပဲ ကျွန်တော် ကျူးရှင်ယူဖို့ လိုတယ်လို့ ခံစားလာစေခဲ့တယ်။
>
> အိမ်နီးချင်းတွေကလည်း သူတို့ကလေးတွေကို ငယ်ငယ်ကတည်းက ကျူးရှင်ပို့ကြတယ်။ ဒါက လုပ်ရိုးလုပ်စဉ်လိုပါပဲ။

အင်တာဗျူးမှတစ်ဆင့် သတိပြုမိသည်မှာ သင်ယူမှုအပေါ်ထင်မြင်ယူဆချက်ပင် ဖြစ်သည်။ တစ်စုံတစ်ဦး၏ လမ်းညွှန်မှုအောက်တွင် ထပ်တလဲလဲ သင်ယူခြင်းက အောင်မြင်မှုရရှိစေရန် မှန်ကန်သည့် လုပ်ရပ်ဟု မြင်ကြသည့်အချက် ဖြစ်ပါသည်။

ကျောင်းမှာ သေသေချာချာ နားမလည်ခဲ့တဲ့ သင်ခန်းစာတွေကို ကျူရှင်ဆရာတွေကို ထပ်မေးနိုင်တယ်။ ကျူရှင်ကနေ တစ်ခါ အိမ်စာတွေ ပေးလာရင်လည်း အိမ်မှာ ကျွန်တော် အေးအေးဆေးဆေး လုပ်လို့ရတယ်။ ဒီလိုနဲ့ ကျွန်တော်က ကျောင်းမှာတစ်ကြိမ်၊ ကျူရှင်မှာတစ်ကြိမ် ... နှစ်ကြိမ် သင်ယူရတာပေါ့။

အချို့သော ကျောင်းသားများသည် မိမိတို့၏အိမ်၌ အမှီအခိုကင်းစွာ မလေ့လာနိုင်သောကြောင့် ပတ်ဝန်းကျင်ကောင်းတစ်ခု ရရှိရေးအတွက် ကျူရှင်ယူကြရသည်ဟု ဆိုသည်။ ထိုသူတို့ ရွယ်တူများနှင့်အတူ လေ့လာရခြင်း၊ မိမိတို့အိမ်တွင် မရရှိနိုင်သည့် ဘေးမှကူညီပံ့ပိုးမည့်သူနှင့် လေ့လာရခြင်းကဲ့သို့သော သင်ယူမှုမျိုးကို နှစ်ခြိုက်ကြသည်။ထိုအကြောင်းကို ကျောင်းသားတစ်ယောက်က 'အိမ်မှာ အဖေနဲ့အမေက လမ်းညွှန်မပေးနိုင်ဘူးလေ။ ပြီးတော့ အနှောင့်အယှက်တွေလည်း များတယ်' ဟု မှတ်ချက်ပြုလေသည်။ ၎င်းကျောင်းသားကပင် အတန်းဖော်များနှင့်အတူ လေ့လာရသည်မှာ ကောင်းကျိုးများသည်ဟု ဆိုသည်။

အရေအတွက်စံထားလေ့လာမှုက မဖော်ပြနိုင်သည့် နောက်တစ်ချက်အနေဖြင့် ကျောင်းပညာ ရေးသည် ပုံမှန်ထက် လျော့ကျနေခြင်းကို လေ့လာတွေ့ရှိရပါသည်။ ကျောင်းသားများ ကျူရှင် မယူဘဲ ကျောင်းတွင် ကောင်းကောင်း သင်ယူနိုင်ပါသလား ဆိုသည့်မေးခွန်းကို ကျောင်းသား (၂၀) ဦး အားမေးခဲ့ရာ (၅) ဦးက ကောင်းကောင်း မသင်ယူနိုင်ပါကြောင်း ဖြေကြားခဲ့သည်။ ကျောင်းတွင် လက်တွေ့လုပ်ဆောင်မှုမရှိခြင်း၊ အတန်းအရွယ်အစားကြီးခြင်း၊ သင်ကြားချိန် နည်းခြင်း၊ ကောင်းကောင်းရှင်းမပြနိုင်ခြင်းတို့သည် ကျောင်းတွင်း သင်ကြားမှုကို အားနည်းချက် ဖြစ်စေသည်ဟု ဆိုကြသည်။

ကျောင်းမှာကျတော့ ဆရာတွေက ကျောင်းသားတစ်ဦးစီရဲ့ လိုအပ်ချက်နဲ့ ကိုက်ညီအောင် သင်မပေးနိုင်ဘူး။ ပုံနှိပ်ထဲက စာတွေကို ဖတ်ရုံပဲဖတ်ပြတယ်။ မရှင်းပြဘူး။ အဲဒါကြောင့်မို့လို့ ကျွန်တော့်အတွက်တော့ ကျောင်းကို သူငယ်ချင်းတွေနဲ့ ဆုံဖို့လောက်လာတာပါပဲ။

အတန်းအရွယ်အစားကြီးတဲ့အတွက် ကျောင်းသားဦးရေ (၆၀) လောက်ကို ထိထိရောက်ရောက် သင်ကြားဖို့က မလွယ်ကူလှပါဘူး။ တော်တဲ့ ကျောင်းသားတွေအတွက် အဲဒီအတန်းတွေက အဆင်ပြေပေမယ့် စာမလိုက်နိုင်တဲ့ သူတွေအတွက်တော့ အခက်အခဲ ဖြစ်စေပါတယ်။ ကျွန်တော့်မိဘတွေက ကျောင်းတွင်းသင်ကြားရေးတစ်ခုတည်းနဲ့ အမှတ်ကောင်းကောင်း မရနိုင်ဘူးလို့ ထင်ကြတယ်။

ကျောင်းမှာ ဆရာတွေက ရှင်းတော့ပြပါတယ်။ ဒါပေမဲ့ စာသင်ချိန် တစ်ချိန် က (၄၀) မိနစ်ခန့်ပဲ ဖြစ်တဲ့အတွက် သေသေချာချာ နားလည်အောင် ရှင်းပြဖို့ အချိန် မလောက်ဘူး။ ကျူရှင်မှာကျတော့ (၂) နာရီလောက် သင်ယူနိုင်လို့ စာသင်ချိန် အတောအတွင်း နားမလည်တာ ပြန်မေးနိုင်လို့ ပိုထိရောက်ပါတယ်။

ကျူရှင်မယူသော ကျောင်းသားများအနေဖြင့် ကျူရှင်မယူရသည့် အဓိက အကြောင်းရင်းများမှာကျောင်းတွင် ကောင်းစွာသင်ယူလေ့လာပြီးဖြစ်ခြင်း (၄၁.၅%) နှင့် ငွေရေးကြေးရေး အခက်အခဲ ရှိခြင်း (၃၉.၄%) တို့ ဖြစ်သည် (ဇယား ၄.၈)။

ငွေရေးကြေးရေးကိစ္စနှင့်ပတ်သက်ပြီး အင်တာဗျူး ဖြေဆိုသူတစ်ဦးက အောက်ပါ အတိုင်း ပြောပြထားပါသည်။

> ကျွန်တော် ကျူးရှင်ယူဖို့လိုမယ်လို့ အဖေနဲ့အမေကို ပြောတော့ သုံး၊လေး၊ ငါးထောင် လောက်ပဲကုန်မယ့် ကျူးရှင်ကို ရှာဖို့ ပြောပါတယ်။ အခုခေတ်မှာ အဲလောက်နဲ့ဖွင့်တဲ့ ကျူးရှင်ဆိုတာ အရမ်းရှားသွားပြီ။ အဲဒါကြောင့် ကျွန်တော် ကျူးရှင်မယူဖြစ်တာပါ။

ဒသမတန်းတွင် ကျူးရှင်မယူကြသည့် အဓိကအကြောင်းအရင်းတစ်ခုမှာ ငွေရေး ကြေးရေး အခက်အခဲရှိခြင်း ဖြစ်ပြီး အဌမတန်းကျောင်းသားများ နှင့်နှိုင်းယှဉ်လျှင် ကျောင်းတွင် ကောင်းစွာ သင်ယူလေ့လာပြီး ဖြစ်သောကြောင့် ကျူးရှင်မယူသူ အချိုး သည် ဒသမတန်းတွင် နည်းပါးလှသည်။ ကျူးရှင်မယူရသည့် အကြောင်းရင်းများ နှင့်ပတ်သက်၍ ဖြေကြားရာတွင် ဆင်ခြေဖုံးကျောင်းများရှိ ကျောင်းသားများသည် မြို့ထဲက ကျောင်းသားများထက် ငွေကြေးကြောင့်ဟု ဖြေဆိုသူ ပိုများသည်။

ဇယား (၄.၈) ကျူးရှင်မယူသည့် အကြောင်းရင်းများ (%)

အကြောင်းရင်းများ	စုစုပေါင်း ပမာဏ	အတန်း		ကျား၊ မ		တည်နေရာ	
		အဌမတန်း	ဒသမတန်း	ကျား	မ	မြို့ပြ	ဆင်ခြေဖုံး
အချိန်မရှိသောကြောင့်	၁၅.၇	၁၆.၄	၁၄.၉	၁၂.၉	၁၈.၃	၁၆.၈	၁၄.၁
ငွေကြေးကြောင့်	၃၉.၄	၃၂.၀	၄၇.၄	၄၀.၅	၃၈.၃	၃၁.၄	၅၀.၅
မိဘများကမတက်စေချင်သောကြောင့်	၆.၈	၈.၂	၅.၃	၆.၀	၇.၅	၈.၀	၅.၁
ကျောင်းတွင်ကောင်းစွာ သင်ယူလေ့လာပြီးသောကြောင့်	၄၁.၅	၄၉.၂	၃၃.၃	၄၀.၅	၄၂.၅	၃၆.၅	၄၈.၅
ငွေကြေးသုံးစွဲရန် မသင့်တော်ဟုထင်သောကြောင့်	၂.၅	၃.၃	၁.၈	၄.၃	၀.၈	၁.၀	၃.၆
သူငယ်ချင်းအများစု မတက်ကြသောကြောင့်	၆.၈	၄.၁	၉.၆	၅.၂	၈.၃	၇.၃	၆.၁
အခြား	၈.၁	၉.၀	၇.၁	၁၁.၃	၅.၀	၁၁.၈	၃.၀

အချို့ကျောင်းသားများသည် ကျူးရှင်တက်ရန်မလိုဟု ယူဆသည့်အတွက် ကျူးရှင် မတက်ရောက်ခြင်း ဖြစ်သည်။ ၎င်းတို့အတွက် ကျောင်းတွင်းစာသင်ခန်းဌာ သင်ကြားခြင်းက လုံလောက်နေပြီဖြစ်သည်။ ကျောင်းသားအနည်းစုက ကျောင်းတွင် ၎င်းတို့ ကောင်းစွာ မလိုက်နိုင်သော ဘာသာရပ်များကို ကျူးရှင်ယူကြသည်။ ဥပမာ အနေဖြင့် ကျောင်းသားတစ်ယောက် သည် ပထဝီ၊ သမိုင်း ဘာသာရပ်တို့ကို ကျူးရှင် ယူသော်လည်း ကျောင်းတွင် လုံလောက်သည့် သင်ကြားမှု ရရှိသော မြန်မာစာ၊

အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်တို့ကို ကျူရှင်မယူပါ။ အချို့ကျောင်းသားများသည် မိမိတို့၏ လိုအပ်ချက်များကို ထပ်မံသင်ကြားပေးနိုင်မည့် မိဘ၊ ညီအစ်ကိုမောင်နှမများနှင့် ဆွေမျိုးများ ရှိနေခြင်းကြောင့် ကျူရှင်မယူခြင်းဖြစ်သည်။ ဥပမာအနေဖြင့်

ကျွန်တော်ဆို ကျူရှင်မယူဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အမေက သူ ၁၀ တန်း (ဒသမတန်း) အောင်ကတည်းက နှစ်တိုင်း ကျူရှင်ဆရာမလုပ်လာတာမို့လို့ပါ။ အမေကိုယ်တိုင် သင်ပေးနိုင်လို့ ကျွန်တော့်ကို ကျူရှင်မပို့ဘူး။

အချိန်မလုံလောက်မှုသည်လည်း ကျူရှင်မယူဖြစ်စေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ဥပမာအားဖြင့် နေ့စဉ် ပြင်းပြင်းထန်ထန် ဘောလုံးကန်လေ့ကျင့်နေရသော ကျောင်းသားတစ်ဦးတွင် ကျူရှင်ယူရန် အချိန်မရှိပေ။ ကျူရှင်မယူရသည့် အကြောင်းရင်းများစွာထဲမှ အဌမတန်း ကျောင်းသူတစ်ဦး၏ အောက်ဖော်ပြပါ ခံယူချက်သည် မှတ်သားထိုက်ပေသည်။

ကျွန်မရဲ့အဒေါ်တစ်ယောက်က ကျူရှင်ယူမှ အဌမတန်းစာမေးပွဲ အောင်နိုင်မယ်လို့ ပြောတယ်။ ကျွန်မက ကျူရှင်မယူဘဲ စာမေးပွဲအောင်နိုင်ကြောင်းကို သက်သေပြချင်တာ။

ထိုကျောင်းသူသည် ပြင်ပမှ ဖိအားပေးသော်လည်း အောင်မြင်မှုကို မိမိကိုယ်တိုင် ကြိုးစားခြင်းဖြင့် ရရှိနိုင်ကြောင်း သက်သေထူရန် စိတ်ပိုင်းဖြတ်ထားခြင်းကို ဖော်ပြနေသည်။

၄.၂။ ကျူရှင်သင်ကြားသူများ၊ သင်ကြားသည့်ပုံစံများနှင့်သင်ကြားသည့် နေရာများ

ကျောင်းသားများကို မည်သူ့ထံတွင် ကျူရှင်သင်ယူကြသနည်းဟု မေးမြန်း ပြီး ကျူရှင် သင်ကြားသူအမျိုးမျိုးအနက် မည်သည့်အမျိုးအစားထံမှ ယူကြောင်း အမှန်ခြစ်ရွေးချယ် နိုင်ရန်လည်း စီစဉ်ထားသည်။ ဇယား (၄.၉) ဖော်ပြချက်အရ ပြန်လည်ဖြေဆိုသူများထဲမှ ၁၁.၃% သည် ၎င်းတို့၏ အတန်းပိုင် ဆရာများထံတွင် သင်ယူခဲ့ကြောင်း၊ ၃.၅% သည် ကျောင်းတွင် သင်ကြားသော အခြားဆရာများထံမှ သင်ယူခဲ့ကြောင်းနှင့် ၁၀.၆% သည် အခြားကျောင်းက ဆရာများထံမှ သင်ယူကြောင်းဖြေကြားခဲ့ပါသည်။ ပြင်ပဆရာများဖြစ်သည့် ပင်စင်ယူပြီးသူများနှင့် အလွတ်တမ်း သင်ကြားသူများထံတွင် သင်ယူသူ သုံးပုံ တစ်ပုံနီးပါးခန့် ရှိပြီး ဆရာများ မဟုတ်သော ပြင်ပ သင်ကြားသူများထံတွင် သင်ယူသူများလည်း ထိုပမာဏအတိုင်း ရှိသည်ကို ဖော်ပြထားပါသည်။ ပြင်ပ သင်ကြားသူများဆိုသည်မှာ အခြေခံပညာ အထက်တန်း အောင်မြင်ထားပြီး စာကျက်ရာတွင် ကူညီ လမ်းညွှန်ပေးနိုင်သော ဂိုက်ဆရာများ၊ ကျောင်းအိပ်ကျောင်းစား လက်ခံသော ဘော်ဒါကျောင်းများနှင့် အခြား ကျူရှင်သင်တန်းများမှ သင်ကြားပေးသူများဖြစ်သည်။

ဇယား (၄.၉) ကျူရှင်သင်ကြားသူများ

ကျူရှင်သင်ကြားသူများ	အဌမတန်း		ဒသမတန်း		အဌမတန်းနှင့် ဒသမတန်း	
	အရေအတွက်	ရာခိုင်နှုန်း	အရေအတွက်	ရာခိုင်နှုန်း	အရေအတွက်	ရာခိုင်နှုန်း
ကျွန်ုပ်ကိုကျောင်း၌ စာသင်ကြားသော ဆရာ	၉၄	၁၀.၁	၁၁၅	၁၂.၅	၂၀၉	၁၁.၃
ကျွန်ုပ်ကျောင်းရှိအခြားဆရာ	၂၉	၃.၁	၃၆	၃.၉	၆၅	၃.၅
အခြားကျောင်းရှိဆရာ	၁၀၀	၁၀.၈	၉၆	၁၀.၄	၁၉၆	၁၀.၆
တက္ကသိုလ်ကျောင်းသား	၂၃	၂.၅	၆၂	၆.၇	၈၅	၄.၆
တက္ကသိုလ်ဆရာ	၂၄	၂.၅	၁၁၂	၁၂.၂	၁၃၆	၇.၄
ပြင်ပဆရာ (အငြိမ်းစားဆရာ၊အလွတ်တမ်းဆရာစသည်)	၃၇၄	၄၀.၂	၂၁၅	၂၃.၄	၅၈၉	၃၁.၉
အခြားဆရာ	၂၈၆	၃၁.၀	၂၈၃	၃၀.၈	၅၆၉	၃၀.၈
စုစုပေါင်း	၉၃၀	၁၀၀.၀	၉၁၉	၁၀၀.၀	၁,၈၄၉	၁၀၀.၀

မှတ်ချက်။ ။ကျူရှင်ယူခဲ့လျှင် ကျူရှင်သင်ကြားသူအမျိုးမျိုးကို ဖော်ပြထားသော အကွက်များတွင် မိမိယူသော ကျူရှင်သင်ကြားသူအမျိုးအစားကို အမှတ်ခြစ်ပေးရန် ဖြေဆိုသူများကို တောင်းခံခဲ့ပါသည်။

ကျောင်းသားများ၏ မတူညီသော တုန့်ပြန်ဖြေဆိုမှုတို့ကို ပေါင်းစပ်ဖော်ပြရလျှင် ၂၅.၄% သည် အစိုးရဝန်ထမ်းများ ဖြစ်ကြသော ၎င်းတို့၏အတန်းပိုင်၊ ၎င်းတို့ကျောင်းတွင် သင်ကြားသော ဆရာများနှင့် အခြားကျောင်းတွင် သင်ကြားသော ဆရာများတို့ထံတွင် ကျူရှင်သင်ယူကြသည်။ ထိုအချက်အလက်များသည် နမူနာကောက်ယူထားသော ဆရာများထံမှ ရရှိသည့် အချက်အလက် များနှင့် ဆန့်ကျင်နေသည်ကို တွေ့ရသည် (အခန်း (၅) တွင် ရှု)။ ဖြေဆိုသူ ဆရာများထဲမှ ၄၇.၇% ကသာ ကျူရှင်သင်ကြားသည်ဟု ဖြေကြားခဲ့ကြသည်။ ဤသို့ကွဲပြားရခြင်းမှာ ဖြေဆိုသူ ကျောင်းသားများ၏ ၃၁.၉% က မေးခွန်းလွှာရှိ ဖြေဆိုရန် အကွက်ထဲတွင် ပြင်ပဆရာများ ဖြစ်သော ပင်စင်ယူပြီးနှင့် အလွတ်တမ်း သင်ကြားသူများထံတွင် သင်ယူခဲ့သည်ကို အမှန်ခြစ်ခဲ့သည့် အတွက်ကြောင့်လည်းကောင်း၊ ကျူရှင်အမျိုးအစားခွဲခြားဖော်ပြမှုပေါ်သေချာစွာနားမလည်ခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်သည်။

သုတေသန ကောက်ယူရရှိသော အချက်အလက်များသည် ကျူရှင်ပုံစံအမျိုးမျိုးတို့ကိုလည်း ဖော်ပြနေသည် (ဇယား ၄.၁၀)။ အများဆုံး တွေ့ရသည့် ကျူရှင်ပုံစံများမှာ အုပ်စုငယ်ပုံစံ (၄၀.၄%) နှင့် အုပ်စုကြီးပုံစံ (၅၁.၆%) တို့ ဖြစ်သည်။ ကျောင်းသားအနည်းစုကသာ တစ်ဦးချင်း သို့မဟုတ် ဘော်ဒါဆောင်ကျူရှင်ယူကြ

သည်ကို တွေ့ရသည်။ ထိုအချက်ကပင် ၎င်းသင်ကြားမှုပုံစံ နှစ်မျိုးစလုံးတွင် ကုန်ကျစရိတ် မြင့်မားမှုကို သံသယဖြစ်စရာမလိုအောင် ထင်ဟပ်နေပေသည်။ မြန်မာနိုင်ငံတွင်း အခြားသော ဒေသများထက်စာလျှင် ရန်ကုန်တွင် ဘော်ဒါဆောင်များ၌ သင်ကြားသူ လျော့နည်းနေကြောင်း တွေ့ရသည်။ ထိုသို့လျော့နည်းနေ နိုင်ခြင်းမှာ မြို့တွင်းသွားရေးလာရေး လွယ်ကူသည့် အကြောင်းရင်းကြောင့်တစ်ကြောင်း၊ ဘော်ဒါဆောင်များသည် ကိုယ်ပိုင်ကျောင်းများ အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့သော ကြောင့်တစ်ကြောင်းဖြစ်ပေသည်။[8] ထိုပြင် ရန်ကုန်ရှိ အာဏာပိုင် အဖွဲ့အစည်း များက ၁၉၈၄ ခုနှစ်အက်ဥပဒေအရ ဘော်ဒါဆောင်ဖွင့်ပြီး ကျူရှင်သင်ကြားခြင်းကို ပိုမိုတင်းကြပ်စွာ တားမြစ်ခဲ့သည့် အတွက်ကြောင့် ဖြစ်သည်။

ဇယား (၄.၁၀) ကျူရှင်စာသင်ခန်းများ၏ အရွယ်အစား (%)

	စုစုပေါင်း ပမာဏ	အတန်း		ကျား၊မ		တည်နေရာ	
		အဌမတန်း	ဒသမတန်း	ကျား	မ	မြို့ပြ	ဆင်ခြေဖုံး
တစ်ဦးချင်း	၁၀.၆	၁၁.၀	၁၀.၃	၁၁.၁	၁၀.၁	၁၁.၂	၉.၂
အုပ်စုငယ်	၄၀.၄	၄၁.၁	၃၉.၇	၄၄.၀	၃၆.၅	၄၁.၃	၃၈.၁
အုပ်စုကြီး	၅၁.၆	၅၂.၂	၅၁.၂	၄၈.၂	၅၅.၆	၄၉.၇	၅၇.၀
ဘော်ဒါဆောင်	၄.၇	၂.၄	၆.၇	၅.၆	၃.၅	၄.၃	၅.၈
အခြား	၀.၁	၀.၃	၀	၀.၁	၀.၂	၀.၂	၀

မှတ်ချက်။ ။ရာခိုင်နှုန်း ၁၀၀ ကျော်နေရခြင်းမှာ ဖြေဆိုသူများကို အဖြေအမျိုးမျိုး ရွေးချယ်ခွင့်ပေးထားသောကြောင့် ဖြစ်သည်။

အများဆုံး ကျူရှင်သင်ယူသည့် နေရာမှာ ကျူရှင်စင်တာ[9] ဖြစ်သည်ဟု မေးခွန်းလွှာများကို ဖြေဆိုသူထက်ဝက်ကျော်ခန့်က ဖော်ပြခဲ့ပါသည် (ဇယား ၄.၁၁)။ အထူးသဖြင့် ၃၄.၇%သော အဌမတန်းကျောင်းသားများသည် ဆရာများ၏ နေအိမ်တွင် အများဆုံး ကျူရှင်တက်ကြသည်။[10] ကျောင်းသားအများစု (၇၇.၃%) သည်

---

[8] ဘော်ဒါဆောင်တွင် ကျူရှင်တက်ပါသည်ဟု တင်ပြလာသော ကျောင်းသားများ၏ အချိုးမှာ ၄.၇% ဖြစ်ပြီး ထိုအချက်အလက်သည် ဆရာများ၏ နမူနာခန့်မှန်းချက်ဖြစ်သော ၃.၂% (ဇယား ၅.၄)နှင့် ကိုက်ညီသည်။ ထိုအရေ အတွက်သည် ရန်ကုန်မြို့တွင်း နမူနာဖြစ်ပြီး စစ်ကိုင်းတိုင်း ကလေးမြို့နယ်တွင် ဘော်ဒါဆောင်ကျူရှင်၌ ကျူရှင်သင်ယူသူ နဝမတန်းကျောင်းသားများ၏ နမူနာအချိုး (၆၉.၁%) ရှိသည်ဟု စွန်သဲက တွေ့ရှိခဲ့၍ သိသိသာသာ ကွဲလွဲချက်ဖြစ်စေသည်။ ဤအစီရင်ခံစာကို မှတ်တမ်းတင်သောသူများနှင့် ထိုကိစ္စကို ဆွေးနွေးရာတွင် စွန်သဲက ရန်ကုန်နှင့် ကလေးမြို့ နှစ်မြို့လုံးအတွက်ရရှိသော ကိန်းဂဏန်းတို့ကို ယုံကြည်စိတ်ချရသည်ဟု ယူဆသည်။ ထောက်ပြရမည်ဆိုလျှင် ရန်ကုန် တွင် ဘော်ဒါကျောင်းသားအရေအတွက် နည်းပါးရခြင်းသည် အများပိုင် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းများ ပြေးဆွဲနေခြင်းနှင့် လျှပ်စစ်မီး၊ လမ်းမီးစသည့် အထောက်အပံ့ ရရှိမှုများကြောင့် ညအိပ်ညနေ ကျူရှင်တက်ခြင်းကို လျော့ကျစေပြီး ဘော်ဒါဆောင်ကျူရှင် အများစုက ကိုယ်ပိုင်ကျောင်းများ အဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ခြင်းကြောင့်လည်း ဖြစ်သည်။ တစ်ချိန်ထဲမှာပင် ကလေးမြို့၌ ထိုပုံစံနှင့်သင်ကြားခြင်းသည် ခိုင်မာသည့် နာမည်တစ်ခု ရရှိနေပြီဖြစ်သည့် အတွက် ရေရှည်တည်တံ့နေခြင်း ဖြစ်သည်။

[9] အင်္ဂလိပ်ဘာသာဖြင့် "tutoring centre" ကို မြန်မာဘာသာဖြင့် ကျူရှင်စင်တာ(ကျူရှင်သင်ကြားသည့်နေရာ) ပြန်ဆိုထားသည်။

[10] ကျောင်းသားများနှင့် ဆရာများ၏အိမ်တွင် ကျူရှင်သင်ကြားသည်ဟု လက်ခံရရှိသည့် ကိန်းဂဏန်းနှင့် ဆရာများ တင်ပြသော ကိန်းဂဏန်းတို့ ကွဲလွဲချက်ရှိနေသည် (ဇယား ၅.၄)။ ဆရာများ၏ ခန့်မှန်းချက်မှာ ကျောင်းသားများ၏ ၉.၅% သည် ဆရာများ၏အိမ်တွင် ကျူရှင်ယူပြီး ၇၅.၉% သည် ကျောင်းသားများ၏ အိမ်၌ ကျူရှင် သင်ယူကြသည်ဟု ဖော်ပြထားသည်။

တနလ်ာမှသောကြာထိလည်းကောင်း၊ ၂၉.၆% သည် စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်များတွင်လည်းကောင်း၊ ၇.၄၅% သည် ပိတ်ရက်ရှည်များတွင် လည်းကောင်း ကျူးရှင်တက်ကြသည်ဟု ဖော်ပြထားသည် (ဇယား ၄.၁၂)။

ဇယား (၄.၁၁) ကျူးရှင်သင်သည့်နေရာများ (%)

	စုစုပေါင်း ပမာဏ	အတန်း		ကျား၊မ		တည်နေရာ	
		အဌမတန်း	ဒသမတန်း	ကျား	မ	မြို့ပြ	ဆင်ခြေဖုံး
မိမိ၏အိမ်	၁၂.၂	၁၃.၀	၁၁.၅	၁၂.၂	၁၂.၂	၁၂.၉	၁၀.၅
ဆရာ၏အိမ်	၃၄.၇	၄၃.၄	၂၆.၅	၃၃.၉	၃၅.၆	၃၂.၈	၃၉.၆
ကျောင်း	၂.၁	၂.၀	၂.၂	၂.၂	၂.၀	၁.၁	၄.၇
ကျူးရှင်စင်တာ	၅၃.၂	၄၂.၈	၄၆.၈	၅၃.၇	၅၂.၈	၅၅.၀	၄၈.၆
ဘော်ဒါ	၄.၅	၁.၃	၇.၄	၄.၉	၄.၀	၄.၂	၅.၅
အခြား	၃.၀	၃.၇	၂.၄	၄.၁	၁.၈	၃.၅	၁.၈

ဇယား (၄.၁၂) ကျူးရှင်သင်သည့်အချိန်များ (%)

	စုစုပေါင်း ပမာဏ	အတန်း		ကျား၊မ		တည်နေရာ	
		အဌမတန်း	ဒသမတန်း	ကျား	မ	မြို့ပြ	ဆင်ခြေဖုံး
ပညာသင်နှစ်အတွင်း စနေ၊ တနင်္ဂနွေ	၂၉.၆	၂၀.၉	၃၇.၇	၂၇.၃	၃၂.၂	၂၆.၉	၃၆.၇
ပညာသင်နှစ်အတွင်း တနလ်ာမှသောကြာထိ ကျောင်းဖွင့်ရက်များ	၇၇.၆	၈၁.၉	၇၃.၉	၇၅.၃	၈၀.၀	၇၇.၄	၇၈.၀
ပိတ်ရက်ရှည်များ	၇.၄	၆.၃	၈.၃	၇.၁	၇.၈	၇.၀	၈.၄

နောက်ဆုံးအနေဖြင့် ဇယား (၄.၁၃) တွင် ကျူးရှင်နှင့်ပတ်သက်၍ ကျောင်းအုပ်ကြီးများ၏ သဘောထားများအပေါ် ကျောင်းသားများ၏ အမြင်များကို ဖော်ပြထားသည်။ ကျောင်းသားများကို ၎င်းတို့၏ ကျောင်းအုပ်ကြီးက ကျူးရှင်ယူခြင်းကို အားမပေးပါ၊ ကျူးရှင် လိုအပ်ပါသည်၊ ကျူးရှင်တက်သည်ကိုအားပေးသော်လည်း လိုအပ်သည်ဟုမထင်ပါ၊ ကျူးရှင်ကို လက်ခံပါသည် စသည့်အချက်တို့ကို မေးမြန်းခဲ့ပါသည်။ ထိုသို့မေးမြန်းခဲ့ရာတွင် ကျောင်းသား သုံးပုံတစ်ပုံခန့်က ကျောင်းအုပ်ကြီးအနေဖြင့် ကျူးရှင်လိုအပ်သည်ဟုမြင်ကြောင်း ဖြေဆိုရ၍ အခြားသုံးပုံတစ်ပုံခန့်က ကျူးရှင်ကိုလက်ခံသည်ဟု ဖြေဆိုသည်။ ၂၀.၄% သော ကျောင်းသားများက ကျောင်းအုပ်ကြီး များသည် ကျူးရှင်တက်သည်ကို အားပေးသော်လည်း လိုအပ်သည်ဟုမထင်ကြောင်း ဖြေဆိုသည်။ ၈.၈% မျှကသာ သူတို့၏ ကျောင်းအုပ်ကြီးများက ကျူးရှင်ယူခြင်းကို အားမပေးပါဟု ဖော်ပြသည်။ ၎င်းကိန်းဂဏန်းများကို ထိုကျောင်းရှိ ဆရာများ၏ အမြင်တို့နှင့်လည်း နှိုင်းယှဉ် ဖော်ပြထားသောကြောင့် တူညီသော ကျောင်းအုပ်ကြီးတို့ကိုပင် ရည်ညွှန်းပါသည် (ဇယား ၅.၉)။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဆရာထက်ဝက်ကျော်ခန့်က ကျူရှင်သင်ကြားခြင်းကို ကျောင်းအုပ် ကြီးများက တားမြစ်သည်ဟု ဖော်ပြ၍ ၆.၇% မျှကသာ ကျူရှင်သင်ကြားခြင်းကို ကျောင်းအုပ် ကြီးများက အားမပေးပါဟု ဖြေဆိုသည်။ ထို့ကြောင့် ကျောင်းသားများ၏ ကျောင်းအုပ်အပေါ် သဘောထားနှင့် ဆရာများ၏ ကျောင်းအုပ်အပေါ် သဘောထားတို့တွင် ကွဲလွဲသော သတင်း အချက်အလက် များကို ရရှိခဲ့သည်။

ဇယား (၄.၁၃) ကျူရှင်နှင့်ပတ်သက်၍ ကျောင်းအုပ်ကြီးများ၏ သဘောထားများ အပေါ် ကျောင်းသားများ၏ အမြင်များ

သဘောထားအမြင်	အရေအတွက်	ရာခိုင်နှုန်း
ကျူရှင်ယူခြင်းကို အားမပေးပါ	၁၄၅	၈.၈
ကျူရှင်လိုအပ်ပါသည်	၅၅၂	၃၃.၇
ကျူရှင်တက်သည်ကိုအားပေးသော်လည်း လိုအပ်သည်ဟုမထင်ပါ	၃၃၅	၂၀.၄
ကျူရှင်ကိုလက်ခံပါသည်	၅၂၈	၃၂.၂
မဖြေဆို	၇၉	၄.၈
စုစုပေါင်း	*၁,၆၃၉*	*၁၀၀.၀*

၄.၃။ ကျူရှင်သင်ကြားခြင်း အခန်းကဏ္ဍနှင့် ရွေးချယ်မှုများအပေါ် မိဘများ၏ သဘောထား အမြင်များ

အချို့မိဘများ၏ သဘောထားအမြင်ကို ကျောင်းသားများ၏ ဖြေဆိုမှုမှ တစ်ဆင့်တင်ပြပြီး ဖြစ်ပါသည်။ နောက်လာမည့် အခန်းတွင် မိဘများ၏သဘောထားကို ဆရာ၊ ဆရာမများ၏ အမြင်မှတစ်ဆင့် ဖော်ပြပါမည်။ ယခုလေ့လာမှုတွင် ရှုထောင့်စုံမှ အမြင်များရရှိစေရန် ကျောင်း ရှစ်ကျောင်းရှိ မိဘများထံမှ သဘောထားအမြင်များကိုလည်း တိုက်ရိုက် ကောက်ယူထားပါသည်။ အချို့သဘောထားအမြင်များကို မိမိကိုယ်တိုင် မိဘလည်းဖြစ်ပြီး ပညာရေးနှင့် နီးနွယ်ဆက်စပ်သူများလည်းဖြစ်သူများအား တွေ့ဆုံမေးမြန်းခြင်း၊ တရားဝင်ပုံစံမျိုး မဟုတ်ဘဲ အခြေအနေအမျိုးမျိုးတွင် စကားပြောဆိုခြင်းဖြင့်လည်း မိဘတို့၏ သဘောထားအမြင်ကို သိရှိရသည်။ ယေဘုယျအားဖြင့် မိခင်များသည် ၎င်းတို့ ကလေးများ၏ စာသင်ယူခြင်းနှင့် ၎င်းနှင့်ဆက်နွယ်သော အခြား ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ဆုံးဖြတ်ကြသည်။ ကျောင်းသားများ၏ ဖခင်နှင့် အခြားမိသားစုဝင်များ ဖြစ်သည့်အဒေါ်၊ ဦးလေးနှင့် အဖိုး၊ အဖွားတို့၏အမြင်များမှာလည်း အရေးပါကြသည်။ ဇယား (၃.၅) တွင်ဖော်ပြသကဲ့သို့ ရွေးချယ်ထားသည့် ကျောင်းလေးကျောင်းမှ မိဘ (၁၇) ဦးကို လူတွေ့မေးမြန်းရာတွင် (၁၁) ဦးသည် မိခင်များဖြစ်ပြီး (၆) ဦးသည် ဖခင်များ ဖြစ်သည်။ ထိုမိဘများထဲမှ မိဘ (၈) ဦး၏ကလေးများသည်

အဌမတန်း ကျောင်းသားများဖြစ်၍ (၉) ဦးမှာ ဒသမတန်း ကျောင်းသားများဖြစ်သည်။

ဖော်ပြခဲ့ပြီးသည့်အတိုင်း မိဘများသည် အများအားဖြင့် ၎င်းတို့ကလေးများ ကျူရှင်သင်ယူရန် လိုအပ်သည်ဟု ထင်မြင်ကြသည်။ ၎င်းမိဘများအနေဖြင့် လူမှုပတ်ဝန်းကျင်သည် ယှဉ်ပြိုင်မှု ကြီးမားကြောင်း သိရှိထားသကဲ့သို့ အခြားသူများ၏ သားသမီးများသည်လည်း ထိုအချက်ကို လက်ခံထားသည်ဟု ထင်မြင်ကြသည်။ ထို့ကြောင့် ထိုယှဉ်ပြိုင်မှုတွင် ၎င်းတို့၏သားသမီးများ နောက်ကျကျန်ခဲ့မည်ကို စိုးရိမ်သည်။ အထူးသဖြင့် ရန်ကုန်တွင် အတန်းကြီးများ၌ ကျူရှင်ယူခြင်းသည် ဓလေ့တစ်ခု (တစ်နည်းအားဖြင့်) စံတစ်ခုဟုပင် မိဘများက ထင်လာခဲ့ကြသည်။ ထို့ပြင် ထိုကဲ့သို့သော ယူဆချက်များသည် အတန်းငယ်များတွင်လည်း အတိုင်းအတာတစ်ခုအထိ တွေ့ရှိရသည်။ တစ်ချိန်တည်းမှာပင် ကျူရှင်တက်ရသော ကုန်ကျစရိတ်သည် ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုဟု မိဘများမြင်လာသည်။ လေးထောင့် ဇယားကွက် (၄.၂) တွင် ငွေကြေးကန့်သတ်မှု အတွင်းက တိကျသော ပန်းတိုင်၊ စနစ်ကျသော ဦးတည်ချက်များနှင့် ရည်မှန်းချက်ကို ဖော်ပြနေပြီး၊ အခြားမိဘများ၏ အမြင်နှင့်လည်း တူညီသော လူတွေ့တွေ့ဆုံမေးမြန်းမှုတစ်ခုမှ ကောက်နုတ်ချက်တစ်ခုကို တင်ပြထားပါသည်။

လေးထောင့် ဇယားကွက် (၄.၂) ကျူရှင်အတွက် ကုန်ကျစရိတ်အပေါ် မိဘတစ်ဦး၏ သဘောထား

အင်တာဗျူးမေးသူ။ ။ကျူရှင်နှင့် ပတ်သက်လို့ သင်တို့မိသားစုရဲ့ အတွေ့အကြုံကို ပြောပြပေးနိုင်မလား။

အင်တာဗျူးဖြေဆိုသူ။ ။ဟုတ်ကဲ့ ပြောပြနိုင်ပါတယ်။ အကြီးဆုံးသမီး ၁၀ တန်း (ဒသမတန်း) ကျောင်းသူဘဝမှာ ကျူရှင်မထားနိုင်ခဲ့ဘူး။ မိသားစု စားဝတ်နေရေးအတွက်အတော်ရှုန်းကန်ခဲ့ရပါတယ်။ ဒါပေမဲ့ သမီးက ဥာဏ်ကောင်းတဲ့အတွက် ဆေးတက္ကသိုလ်ဝင်ခွင့် အမှတ်အောက် ရှစ်မှတ်သာ လျော့ပါတယ်။ နယ်မှာ နေထိုင်တာမို့ ဆေးလိုင်းကို အများကြီး မျှော်မှန်းထားခဲ့တယ်။ ဒါနဲ့ သူ့ကို ပထမဦးစားပေးအနေနဲ့ ဆေးကျောင်း၊ ဒုတိယဦးစားပေးအနေနဲ့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ တတိယဦးစားပေးအနေနဲ့ ဆေးဝါးကျွမ်းကျင်၊ နောက် သူနာပြုတက္ကသိုလ်စသဖြင့် လျှောက်ခိုင်းကြည့်ပါတယ်။ သားသမီးတွေကို မိဘထက် ပိုကောင်းမွန်တဲ့ ဘဝတွေ ရစေချင်ပါတယ်။ မိဘတွေဘက်က ပေးနိုင်တဲ့ တန်ဖိုးအရှိဆုံး အရာက သူတို့တွေ ပညာတတ်တွေဖြစ်အောင် လုပ်ပေးနိုင်ဖို့ပါပဲ။ အခု မိဘတွေ ပင်စင်ယူခါနီး ဖြစ်လာလို့ မိသားစုဝင်ငွေကို ထောက်ပံ့ပေးနိုင်ဖို့ သူတို့ကိုယ်တိုင် ကျူရှင်သင်နေပါတယ်။

အင်တာဗျူးမေးသူ။ ။သမီးအတွက် ကျူရှင်က အကျိုးသက်ရောက်မှုရှိခဲ့လား။ အလုပ်ဖြစ်ခဲ့လား။

အင်တာဗျူးဖြေဆိုသူ။ ။ကျွန်မသမီးအတွက် သီးသန့်ကျူရှင်ဝိုင်းတွေ မထားနိုင်ခဲ့ပါဘူး။ သီးသန့်ဝိုင်းက ကျောင်းသားနည်းနည်းနဲ့ ကျူရှင်ခက ဈေးမြင့်ပါတယ်။ သမီး ၁၀ တန်းလောက်က အထူးရှယ်ကျူရှင်တွေက တစ်လ

(၂,၀၀၀)၊ (၃,၀၀၀) ကျပ် လောက်ပေးရတယ်။ ဒါကြောင့် ကျူရှင်လစာ (၅၀၀) ကျပ်နဲ့ ကျောင်းသားဦးရေ (၁၀၀–၂၀၀)လောက်ရှိတဲ့၊ တန်းခွဲလို သင်တဲ့ သာမန်ကျူရှင်တွေကိုပဲ ပို့နိုင်ပါတယ်။

အင်တာဗျူးမေးသူ။ ။ကျူရှင်က ဘယ်လောက်ထိ အကျိုးသက်ရောက်မှုရှိခဲ့ပါသလဲ။

အင်တာဗျူးဖြေဆိုသူ။ ။ကျောင်းပုံမှန်တက်ရင် တက္ကသိုလ်ဝင် စာမေးပွဲကို အောင်နိုင်ပါတယ်။ အောင်ရုံပါပဲ။ ကျူရှင်ရဲ့ပံ့ပိုးမှုကြောင့် သမီးက အမှတ်များများ ရခဲ့ပါတယ်။ အကြီးဆုံးသမီး ၈ တန်း (အဋ္ဌမတန်း) ထိ နယ်မှာနေခဲ့ပြီးကလေးတွေရဲ့ ပညာရေးအတွက် မြို့ကိုပြောင်းခဲ့ပါတယ်။ နယ်ထက် မြို့တွေက ကျူရှင်တွေ ပိုကောင်းလို့ပါ။ မြို့ရောက်တော့လည်း ကျူရှင်ကောင်းကောင်းကိုမပို့နိုင်ပါဘူး။ ကျောင်းသားဦးရေ (၁၀၀–၂၀၀) လောက်နဲ့၊ တန်းခွဲလို သင်တဲ့ ကျောင်းသားအများတက်တဲ့ ကျူရှင်တွေကိုပဲ ပို့နိုင်ပါတယ်။ ဘာသာရပ် ခြောက်ခုစလုံးကိုလည်း ကျူရှင်ယူခိုင်းဖို့ မတတ်နိုင်ပါဘူး။ သူတို့ဦးစားပေး သင်ချင်တဲ့ ရူပဗေဒ၊ ဓာတုဗေဒဘာသာနဲ့ အင်္ဂလိပ်စာကိုပဲ ကျူရှင်ယူပါတယ်။

အင်တာဗျူးမေးသူ။ ။ကျူရှင်ယူခြင်းက ကောင်းမွန်တဲ့ ရင်းနှီးမြှုပ်နှံမှုလား။

အင်တာဗျူးဖြေဆိုသူ။ ။ဟုတ်ပါတယ်။

နမူနာယူထားသည့် ကျောင်းလေးကျောင်းမှ မိဘ (၁၇) ဦးအားမေးမြန်းမှုတွင် ၎င်းတို့ ကလေးများကို ကျူရှင်ပို့သူ ရှစ်ဦးရှိပြီး မပို့သည့်မိဘက ကိုးဦးရှိသည်။ ၎င်းတို့ကလေးများကို ငွေကုန်ကြေးကျခံပြီး ကျူရှင်ပို့ရသည့် အချက်များမှာ စာမေးပွဲဖိအားရှိခြင်း၊ ကျောင်းတွင်း သင်ယူရမှုကို စိတ်ကျေနပ်မှု မရှိခြင်း၊ ကလေးများက မိမိကိုယ်တိုင် မစွမ်းဆောင်နိုင်ဟု ခံစားမိခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် နောက်ကျ မကျန်လိုခြင်း စသည့်အချက်များကြောင့် ဖြစ်ပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် ကျူရှင်မထားသော ကျောင်းသားမိဘများ၏ ပြောကြားချက်တွင် ကျူရှင်မထားရခြင်းမှာ အိမ်မှ ၎င်းတို့ သားသမီးများအပေါ် ကူညီပေးနိုင်သောကြောင့် ဟူ၍လည်းကောင်း၊ ကျူရှင်သည် ဆိုးကျိုးပင် ဖြစ်စေနိုင်သည်ဟုလည်းကောင်း ယူဆကြသည်။ ကျူရှင်၏ ဆိုးကျိုး အနေဖြင့် မိဘတစ်ဦးမှ အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

ကျောင်းသားတွေက ပေါ့ပေါ့လျော့လျော့ ဖြစ်လာပြီး ကျူရှင် သင်ယူခြင်းက လွတ်လပ်တဲ့ သင်ယူမှုများနဲ့ လုံ့လရှိရှိ ကြိုးပမ်းမှုတို့ကို လျော့ကျစေတယ်။ ဒီလို ပေါ့ပေါ့ပါးပါးနဲ့ အတန်းတွေတက်လာပြီး အစိုးရစစ်စာမေးပွဲရှိတဲ့ စတုတ္ထတန်းနဲ့ အဋ္ဌမတန်း ကို ရောက်လာကြတဲ့အခါ အခက်တွေ့လာကြတယ်။ ဆရာတွေဆီက စာမေးပွဲ အတွက် မေးခွန်း အရိပ်အမြွက်တွေကိုသာ မျှော်လင့်ပြီး မှီခိုသင်ယူခဲ့တဲ့ အလေ့ရှိလာခဲ့တဲ့အတွက် ကိုယ့်ကိုကိုယ် အားကိုးနိုင်စွမ်းနည်းပါးလာကြတယ်။

အခြားမိဘများတွင်မူ မတူညီသောအမြင်များ ရှိကြသည်။ ထိုမိဘများအမြင်အရ ကျူးရှင်ဆရာများ၏ သင်ကြား၊ ထောက်ပံ့မှု မရှိဘဲ ကျောင်းသားများသည် ၎င်းတို့ကိုယ်တိုင် မဆောင်ရွက်နိုင်ဟု ယူဆကြသည်။

ကျူးရှင်ဆရာများကို ၄ားရမ်းသင်ကြားသည့် မိဘများထံတွင် ၎င်းတို့သားသမီးများအတွက် ယုံကြည်စိတ်ချရသော ကျူးရှင်ဆရာများဖြစ်ရန် ရွေးချယ်သည့် နည်းလမ်းများကိုလည်း စိတ်ဝင်စားဖွယ် တွေ့ရှိရသည်။ ဤနည်းလမ်းများနှင့် ပတ်သက်ပြီး ဖခင်တစ်ဦးက အောက်ပါ အတိုင်း ရှင်းပြထားပါသည်။

> ကျွန်တော်တို့ရဲ့ ကလေးတွေကို ကျူးရှင်ပို့ဖို့ စီစဉ်တဲ့အခါ ပထမဦးဆုံး ကျူးရှင်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို လေ့လာရပါတယ်။ ကျူးရှင်ဆရာတွေရဲ့ စည်းကမ်းထိန်းသိမ်းမှုနဲ့ အရင်နှစ်တွေက ကျောင်းသားတွေရဲ့ အောင်ချက်ရာခိုင်နှုန်းကို လေ့လာခဲ့ပါတယ်။ အဲဒီ အချက်တွေ လေ့လာပြီးမှသာ ကလေးတွေကို ကျူးရှင်ပို့ပါတယ်။

ကျူးရှင်သင်ယူရန် ကျောင်းသင်ဆရာများကို ချဉ်းကပ်ခဲ့ဖူးပါသလားဟု မေးမြန်းသည့်အခါ မိဘနှစ်ဦးဆီမှသာ ဝန်ခံသော တုံ့ပြန်မှုကို ရရှိခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ လူတွေ့မေးမြန်းရန် ခေါ်ယူခဲ့သည့် မိဘများသည် ကျောင်းမှ စီစဉ်ပေးထားသူများ ဖြစ်နိုင်ပေသည်။ ၎င်းတို့ထဲမှ နှစ်ယောက်ကမူ ကျောင်းသင်ဆရာများအား ကျူးရှင်သင်ကြားခွင့် ပိတ်ပင်ထားကြောင်းကို သိရှိထားသူများ ဖြစ်သည်။ သို့သော် ထိုကဲ့သို့ အမှန်အတိုင်း ဝန်ခံသည့် မိဘနှစ်ဦး ရနိုင်ခြင်းကပင် စိတ်ဝင်စားစရာ ဖြစ်သည်။ မိဘတစ်ဦးက သမီးဖြစ်သူ သင်္ချာကျူးရှင်ယူရန် ဆရာများထံ စုံစမ်းရသည့် အကြောင်းမှာ သင်္ချာပုစ္ဆာများ ဖြေရှင်းတွက်ချက်နည်းများ တူညီစေလိုရ၍ဟု ဆိုပါသည်။

> ကျောင်းသားတွေက ကျောင်းမှာ သင်ပေးတဲ့ပုံစံအတိုင်း မတွက်ဘဲ အခြားတွက်နည်းတွေနဲ့တွက်ရင် စာမေးပွဲအမှတ် လျှော့ပစ်လေ့ရှိပါတယ်။ ဒါကြောင့် ကျောင်းနဲ့ကျူးရှင်မှာ သင်နည်း တစ်မျိုးတည်းနဲ့ တွက်ချက် လေ့ကျင့်နိုင်ဖို့အတွက် သမီးကို သင်တဲ့ ကျောင်းကဆရာကိုပဲ ကျူးရှင်သင်ဖို့ ကျွန်တော် ခေါ်လိုက်ရပါတယ်။ ကျောင်းနဲ့ကျူးရှင်မှာ သင်နည်းတစ်မျိုးတည်း နဲ့ တွက်ချက်တတ်စေဖို့ ဖြစ်စေပါတယ်။

အခြားမိဘတစ်ဦးထံမှလည်း အနည်းငယ် ကွဲပြားသည့် အချက်များကို လေ့လာတွေ့ရှိရပါသည်။ သူမ၏ပြောပြချက်အရ ကျောင်းချိန်အတွင်း ဆရာများသည် အကြမ်းဖျင်းသဘောမျှသာ သင်ကြား သော်လည်း ကျူးရှင်ချိန်တွင် စာမေးပွဲ၌ အရေးကြီးသော အခန်းများကို သေသေချာချာ သင်ကြားပေးသည်ဟု ဆိုပါသည်။

> ကျွန်မသမီးငယ်ငယ်တုန်းက ကျောင်းကဆရာမဆီမှာ ကျူးရှင် မယူခဲ့လို့ သမီးရဲ့ မပြောပလောက်တဲ့ အမှားက သူ့အဆင့်ကို အဆင့် ၁ ကနေ အဆင့် ၂ လျှော့သွားခဲ့တယ် ...။

ယေဘုယျအားဖြင့် အထက်တွင်ဖော်ပြခဲ့သော တွေ့ဆုံမေးမြန်းခံရသူနှစ်ဦးကဲ့သို့ပင် လက်ရှိကျောင်းမှ ဆရာများထံတွင် ကျူးရှင်သင်ကြားခြင်းသည် အန္တရာယ်ဖြစ်နိုင်ခြေများခြင်းထက် အကျိုးကျေးဇူး ပိုများသည်ဟု လက်ခံထားကြသည်။ ထိုအကျိုးကျေးဇူးများမှာ သင်ခန်းစာကို ဆရာတစ်ဦးတည်းနှင့် ထပ်မံ သင်ယူနိုင်

သည့် အခွင့်အလမ်းရရှိခြင်း၊ လေ့ကျင့်နိုင်သည့် အခွင့်အလမ်းကောင်းများ ပိုမို ရရှိခြင်းနှင့် ကျူးရှင်တက်သည့်အခါ ဆရာနှင့် ကျောင်းသားများ ပို၍ ရင်းနှီးသွား စေခြင်းတို့ဖြစ်သည်။ ထို့အပြင် ကျောင်းမှဆရာများထံတွင် ကျူးရှင်တက်ခြင်းသည် ပြင်ပဆရာများထက် ကျူးရှင်လခ သက်သာပြီး ပို၍လုံခြုံစိတ်ချရသည်။ မိဘများ ကလည်း ကျောင်းရှိဆရာများထံတွင် ကျူးရှင်သင်ကြားရခြင်းသည် ပို၍စိတ်ချရ မှုရှိသည်ဟု ယုံကြည်ကြသည်။ မေးမြန်းခဲ့သော မိဘ (၁၇) ဦးထဲမှ (၃) ဦးကသာ ကျောင်းရှိ ဆရာများထံတွင် ကျူးရှင်တက်ခြင်းက မျက်နှာလိုက်မှုနှင့် မမျှတမှု ပြဿနာများ ရှိနိုင်ကြောင်း ဖော်ပြခဲ့ကြသည်။

၄.၄။ အနှစ်ချုပ်နှင့် နိဂုံး

ဤအခန်းတွင် ကျောင်းသားနှင့် မိဘတို့၏ ကျူးရှင်သင်ယူခြင်းအပေါ် သဘောထား အမြင်များမှာ အတိုင်းအတာ တစ်ခုထိ တူညီနေသဖြင့် အတူတကွ တင်ပြထားပါသည်။ အတန်းငယ်စဉ်တွင် ကလေးထက် မိဘများ၏ သဘောထားဖြင့် ကျူးရှင်ယူသင့်၊ မယူသင့်ကို ဆုံးဖြတ်တတ်ကြသည်။ ကလေးကြီးပြင်းလာချိန်တွင် ထိုဟန်ချက် ပြောင်းလဲလာပြီး ဤသုတေသန၏ အဓိကအတန်းများဖြစ်သော အဋ္ဌမတန်းနှင့် ဒသမတန်းတို့တွင်ပင် ယေဘုယျအားဖြင့် ကျောင်းသား နှင့် မိဘ ပူးပေါင်း၍ ဆုံးဖြတ်ကြသည်။

ဤသုတေသန၏ အရေအတွက်စံထားတိုင်းတာမှုများအရ ခြုံငုံသုံးသပ်ကြည့်သောအခါ ကျောင်း (၈) ကျောင်းမှ နမူနာယူထားသော ကျောင်းသား များကြားတွင် ကျူးရှင်ယူနှုန်းအလွန် မြင့်မားခဲ့သည်။ ကျောင်းသားများကို ပညာရည် စွမ်းဆောင်နိုင်မှုအလိုက် အတန်းခွဲထားသော ကျောင်း (၃) ကျောင်းတွင် အများ အားဖြင့် ထူးချွန်သော တန်းခွဲများသည် ကျန်အတန်းများထက် ကျူးရှင်ယူနှုန်း ပိုမိုမြင့်မားသည်ကို တွေ့ရှိရသည်။ ထိုသို့ ကျူးရှင်ယူရသည့် အကြောင်းရင်းနှင့် ကျူးရှင်၏ အကျိုးသက်ရောက်မှု ပုံစံများသည် ကမ္ဘာပေါ်ရှိ အခြားသော တိုင်းပြည် များတွင် ကြုံတွေ့ခဲ့ရသော ပုံစံများနှင့်လည်း တူညီနေသည်ကို တွေ့ရှိရပေသည် (ဘရေးနှင့် သုတေသီများ၊ ၂၀၁၄၊ စာ–၃၁ တွင် ရှု)။ ကျူးရှင်ယူမှု အများဆုံး ဘာသာရပ်မှာ အများအနည်းအားဖြင့် သချာ်၊ အင်္ဂလိပ်စာနှင့် မြန်မာစာတို့ဖြစ်ပြီး အဋ္ဌမတန်းထက် ဒသမတန်းတွင် ကျူးရှင် ပိုယူကြသည်။ ကျူးရှင်ယူရခြင်းသည် အိမ်ထောင်စုများအတွက် ငွေကြေးအခက်အခဲ ဖြစ်စေကြောင်းကို အများအားဖြင့် လက်ခံထားကြသည်။ ကျောင်းသား (၁၁.၃%) တို့သည် ကျူးရှင်ယူခြင်းကို လေးလံ သော ဝန်ထုပ်ဝန်ပိုးတစ်ခု အနေဖြင့် ခံစားရသည်။ သို့သော်လည်း ကျူးရှင်သည် ကျောင်းသင်ခန်းစာ အတွက်သာမက အိမ်တွင် မရရှိနိုင်သော လေ့လာ မှု ပတ်ဝန်းကျင်ကိုပါ အထောက်အပံ့ပေးသည်ဟု ခံယူကြကြောင်း လေ့လာတွေ့ ရှိရသည်။ သင်ယူမှုရလဒ်ကို စာမေးပွဲ ရမှတ်ဖြင့်သာ အဓိက တိုင်းတာသည့်အတွက် NESP နှင့် ပညာရှင်များ မျှော်လင့်ထားသည့် ကြီးမားကျယ်ပြန့်သော မျှော်မှန်းချက် များနှင့် ကိုက်ညီမှု မရှိပေ။ ထိုမျှော်မှန်းချက်တို့ကို မည်ကဲ့သို့ အောင်မြင်နိုင် မည်ဆိုသည်ကိုမူ မေးစရာမေးခွန်းတစ်ခုအနေဖြင့် ကျန်ရှိနေဆဲပင် ဖြစ်သည်။

သို့သော်လည်း အချို့သော ကျောင်းသားများသည် ကိုယ်ပိုင်ယုံကြည်ချက် ရှိကြပြီး ၎င်းတို့မိသားစုများ အနေဖြင့် ကျူရှင်ယူရန် တတ်နိုင်သည့်တိုင် ကျောင်းတွင် သင်ယူခြင်းဖြင့် လုံလောက်သည့် အောင်မြင်မှုကို ရရှိနိုင်သည်ဟု ယုံကြည်သူများလည်းရှိပါသည်။

ကျူရှင်သင်ကြားသူများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းသည့်အခါ ကျောင်းသား (၂၂.၄%) က ၎င်းတို့ကျောင်းနှင့် အခြားကျောင်းမှ ဆရာများထံတွင် လည်းကောင်း၊ ၃၁.၉% က ပြင်ပဆရာများ ဖြစ်သည့် ပင်စင်စားများနှင့် အလွတ်တမ်းသင်ကြားသူများထံတွင်လည်းကောင်း၊ ၃၀.၈% ခန့်သည် အခြားသူများထံတွင်လည်းကောင်း ကျူရှင်ယူကြကြောင်း ဖော်ပြခဲ့သည်။ ကျူရှင်သင်ယူမှုပုံစံ အမျိုးမျိုးခွဲခြားမှု၏ နောက်ဆုံးအမျိုးအစားမှာ ဒသမတန်းအောင်မြင်ပြီး ကျောင်းသားများ၊ ဘော်ဒါဆောင်များရှိ ကျူရှင်ဆရာများဖြစ်သော ဂိုက်ဆရာများထံတွင် သင်ယူခြင်းပင်ဖြစ်သည်။ ကျူရှင်သင်ယူမှု အများဆုံးအမျိုးအစားအနေဖြင့် ၅၁.၈% သည် အုပ်စုကြီးပုံစံဖြင့် သင်ယူကြပြီး ၄၀.၄% သည် အုပ်စုငယ် ပုံစံဖြင့် သင်ယူသည်ကို တွေ့ရှိရသည်။ ၁၀.၆% မျှလောက်သာ တစ်ဦးချင်း သင်ယူကြ သည်ကို တွေ့ရှိရသည်။

ကျောင်းသားများနှင့် မိဘတို့၏ သဘောထားအမြင်များအရ ကျူရှင် သင်ကြားခြင်းသည် အများလက်ခံလာသော စံတစ်ခုအနေဖြင့်လည်းကောင်း၊ မရှိမဖြစ်လိုအပ်သော ရင်းနှီးမြှုပ်နှံမှု အနေဖြင့်လည်းကောင်း မြင်လာသည်။[ii] သို့သော်လည်း ကျောင်းသားတစ်ဦးချင်းစီနှင့် ၎င်းတို့ မိသားစုများ၏ ရည်မှန်းချက်များ၊ ကိုယ်ရည်ကိုယ်သွေးနှင့် အခြေအနေ အကြောင်းတရားတို့ပေါ် မူတည်ပြီး ကွဲပြားမှုများဖြစ်လာသည်။ နောက်လာမည့်အခန်းတွင် ဖော်ပြထားသည့်အတိုင်း ကျူရှင် သင်ကြားခြင်းအပေါ် မတူညီသော သဘောထားအမြင်ကွဲလွဲမှုများကို ဆရာများ၏ သဘောထား၊ ၎င်းတို့၏ ကျွမ်းကျင်မှုအားဖြင့်လည်း အတိုင်းအတာတစ်ခုအထိ ရှင်းပြနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ကျောင်းသင်ပညာရေးတွင် ကြုံတွေ့ရသော အားနည်းချက်များအပေါ် ဆုံးဖြတ်သုံးသပ်ချက်များ သည်လည်း ရှုပ်ထွေးလှသည့် ပြဿနာများဖြစ်ပေသည်။ ထို့သို့ရှုပ်ထွေးလှသော အကြောင်းတရားများကို ဖြေရှင်းရန်အတွက် ပညာရေးနှင့် နီးနွယ်ဆက်စပ်သူများသည် ပြည်သူလူထုနှင့် တွေ့ဆုံကာ လူထုအသံကိုလည်း နားထောင်ရန် လိုအပ်သည်။ ဤအကြောင်းကို ယခုစာအုပ်၏ နောက်ဆုံးအခန်းတွင် ဖော်ပြထားပါသည်။

[ii]ဤလေ့လာ တွေ့ရှိမှုက ဥမ္မာတင်နှင့် စတန်နီတို့ (၂၀၁၅) ခုနှစ်တွင် ရေးသားခဲ့သည့် စာအုပ် စာမျက်နှာ (၁၂) တွင်ဖော်ပြထားသော စာသားများကို ကိုးကားထားခြင်း ဖြစ်သည်။ "အစိုးရကျောင်းတွင် တက်ရောက်နေသော ကျောင်းသား အားလုံးနီးပါးသည်လည်း ကျူရှင်ပုံစံ အမျိုးမျိုးတွင် တက်ရောက်နေကြသည်။ ထိုအတန်းများအတွက် ဆရာများက အပိုဝင်ငွေရရန် အခကြေးငွေယူကြပြီး ကျူရှင်တက်လျှင် စာမေးပွဲအောင်မည်ဟူသော သဘောဖြင့် အတန်းတက်စေသည်။"

အခန်း ၅
ဆရာများ၏ သဘောထားအမြင်များ

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP) တွင် မြန်မာအစိုးရ (မြန်မာ၊ ၂၀၁၆၊ စာ–၆၉) က ဆရာများ၏ အရေးပါမှုကို အောက်ပါအတိုင်း မီးမောင်းထိုးပြထားသည်။

> အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အမျိုးသားပညာရေးစနစ်၏ အဆင့်အားလုံးရှိ ပညာရေးစီမံခန့်ခွဲသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာများ၏ လုပ်ငန်းဆောင်ရွက်ပုံများ ပြောင်းလဲရန် လိုအပ်ပါသည်။ ဆရာများ၏ လုပ်ငန်းဆောင်ရွက်ပုံများ ပြောင်းလဲမှုဆိုရာတွင် ယခင်လုပ်ဆောင်ချက်နှင့် မတူညီသော ဆောင်ရွက်မှုကိုဆိုလိုခြင်းဖြစ်သည်။ ... အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်းပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြမည့် သူများမှာ ကျောင်းများနှင့် ပညာသင်ယူရာ ဌာနများအားလုံးမှ ဆရာများပင်ဖြစ်ပါသည်။

ကျူရှင်သင်ကြားမှုအပေါ် ဆရာများ၏ သဘောထားအမြင်များသည် အရေးကြီးပေသည်။ အကြောင်းမှာ ဆရာများသည် (မိမိတို့ကျောင်းသားများနှင့်/သို့မဟုတ် အခြားဆရာများ၏ ကျောင်းသားများကို) ကျူရှင်သင်ကြားတတ်ကြသည့်အပြင် ကျူရှင်သင်ကြားမှုသည် အတန်းတွင်း လုပ်ကိုင်ဆောင်ရွက်မှုများကို ပြောင်းလဲပစ်နိုင်သောကြောင့် ဖြစ်သည်။ ကျူရှင်သင်ကြားခြင်းသည် သင်ယူမှုနှေးသော ကျောင်းသားများကို အထောက်အကူဖြစ်စေနိုင်သဖြင့် အတန်းတွင်း ကွာဟမှုများ ကို လျှော့ချပေးနိုင်သည်။ သို့ရာတွင် စာတော်သော ကျောင်းသားများ စာပိုတော်လာအောင် ကူညီပေးခြင်းဖြင့် ကွာဟမှုများကိုလည်း တိုးလာစေနိုင်သည်။ ထို့ပြင် အခန်း (၁) တွင် တင်ပြခဲ့သည့် အတိုင်း ကျောင်းသားများသည် မိမိတို့၏ ကျူရှင်ဆရာများထံမှ ဘာသာရပ်များကို ကြိုတင်သင်ယူသည့်အခါ ပုံမှန်ကျောင်းသင်ခန်းစာများ သင်ကြားနေစဉ်အတွင်း ငြီးငွေ့သွားနိုင်သည်။ ထို့မျှသာမက ကျောင်းသားများဘက်မှ ရွေးချယ်မှုမပြုရဘဲ သတ်မှတ်ပေးထားသည့်အတိုင်း သင်ပြစေသည့် ကျောင်းမှဆရာများထက်စာလျှင် ကျောင်းသားများဘက်မှ ရွေးချယ်မှုပြုရပြီး အခကြေးငွေလည်းပေးဆောင်ရသော ကျူရှင်ဆရာများကို ၎င်းတို့က ပို၍လေးစားတတ်ကြသည်။ သို့သော် ကျောင်းသားများ စာမေးပွဲတွင် ကောင်းစွာ ဖြေဆိုနိုင်လျှင် ဆရာများနှင့် ၎င်းတို့၏ ကျောင်းများ အပါအဝင် ပတ်သက်ဆက်နွယ်သူများစွာက မိမိတို့ကြောင့် ထိုသို့ အောင်မြင်သည်ဟူ၍ ဂုဏ်ယူတတ်ကြသည်။

ဤအခန်းတွင် ဆရာများက မည်သည့်အတိုင်းအတာထိ ကျူရှင်သင်ကြားသည်ဟူသော အချက်နှင့် စတင်ပြီး ကျူရှင်သင်ခြင်း၊ သို့မဟုတ် မသင်ခြင်းတို့အတွက် သူတို့ပြောသော အကြောင်းပြချက်များနှင့် စတင်ဖွင့်လှစ်ထားသည်။

ထို့နောက် ကျူးရှင်သင်သော ဆရာများက သင်သည့် ကျူးရှင်ပုံစံများ နှင့် ထိုဆရာများ၏ အချိန်ဇယား၊ သင်ပေးသည့် အကြောင်းအရာများနှင့် ကျူးရှင်ဆရာများအဖြစ် ၎င်း၏အခန်းကဏ္ဍကိုဆက်လက်တင်ပြပါမည်။ နောက်ပိုင်းတွင် မိမိတို့ ကျောင်းအုပ်ကြီးများ၏ ကျူးရှင်သင်ကြားမှုအပေါ် သဘောထားများနှင့်ပတ်သက်၍ ဆရာများ၏ အမြင်များကို တင်ပြထားပါသည်။ ဆက်လက်၍ ဆရာများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖွဲ့အစည်းများအပေါ် အမြင်များနှင့်ပတ်သက်၍ မှတ်ချက်များကို တင်ပြထားပြီး နောက်ဆုံးပိုင်းတွင် အနှစ်ချုပ်နှင့် နိဂုံးတို့ကို တင်ပြထားသည်။

၅.၁။ ကျူးရှင်သင်ခြင်း (မသင်ခြင်း) အတွက် အတိုင်းအတာနှင့် အကြောင်းရင်းများ

သုတေသနမေးခွန်းလွှာစစ်တမ်းကို ဆရာ (၃၃၁) ဦးက ဖြေဆိုခဲ့ကြောင်း အခန်း (၃) ပါ ဇယား (၃.၃) တွင် ညွှန်ပြထားသည်။ ဖြေဆိုသော ဆရာများအနက် ၁၅၈ ဦး (၄၇.၇ %) က ကျူးရှင်သင်ကြောင်း ဖော်ပြထားသည်။ ဤဆရာအားလုံးက 'ကျောင်းသားများ စာပိုတော်လာအောင် ကူညီပေးရန် (ဇယား ၅.၁) ဤသို့ ကျူးရှင်သင်ကြားရခြင်းဖြစ်ကြောင်း ဖော်ပြကြသည်။ ဆရာ (၁၅၈) ဦးအနက် အများစုက 'မိဘများ၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးရန် (၉၂.၅%)၊ 'သင်ကြားမှုအတွေ့အကြုံ ပိုမိုရရှိရန် (၉၂.၅%)၊ အပိုဝင်ငွေရရှိရန် (၉၁.၁%) နှင့် 'စာမေးပွဲအတွက် ကျောင်းသားများကို ပြင်ဆင်ပေးရန် (၈၂.၆%) စသော အကြောင်းရင်းများကြောင့် ကျူးရှင်သင်ကြားကြောင်း ဖော်ပြကြသည်။ ဆရာ (၁၅၈) ဦးအနက် အနည်းစုဖြစ်သော်လည်း အရေအတွက် ထက်ဝက်ကျော် (၅၈.၆%) ရှိသည့် ဆရာများက 'ကျောင်းသားဦးရေ ပိုနည်းသော အတန်းတွင် သင်ပြခွင့်သည် ၎င်းတို့ ကျူးရှင်သင်ရသည့် အကြောင်းရင်းတစ်ခုဖြစ်ကြောင်း ဖြေကြားခဲ့သည်။ ဆရာတစ်ဦးကမူ 'သင်ပြမှုများများ လုပ်ရလေ များများသင်ယူဖြစ်လေပါပဲ'ဟူ၍ ပြောခဲ့သည်။ သူကထပ်၍ ပြောသည်မှာ ကျူးရှင်သင်ကြားရာတွင် အသုံးပြုသော အပိုစာအုပ် စာစောင်များသည် သူ၏ သင်ကြားမှုစွမ်းရည်များ တိုးတက်ကောင်းမွန်စေအောင် ကူညီပေးခဲ့သည်ဟူသောအချက် ဖြစ်သည်။ သင်ယူမှု၏ အဓိပ္ပာယ် ဝေဝါးနေပုံရသော်လည်း သင်ယူမှုမှ အကျိုးဖြစ်ထွန်းရရှိ စေသည်ဟူသော အပြုသဘောဆောင်သည့် ရပ်တည်ချက်ကို မှတ်သားထိုက်ပေသည်။

ဇယား (၅.၁) ဆရာများ ကျူရှင်သင်ကြားရသည့် အကြောင်းရင်းများ (%)

အကြောင်းပြချက်များ	လွန်စွာ သဘောမတူ	သဘောမတူ	သဘောတူ	လွန်စွာ သဘောတူ	သဘောမတူ စုစုပေါင်း	သဘောတူ စုစုပေါင်း
ကျွန်ုပ်တွင်အပိုဝင်ငွေရရန်	၂.၈	၆.၂	၇၄.၅	၁၆.၆	၉.၀	၉၁.၁
ကျောင်းသားများပိုမိုနားလည်တတ်မြောက်စေရန်	၀.၀	၀.၀	၆၉.၂	၃၀.၈	၀.၀	၁၀၀.၀
သားသမီးများကိုအချိန်ပိုသင်ကြားပေးရန်မိဘများ၏ တောင်းဆိုမှုကို ဖြည့်ဆည်းပေးရန်	၃.၄	၄.၁	၆၇.၈	၂၄.၇	၇.၅	၆၂.၅
ကျောင်းသားများကိုစာမေးပွဲအတွက်ပြင်ဆင်ပေးရန်	၅.၆	၁၁.၈	၆၀.၄	၂၂.၂	၁၇.၄	၈၂.၆
ကျောင်းသားဦးရေပိုနည်းသည့်အတန်းတွင်သင်ပြရန်	၁၃.၆	၂၇.၉	၅၀.၀	၈.၆	၄၁.၅	၅၈.၆
သင်ပြမှုအလေ့အကျင့်ပိုမိုရရှိစေရန်	၁.၄	၆.၂	၆၃.၇	၂၈.၈	၇.၆	၉၂.၅

မှတ်ချက်။ ။ဤအချက်အလက်များသည် ကျူရှင်သင်ကြားသည်ဟု ဖော်ပြထားသော ဆရာ (၃၃၁) ဦးအနက် (၁၅၈) ဦးထံမှ တုံ့ပြန်ဖြေဆိုချက်များ ဖြစ်သည်။

တွေ့ဆုံမေးမြန်းခံရသည့် ဆရာများက စီးပွားရေးအကျိုးအမြတ်သည် ကျူရှင်သင်ကြားရခြင်းအတွက် အဓိကအကြောင်းရင်းတစ်ခု ဖြစ်ကြောင်း တူညီစွာ ဖြေဆိုခဲ့ကြသည်။ တွေ့ဆုံမေးမြန်း ခံရသူတစ်ဦး၏ အမြင်အရ 'အစိုးရကျောင်းတစ်ကျောင်းတွင် ဆရာဖြစ်ခြင်းသည် အလွတ်တမ်းဆရာ ဖြစ်ခြင်းထက် ငွေရရန် အခွင့်အလမ်း ပိုမိုရရှိသည်' ဟူ၍ ဆိုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကျောင်းသည် ဆရာကိုယ်တိုင်က မိမိကိုယ်ကိုယ် ကြော်ငြာနိုင်သည့် နေရာတစ်ခု ဖြစ်နေသောကြောင့်ဟုဆိုပါသည်။ တွေ့ဆုံမေးမြန်းခံရ သူများ အလေးပေးပြောဆိုသည့် နောက်ထပ် အဓိက အကြောင်းပြချက်မှာ မိဘများ၏ တောင်းဆိုမှုများကို တုံ့ပြန်ဖြည့်ဆည်းမှု ဖြစ်သည်။ တွေ့ဆုံ မေးမြန်းခံရသူများအနေဖြင့် ဆရာများ ကျူရှင်သင်ကြားခြင်းကို မမက်မောရအောင် အစိုးရက လစာတိုးပေးသင့်သည် ဆိုသော်လည်း ထိုသို့လစာတိုးမြှင့်ခြင်းသည် 'သားသမီးများအပေါ် ရည်မှန်းချက် အလွန်ကြီးမားသော မိဘများထံမှ ကျူရှင်သင်ပေးရန် တောင်းဆိုမှုကို လျော့နည်း စေမည် မဟုတ်ဟု' ထင်မြင်ယူဆကြသည်။

ပင်မနမူနာနှင့် ဖြည့်စွက်နမူနာတို့မှ တွေ့ဆုံမေးမြန်းခံရသည့် ဆရာ (၄၅) ဦးအနက် ထက်ဝက်ကျော် (၅၃.၃%) က ၎င်းတို့သည် တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အုပ်စုငယ်ပုံစံဖြင့်ဖြစ်စေ ကျူရှင်သင်ကြကြောင်း ဖြေဆိုကြသည်။ ဆရာအချို့သည် ဘော်ဒါဆောင်များတွင် အချိန်ပိုင်းအဖြစ် ကျူရှင်သင်ကြားကြပြီး အချို့မှာ *ဝိုင်း* (အုပ်စုငယ်) ပုံစံဖြင့် သင်ကြားကြသည်။ ဆရာအချို့သည် ကျောင်းနှင့် ကျူရှင်တို့တွင် မတူညီသော ဘာသာရပ်များကို သင်ပြပေးသည်။ ဥပမာအားဖြင့် ကျောင်းတွင် ဒသမတန်း ဘောဂဗေဒဘာသာရပ်ကို သင်ပြသော်လည်း ကျူရှင်တွင် မြန်မာစာကို

သင်ပြနေသည်။ တွေ့ဆုံမေးမြန်းသူက ဤသို့သော ဆရာသည် ပညာရေးကောလိပ် သို့မဟုတ် ပညာရေးတက္ကသိုလ် တက်ရောက်စဉ်က မည်သည့်ဘာသာရပ်များကို အထူးပြုလေ့လာခဲ့ကြောင်း မမေးမြန်းခဲ့ပေ။ ဆရာများသည် အထူးပြုဘာသာရပ် နှစ်ခုတွဲယူသည်မှာ တွေ့ရှိးတွေ့စဉ် ဖြစ်သဖြင့် ထိုဆရာအနေဖြင့် ဘာသာရပ်နှစ်ခု လုံးကို အဓိကဘာသာရပ်များအဖြစ် လေ့လာသင်ယူခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။ မည်သို့ဆိုစေ ထိုဆရာက မြန်မာစာကို ကျူရှင်သင်ရန် ရွေးချယ်လိုက်ခြင်းသည် စာမေးပွဲဖိစီးမှုကြောင့် အဆိုပါဘာသာရပ်ကို သင်ကြားပေးရန် တောင်းဆိုမှုများပြီး ကျူရှင်လခ ပို၍ တောင်းခံနိုင်ခြင်းကြောင့် ဖြစ်နိုင်သည်။

အရေအတွက်စံထားစစ်တမ်းကောက်လေ့လာမှုမှ စုစုပေါင်းနမူနာ၏ ၅၂.၃% ပါဝင်သော ကျူရှင်မသင်သူ ဆရာ (၁၇၃) ဦးအနက် ၆၈.၃% က စည်းမျဉ်းဥပဒေများအရ ထိုသို့ မလုပ်ဆောင်ခြင်းဖြစ်ကြောင်း နှင့်/သို့မဟုတ် ၆၄.၅% က ကျင့်ဝတ်ပိုင်းဆိုင်ရာ စဉ်းစားဆင်ခြင် မှုများကြောင့်ဟု ဆိုကြသည်။ ၆၅.၇% က မိသားစုကိစ္စများကြောင့်သော်လည်းကောင်း၊ ၆၃.၇% က ကျောင်းမှ အလုပ်တာဝန်များကြောင့်သော်လည်းကောင်း အလုပ်များသောကြောင့်ဟု တင်ပြ ကြသည်။ ၎င်းဆရာများအနက် ၂၀.၇% ကသာ အစိုးရကျောင်းများမှ လုံလောက်သောလစာ ရရှိသဖြင့် ကျူရှင်မသင်ကြကြောင်း (ဇယား၅.၂) ဖော်ပြကြသည်။ အံ့သြစရာကောင်းသည့် အချက်မှာ ဆရာသုံးပုံနှစ်ပုံကသာ စည်းမျဉ်းဥပဒေများကို ရည်ညွှန်းပြောဆိုခဲ့ခြင်းပင် ဖြစ်သည်။ ဤစည်းမျဉ်း ဥပဒေများသည် စာရွက်ပေါ်တွင်မူ ပြင်းထန်သည်မှာ အမှန်ပင်ဖြစ်သည်။ ဆရာများ၏ အမြင်များအရ ထိုစည်းမျဉ်းဥပဒေများကို လျစ်လျူရှုမှုများစွာ ရှိနေပြီး ဆရာများ လစာနည်းပါးသည့် အနေအထားတွင် ၎င်းတို့ကို လျစ်လျူရှုသူများကိုလည်း စာနာနားလည်ပေး လောက်သည်ဟူသော လက်တွေ့ကျသော သိမြင်နားလည်မှုကို ဖော်ညွှန်း နေပေသည်။

ဇယား (၅.၂) ကျူရှင်မသင်ကြားခြင်းအတွက် ဆရာများ ထုတ်ဖော်ပြောကြားသော အကြောင်းရင်းများ (%)

အကြောင်းပြချက်များ	လွန်စွာ သဘောမတူ	သဘောမတူ	သဘောတူ	လွန်စွာ သဘောတူ	သဘောမတူ စုစုပေါင်း	သဘောတူ စုစုပေါင်း
မိသားစုကိစ္စ အလုပ်များခြင်း	၁၁.၃	၂၂.၇	၄၉.၆	၁၆.၃	၃၄.၀	၆၅.၉
ကျောင်းတွင် စာသင်၍ အလုပ်များခြင်း	၁၄.၅	၂၁.၈	၅၀.၀	၁၃.၇	၃၆.၃	၆၃.၇
အစိုးရကျောင်းမှ လုံလောက်သော လစာ ရရှိခြင်း	၃၇.၉	၄၁.၄	၁၉.၈	၀.၉	၇၉.၃	၂၀.၇
လုပ်ငန်းကျင့်ဝတ်များ စောင့်စည်းခြင်း	၁၂.၉	၂၂.၆	၅၄.၀	၁၀.၅	၃၅.၅	၆၄.၅
စည်းမျဉ်းဥပဒေများက ဆရာများ ကျူရှင်သင်ကြားမှုကို အားမပေးခြင်း	၉.၅	၂၂.၂	၅၄.၀	၁၄.၃	၃၁.၇	၆၈.၃

မှတ်ချက်။ ။ဤအချက်များသည် ဆရာ (၃၃၁) ဦးအနက် ကျူရှင်မသင်ကြောင်း ပြောကြသည့် (၁၇၃) ဦး၏ တုံ့ပြန်ဖြေဆိုချက်များ ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ နောက်ထပ်အမြင်များကို လူတွေ့မေးမြန်းမှုများက ပေးခဲ့သည်။ ကျောင်းအုပ်ကြီးတစ်ဦးက စနစ်ကြီးတစ်ခုလုံး (မူလတန်းကျောင်းများ အပါအဝင်) ကို ခြုံငုံကြည့် လျက် 'တချို့ဆရာတွေဆို ... နေ့တိုင်း စာသင်ရတာ မောလွန်းလို့ ကျောင်းဆင်းရင် ကျူရှင် မပေးနိုင်တော့ဘူး' ဟူ၍ ဆိုခဲ့သည်။ ထို့ပြင် ဆရာများသည် တောင်းဆိုမှုနည်းသော ဘာသာရပ်များ ကို သင်ရလျှင်ဖြစ်စေ၊ အတန်းငယ်များကို သင်နေရလျှင်ဖြစ်စေ 'ကျောင်းဆင်းပြီး ကျူရှင် သင်ချင်တယ် ဆိုရင်တောင် ကျောင်းသားက ရှိမှာမဟုတ်ဘူး။ ကိုယ် ပေးတာနဲ့ ရတာကို နှိုင်းယှဉ်လိုက်ရင် ပင်ပန်းသလောက် ရတဲ့ ကျူရှင်ခတွေက လုံလောက်အောင် မကာမိဘူးလေ' ဟု ဆိုသည်။ မည်သို့ဆိုစေ ထိုကျောင်းအုပ်ကြီးက ဆက်ပြောသည်မှာ 'ကျူရှင်မပေးရင် နေထိုင် စားသောက်စရိတ်တွေကို တတ်နိုင်တဲ့ ဆရာနည်းတယ်'ဟူ၍ပင်။ အချို့သော မေးခွန်းဖြေဆိုသူ များကမူ ဆရာများ ကျူရှင်သင်ကြားခြင်းကို ပိတ်ပင်တားဆီးသည့် အစိုးရ စည်းမျဉ်းဥပဒေများကို အလေးပေးဖော်ပြကြသည်။ ဥပမာအားဖြင့် ကျောင်းအုပ်ကြီးတစ်ဦး၏ မှတ်ချက်ပြုပုံမှာ 'ဒီမှာ ဆရာတွေအားလုံးက ပုံစံစာရွက်မှာ လက်မှတ်ထိုးပေးပြီး သူတို့ရဲ့ မူဝါဒကို လိုက်နာဖို့ သဘောတူ လိုက်ရလေတော့ ဒုက္ခရောက်ဖို့ကို ကြောက်ကြတာပေါ့လေ' ဟူ၍ ဖြစ်သည်။

ငွေကြေးပိုင်းနှင့်ပတ်သက်၍ အလေးပေးတင်ပြရမည်ဆိုပါက ၂၀၁၁ ခုနှစ်တွင် ဆရာများ၏ အခြေခံလစာများကို တိုးပေးခဲ့ပြီးနောက် ၂၀၁၅ တွင် တစ်ဖန် လစာတိုးပေးခဲ့သည်။ သို့ရာတွင် ဆရာများသည် အလျဉ်မီအောင် ကြိုးစားရုန်းကန်နေရဆဲဖြစ်သည် (ဘတ်စ်ကီ၊ ၂၀၁၆။ လယ်လ်၊ ၂၀၁၆)။ တွေ့ဆုံမေးမြန်းချက်များတွင် ဆရာအချို့၏ ပြောဆိုချက်အရ လစာများ တိုးပေးခဲ့သော်လည်း ငွေကြေးဖောင်းပွမှုများလာခြင်းကြောင့် ထိုလစာအပြောင်းအလဲသည် ၎င်းတို့ဘဝအတွက် ကြီးကြီးမားမား ပြောင်းလဲသွားခဲ့ခြင်းမရှိကြောင်း ပြနေသည်။ ဤလေ့လာချက်ပါ စစ်တမ်းဖြေဆိုသူများ၏ တင်ပြချက်အရ ကျောင်းဆရာများ၏ လစာမှာ (၁၅၄,၀၀၀) မှ (၂၅၀,၀၀၀) ကျပ်အထိ ရှိပြီး ပျမ်းမျှအားဖြင့် (၁၇၈,၈၂၉) ကျပ်ဖြစ်ကြောင်း (ဇယား ၅.၃) တွေ့ရသည်။ ကျူရှင်သင်သည့် ဆရာ (၁၅၈) ဦးအနက် (၁၄၆) ဦးသည် ကျူရှင်သင်ကြားမှုမှ ရရှိသောဝင်ငွေကို တင်ပြကြသည်။ ထိုဝင်ငွေများသည် တစ်လလျှင် (၁၀,၀၀၀) မှ (၉၀၀,၀၀၀) ကျပ်အထိ ကွဲပြားနိုင်ပြီး ပျမ်းမျှအားဖြင့် (၁၂၇,၅၂၄) ကျပ် ဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်နေစဉ် ဆရာများ၏ အမြင်တွင် ဘုံအနေဖြင့် တူညီနေသည်မှာ ကျောင်းမှရသော လစာများကို ဖြည့်စွက်နိုင်စေရန် ဆရာများအတွက် ကျူရှင်သင်ကြားခြင်းသည် တည်ငြိမ်မှုအရှိဆုံးနည်းလမ်းဖြစ်သည်ဟူသော အချက်ဖြစ်သည်။ သို့ရာတွင် အခြားသော ဝင်ငွေရှာနည်းပုံစံများလည်း ရှိနေပြီး ထိုဝင်ငွေရှာနည်းများတွင် ချက်ပြုတ်ထား သော အစားအစာများ ရောင်းချခြင်းအပြင် သားငါးရောင်းချသူအဖြစ် လုပ်ကိုင်ခြင်း အထိပင် ပါဝင်သည်။

ဇယား (၅.၃) ဆရာများ၏ ပြောကြားချက်အရ ကျောင်းနှင့် ကျူရှင်သင်ကြားခြင်းမှ ရရှိသော ဝင်ငွေများ

ကျောင်းမှ လစဉ်ဝင်ငွေ	**အရေအတွက်**	**ရာခိုင်နှုန်း**
၁၇၀,၀၀၀ ကျပ်အောက်	၄၁	၁၂.၄
၁၇၀,၀၀၀–၁၇၉,၉၉၉ ကျပ်	၁၂၃	၃၇.၁
၁၈၀,၀၀၀–၁၈၉,၉၉၉ ကျပ်	၈၆	၂၆.၀
၁၉၀,၀၀၀ ကျပ်နှင့်အထက်	၆၆	၂၀.၀
အဖြေမပါ	၁၅	၄.၅
စုစုပေါင်း	*၃၃၁*	*၁၀၀.၀*
ကျူရှင်သင်ကြားခြင်းမှ လစဉ်ဝင်ငွေ		
၅၀,၀၀၀ ကျပ်အောက်	၁၅	၉.၄
၅၀,၀၀၀–၉၉,၉၉၉ ကျပ်	၄၇	၂၉.၇
၁၀၀,၀၀၀–၁၄၉,၉၉၉ ကျပ်	၄၅	၂၈.၄
၁၅၀,၀၀၀–၁၉၉,၉၉၉ ကျပ်	၁၀	၆.၃
၂၀၀,၀၀၀ ကျပ်နှင့်အထက်	၂၉	၁၈.၃
အဖြေမပါ	၁၂	၇.၆
စုစုပေါင်း	*၁၅၈*	*၁၀၀.၀*
ကျူရှင်သင်ကြားခြင်းမှ ဝင်ငွေ/ ကျောင်းမှဝင်ငွေ	**အရေအတွက်**	**ရာခိုင်နှုန်း**
၂၅% အောက်	၁၂	၈.၄
၂၆%–၅၀%	၅၀	၃၄.၅
၅၁%–၇၅%	၄၄	၃၀.၄
၇၆%–၁၀၀%	၁၁	၇.၆
၁၀၁%–၂၀၀%	၂၃	၁၅.၉
၂၀၀% ကျော်	၆	၄.၂
စုစုပေါင်း	*၁၄၆*	*၁၀၀.၀*

တစ်ချိန်တည်းတွင် ဆရာများသည် လူမှုရေးဝတ္တရားများကိုပါ ဖြည့်ဆည်းလိုကြသည်။ 'ကျူရှင်သင်တယ်ဆိုရင် ကျောင်းသားတွေရဲ့ လစာပေးနိုင်စွမ်းအပေါ် မူတည်ပြီး အခကြေးငွေ အမျိုးမျိုး ကောက်ခံတတ်ပါသလား' ဟူသော မေးခွန်းအပေါ် ဆရာ (၁၅၈) ဦးအနက် (၇၀) (၄၄.၃%) က ထိုသို့လုပ်ဆောင်ကြောင်း ဖြေဆိုခဲ့ကြသည်။ ထိုပြင် ဖြေဆိုသူထက်ဝက်နီးပါး ၄၆.၈% က ကျောင်းသားအချို့ကို အခကြေးငွေမယူဘဲ စာသင်ကြားပေးဖူးကြောင်း ဖြေဆိုခဲ့ကြသည်။ အများအားဖြင့် ဆရာများကို ငွေသားဖြင့် အခကြေးငွေ ပေးလေ့ရှိပြီး (၃၁ ဦးအနက် ၂၇ဦးက ဤသို့ ဖြေဆိုခဲ့သည်) ဆရာလေးဦးကမူ မိဘများ၏ စီးပွားရေးအခြေအနေပေါ်မူတည်၍ အစားအစာ၊ အဝတ်အထည်နှင့်/သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ပေးမှုတစ်စုံတစ်ရာသော ကုန်ပစ္စည်းအားဖြင့် အခကြေးငွေပေးမှုပုံစံများကို လက်ခံကြောင်း ပြောကြသည်။

တွေ့ဆုံမေးမြန်းချက်များတွင် ကျူရှင်သင်ကြားခြင်းသည် ကျောင်းများတွင် ဆရာအချင်းချင်းအကြား ဆက်ဆံရေးကို ထိခိုက်စေမှု ရှိ။မရှိဟူသော မေးခွန်းကိုလည်း မေးခဲ့ကြသည်။ အချက်အလက်များအရ ကျူရှင်သင်ကြားခြင်းသည် ဆရာများအကြား ဝင်ငွေမညီမျှမှုကို ဖြစ်စေပြီး လုပ်ဖော်ကိုင်ဖက်အချင်းချင်းအကြား ဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း တွေ့ရသည်။ ဆရာ တစ်ဦးက အကျယ်ချဲ့၍ ပြောသည်မှာ 'ကျူရှင်ကြောင့် ကျွန်တော် အပိုဝင်ငွေ ရနိုင်တယ်လေ။ ဒါပေမယ့် တခြားဆရာတွေက ကျူရှင်ကြောင့် ကိုယ့်လုပ်ဖော်ကိုင်ဖက်တွေအပေါ် မနာလိုဝန်တိုဖြစ်ရင်ဖြစ်ကြမှာပေါ့' ဟူ၍ ဖြစ်သည်။

ခြုံငုံသုံးသပ်ရမည်ဆိုပါက အစိုးရက ဆရာများ၏ ကျူရှင်သင်ကြားခြင်းအပေါ် တားမြစ် ပိတ်ပင်သည့် မူဝါဒ ချမှတ်ထားသောကြောင့် ကျူရှင်သင်ကြားမှုပုံစံ ကွဲပြားသော်လည်း ကျောင်းသားများ၏ သင်ယူမှုကို ထောက်ပံ့ပေးရန် လိုအပ်သည်ဟူသော ထင်မြင်မှုနှင့်အတူ ဆရာများ၏ လစာနည်းပါးမှုနှင့် အပိုဝင်ငွေ လိုအပ်မှုတို့သည် ကျူရှင်သင်ရန် အဓိက အကြောင်းတရားတစ်ခု ဖြစ်လာစေသည်။

ဇယား (၅.၄) ကျူရှင်အမျိုးအစားများ အရေအတွက်ပြစာရင်း

	အရေအတွက်	ရာခိုင်နှုန်း		အရေအတွက်	ရာခိုင်နှုန်း
ကျူရှင်အမျိုးအစားများ			**ကျူရှင်တက်ရောက်သည့် ခန့်မှန်းကျောင်းသား ဦးရေ**		
တစ်ဦးချင်း	၆၃	၃၉.၉	**အဌမတန်း**		
အုပ်စုငယ်	၅၇	၃၆.၁	၀%	၁၁	၆.၁
အုပ်စုကြီး	၄၆	၂၉.၁	၁–၂၀%	၁၈	၁၀.၁
ဘော်ဒါ	၅	၃.၂	၂၁–၄၀%	၇	၃.၉
အခြား	၁	၀.၆	၄၁–၆၀%	၇	၃.၉

ကျူးရှင်သင်သည့် နေရာ			၆၁– ၈၀%	၁၅	၈.၄
ဆရာ့အိမ်	၁၅	၉.၅	၈၁– ၁၀၀%	၉	၅.၀
ကျောင်းသားများ၏ အိမ်များ	၁၂၀	၇၅.၉	မသိပါ	၁၁၂	၆၂.၆
ကျောင်းတွင်	၀	၀.၀	စုစုပေါင်း	၁၇၉	၁၀၀.၀
ပုဂ္ဂလိကကျောင်းတွင်	၂၃	၁၄.၆	**ဒသမတန်း**		
ဘော်ဒါကျောင်းတွင်	၅	၃.၂	၀%	၉	၅.၀
အခြား	၀	၀.၀	၁–၂၀%	၁၉	၁၀.၆
ကျူးရှင်သင်သည့်အချိန်			၂၁– ၄၀%	၁၁	၆.၁
စာသင်နှစ်အတွင်း စနေ၊တနင်္ဂနွေ ရက်များ	၈၀	၅၀.၆	၄၁– ၆၀%	၇	၃.၉
စာသင်နှစ်အတွင်း တနလင်္လာမှ သောကြာနေ့အထိ	၉၁	၅၇.၆	၆၁– ၈၀%	၁၃	၇.၃
အားလပ်ရက်များ	၅	၃.၂	၈၁– ၁၀၀%	၂၀	၁၁.၂
အခြား	၆	၃.၈	မသိပါ	၁၀၁	၅၆.၄
စုစုပေါင်း	***၁၅၈***	***၁၀၀. ၀***	*စုစုပေါင်း*	*၁၈၀*	*၁၀၀.၀*

၅.၂။ ကျူးရှင်အမျိုးအစားများ၊ အချိန်၊ ဘာသာရပ်အကြောင်းအရာနှင့် ၎င်း၏အခန်းကဏ္ဍများ

အရေအတွက်စံထားစစ်တမ်းတွင် နမူနာကောက်ထားသည့် ကျူးရှင်သင်ကြားသူ ဆရာများ အနက် ၃၉.၉% တစ်ဦးချင်းသင်ကြားပေးကြကြောင်း၊ ၃၆.၁% သည် အုပ်စုငယ်ပုံစံဖြင့် သင်ကြားကြကြောင်းနှင့် ၂၉.၁% သည် အုပ်စုကြီးပုံစံဖြင့် သင်ကြားကြကြောင်း (ဇယား ၅.၄) ဖြေဆိုခဲ့ကြသည်။ များစွာသော ကျူးရှင် သင်ကြားမှု (၇၅.၉%) တို့ကို ကျောင်းသားများ၏ အိမ်တွင် လုပ်ဆောင်တတ်သည်။ ကျူးရှင်သင်ကြားသည့် အခြားနေရာများမှာ ပုဂ္ဂလိကကျောင်းများ (၁၄.၆%)၊ ဆရာများ၏ အိမ် (၉.၅%) နှင့် ဘော်ဒါဆောင်များ (၃.၂%) တို့ ဖြစ်သည်။ ကျူးရှင်ကို စာသင်နှစ်အတွင်း ရုံးတက်ရက်များ (၅၇.၆%) တွင် ပေးလေ့ရှိပြီး စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ (၅၀.၆%) တွင်လည်း ပေးလေ့ရှိသည်။ ဆရာများအနက် ၃.၂% ကသာ ပိတ်ရက်ရှည်များတွင် ကျူးရှင်သင်ကြကြောင်း တင်ပြခဲ့သည်။ များစွာသော ဆရာတို့သည် ကျူးရှင်ယူသော ကျောင်းသား အချိုးအစားကို ခန့်မှန်း ရန်တုံ့ဆိုင်းနေတတ်ကြပြီး ထိုသို့ခန့်မှန်းမှုပြုသည့် ဆရာများသည်လည်း ကျောင်းသားများကိုယ်တိုင် ဖြေဆိုသော အချိုးအစားများနှင့် များသောအားဖြင့်

ကွာခြားလွန်းနေတတ်သည် (ဇယား ၄.၁)။ ဤအချက်သည် အံ့ဩစရာ ဖြစ်ကောင်းဖြစ်ပေမည်။ သို့ရာတွင် ၎င်းသည် ကျူရှင်ကိစ္စနှင့်ပတ်သက်၍ နှုတ်ဆိတ်နေတတ်ကြသည့် သဘောသဘာဝကို ထင်ဟပ်ဖော်ပြ နိုင်ပေသည်။ သို့ဖြစ်ရာ ကျောင်းသားများက မိမိတို့ဆရာများကို ပြောကြားခြင်းမရှိခြင်းနှင့် ဆရာများက လည်း မိမိတို့အချင်းချင်းကြားတွင် အဆိုပါကိစ္စများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးသည့် အလေ့အထ ရှားပါးနေခြင်းတို့ကြောင့်ဟု ယူဆနိုင်ပေမည်။

ဇယား (၅.၅) ကျူရှင်၏ထိရောက်မှုအပေါ်ဆရာများ၏ထင်မြင်ယူဆချက်များ(%)

ဖော်ပြချက်	လွန်စွာ သဘောမတူ	သဘောမတူ	သဘောတူ	လွန်စွာ သဘောတူ	သဘောမတူ စုစုပေါင်း	သဘောတူ စုစုပေါင်း
ကျူရှင်ယူခြင်းသည် ကျောင်းသားများ စာမေးပွဲရမှတ်တိုးအောင် ကုညီပေးသည်	၁၀.၇	၂၁.၇	၅၆.၉	၉.၇	၃၃.၄	၆၆.၆
ကျူရှင်ယူခြင်းသည် ကျောင်းသားများ၏ စွမ်းဆောင်ရည်ကို တိုးတက်စေသည်။	၆.၃	၂၄.၃	၅၈.၆	၁၁.၉	၃၀.၆	၆၉.၅
ကျူရှင်ယူခြင်းသည် စာမေးပွဲအတွက် အကြိပေးရက်များကို ရစေသည်။	၂၀.၀	၄၀.၀	၃၄.၆	၃.၄	၆၂.၀	၃၈.၀
ကျူရှင်ယူခြင်းသည် ကျောင်းတွင်အပြီး မသင်နိုင်သော သင်ခန်းစာများကို ကျောင်းသားများအား သင်ကြားနိုင်ရန် ကုညီပေးသည်။	၅.၇	၇.၀	၆၈.၈	၁၈.၅	၁၂.၇	၈၇.၃
ကျောင်းသားအားလုံးသည်ကျူရှင်ယူသင့်သည်။	၂၈.၆	၅၃.၉	၁၄.၁	၃.၄	၈၂.၅	၁၇.၅

ဇယား (၅.၅) တွင် ကျူရှင်သင်ကြားခြင်းကြောင့် အတန်းစာသင်ကြားခြင်း အပေါ် ထိရောက်မှုနှင့်ပတ်သက်၍ ဆရာများက ၎င်းတို့၏အမြင်များကို တင်ပြ ထားသည်။ ဆရာအများစု (၇၈.၅%) က သဘောတူသည့် အချက်မှာ ကျူရှင် သင်ကြားခြင်းသည် ကျောင်းသားများအနေဖြင့် ပုံမှန်ကျောင်းချိန် အတွင်း မပြီးနိုင်ခဲ့ သော သင်ခန်းစာများကို သင်ယူပြီးမြောက်စေရန် ကူညီပေးသည် ဟူသော အချက် ဖြစ်သည်။ ဆရာများ၏ ၆၀% ကျော် ခံစားမိကြသည်မှာ ကျူရှင်သင်ကြားခြင်းသည် ကျောင်းသားများ၏ စွမ်းရည်နှင့် စာမေးပွဲရမှတ်များကို တိုးတက်ကောင်းမွန်စေမည် ဖြစ်သည်ဟူသော အချက်ပင် ဖြစ်သည်။ သို့ရာတွင် သုံးပုံတစ်ပုံမျှသော ဆရာများ ကသာ ကျူရှင်သည် စာမေးပွဲ ဖြေဆိုနည်းများကို အလေးထားသင်ကြားကြသည်ဟု ခံစားမိသည်။ ဆရာများ၏ ၇၄.၀% ကမူ 'ကျောင်းသားအားလုံး ကျူရှင်ယူသင့်သည်' ဟူသော အဆိုကို သဘောမတူခဲ့ပေ။

နောက်ထပ်မေးခွန်းသည် ကျောင်းတက်ချိန် ရှည်ကြာမှုနှင့် သက်ဆိုင်သည်။ ဆရာများ၏ ၆၀% က ခံစားမိကြသည်မှာ ကျောင်းတက်ချိန်သည် ကျောင်း သင်ရိုးကို သင်ပြနိုင်လောက်အောင် ရှည်ကြာသည်ဟူသော အချက်ပင် ဖြစ်သည် (ဇယား ၅.၆)။ သို့ရာတွင် ၆၄.၈% ကမူ ကျောင်းသင်ရိုး သည် အချက်အလက်များ များပြားလွန်းပြီး ကျောင်းသားများက 'အချက်အလက်များကို မတန်တဆ အလျင်အမြန်သင်ယူ ကြရသည်' ဟူ၍ ခံစားမိကြသည်။ ဆရာများ၏ ထက်ဝက်ကျော် (၅၁.၄%) ကလည်း ကျောင်းသင်ရိုးတွင် ဘာသာရပ်များ ပါဝင်မှုများပြားနေသည်ဟု ခံစားမိကြသည်။

ဇယား (၅.၆) ကျောင်းသင်ပညာရေးနှင့် ကျူရှင်သင်ကြားခြင်းအပေါ် ဆရာများ၏ ထင်မြင်ယူဆ ချက်များ (ဖြစ်ရပ်အားလုံး၊ %)

ဖော်ပြချက်	လွန်စွာ သဘောမတူ	သဘော မတူ	သဘော တူ	လွန်စွာ သဘောတူ	သဘောမတူ စုစုပေါင်း	သဘောတူ စုစုပေါင်း
သင်ရိုးပါ သင်ခန်းစာအားလုံးကို ခြုံငုံမိလောက်အောင် စာသင်ချိန် လုံလောက်သည်။	၄.၄	၃၄.၇	၅၅.၃	၅.၆	၃၉.၁	၆၀.၉
စာသင်ချိန် ပိုရလျှင် ကျူရှင်သင်သော ဆရာများ ပိုနည်းမည်။	၁၄.၇	၄၈.၀	၃၃.၃	၃.၉	၆၂.၇	၃၇.၂
လက်ရှိကျောင်းသင်ရိုးတွင် ဘာသာရပ်များလွန်းနေ၍ အလုံးစုံမသင်ကြားနိုင်ပါ။	၆.၈	၄၁.၇	၄၆.၉	၄.၅	၄၈.၅	၅၁.၄
လက်ရှိသင်ရိုးတွင် အချက်အလက်များ များပြားနေပြီး ကျောင်းသားများက အချက်အလက်များစွာကို အလွန်မြန်ဆန်စွာ သင်ယူရသည်။	၈.၇	၂၆.၅	၅၄.၈	၁၀.၀	၃၅.၂	၆၄.၈

ကျူရှင်သင်သည့် ဆရာများအနက် အများစု (၉၀.၂%) သည် ကျူရှင်တွင် ကျောင်းသင်ရိုးအတိုင်း သင်ကြားကြပြီး ၃၇.၀% ကသာ ကျောင်းသင်ရိုး စာအုပ်များ မဟုတ်သည့် အခြား ဖတ်စာအုပ်များကို အသုံးပြုသည် (ဇယား ၅.၇)။ ဆရာအနည်းစု (၁၁.၂%) ကမူ ၎င်းတို့၏ ကျူရှင်တွင် စာမေးပွဲမေးခွန်းများကိုသာ အလေးပေး သင်ကြားကြောင်း ပြောကြသည်။ သုံးပုံတစ်ပုံ (၃၅.၈%) ကမူ ကျူရှင်တွင် အိမ်စာ ပေးလေ့ရှိကြောင်း ဖော်ပြကြပြီး ဆရာအများစုက အိမ်စာ ပေးလေ့မရှိကြောင်း ဖော်ပြ ကြသည်။

ဇယား (၅.၇) ကျူးရှင်သင်ကြားနည်းအပေါ် ဆရာများ၏အမြင်များ (ကျူးရှင်ကိစ္စ အတွက်သာ၊ %)

ဖော်ပြချက်	လွန်စွာ သဘော မတူ	သဘော မတူ	သဘောတူ	လွန်စွာ သဘော တူ	သဘောမတူ စုစုပေါင်း	သဘောတူ စုစုပေါင်း
ကျွန်ုပ်၏ကျူးရှင်တွင် ကျောင်းသင်ရိုးအတိုင်း သင်ပါသည်။	၁.၉	၇.၈	၇၂.၇	၁၇.၅	၉.၇	၉၀.၂
ကျွန်ုပ်၏ကျူးရှင်တွင် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ မဟုတ်သောအခြားစာအုပ် များကို အသုံးပြုသည်။	၁၆.၆	၄၆.၇	၃၄.၄	၂.၆	၆၃.၃	၃၇.၀
ကျွန်ုပ်၏ကျူးရှင်တွင် စာမေးပွဲမေးခွန်းများ ကိုအဓိကအလေးပေး သင်ကြားသည်။	၅၃.၃	၃၅.၅	၉.၉	၁.၃	၈၈.၈	၁၁.၂
ကျွန်ုပ်၏ကျူးရှင်တွင် အိမ်စာများပေးလေ့ရှိသည်။	၂၅.၈	၃၈.၄	၃၂.၅	၃.၃	၆၄.၂	၃၅.၈
ကျွန်ုပ်၏ကျူးရှင်တွင် လေ့ကျင့်ခန်းများကိုအဓိက အလေးပေးသင်ကြားသည်။	၁၉.၆	၄၀.၅	၃၅.၉	၃.၉	၆၀.၁	၃၉.၈

အတန်းထဲရှိ များစွာသော ကျောင်းသားများ ကျူးရှင်တက်ကြလျှင် သင်ပြမှု ပိုမိုလွယ်ကူ သွားခြင်းရှိ။ မရှိဟူသော မေးခွန်းကို ဆရာများအား မေးခဲ့သည်။ သုံးပုံနှစ်ပုံ (၆၄.၄%) က သင်ပြမှု ပိုမိုလွယ်ကူသွားကြောင်း ဖြေဆိုကြသော်လည်း အချိုးအစားထပ်တူနီးပါး (၆၂.၂%) ကမူ ကျူးရှင် တက်သည့် ကျောင်းသားများသည် အတန်းထဲတွင် အာရုံစူးစိုက်မှု ပိုနည်းကြောင်း ပြောကြသည် (ဇယား ၅.၈)။ ဆရာအများစု (၇၀.၅%) က ပြောကြသည်မှာ ကျောင်းသားများသည် ကျူးရှင်များမှ တစ်ဆင့် ကျောင်းသင်ခန်းစာများကို ကြိုတင်လေ့လာသင်ယူထားကြသည် ဟူသော အချက်ဖြစ်သည်။ ဆရာအများစု (၈၂.၉%) ကမူ စာညံ့သော ကျောင်းသားများ သည် ကျူးရှင်တက်သင့်သည်ဟူ၍ ခံစားမိကြပြီး ၃၆.၀% ကသာ စာတော်သော ကျောင်းသားများ ကျူးရှင်တက်သင့်ကြောင်း သဘောတူကြသည်။ ထိုပြင် ဆရာများ ၏ ၅၈.၅% က အစိုးရအနေဖြင့် စာမေးပွဲများအပေါ် အလေးပေးမှုကို လျှော့ချသင့် ကြောင်း ပြောကြသည်။ ကျောင်းသားများ၏ သင်ယူမှုအပေါ် ကျူးရှင်၏ အကျိုး သက်ရောက်မှုနှင့်ပတ်သက်၍ ဆရာများ၏ ၅၉.၃% က ကျူးရှင်သည် 'အလွတ် ကျက်မှတ်မှုကို အားပေးသည်'ဟူသောအချက်ကို သဘောမတူကြပေ။ ဆရာထက် ဝက်နီးပါး (၄၀.၇%) က ကျူးရှင်သည် 'ကြောင်းကျိုးဆက်စပ် ဝေဖန်စဉ်းစားတတ်မှု ကို အားပေးသည်' ဟူ၍ ခံစားမိကြသည်။

ဇယား (၅.၈) ကျောင်းသားများနှင့် ကျူရှင်သင်ကြားခြင်းအပေါ် ဆရာများ၏ ထင်မြင်ယူဆချက်များ (ဖြစ်ရပ်အားလုံး၊ %)

ဖော်ပြချက်	လွန်စွာ သဘော မတူ	သဘော မတူ	သဘော တူ	လွန်စွာ သဘောတူ	သဘော မတူ စုစုပေါင်း	သဘော တူ စုစု ပေါင်း
ကျွန်ုပ်၏ကျောင်းသားများ ကျူရှင်တက်သည့်အခါ ကျောင်းတွင်သင်ကြားမှု ပိုမို လွယ်ကူသည်။	၉.၁	၂၆.၅	၆၀.၄	၄.၀	၃၅.၆	၆၄.၄
ကျူရှင်တက်သည့် ကျောင်းသားများသည် အတန်းထဲတွင်အာရုံစူး စိုက်မှု ပိုနည်းသည်။	၆.၂	၃၁.၈	၄၉.၂	၁၂.၈	၃၈.၀	၆၂.၀
ကျူရှင်တက်သည့် ကျောင်းသားများသည် ကျောင်းစာများကို ကြိုတင်သိနေသည်။	၅.၀	၂၄.၅	၆၅.၉	၄.၆	၂၉.၅	၇၀.၅
စာတော်သောကျောင်းသား များကျူရှင်ကိုယူသင့် သည်။	၁၅.၀	၄၉.၀	၃၂.၃	၃.၇	၆၄.၀	၃၆.၀
စာညံ့သောကျောင်းသား များ ကျူရှင်ယူသင့်သည်။	၃.၆	၁၃.၅	၆၇.၄	၁၅.၅	၁၇.၁	၈၂.၉
အစိုးရကစာမေးပွဲများ အပေါ်အလေးထားမှုကို လျှော့ချသင့်သည်။	၇.၄	၃၄.၁	၄၆.၈	၁၁.၇	၄၁.၅	၅၈.၅
ကျူရှင်သည်အလွတ် ကျက်မှတ်မှုကိုအားပေး သည်။	၁၃.၅	၄၅.၈	၃၁.၆	၉.၁	၅၉.၃	၄၀.၇
ကျူရှင်သည်အကြောင်း အကျိုးနှင့်ပတ်သက်၍ အမှားအမှန်ဝေဖန်စဉ်းစား တတ်မှုကို အားပေးသည်။	၁၄.၄	၃၅.၈	၄၄.၈	၅.၀	၅၀.၂	၄၉.၈
ကျောင်းသားများအခြား လူပ်ရှားမှုများအတွက် အချိန်နှင့်အခွင့်အလမ်း တို့ကိုကျူရှင်ကယူသွား သည်။	၅.၀	၁၆.၆	၅၈.၅	၁၉. ၉	၂၁.၆	၇၈.၄

အရည်အသွေးစံထား သုတေသနအချက်အလက်များသည် ဆရာများ၏ အမြင်များအပေါ် နားလည်မှုကို ပိုမိုပြည့်စုံစေသည်။ ကောင်းသောဘက်မှကြည့်လျှင် ဖြေဆိုသူများက ကျူရှင် သင်ကြားခြင်းသည် သင်ယူမှုအခွင့်အလမ်းများကို ပိုမိုပေး ကြောင်းနှင့် သင်ခန်းစာများကို ထပ်တလဲလဲ လေ့လာသင်ယူခြင်းသည် သင်ယူမှုကို ပိုမိုတိုးတက်စေကြောင်း ခံစားမိကြသည်။ ဆရာအချို့ကမူ ကျူရှင်သည်

ကျောင်းသားများ၏ ယုံကြည်မှုကို တိုးလာစေသည်ဟု ထပ်လောင်း ပြောကြသည်။ အဆိုးဘက်မှကြည့်လျှင် ကျူရှင်သင်ကြားခြင်းသည် ကျောင်းသားများ၏ အားလပ်ချိန်ကို သိမ်းယူသွားခြင်းမည်၏။ ဆရာတစ်ဦးကမူ ကျူရှင်သင်ကြားခြင်း သည် ကျောင်းသားများ စနေ၊တနင်္ဂနွေပိတ်ရက်များတွင် မိမိတို့ သွားလိုသည့် နေရာသို့ လွတ်လပ်စွာ သွားလာခွင့်ကို ကန့်သတ်လိုက်သော အကျဉ်းထောင် တစ်ခုနှင့်ပင် ခိုင်းနှိုင်းခဲ့သည်။ ဆရာများက 'မိမိတို့ သားသမီးများအတွက် လွန်စွာ ဈေးကြီးလှ သော ပညာရေးကို ဝယ်ယူ ကြရသော မိသားစု အချို့အတွက် ငွေကြေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးရှိကြောင်းလည်း' အသိအမှတ်ပြုကြသည်။ အချို့သော ဆရာများက ကျူရှင်သင်ကြားခြင်းသည် ကျောင်းသားအချို့အတွက် စိတ်ဖိစီးမှု ဖြစ်စေကြောင်း အလေးပေးတင်ပြကြသည်။ အကြောင်းမှာ ကျောင်းသားများသည် ကျောင်းတက်လိုက်၊ ကျူရှင်တက်လိုက်ဖြင့် ကောင်းကောင်း မနားရဘဲ တစ်နေကုန် သင်ယူလေ့လာရင်း အချိန်ကုန်ကြရ သောကြောင့်ပင် ဖြစ်သည်။ ပို၍အကျယ်ပြောရလျှင် ကျူရှင်သင်ကြားခြင်းသည် မိဘများနှင့် ကျောင်းသားများ ကျောင်းသင်ပညာရေး အပေါ် ယုံကြည်အားထားမှု ပျောက်ဆုံးသည့် ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးပေးနေ ကြောင်း ဆရာအချို့က ခံစားမိကြသည်။

သို့ရာတွင် ဆရာများ၏ အခြား စိတ်ပူပန်မှုတစ်ခုမှာ ကျူရှင်သင်ကြားရာတွင် ကြိုတင် သင်ယူလေ့လာမှုဖြစ်ပြီး ထိုသို့ကျွမ်းကျင်တတ်မြောက်နေခြင်းသည် အတန်းတွင်း သင်ကြားရေးတွင် အခက်အခဲဖြစ်စေသည်ဟူသောအချက်ပင် ဖြစ်သည်။ ဆရာအချို့ကမူ ဥပမာအားဖြင့် ပိတ်ရက်ရှည် များအတွင်း ကြိုတင်၍ ကျူရှင်တက်ထားသော ထိုကျောင်းသားများသည် စာသင်ခန်းတွင် သင်ယူလေ့လာမှုကို စိတ်ဝင်စားမှု မရှိတတ်ကြကြောင်း ပြောကြသည်။ ဤသို့ဖြစ်ခြင်းသည် အတန်းတွင်း စီမံခန့်ခွဲမှုတွင် ပြဿနာဖြစ်စေသည်။ ဥပမာအားဖြင့် ဆရာ တစ်ယောက်က ရှင်းပြသည်မှာ 'ကျူရှင်တက်ထားတဲ့ ကျောင်းသားတွေဟာ သင်ခန်းစာတွေကို လေ့လာသင်ယူပြီးဖြစ်တာကြောင့် မောက်မောက်မာမာ ပြုမူတတ်ကြတယ်။ ဒါကြောင့် အတန်းကို ကောင်းကောင်း စီမံခန့်ခွဲနိုင်စေဖို့ တစ်ခါတစ်ရံမှာ သူတို့ကို ဆူရတာမျိုးရှိတယ်' ဟူ၍ဖြစ်သည်။ ထို့ပြင် ကျောင်းသားအချို့က ၎င်းတို့၏ ကျူရှင်ဆရာများ၏ သင်ကြားမှုပုံစံကို ပိုမိုနှစ်သက် တတ်ကြသဖြင့် ဆရာများနှင့် သဘောချင်း မတိုက်ဆိုင်ဖြစ်တတ်သည်။ သချာ်ဆရာတစ်ဦးက ဤသို့ ဆိုသည်။

> ကျွန်တော်တို့ သင်တာ ကျူရှင်က သင်တာနဲ့ မတူဘူး။ ကျောင်းသားတွေက ကျူရှင်က သင်နည်းကို ပိုကြိုက်ကြတယ်။ ဒါကြောင့် တစ်ခါတစ်ခါ ကျွန်တော်တို့ စိတ်ဆိုးပြီး ကျွန်တော်တို့နည်းအတိုင်း လိုက်ဖို့ ကျောင်းသားတွေကို ဆူဖြစ်ပြောဖြစ်တယ်။ အထူးသဖြင့် ကျွန်တော့်ရဲ့ သချာ်ဘာသာ ရပ်မှာဆိုရင် အဖြေရနိုင်မယ့် နည်းလမ်းအများကြီးရှိတယ်လေ ...။ ကျွန်တော့် တပည့်တွေကိုတော့ တစ်ဆင့်ချင်း တွက်နည်းကို သင်ပေးတယ်။ ဒါပေမယ့် နောက်ဆုံးမှာ သူတို့က ကျူရှင်ကနည်းကိုပဲ လိုက်ပြီး အဖြေရအောင် တွက်ချက်ရာမှာ တစ်ချို့အဆင့်တွေကို ကျော်ပစ်ကြတယ်။ အဖြေရအောင် ဘယ်လို သွားရမယ်ဆိုတာ သူတို့ကို ကျွန်တော် သိစေချင်တယ်လေ။ တစ်ခါတစ်ခါ အဆင့်တွေ အများကြီး ရှိတယ်။ ဒါပေမယ့် ကျူရှင်ဆရာတွေက အဖြေကို နှစ်ဆင့်၊ သုံးဆင့်နဲ့ ရောက်အောင် တွက်ကြတယ်။ ကျွန်တော်

သူတို့ကို သင်ပေးချင်တာက အဖြေတစ်ခုကို ဘာကြောင့် ရတယ်၊ ပြီးတော့ ဘယ်လိုရတယ် ဆိုတာကိုပါပဲ။

ကျူးရှင်သင်ကြားမှုသည် ဆရာများ၏ စွမ်းအားများကိုလည်း ယိုစီးသွားစေပေသည်။ ကျူးရှင် သင်ကြားခြင်းသည် ၎င်းတို့၏ အလုပ်နှင့် ပုဂ္ဂလိကဘဝများ အပေါ်မည်သို့ ထိခိုက်စေတတ်ကြောင်း မေးမြန်းသည့်အခါ ဆရာအများစုက စိတ်ဖိစီးမှုရသည်ဟု ပြန်ဖြေကြသည်။ ကျူးရှင် သင်ကြားခြင်း သည် ၎င်းတို့ အားလပ်ချိန်၏ ကြီးမားသောအပိုင်းကို ယူသွားသော်လည်း ဆရာများစွာသည် ငွေကြေးလိုအပ်ချက်ကြောင့် ကျူးရှင်သင်ကြားခြင်းကို မဖြစ်မနေ လုပ်ဆောင်နေရကြောင်း ဝန်ခံကြသည်။ အချို့သည် ည (၁၀.၀၀) နာရီ၊ (၁၁.၀၀) နာရီအထိ ကျူးရှင်သင်ကြရသဖြင့် မိသားစုအတွက် အချိန်မပေးနိုင်ကြတော့ပေ။ ဆရာတစ်ဦး၏ ပြောပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျွန်တော်တော့ ကိုယ်ရော စိတ်ပါခြေကုန်လက်ပန်းကျတာပဲ။ ကျူးရှင်မပေးရရင် ပိုကောင်းမယ်။ တော်တော်မောတဲ့ အလုပ်ဗျ။ တစ်နေကုန်ဆိုသလို ကျွန်တော်တို့က ဒီကျောင်းမှာ ကျောင်းတက်ရတယ်။ အားလပ်ချိန်မှာ ကျူးရှင်သင်တယ်။ မောတာမှ အတော့်ကို မောတယ်။

အသက် (၆၀) နီးပါး ရှိပြီဖြစ်သော ဆရာမတစ်ဦးကမူ ဤသို့ မှတ်ချက်ပြုသည်။

ကျူးရှင်က ကျွန်မရဲ့ကိုယ်ပိုင်ချိန်တွေကို လျော့နည်းစေတယ်။ အသက်ကြီးလာပြီဆိုတော့ သိပ်မောတယ်။ ကျွန်မကို စိတ်ဖိစီးမှုလည်း ပေးတယ်။

ထိုသို့တောင်းဆိုချက်များကြောင့် ဆရာများတွင် ကျောင်သင်ခန်းစာ ပြင်ဆင်ရန် အချိန်အလုံအလောက် မရကြပေ။ အချို့ဆရာများက ကျူးရှင်သင်ရန် အင်အားချန်ထားကြသဖြင့် ကျောင်းတွင်း သင်ကြားမှုအရည်အသွေး ညံ့ဖျင်းသွား စေသည်မှာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

လေးထောင့်ဇယားကွက် (၅.၁) မိဘများထံမှ ဖိအားများ

ဆရာအများစုနှင့် ကျောင်းအုပ်ကြီးအများစုက ကျူးရှင်သင်ကြားခြင်းသည် မလိုအပ်ကြောင်းနှင့် ကျောင်းသင်ပညာရေးသည် ကျောင်းသားများ စာမေးပွဲ အောင်မြင်ရန် လုံလောက်ကြောင်း ခံစားမိကြသည်။ သို့ရာတွင် ၎င်းတို့သည် မိဘများကို ထိုသို့ ယုံကြည်လာအောင် အမြဲတမ်း မစွမ်းဆောင်နိုင် ဖြစ်ခဲ့ကြသည်။

ဆရာအချို့၏ တင်ပြချက်အရ မိမိတို့သည် 'မိဘများနှင့် ခင်မင်ရင်းနှီးမှု' ရယူ လိုသောကြောင့် 'မင်ြင်းဆန်ကောင်း' သဖြင့် 'မိဘများအား ကူညီမှုတစ်မျိုး အဖြစ် ကျူးရှင်သင်ကြားခဲ့ကြကြောင်း' တွေ့ရသည်။ ဆရာတစ်ဦးကမူ 'မိဘများနှင့် ကျောင်းသားများက ကျွန်တော်တို့ကို အတင်း တိုက်တွန်းသောကြောင့် ကျွန်တော်တို့ ကျူးရှင်ဆရာများ ဖြစ်လာခဲ့ကြတယ်' ဟုဆိုသည်။

နောက်ဆရာတစ်ဦးက ဤသို့ ရှင်းပြသည်။ 'မိဘအများစုမှာက လုပ်စရာကိစ္စတွေရှိတော့ သားသမီးတွေကို သင်ကြားပေးချိန်လည်း မရကြဘူး။ ဒီတော့ သူတို့သားသမီးတွေကို ကျူးရှင်သင်ပေးဖို့ ကျွန်တော်တို့ကို တောင်းဆိုကြတယ်။ ဒါကြောင့် ကျောင်းမှာ သင်ထားတဲ့ စာတွေအားလုံးကို ကျူးရှင်မှာ သင်ပေးရတယ်။ ညနေပိုင်းဆိုရင် ကျောင်းဆင်းတာနဲ့ ကလေးတွေကို ကျွန်တော်တို့နဲ့အတူ ကျူးရှင် ကို ခေါ်သွားတယ်။ ဒါမှလည်း မိဘတွေက စိတ်ချပြီး သူတို့ကလေးတွေရဲ့ ပညာ သင်ယူမှုအတွက်' ကျေနပ်ကြတယ်။

တွေ့ဆုံမေးမြန်းခံရသည့် ဆရာများသည် အောက်ပါအချက်များအပါအဝင် ကျူးရှင်သင်ကြားမှုကို တွန်းအားပေးသည့် အကြောင်းရင်းများကိုလည်း ဖော်ပြခဲ့ကြသည်။

- *ကျောင်းသားဦးရေ များသော အတန်းများ*။ ။အချို့သော ဆရာများသည် အချို့ ဖြစ်ရပ်များတွင် ကျောင်းသား (၆၀) ထက် ပိုသော အတန်းများတွင် ကျောင်းသားများကို စီမံခန့်ခွဲခြင်း၏ ခက်ခဲမှုကို ဖော်ပြခဲ့ကြသည်။ ၎င်းတို့က တစ်ချို့ကျောင်းသားများကို အခြားသူများထက် ပိုမိုအာရုံစိုက်ပေးရန် လိုအပ်ကြောင်း သိရှိပြီး ကျောင်းသား တစ်ဦးချင်းစီ ကို အာရုံစိုက်သင်ပြနိုင်ခြင်းမရှိသလို ခံစားမိကြသည်။ ကျောင်းသားများ အနေဖြင့် တစ်ဦးချင်း အာရုံစူးစိုက်မှု ပိုမိုရရှိစေနိုင်သည့် အခွင့်အလမ်းတစ်ခုအဖြစ် ကျူးရှင်သင်ကြားခြင်းကို ရှုမြင်တတ်ကြသည်။ တွေ့ဆုံမေးမြန်းခံရသူ တစ်ဦးကမူ အချို့သော ဆရာများသည် ကျောင်းသားဦးရေ များသည့် အတန်းများတွင် တစ်ဦးချင်း လိုအပ်ချက်များကို ဖြည့်ဆည်းရန် ပင်ကြိုးပမ်းမှုမရှိကြကြောင်း ထပ်လောင်း ပြောဆိုသည်။
- *အတန်းချိန်အကန့်အသတ်ရှိခြင်း*။ ။ကျောင်းစာသင်ချိန်သည် မလုံလောက်ဟူ၍ ဆရာအချို့က ယူဆကြသည်။ ဆရာတစ်ယောက်၏ စကားအရ '၄၅ မိနစ်အတွင်း စာသင်ဖို့အပြင် အခြားကိစ္စတွေ အများကြီး ရှိတယ်။ ဒါကြောင့် ကျွန်တော် ထိထိရောက်ရောက် မသင်နိုင်ဘူး။ ဒီတော့ ကျောင်းသားတွေ ကျူးရှင်ယူမှ ဖြစ်မယ်' ဟူ၍ ဖြစ်သည်။
- *စာမေးပွဲများ*။ ။တွေ့ဆုံမေးမြန်းခံရသူများက စာမေးပွဲသည် ကျူးရှင်သင်ကြားခြင်း၏ အဓိကအကြောင်းရင်းများဖြစ်ကြောင်း အလေးပေးပြောဆိုခဲ့ကြသည်။ အထူးသဖြင့် အင္ဂလိပ်တန်းနှင့် ဒသမတန်းတို့အပြီးတွင် စစ်သော အစိုးရစစ်စာမေးပွဲများကို ဆိုလိုကြဟန် တူသည်။ ထိုမျှသာမက ပုံမှန်အခန်းဆုံးစာမေးပွဲများ (CETs) အကြောင်းကိုလည်း ဖော်ပြခဲ့ကြသည်။
- *လုပ်ဖော်ကိုင်ဖက်များ၏ ဖိအားပေးမှု*။ ။အချို့သော ဆရာများနှင့် ကျောင်းအုပ်ကြီးများသည် ကျူးရှင်သင်ကြားရန် တောင်းဆိုမှုကို လုပ်ဖော်ကိုင်ဖက်များ၏ ဖိအားပေးမှုနှင့် ဆက်စပ် ပြောဆိုကြသည်။ ဤအချက်ကို တွေ့ဆုံမေးမြန်းခံရသူတစ်ဦးက အောက်ပါအတိုင်း ပြောဆိုထားပါသည်။ အဓိကအားဖြင့် ဒါဟာ ပတ်ဝန်းကျင်ရဲ့ တောင်းဆိုမှုပဲ ဖြစ်တယ်။ ဒီကနေ့ မြန်မာနိုင်ငံမှာ ကျူးရှင်မတက်တဲ့ ကျောင်းသားတွေဟာ သိမ်ငယ်စိတ်ဝင်တတ်ကြတယ်။ ဆရာတစ်ဦးက ထပ်လောင်း ပြောကြားသည်။ တစ်ခါတစ်ရံ ကျောင်းသားတွေက ကိုယ့်သူငယ်ချင်းတွေကို အတူတူတက်ဖို့ ဆွဲဆောင်ကြတာ တကယ် တွေ့ရပါတယ်။ 'ဟေ့ ... တို့ဆရာက အရမ်းရယ်ရတာ။ အပြင်လည်း သွားကြတယ်။ ကျူးရှင်ပြီးရင် အတူတူသွားပြီး တစ်ခုခု စားကြတယ်' ဆိုပြီးတော့ပေါ့။ ဒါကြောင့် သူငယ်ချင်းတွေက အတူတူ ပါဝင်တက်ရောက်ဖို့ စိတ်ဝင်စားလာကြတယ်။
- *ဆရာများထံမှ မျက်နှာသာရရန် မျှော်မှန်းခြင်း*။ ။ ဖြေဆိုသူသုံးဦးကမူ မိဘအချို့သည် ဆရာများက မိမိတို့သားသမီးများကို မျက်နှာသာပေးရန် မျှော်လင့်ချက်ဖြင့် ကျူးရှင် ပေးပို့ သင်ကြားစေကြောင်း ဖော်ပြကြသည်။ ထိုသုံးဦးအနက် တစ်ဦး၏စကားမှာ အောက်ပါအတိုင်း ဖြစ်သည်။

ရန်ကုန်မှာတော့ မိဘအများစုက ကိုယ့်သားသမီးတွေ ဆရာတွေဆီမှာ ကျူရှင် တက်ရင် အမှတ်ကောင်းကောင်း ရမယ်၊ အတန်းထဲမှာလည်း အဆင့်ကောင်းမယ် ဆိုပြီး တွေးကြတယ်။ ဒါ့ပြင် တကယ်လို့ သူတို့ရဲ့ သားသမီးတွေ သူတို့ဆရာတွေရဲ့ ကျူရှင်ကို မတက်ရင် အမှတ်ကောင်းမှာ မဟုတ်သလို ဆုလည်း ရမှာမဟုတ်ဘူး လို့လည်း မိဘတွေက ထင်ကြတယ်။

ပိုမိုကျယ်ပြန့်သော သုတေသနစာပေထဲတွင် အထက်ပါအချက်နှင့်ပတ်သက်၍ ဆက်စပ် မှတ်ချက်များကို မျိုးမြင့် (၂၀၁၅၊ စာ–၁၂၃) က ပေးထားသည်။ သူ၏ လေ့လာချက်အရ ဆရာအချို့သည် ကျူရှင်မတက်သည့် ကျောင်းသားများကို ခွဲခြားဆက်ဆံခြင်း၊ ကျူရှင်တက်သူများကို အမှတ်ပိုပေးခြင်းတို့ဖြင့် ကျူရှင်အတွက် ကျောင်းသားများကို စုဆောင်းတတ်ကြကြောင်း ဆိုထား သည်။ ကျူရှင်တက်ရောက်သည့် ကျောင်းသားများကို အထူးဝန်ဆောင်မှုများပေးရန် ဆရာများက လုပ်ဖော်ကိုင်ဖက်များအကြားတွင်လည်း အချိတ်အဆက်များ ပြုကောင်းပြုနိုင်သည်။ ဤတွေ့ရှိချက်များသည် UNICEF ၏ လေ့လာချက် (ဆေးလ်၊ ၂၀၁၆) နှင့်လည်း သဘောချင်းကိုက်ညီသည်။ UNICEF ၏ လေ့လာချက်တွင် ဖိအားပေးမှုများကို ကယားပြည်နယ်၊ မြို့တစ်မြို့မှ (၁၇) နှစ်အရွယ် မိန်းကလေးတစ်ဦး၏စကား (စာ–၃၈) ကို အောက်ပါအတိုင်း ကိုးကား၍ သရုပ်ဖော်တင်ပြ ထားသည်။ ကျောင်းမှာ သမီးလိုက်မီအောင် ကြိုးစားခဲ့ပါတယ်။ ဆရာမက သမီး အခက်တွေ့နေတာကို သိတယ်။ ဒါပေမယ့် နောက်ထပ် ဘာအကူအညီမှ သူ မပေးနိုင်ခဲ့ဘူး။ သမီးကို ကျူရှင်တက်ဖို့ပဲ သူကအကြံပြုခဲ့တယ်။ သမီးက ကျူရှင်စရိတ် မတတ်နိုင်ဘူးလေ။ ဒါကြောင့် မယူခဲ့ပါဘူး။ ဒီတော့ အတန်းထဲမှာ စာညံ့သူတွေထဲ ပါမြဲပါနေတော့တာပေါ့။ သမီးအတန်းက တခြားလူတွေအများကြီး ကျူရှင်ယူကြတော့လည်း ပိုပြီး စာရကြတယ်လေ။

အစီရင်ခံစာအရ အကူအညီထပ်လိုအပ်၍ ဆရာများကို အားကိုးသည့် ကျောင်းသားများကို 'ပိုမို လေ့လာကျက်မှတ်ရန်'၊ 'ပိုမိုကြိုးစားရန်'၊ သို့မဟုတ် 'ကျူရှင်ယူရန်' (စာ–၃၈) သာ အများအားဖြင့် ပြောတတ်ကြောင်း လေ့လာတွေ့ရှိရသည်။ သို့ရာတွင် ဆရာအားလုံးသည် ဤကဲ့သို့ မဟုတ်ကြပေ။ ယခုလေ့လာမှုအတွက်တွေ့ဆုံမေးမြန်းခံရသူအချို့ကမူ ၎င်းတို့အနေဖြင့် ကျောင်းသားအားလုံးကိုတန်းတူ ဆက်ဆံကြကြောင်း အလေးပေးပြောဆိုကြသည်။ ဥပမာအားဖြင့်မေးမြန်းခံရသူတစ်ဦးက 'ဆရာများသည် ကျူရှင်ခပေးနိုင်သော ကျောင်းသားများနှင့် မပေးနိုင်သော ကျောင်းသား များအကြား ခွဲခြားဆက်ဆံခြင်း မပြုသင့်ကြောင်း' အလေးပေးပြောဆိုကြသည်။

၅.၃။ ကျောင်းအုပ်ကြီးများ၏ သဘောထားများအပေါ် အမြင်များ

အရေအတွက် စံထားဆန်းစစ်လေ့လာမှုတွင် ကျူရှင်သင်ကြားမှုအပေါ် မိမိတို့ ကျောင်းအုပ်ကြီးများ၏ သဘောထားများနှင့် ပတ်သက်သည့် အမြင်များကို ပြောပြရန် ဆရာများအား မေးမြန်းခဲ့သည်။ ထိုဆရာများအနက် ထက်ဝက်ကျော် (၅၆.၂%) က ၎င်းတို့၏ ကျောင်းအုပ်ကြီးများသည် ကျူရှင် သင်ကြားမှုကို အားမပေးကြောင်း

(ဇယား ၅.၉) တင်ပြကြပြီး ဆရာ ၉.၄% ကသာ ၎င်းတို့၏ ကျောင်းအုပ်ကြီး များသည် ကျူးရှင်ကို လိုအပ်သည်ဟု မြင်ကြောင်း သို့မဟုတ် အားပေး ကြောင်း ခံစားမိကြသည်။ ဤမေးခွန်းကို ဖြေဆိုသည့် ဆရာများအကြားတွင်သာ ထိုအချိုး အစားကို စဉ်းစားမည်ဆိုလျှင် (ဆိုလိုသည်မှာ ထိုမေးခွန်းကို မဖြေဆိုသူ (၆၉) ဦးကို ဖယ်ချန်၍ စဉ်းစားမည်ဆိုလျှင်) အဆိုပါ အချိုးအစားအရ ဖြေဆိုသူ ၇၁.၀% က ကျောင်းအုပ်ကြီးများသည် ကျူးရှင်သင်ကြားမှုကို အားမပေးကြောင်း ထင်မြင် ကြပြီး ၁၁.၈% ကသာ မိမိတို့ကျောင်းအုပ်ကြီးများသည် ကျူးရှင်ကို လိုအပ်သည်ဟု မြင်ခြင်း သို့မဟုတ် ကျူးရှင်သင်ကြားမှုကို အားပေးခြင်းတို့ ရှိကြောင်း ထင်မြင်ယူဆ ကြသည်။ ဤအရေအတွက်များသည် ထိုကျောင်းများမှ ကျောင်းသားများ၏ အမြင် နှင့် ကွဲလွဲနေသည် (ဇယား ၄.၁၃)။ ကျောင်းသားများ၏ သုံးပုံတစ်ပုံက မိမိတို့ ကျောင်းအုပ်ကြီးများသည် ကျူးရှင်ကို လိုအပ်ကြောင်း ပြောသော်လည်း အခြားသုံးပုံ တစ်ပုံသော ကျောင်းသားများကမူ မိမိတို့ကျောင်းအုပ်ကြီးများက ကျူးရှင်ပေးခြင်းကို လက်ခံကြောင်း ပြောကြသည်။ ၂၀.၄% ကမူ ကျောင်းအုပ်ကြီးများက ကျူးရှင် သင်ကြားခြင်းကို အားပေးသော်လည်း ကျူးရှင်သင်ကြားခြင်း လိုအပ်သည်ဟု မယူဆ ကြောင်း ပြောကြသည်။

ဇယား (၅.၉) ကျူးရှင်သင်ကြားခြင်းအပေါ် ကျောင်းအုပ်ကြီးများ၏ သဘောထား များနှင့် ပတ်သက်၍ ဆရာများ၏ အမြင်များ

	အရေအတွက်	% (အုပ်စုအားလုံး)	% (အဖြေမပါသော နံပါတ်များကို ချန်ထားသည်)
ကျူးရှင်သင်ကြားခြင်းကို အားမပေးပါ။	၁၈၆	၅၆.၂	၇၁.၀
ကျူးရှင်သင်ကြားခြင်းကို သည်းခံသည်။	၄၅	၁၃.၆	၁၇.၂
ကျူးရှင်သင်ကြားခြင်းကို အားပေးသော်လည်း ထိုသို့သင်စရာ မလိုအပ်ပါ။	၉	၂.၇	၃.၄
ကျူးရှင်သင်ကြားပေးရန် လိုအပ်သည်။	၂၂	၆.၇	၈.၄
အဖြေမပါ	၆၉	၂၀.၈	

အမြင်ကွဲပြားမှုများကို ကြည့်ခြင်းဖြင့် ကျောင်းသားများမှအပ ကျောင်းအုပ်ကြီး များနှင့် ဆရာများသည် ကျူးရှင်သင်ကြားခြင်းကို အစိုးရက တားမြစ်ထားကြောင်းကို သိမြင်နားလည်မှု ရှိကြောင်း ထင်ဟပ်ဖော်ပြနေသည်။ ဆရာများသည် ကျူးရှင် သင်ကြားခြင်း မပြုလုပ်ပါဟူသော ခံဝန်ချက်ကို မဖြစ်မနေ လက်မှတ်ထိုးရန် လိုအပ် ကြောင်း အခန်း(၂)တွင် ဖော်ပြထားသည်။ ဤအချက်သည် နမူနာကောက်ထား သည့် ကျောင်းများအကြား မှန်ကန်ပြီး အချို့ကျောင်းများက သတ်မှတ်ထားသည့် စံပြုပုံစံများကို အသုံးပြုကြပြီး အချို့ကျောင်းများကမူ မိမိတို့ကိုယ်တိုင် စာစီရေး

သားထားသည့်ပုံစံကို အသုံးပြုသည်။ ကျောင်းသားများသည် ဤအချက်ကို သတိပြု မိခဲ့မည် မဟုတ်ပေ။ ၎င်းတို့က ကျူရှင်သင်ကြားခြင်းကို နေ့စဉ်ပုံမှန် ဘဝ အစိတ်အပိုင်းတစ်ခုအဖြစ် ပိုမိုရှုမြင်ခဲ့ကြပေမည်။ မည်သို့ပင်ဖြစ်စေ ကျူရှင်မသင်ပါ ကြောင်းလက်မှတ်ထိုးထားသော ဆရာများကပင် ဤစည်းမျဉ်းဥပဒေများကို အမြဲလိုက်နာခြင်းမရှိပေ။ ကျောင်းအုပ်ကြီးများက ဤအချက်ကို သိရှိနားလည်ကြပြီး အချို့သော ကျောင်းအုပ်ကြီးများက ပြဿနာနှင့် ထိပ်တိုက် ရင်ဆိုင်ဖို့ထက် ပြဿနာကို ရှောင်ရှားဖို့ ပိုလွယ်ကူသည်ဟူသော 'မမေးရ၊ မပြောရ' ဟူသော မူကို ကျင့်သုံးတတ်ကြသည်။

ကျောင်းအုပ်ကြီးများ တွေ့ကြုံရသည့် စီမံခန့်ခွဲရေးဆိုင်ရာ စိန်ခေါ်မှုအချို့သည်လည်း မှတ်သားထိုက်သည်။ တွေ့ဆုံမေးမြန်းချက်များပါ ကျောင်းအုပ်ကြီးတစ်ဦးကမူ ကျူရှင်တွင် ဆရာများက ကျောင်းစစ်စာမေးပွဲမေးခွန်းများကို ဖွင့်ပြောတတ်ကြသည့် အဂတိလိုက်စားမှုဆိုင်ရာ စိန်ခေါ်မှုများကို အလေးပေးတင်ပြခဲ့သည် (ဇိုဘရစ္စထ်နှင့် မက်ခ်ကောမစ်ခ်၊ ၂၀၁၃၊ စာ–၁၀ ကို ရှုပါ)။ ထိုကျောင်းအုပ်ကြီးက ထပ်လောင်းပြောကြားသည်မှာ ကျူရှင်သင်ကြားသည့် ဆရာများသည် 'အာဏာပါဝါ' ရလာကြ သဖြင့် 'ကျောင်းစည်းကမ်းတွင် ပြဿနာများနှင့် အနှောင့်အယှက်များ ဖြစ်စေသည်' ဟူသော အချက်ဖြစ်သည်။ ဆရာအချို့ကမူ မိမိတို့သင်ကြားလိုသော အတန်းတွင် တာဝန်ချပေးရန် ကျောင်းအုပ်ကြီးကို ဖိအားပေးကြသည်။ အထူးသဖြင့် စာမေးပွဲဖိအားများကို ရင်ဆိုင်ဖြေရှင်းနေရသည့် ဒသမတန်းကဲ့သို့ အတန်းများနှင့် မိဘချမ်းသာသော ကျောင်းသားများ ပါဝင်သည့် အတန်းများတွင် တာဝန်ချပေးရန် ဖိအားပေးတတ်ကြသည်။ သို့ရာတွင် ဤလေ့လာချက်အရ ထိုသို့လုပ်တတ်သော ဆရာများမှာ လူနည်းစုသာ ဖြစ်ကြောင်း မျှတွေးရန် လိုအပ်ပေမည်။ တွေ့ဆုံမေးမြန်းချက်များတွင် ဆရာ (၃၃) ဦးက မိမိတို့၏ ကျောင်းသားများကို ကျူရှင်ယူရန် ထောက်ခံအားပေးသလားဟူသော မေးခွန်းကို တုံ့ပြန်ဖြေဆိုခဲ့ကြသည်။ ဆရာအားလုံးနီးပါး (၃၃ ဦးအနက် ၃၂ ဦး) က သူတို့အနေဖြင့် မည်သည့်အခါမှ ထိုသို့လုပ်ရန် ထောက်ခံအားပေးခြင်းမရှိကြောင်း ပြောကြပြီး ထိုသို့လုပ်မည်ဆိုလျှင် သူတို့ 'အပြစ်ရှိသလို ခံစားရမည်ဖြစ်ကြောင်း' ထပ်လောင်း ပြောကြသည်က များပေသည်။ ဆရာတစ်ဦးက ပြောပြသည်မှာ အောက်ပါအတိုင်း ဖြစ်သည်။

> ကျွန်တော်တို့ကတော့ ဘယ်တုန်းကမှ ထောက်ခံအားပေးတာ မလုပ်ဖူးပါဘူး။ ဒါ ကျောင်းသားတွေရဲ့ ရွေးချယ်မှုသက်သက်ပါပဲ။ သူတို့ကိုယ်သူတို့ ကျူရှင်တက်ဖို့ လိုအပ် တယ်လို့ ထင်တယ်ဆိုရင် ကျွန်တော်တို့ ဘာမှ ပြောစရာ မရှိပါဘူး။ ကျောင်းသားတွေကို ကျူရှင်တက်ဖို့ ထောက်ခံအားပေးတာမျိုး မလုပ်ရတဲ့ နောက်ထပ်အကြောင်းရင်းတစ်ခုက မိဘတွေက ကျွန်တော်တို့ ဆရာတွေ ကိုယ့်အလုပ်ကိုယ် မလုပ်ချင်ဘူးလို့ မထင်စေချင်လို့ပဲ။ ချမ်းသာတဲ့ ကျောင်းသားတွေအတွက်တော့ ကျွန်တော်တို့ ထောက်ခံအားပေးတာမျိုး မလုပ်ရင်တောင်အပြင်မှာကျူရှင်တက်ကြမှာပဲ။ ဒါပေမယ့် ဆင်းရဲတဲ့ ကျောင်းသားတွေအတွက်တော့ ကျွန်တော်တို့ ထောက်ခံအားပေးတယ် ဆိုဦးတော့။ သူတို့ လေးတွေ ကျူရှင်တက်နိုင်ကြမှာမဟုတ်ပါဘူး။

ကျောင်းအုပ်ကြီးများက မိမိတို့၏ ဆရာများအကြား ကွဲပြားမှုကို နားလည်မည်မှာ သံသယဖြစ်စရာ မရှိပေ။ သို့ဖြစ်ပေရာ ၎င်းတို့ကို တစ်ဦးချင်းအလိုက်သော်လည်းကောင်း၊ ခြုံငုံ၍သော်လည်းကောင်း ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများရှာဖွေထားမည်မှာဧကန်ဖြစ်သည်။ ကျောင်းအုပ်ကြီးတစ်ဦးက လုပ်ဖော်ကိုင်ဖက်အချင်း

ချင်းဖိအားပေးသည့်နည်းဖြင့် သူ၏ဆရာများကိုစီမံအုပ်ချုပ်ထားသည်။ (လေးထောင့် ဇယားကွက် ၅.၂)။

လေးထောင့် ဇယားကွက် (၅.၂) အဂတိလိုက်စားမှု အနည်းဆုံးဖြစ်အောင် လုပ်ဖော် ကိုင်ဖက်များ၏ ဖိအားကို ထိန်းချုပ်အသုံးချခြင်း

သုတေသန ဆောင်ရွက်စဉ် တွေ့ဆုံမေးမြန်းခဲ့သည့် ကျောင်းအုပ်ကြီးတစ်ဦးတွင် ကျူရှင်သင်ကြားခြင်းမှ ပေါ်ပေါက် လာနိုင်သော အဂတိလိုက်စားမှုအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် ကျောင်းအခြေပြု နည်းဗျူဟာတစ်ခု ရှိသည်။ ထိုကျောင်းအုပ် ကြီးသည် ဆရာများ ကျူရှင်သင်ကြားခြင်းကို တရားဝင်တားမြစ်ပိတ်ပင်ထားကြောင်း အသိအမှတ်ပြုသော်လည်း ကျူရှင်များ အဘယ်ကြောင့် အတွေ့ရများနေသည်ကို နားလည်ပြီး အပြုသဘောဆောင်သော ပုံစံများပင် ရှိနိုင်ကြောင်း ခံစားမိသည်။ အဂတိလိုက်စားမှုဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ထိုကျောင်းအုပ်ကြီးက လုပ်ဖော်ကိုင်ဖက်များ၏ ဖိအားကို ထိန်းချုပ်အသုံးပြုခဲ့သည်။

တွေ့ဆုံမေးမြန်းသူ။ ။ကျွန်တော်တို့ရဲ့ အချက်အလက်တွေမှာ တွေ့ရတာက ကျူရှင်ပေးတဲ့ ဆရာအချို့ဟာ ကျောင်းမှာ စာသင်ဖို့ကို အလေးမထားကြတော့ဘူး။ ပြီးတော့ ကျူရှင်ဟာ အဂတိလိုက်စားမှုလည်း ဖြစ်စေတတ်တယ်။ ဒီသဘောကို ဆရာကြီးတို့ကျောင်းမှာကော တွေ့မြင်ဖူးပါသလား ခင်ဗျ။

ကျောင်းအုပ်ကြီး။ ။တွေ့ဖူးတာပေါ့ဗျာ။ ဒီစိန်ခေါ်မှုတွေဟာ ကျွန်တော်တို့ ကျောင်း မှာလည်း မြင်သာထင်သာ ရှိပါတယ်။ ကျွန်တော်တို့အားလုံး လူတွေပဲလေ။ လူတွေမှာပန်းတိုင်တစ်ခုတည်းရှိတဲ့အခါ သူတို့တွေ စုပေါင်းလုပ်ဆောင်ကြ မယ်။ ဒီတော့ ညီညွတ်မှုလည်း ရှိလာမှာပဲ။ ဒါပေမယ့် လူတွေရဲ့ ပန်းတိုင်တွေမတူကြဘူးဆိုရင် အပျက်သဘော ဆောင်တဲ့ သွင်ပြင်လက္ခဏာ တွေအားလုံး ပေါ်လာမယ်။

ကျွန်တော့်ကျောင်းမှာ ဒီလိုမျိုး ဖြစ်လာရင် ကြိုးစားဖြေရှင်းရတာပါပဲ။ ကျွန်တော့်မှာ ကျူရှင်ပေးတဲ့ တော်တဲ့ ဆရာငါးယောက် ရှိတယ်။ ဆရာ တစ်ယောက်က အဂတိလိုက်စားတဲ့အခါ ဒီဆရာငါးယောက်က အုပ်စုလိုက် စုဝေးပြီး ဒီအဂတိလိုက်စားတဲ့ ဆရာ နောင်တရလာစေဖို့ ယုံကြည်လာ အောင်နားချပေးကြတယ်။ ဒီအခြေအနေကို ကျွန်တော်တို့ လျစ်လျူရှုပြီး အဂတိလိုက်စားမှုကိုဆက်လုပ်ခွင့်ပြုမယ်ဆိုရင် ဒီမကောင်းတဲ့ အမှုအကျင့် ကပြန့်သွားမယ်။ ဒါကြောင့် ကျွန်တော်တို့ ကျောင်းမှာ ဒီကိစ္စကို အစကတည်းက ကိုင်တွယ်ဖြေရှင်းဖို့ ကြိုးစားကြတာ ဖြစ်ပါတယ်။

၅.၄။ ဆရာ့အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖွဲ့အစည်းများ

ဤလေ့လာမှုနှင့် သက်ဆိုင်သည့် ဆရာ့အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖွဲ့အစည်းနှစ်ခု ရှိသည်ဖြစ်ရာ ၎င်းတို့၏ အမြင်များကို တစ်လှည့်စီ ဖော်ပြပေးမည်ဖြစ်သည်။ တစ်ခုမှာ မြန်မာနိုင်ငံ ဆရာများအဖွဲ့ချုပ် (MTF) ဖြစ်ပြီး ဘယ်လ်ဂျီယံနိုင်ငံတွင် အဓိကရုံးစိုက်သည့် ဆရာများသမဂ္ဂများ၏ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းကြီးဖြစ်သော ကမ္ဘာ့ဆရာများအဖွဲ့ချုပ် (EI) နှင့် ချိတ်ဆက်ထားသော နိုင်ငံတော်အဆင့်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ MTF အဖွဲ့ကို ၂၀၁၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အဆင့်မြင့်ပညာ၊ အခြေခံပညာ၊ ဘုန်းတော်ကြီးသင်ပညာရေးနှင့် ပုဂ္ဂလိကကျောင်းပညာရေးတို့အတွက် ကဏ္ဍများပါဝင်သည်။ နောက်ဆုံးတစ်ခု ဖြစ်သော ပုဂ္ဂလိကကျောင်းပညာရေးကဏ္ဍတွင် ကျူရှင်သင်ကြားခြင်း ပါဝင်သည်။ MTF အဖွဲ့အမှုဆောင်ကော်မတီတွင် ကျူရှင်သင်ကြားရေး စင်တာများအတွက် လုပ်ကိုင်နေသည့် ပုဂ္ဂိုလ်များ ပါဝင်သည်။ MTF အဖွဲ့ကို မြန်မာအစိုးရက အသိအမှတ်ပြုထားပြီး အဖွဲ့၏ ရုံးများသည် အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်သော ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်း တည်ရှိသည်။ MTF အဖွဲ့သည် ပညာရေးဝန်ကြီးဌာနက ပြုလုပ်သည့် အရေးပါသော အစည်းအဝေးများတွင် ဆရာများ၏ ခံစားချက်၊ ထင်မြင်ယူဆချက်များကို ထုတ်ဖော်တင်ပြကြသည်။

ကျူရှင်သင်ကြားမှုခေါင်းစဉ်နှင့်ပတ်သက်၍ MTF အဖွဲ့တွင် တရားဝင်ရပ်တည်ချက်မရှိပါ။ သို့သော် ယခုလေ့လာချက်အတွက် တွေ့ဆုံမေးမြန်းခံရသည့် အမှုဆောင်ကော်မတီဝင်များက တန်ဖိုးရှိသော မှတ်ချက်များ ပေးခဲ့သည်။ တစ်ဖက်မှ ကြည့်လျှင် MTF အဖွဲ့သည် 'ဆရာများ လွတ်လပ်စွာ စာသင်ပြခွင့်'ကို အခိုင်အမာ ပြောဆိုကြသည်။ ဆိုလိုသည်မှာ ၎င်းတို့၏ အမြင်အရ ဗျူရိုကရက်ဆန်ဆန် တားဆီးပိတ်ပင်မှုများ မရှိဘဲ အနေအထားအမျိုးမျိုးတွင် ဆရာများ စာသင်ပြခွင့် ရှိသင့်သည်ဟု ဆိုသည်။ အခြားတစ်ဖက်ကကြည့်လျှင် MTF အဖွဲ့ဝင်အမှုဆောင်များသည် ကျူရှင်၏ သွင်ပြင်လက္ခဏာအချို့နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိကြသည်။ အထူးသဖြင့် ဆရာများက မိမိတို့၏ လက်ရှိတပည့်များကို ကျူရှင်အတွက် အပိုဝင်ငွေ လက်ခံနေသည့် အခြေအနေများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိကြသည်။ အခြားနိုင်ငံများမှ ဆရာအဖွဲ့အစည်းအချို့ (ဥပမာ – ဘရေးနှင့် ခွိ၊ ၂၀၁၄၊ စာ ၅၆–၅၇) နှင့် မတူဘဲ MTF အဖွဲ့တွင် ဤကိစ္စနှင့်ပတ်သက်၍ ကျင့်ဝတ်စည်းကမ်းများ မရှိပေ။ အဖွဲ့ဝင်အရာရှိများက နောင်အနာဂတ်တွင် ကျင့်ဝတ်စည်းကမ်းတစ်ခုကို သတ်မှတ်ရေးဆွဲ နိုင်မည်ဟု ခံစားမိကြသော်လည်း အခြားဦးစားပေးစရာများ ကြောင့်လည်းကောင်း၊ ကြုံတွေ့ရနိုင်သည့် ဖြစ်နိုင်ခြေပဋိပက္ခများ ကြောင့်လည်းကောင်း လက်ရှိအချိန် တွင် ထိုသို့စတင်ဆောင်ရွက်ရန် 'အချိန်မတန်သေးကြောင်း' ယူဆကြသည်။ ကြားကာလအတွင်း MTF အဖွဲ့သည် ကျောင်းသင်ပညာရေးအရည်အသွေးကို ကျူရှင်သင်ပေးရန် မလိုအပ်တော့ သည်အထိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသည့်ဆန္ဒ ရှိနေသည်။ တစ်ချိန်တည်းတွင် ထိုအရာရှိများသည် အချို့သော အနေအထားများတွင် ကျူရှင်သင်ကြားခြင်း၏ အရည်အသွေးနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ရှိနေကြသဖြင့် ကျောင်းများမှ ဆရာများတွင်

ရှိရမည့် အရည်အချင်းများအတိုင်း ကျူးရှင်ဆရာများ တွင်လည်း လုပ်ငန်းဆိုင်ရာ အရည်အချင်းများ ရှိရန် အဆိုပြုကြသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် MTF အဖွဲ့ဝင် အရာရှိတစ်ဦးကမူ အစိုးရကျောင်းမှ ဆရာများကို ပေးသကဲ့သို့ အစိုးရက ကျူးရှင်ဆရာများကိုလည်း ဆရာအတတ်ပညာ လေ့ကျင့် သင်တန်းပေးသင့်ကြောင်း ထပ်လောင်း၍ အဆိုပြုခဲ့သည်။

ဤသုတေသနနှင့် သက်ဆိုင်သည့် ဆရာ့အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဒုတိယအဖွဲ့အစည်း တစ်ခုမှာ ပုဂ္ဂလိကဆရာများအသင်း (PTA) ဖြစ်သည်။ ဤအဖွဲ့သည် ၂၀၁၁ ခုနှစ်တွင် အစပြုခဲ့သည်။ ရန်ကုန်မြို့မှ အဖွဲ့ဝင်များအကျိုးအတွက် ဆောင်ရွက်ရန် ကော်မတီတစ်ခု စတင် ဖွဲ့စည်းခဲ့သော်လည်း နိုင်ငံတစ်ဝန်း အဖွဲ့ခွဲများ ထားနိုင်ရန် မျှော်မှန်းထားသည် (ရိုးပြေပြစ်အောင်၊ ၂၀၁၆)။ ထိုအဖွဲ့ကို လူမှုရေးနှင့် လူမှုဖူလုံရေးအဖွဲ့အစည်းတစ်ခုအဖြစ် အဓိကအားဖြင့် တည်ထောင်ခဲ့သည်။ ဥပမာအားဖြင့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် အခြားအခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသော အဖွဲ့ဝင်များကို ထောက်ပံ့ပေးရန် ရည်ရွယ်ခဲ့သည်။ ထိုမျှသာမက ပုဂ္ဂလိကပညာရေးကဏ္ဍအတွက် ဥပဒေကြမ်းအပေါ် ဝေဖန်အကြံပြုခြင်းကဲ့သို့သော အလုပ်နှင့် သက်ဆိုင်သည့် တာဝန်များကိုလည်း ဤအဖွဲ့က ထမ်းဆောင်ခဲ့ဖူးသည်။ ပုဂ္ဂလိကကျောင်းများတွင် ဆရာအဖြစ် လုပ်ကိုင်နိုင်စေမည့် ခွင့်ပြုမိန့်ကတ်များကို အစိုးရထံမှ ရရှိရေးကို ၎င်းက အထူးအလေးပေး ဆောင်ရွက်လာခဲ့သည်။ PTA အဖွဲ့သည် ပုဂ္ဂလိကကျောင်းနှင့် ကျူးရှင်နှစ်မျိုးလုံးရှိ ဆရာများကို ဝန်ဆောင်မှုပေးပြီး ခွင့်ပြုမိန့်ကတ်များ ထုတ်ပေးမှုတွင် ကန့်သတ်ချက်များကို ဖြေလျှော့ပေးရန်လည်း တောင်းဆိုလာခဲ့သည်။ MTF အဖွဲ့နှင့် ၎င်းတို့အဖွဲ့၏ ဆက်ဆံရေးအကြောင်း မေးမြန်းသည့်အခါ ဤလေ့လာမှုအတွက် တွေ့ဆုံမေးမြန်းခဲ့သော PTA အဖွဲ့ဝင် အရာရှိများက အဖွဲ့နှစ်ဖွဲ့အကြား ဆက်ဆံရေးသည် ပွင့်လင်းပြီး အပြန်အလှန် ထောက်ပံ့ပေးမှုရှိကြောင်း ပြန်ဖြေခဲ့သည်။ MTF အဖွဲ့ဝင် အရာရှိများကို PTA အဖွဲ့နှင့်ပတ်သက်၍ ဤမေးခွန်းကို မေးမြန်းသည့်အခါ ၎င်းတို့၏ ဖြေကြားချက်သည်လည်း အတူတူပင် ဖြစ်သည်။

MTF အဖွဲ့ကဲ့သို့ PTA အဖွဲ့သည် ကျူးရှင်သင်ကြားမှုကဏ္ဍဆိုင်ရာ စည်းမျဉ်းဥပဒေများအတွက် လိုအပ်ချက်များရှိနေသည်ကို သိရှိထားသော်လည်း စည်းမျဉ်းဥပဒေများသည် လက်တွေ့ကျပြီး အကောင်အထည်ဖော်နိုင်သည့် အနေအထားမျိုးဖြစ်သင့်သည် ဟူ၍လည်း စိုးရိမ်ပူပန်မှုရှိသည်။ ဥပမာအားဖြင့် ခွင့်ပြုမိန့်ကတ်ရရှိရန် PTA အဖွဲ့ဝင်အရာရှိများက လျှောက်ထားသူများတွင် မဟာဘွဲ့သော်လည်းကောင်း၊ ဆရာလုပ်သက် ၁၁နှစ်သော်လည်းကောင်း ရှိထားရမည် ဟူ၍ဖော်ပြထားသော်လည်း ၎င်းတို့အနေဖြင့် စတင်သင်ကြားရန် ခွင့်ပြုချက် မရလျှင် ဆရာလုပ်သက် ၁၁နှစ်ကို (တရားဝင်) မရရှိနိုင်ပေ။ ထို့ပြင် စည်းမျဉ်းဥပဒေများအရ ကျောင်းသားများက ဘာသာရပ် ခြောက်ခုလုံးကို သင်ပြပေးစေလိုသည့်တိုင် ကျူးရှင်များသည် ဘာသာရပ်သုံးခုထက်ပို၍ သင်ကြားခြင်း မပြုရကြောင်း ဖော်ပြထားသည်။ စည်းမျဉ်းဥပဒေများအရ ကျူးရှင်များအပေါ် ဒေသအပိုင်းအခြားအရ ကန့်သတ်ချက်များလည်း ထားရှိသည်ဖြစ်ရာ လက်ရှိ တည်ရှိနေသည့် ကျူးရှင်တစ်ခုနှင့် မီတာ (၂၀၀) အကွာတွင် ကျူးရှင်အသစ်တစ်ခုကို ဖွင့်လှစ်ခြင်း မပြုရကြောင်း၊ ဆိုလို

သည်မှာ ကျူးရှင်တစ်ခုစီက ဘာသာရပ်သုံးခုစီ သင်ပြပေးမည့် ကျူးရှင်တစ်စုံသည် တစ်ခု နှင့်တစ်ခု နီးကပ်စွာ ထားရှိ၍ မရနိုင်ကြောင်း ဥပဒေအရ တားမြစ်ထား သည်။ PTA အဖွဲ့ဝင်အရာရှိများကလည်း ကျူးရှင်တစ်ခု တရားဝင်စာရင်းသွင်းရန် ငွေအမြောက်အများ ပေးသွင်းရခြင်းသည် ပညာရေးအဖွဲ့အစည်းကြီး များကို မျက်နှာသာပေးရာရောက်ပြီး အဖွဲ့အစည်းငယ်များကို ခွဲခြားဆက်ဆံရာရောက် သည်ဟု ထောက်ပြကြသည်။ မည်သို့ပင်ဆိုစေ ကျူးရှင်များနှင့်ပတ်သက်၍ အဓိပ္ပာယ် ဖွင့်ဆိုမှုဆိုင်ရာ မရှင်းလင်းသည့် အချက်များကြောင့် သင်တန်းဌာနခွဲများစွာရှိသည့် လုပ်ငန်းရှင်များသည် သူတို့၏ လုပ်ငန်းကို သင်တန်း တစ်ခုတည်းအဖြစ်သာ ဖော်ပြကြသည်ဟု ၎င်းတို့က ထပ်ဆင့်ပြောကြားကြသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဆက်စပ်သည့် ကိစ္စများတွင် ခွင့်ပြုမိန့်ကတ် မရရှိဘဲ သင်ကြားမှုအတွက် ထောင်ဒဏ်သုံးနှစ် သို့မဟုတ် ငွေဒဏ် ကျပ် (၃,၀၀၀,၀၀၀) အထိ ပြင်းထန်သော အပြစ်ဒဏ်ခံရသည်ဟု ဆိုသည်။ PTA အဖွဲ့ဝင်တစ်ဦးကမူ ကျူးရှင်ဆရာများသည် မျိုးဆက်သစ် လူငယ်များ ကျောင်းသင်ဘာသာရပ်များကို ပိုမိုပြည့်ဝထိရောက်စွာ သင်ယူနိုင်အောင် ကူညီပေးနေသူများဖြစ်သည်။ စာရိတ္တပိုင်းဆိုင်ရာ ကြီးမားသော ဘေးအန္တရာယ် တစ်ခုခုကို လုပ်တော့မည်ကဲ့သို့ ၎င်းကျူးရှင်ဆရာများအားဆက်ဆံရန် မသင့်ကြောင်း ထောက်ပြသည်။ သို့ဖြစ်ရာ PTA အဖွဲ့ဝင်အရာရှိများက စည်းမျဉ်းဥပဒေပုံစံများကို လေ့လာသုံးသပ်လျှင် ပိုကောင်းမည်ဖြစ်ကြောင်း ခံစားမိကြသည်။ တစ်ချိန်တည်းတွင် ကျောင်းများကို ပုံမှန် စစ်ဆေးသည့်ပုံစံအတိုင်း ကျူးရှင်များကို ပုံမှန်စစ်ဆေးခြင်းကဲ့သို့သော အရည်အသွေးအာမခံမှု ပုံစံအချို့ကိုလည်း ၎င်းတို့ အနေဖြင့် ကြိုဆိုမည်ဖြစ်ကြောင်း တင်ပြကြသည်။

၅.၅။ အနှစ်ချုပ်နှင့် နိဂုံး

ဆရာများ၏ ကျွမ်းကျင်မှုများ၊ ၎င်းတို့၏ အခန်းကဏ္ဍများနှင့် သဘောထားအမြင်များသည် ပညာရေးစနစ်အားလုံးကို လည်ပတ်စေရေးတွင် အဓိကကျသည်။ မြန်မာနိုင်ငံတွင် ဆရာအလုပ်ကို လေးစားမြတ်နိုးစွာ နှစ်မြှုပ်လုပ်ကိုင်နေသော ဆရာများစွာရှိသည်။ ဤလေ့လာချက်အတွက် စစ်တမ်းကောက်ယူခဲ့သော ရန်ကုန်မြို့မှ နမူနာကောက်ခံခဲ့သည့် ဆရာအများစုသည် တက္ကသိုလ် ပညာအရည်အချင်းများ ကောင်းစွာ ပိုင်ဆိုင်ထားသူများ ဖြစ်ကြသည်။ အခန်း (၂) တွင် ဆရာများ၏ ခံစားချက်၊ ထင်မြင်ယူဆချက်များ အမည်ရှိ Myanmar Egress အဖွဲ့၏ အစီရင် ခံစာ (လယ်လ်နှင့် သုတေသီများ၊ ၂၀၁၃) ကို ဖော်ပြထားသည်။ ယခုအခန်းတွင် ပါဝင်သည့် အချက်အလက်များသည် 'မြန်မာကျောင်းများတွင် ကောင်းမွန်သော အလေ့အထများစွာ ရှိသည် (စာ-၃)' ဟူသော ရှုထောင့်အပါအဝင် ထိုအစီရင်ခံစာက တင်ပြသော ရှုထောင့်များနှင့် ဆင်တူနေသည်။

တစ်ချိန်တည်းတွင် ဆရာများသည် စားဝတ်နေထိုင်ရေးကုန်ကျစရိတ်နှင့် နှိုင်းစာလျှင် နည်းပါးသည့် လစာရရှိကြသော်လည်း ၎င်းတို့မိသားစုများအတွက် ထောက်ပံ့ပေးရန် လိုအပ်ချက်များရှိနေသည်။ အရေအတွက်စံထားစစ်တမ်းတွင်

နမူနာကောက်ထားသည့် ဆရာများ၏ ထက်ဝက်နီးပါးက ကျူးရှင်သင်ကြားကြ ကြောင်းပြောကြပြီး အခြားဆရာများကလည်း ထိုသို့ သင်ပြခြင်းအပေါ် စာနာနားလည်ပေးကြသည်ကို တွေ့ရသည်။ အစိုးရ၏ စည်းမျဉ်းဥပဒေများအရ ဆရာများကို ကျူးရှင်မသင်ရန် တားမြစ်ထားသော်လည်း ထိုသို့ဆက်လက်လုပ်ဆောင်နေသော ဆရာများစွာရှိသည်။ အဆိုပါဆရာများ၏ ရည်ရွယ်ချက်များမှာ မိမိတို့၏ တပည့်များကို ကူညီပေးရန်၊ အပိုဝင်ငွေ ရရှိရန်တို့ ဖြစ်သည်။ ထို့ပြင် ဝင်ငွေနည်းသည့် မိသားစုများမှ တပည့်များကို အခမဲ့ သင်ကြားပေးသော ဆရာများလည်း အများအပြားရှိသည်။ တစ်ချိန်တည်းတွင် ဆရာအချို့ကမူ မိမိတို့ကိုယ်ကျိုးအတွက် ခြယ်လှယ်နိုင်မည့် အခွင့်အလမ်းများကို သိမြင်ထားကြသည်။ ဆရာအများစုက ကျောင်းအုပ်ကြီးများသည် ကျူးရှင်သင်ကြားခြင်းကို အားမပေးသူများအဖြစ် ရှုမြင်ကြသည်ဆိုသော်လည်း ဆရာအချို့ကမူ မိမိတို့၏ ကျောင်းအုပ်ကြီး များသည် ကျူးရှင်သင်ကြားခြင်းကို သည်းခံကြောင်း၊ အားပင် အားပေးတတ်ကြောင်း သို့မဟုတ် ကျူးရှင်သင်ရန် လိုအပ်သည်ဟုပင် ထင်မြင်ကြောင်း ရှုမြင်ကြသည်။ ဤပုံစံများသည် အပြိုင်အဆိုင်တွန်းအားများ အကြားလက်တွေ့ကျင့်သုံးမှုတွင်နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသော ရှင်းလင်းပြတ်သားမှုမရှိသည့် တင်းမာမှုများကို ထင်ဟပ်ဖော်ပြနေသည်။

ဆရာများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း သဘောထား တင်းမာမှုများကို ခံစားကြရသည်။ တစ်ဖက်တွင် ဆရာအလုပ်၏ ဂုဏ်သိက္ခာကို မြှင့်တင်လိုသော်လည်း တစ်ချိန်တည်းဆိုသလို မိမိတို့အဖွဲ့ဝင်များအတွက် အထောက်အကူပြုခြင်းနှင့် မိသားဝင်များကို ထောက်ပံ့ပေးနိုင်ရေးအတွက် လုံလောက်သော ဝင်ငွေများရရှိရန် လိုအပ်ကြောင်းကိုလည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။ ၎င်းတို့က ကျူးရှင်သင်ကြားခြင်းသည် လူ့အဖွဲ့အစည်း အတွက် ကောင်းကျိုးများ ပေးစွမ်းနိုင်သည်ဟု ခံစားမိကြသည်။ တွေ့ဆုံမေးမြန်းခံရသူများ ထဲတွင်ပါဝင်သည့် ကျူးရှင်များမှ စီမံခန့်ခွဲသူများနှင့် ဆရာများကမူ ၎င်းတို့ကို ကျောင်းသင်ပညာရေးနှင့် ယှဉ်ပြိုင် နေသည်ဟု မြင်ခြင်းထက် ကျောင်းသင်ပညာရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဟူ၍ အသိအမှတ်ပြုနိုင်ကြောင်း ခံစားမိကြသည်။

ဤအခန်း၏ အစတွင် ဖော်ပြခဲ့သည့်အတိုင်း အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း (NESP) အရ ပြုပြင်ပြောင်းလဲမှုများက ကျောင်းဆရာများအကြား အပြုအမူပိုင်းဆိုင်ရာ အပြောင်းအလဲကို တောင်းဆိုနေသည်။ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဦးတည်ချက်များကို ပုံဖော်ခြင်းသည် အရေးပါသကဲ့သို့ ဆရာများနှင့် ကျောင်းအုပ်ကြီးများက ပြောပြသည့်အတိုင်း အမှန်တရားကို လက်ခံအသိအမှတ်ပြုရန်လည်း ဒွန်တွဲဆောင်ရွက်ရပေမည်။ ပြောင်းလဲမှု အခြေအနေများအတွက် သိသာသော စိန်ခေါ်မှုတစ်ရပ်မှာ ရည်မှန်းချက်များနှင့် အမှန်တရားတို့ အကြား ကွာဟချက်များကို ဖော်ထုတ်ဆောင်ရွက်ရန် ဖြစ်သည်။ ဤလေ့လာမှုက တွန်းအားအမျိုးမျိုးအကြား မြိုသိပ်ထားသည့် ခံစားချက်များကို သိရှိနားလည်လာစေသည်။ ကျူးရှင်သင်ကြားခြင်းနှင့်ပတ်သက်၍ အတန်းတွင်း မည်မျှမှုများတွင် ဆရာများသာ တာဝန်ရှိသည် မဟုတ်ပေ။ ပညာရေးဂေဟစနစ်တွင် ကျောင်းသင်ဆရာများနှင့် တခြားနီးနွယ်ဆက်စပ်သူများအကြား အပြန်အလှန် သက်ရောက်မှုများကိုလည်း အလေးပေး လေ့လာသင့်သည်။ မိဘများသည် ကျူးရှင်ယူရန် အချင်းချင်း ဖိအားပေး

မှုခံနေရပြီး ပိုရ်အပြိုင်အဆိုင် ဖိအားပေးမှုကို ဝိရောဓိအနေဖြင့် ဖန်တီးပေးသည်။ ထိုသို့ယှဉ်ပြိုင်မှုသည် အစိုးရစစ်စာမေးပွဲများ၏ ဦးတည်ချက်ထက်ပင် ကျော်လွန်နေပြီး ဘာသာရပ် အကြောင်းအရာ များကို အဆင့်မြင့်မြင့် သင်ယူတတ်မြောက်စေရန် တောင်းဆိုမှုတွင် ပေါ်လွင်နေသည်။ သို့ဖြစ်ရာ ပုံမှန်စာသင်ခန်းတစ်ခုတွင် သင်ယူလိုသည့် ကျောင်းသားများ၏ စိတ်အား ထက်သန်မှုအပေါ် ပြဿနာများ ဖြစ်စေသည်သာမက အတန်းတွင်း စီမံခန့်ခွဲရေးတွင်လည်း ဆရာများအတွက် အခက်အခဲ ဖြစ်စေသည်။ ကျူရှင်သင်ကြားခြင်းသည် ပုံမှန်အခြေအနေများတွင် ကျောင်းသားများ၏ သင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် ထောက်ပံ့မှုတစ်ခုအဖြစ် ကောင်းကျိုးများ ရှိသည်ဟုဆိုစေကာမူ သင်ယူမှုဆိုင်ရာ လိုအပ်ချက်များကို အလေးပေးမှုထက် ကျော်လွန်သည့် မျှော်မှန်းချက်များဖြင့် ပိုပိုသာသာ တောင်းဆိုမှုများသည် အတန်းတွင်း ဆောင်ရွက်မှု အခြေအနေအပေါ် ဆန့်ကျင်ဘက် သက်ရောက်မှုဖြစ်စေသည်။ ဤတောင်းဆိုချက်များသည်ကျောင်းသားများ၏ သဘာဝအတိုင်း လေ့လာစူးစမ်းလိုစိတ်ကို အဟန့်အတားဖြစ်စေသည်သာမက ကျူရှင်သင်ကြားခြင်းအတွက် အချိန်နှင့် စွမ်းအင်များကိုလည်း ခွဲဝေသုံးစွဲရသဖြင့် ပုံမှန်အတန်းများတွင် သင်ကြားပေးရန် ဆရာများ၏ စွမ်းအားများကိုလည်း လျော့ပါးစေသည်။ အဆိုးဆုံးအချက်မှာ ကျူရှင်သင်ကြားခြင်းကို အကျဉ်းထောင်သဏ္ဌာန် သရုပ်ဖော်နိုင်ခြင်းပင် ဖြစ်သည်။ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ကျောင်းသားများ ပုံမှန်အပန်းဖြေအနားယူမှုများ မလုပ်ဆောင်နိုင်အောင် ထိုကျူရှင်တည်းဟူသော အကျဉ်းထောင်ထဲတွင် ပိတ်လှောင်ထားခြင်းမျိုး ဖြစ်သည်။ အခြားခြိမ်းခြောက်မှုတစ်ခုမှာ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းပါ ပြုပြင်ပြောင်းလဲမှုများအတွက် အပြောင်းအလဲများကို ရှေ့တိုးဆောင်ရွက်မည့်အစားသင်ကြားမှု အရည်အသွေးပိုင်းတွင် နိမ့်ပါးကျဆင်းလျှက် အများပြည်သူ ပညာပေးမှုလျော့ပါးလာ စေသည့် အဆိုးသံသရာထဲ တဝဲလည်လည် ဖြစ်နေခြင်းပင်။

ကျူရှင်သင်ကြားခြင်း ပြင်းထန်လာမှုအတွက် ဝယ်လိုအားနှင့် ရောင်းလိုအားစီးဆင်းမှုတွင် ရှုပ်ထွေးသော ဆက်နွယ်မှုများကို ပြန်လှန်သုံးသပ်ရာတွင် ပညာရေး၏ အရေးပါမှုနှင့် ၎င်း၏ အဓိပ္ပာယ်တို့ကို လျစ်လျူရှုတတ်ကြပေသည်။ ထိုအခြေအနေတွင် ကျူရှင်၏ဝန်ဆောင်မှုများသည် ပညာရေးရည်မှန်းချက်များ ပေါက်မြောက်ရေးအတွက် ကျောင်း၏ ကြိုးပမ်းအားထုတ်မှုကို ဖြည့်ဆည်းပေးသည့် တွန်းအားတစ်ခုအဖြစ်မှ ဝေးကွာလာသောကြောင့်ဖြစ်သည်။ ဆရာများကို စတေးခံရသူများအဖြစ်သော်လည်းကောင်း၊ ပြဿနာများအဖြစ်သော်လည်းကောင်း ပုံဖော်ခြင်းကို မလုပ်သင့်ကြောင်း သတိချပ်စေချင်ပြီး ထိုအရှုပ်အထွေးများကို ဖြစ်ပေါ်စေသော နောက်ကွယ်မှ တွန်းအားကို သတိထားလေ့လာရန် ဤအစီရင်ခံစာက တောင်းဆိုပေးထားသည်။ တွန်းအားကို ရှင်းလင်းပီပြင်စွာ ရှာဖွေဖော်ထုတ်ခြင်းမပြု၊ ပညာရေးဆိုင်ရာဂေဟစနစ်ရှိ ပတ်သက်ဆက်နွယ်သူများက စေ့စပ်သေချာစွာ စုပေါင်းအာရုံစိုက်လုပ်ဆောင်မှု မရှိလျှင်မူ အဓွန့်ရှည် တည်တံ့နေမည့် ပြဿနာများကို ဖြေရှင်းရန် ဆရာများသည် လွယ်ကူသော ပစ်မှတ်တစ်ခု ဖြစ်နေဦးမည်သာ။ အခြားကျင့်သုံးမှုနည်းလမ်းများကို ရှာဖွေရာတွင် လူ့အသိုက်အဝန်းအတွင်း စကားဝိုင်းဖွဲ့ ဆွေးနွေးမှုများဖြင့် စတင်နိုင်ပေမည်။ ဥပမာအားဖြင့် အခန်း (၃) တွင် ဖော်ပြခဲ့သည့် ဆရာ

များနှင့် ကျောင်းအုပ်ကြီးများအတွက် အလုပ်ရုံဆွေးနွေးပွဲ နှစ်ခုတွင် ဆောင်ရွက်ခဲ့သည့် စကားဝိုင်းများတွင် အဖွဲ့အစည်းအမျိုးမျိုးမှ ပတ်သက်ဆက်နွယ်သူ များက ကျောင်းသင်ပညာရေး နှင့်ကျူရှင် နှစ်ခုလုံး၏ အရည်အသွေးအတွက် လိုက်နာကျင့်သုံးမှုဥပဒေနှင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည့် လက်တွေ့ကျသော စည်းမျဉ်းဥပဒေများဆိုင်ရာ ပြဿနာရပ်များတွင် သဘောထားတူညီနေခြင်းမျိုး ဖြစ်သည်။ အဆိုပါ ရှုပ်ထွေးသော သွင်ပြင်လက္ခဏာကို နားလည်အောင် ကြိုးပမ်းရာတွင် အများပြည်သူ ပါဝင်ဆောင်ရွက်မှုသည် ပညာရေးအရည်အသွေးနှင့် အများပြည်သူအကျိုးအတွက် ကျောင်းသင်ပညာရေးတို့အပေါ် အလေးပေးမှုနှင့်အတူ ပညာရေးဆိုင်ရာ ဂေဟစနစ်ကို ကာကွယ်မှုတွင် နှစ်သက်လိုလားဖွယ် အပြောင်းအလဲများ အတွက် ရှုထောင့်တစ်ခု ဖြစ်လာနိုင်ပါသည်။

အခန်း ၆
မူဝါဒဆိုင်ရာ သက်ရောက်မှုများ

ကောက်ယူရရှိသော အချက်အလက်များမှ အဓိက လေ့လာတွေ့ရှိချက်များကို တင်ပြပြီးနောက် မေးခွန်းများ၏ နောက်ဆုံးအပိုင်းသည် မူဝါဒဆိုင်ရာ သက်ရောက်မှုများနှင့် သက်ဆိုင်ပါသည်။ ဤအခန်းသည် အထူးသဖြင့် နိုင်ငံအဆင့် အစိုးရမူဝါဒနှင့် အဓိကသက်ဆိုင်ရုံသာမက ကျောင်းများ စီမံခန့်ခွဲမှုအတွက်လည်း ဆက်စပ်မှုရှိသည့်အတွက် အဖွဲ့အစည်းအဆင့်နှင့်လည်း သက်ဆိုင်ပါသည်။ အခန်း (၃) တွင် ဖော်ပြခဲ့သည့်အတိုင်း ကျူးရှင်၏ သဘောသဘာဝနှင့် ပြန်လှန်မှုအတိုင်းအတာ ပမာဏတို့အပေါ် ကနဦးလေ့လာတွေ့ရှိချက်များကို ကျောင်းအုပ်များ၊ ဆရာများနှင့် အခြားသော ပညာရေးနှင့်နီးနွယ်ဆက်စပ်သူများအနေဖြင့် မူဝါဒဆိုင်ရာ သက်ရောက်မှုများနှင့်ပတ်သက်ပြီး အတည်ပြုခြင်းနှင့် ဆွေးနွေးခြင်းများဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ယခုတင်ပြမည့်အခန်းသည် ယင်းတွေ့ဆုံဆွေးနွေးမှုနှင့် ပို၍ကျယ်ပြန့်သော နိုင်ငံတကာ အတွေ့အကြုံတို့ကို အခြေခံပြီးရေးသားထားပါသည်။

ဤအခန်းသည် ပညာရေးအတွက် ငွေကြေးနှင့်ပတ်သက်သော မှတ်ချက်များဖြင့် စတင်ထားပြီး အထူးသဖြင့် ပထမဦးစွာ ဆရာများ၏ လစာနှင့် ဒုတိယအနေဖြင့် ပညာရေးအတွက် အစိုးရနှင့် အိမ်ထောင်စုများ၏ အသုံးစရိတ်များကို ချိန်ဆနှိုင်းယှဉ်ထားသည်။ ထို့နောက် မိမိ၏ ကလေးများအတွက် ပညာရေးတွင် ရင်းနှီးမြှုပ်နှံရန် ရွေးချယ်ခွင့်အပါအဝင် လူသားအရင်းအမြစ်နှင့် မိဘများ၏အခွင့်အရေး ကိစ္စရပ်များကိုဆွေးနွေးထားပါသည်။ တတိယအပိုင်းတွင် သင်ကြားမှု၊ သင်ယူမှုနှင့် အကဲဖြတ်စစ်ဆေးမှုတို့ကို အလေးပေး ဆွေးနွေးထားပါသည်။ ကျောင်းသင်ပညာရေးလုပ်ငန်းများနှင့် အရိပ်ပညာရေးကဏ္ဍ၏ သဘောသဘာဝ တို့ကိုလည်းကောင်း၊ NESP က ထောက်ခံအားပေးထားသော ပြုပြင်ပြောင်းလဲမှု၏ သက်ရောက်မှုများကိုလည်းကောင်း ဝေဖန်သုံးသပ်ထားပါသည်။ ထို့နောက် စတုတ္ထအပိုင်းတွင် အထူးသဖြင့် အစိုးရဝန်ထမ်းဆရာများမှ အခကြေးငွေဖြင့် သင်ကြားပေးခြင်းကိုကြည့်ပြီး ဆရာများ၏ အပိုသင်ခန်းစာများ ပေးခြင်းအပေါ် ကျောင်းအဆင့်နှင့် ဖွဲ့စည်းပုံအဆင့် နှစ်ခုလုံးအတွက် မူဝါဒများကို ထည့်သွင်းစဉ်းစားထားပါသည်။ ပဉ္စမအပိုင်းတွင် ပိုမိုကျယ်ပြန့်သော စျေးကွက်အတွင်း ကျူးရှင် စည်းကမ်းထိန်သိမ်းမှုအတွက် မူဝါဒဆိုင်ရာ မူဘောင်များကို ထည့်သွင်းစဉ်းစားထားပါသည်။ နောက်ဆုံးအပိုင်းမှာ အနှစ်ချုပ်နှင့် နိဂုံးဖြစ်ပါသည်။

၆.၁။ ပညာရေးစနစ်အတွက် ဘဏ္ဍာငွေထောက်ပံ့ပေးခြင်း

ဤသုတေသနအတွက် ဆန်းစစ်လေ့လာခဲ့သည် ဆရာများထဲမှ ၉၁.၁% က ကျူးရှင်သင်ကြားခြင်းအတွက် ၎င်းတို့၏ အကြောင်းပြချက်မှာ '၎င်းတို့၏ ဝင်ငွေကို

ဖြည့်စွက်ရန်ဖြစ်သည်' ဟု ညွှန်ပြခဲ့သည် (ဇယား ၅.၁)။ ဆိုလိုသည်မှာ ဆရာများသည် ၎င်းတို့၏ တရားဝင် လစာများ ပိုမြင့်မားမည်ဆိုလျှင် ကျူးရှင်ပေးနိုင်ခြေ လျော့နည်းကောင်းလျော့နည်း မည်ဟူသော သဘောသက်ရောက်နေသည်။ တွေ့ဆုံမေးမြန်းမှုတွင်လည်း ဆရာများက ထိုအချက်ကို လက်ခံ ထားကြောင်းတွေ့ရသည်။ ဤအဆိုမှာ ကမ္ဘာ့အခြားသောနေရာများတွင် အထောက်အထား ထင်ရှား သည့် အခြေခံအကြောင်းရင်းလည်းဖြစ်သည်။ ဥပမာအားဖြင့် ဆရာများ၏ လစာမြင့်မား သောဟောင်ကောင်တွင် အခကြေးငွေဖြင့် ကျူးရှင်သင်ကြားပေးသည့် ဆရာများ အလွန်နည်းပါးလေသည်။ အကြောင်းရင်းမှာ တစ်ဖက်တွင်လည်း ၎င်းတို့၌ ငွေကြေးဆိုင်ရာလိုအပ်ချက်နည်းပါးသောကြောင့်လည်းကောင်း၊ အခြားတစ်ဖက်တွင် လည်း ၎င်းတို့၌ ငွေကြေးဆိုင်ရာ လိုအပ်ချက်နည်းပါး သည်ကို လူအဖွဲ့အစည်းက သိနေသည့်အတွက် ဆရာများ အလိုကြီးခြင်းကိုလည်း လက်ခံလိမ့်မည် မဟုတ်သော ကြောင့်ဖြစ်သည်။ ဤလေ့လာတွေ့ရှိမှုများသည် ဥပမာအားဖြင့် ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယား သမ္မတနိုင်ငံနှင့် စင်္ကာပူတို့တွင်လည်း အလားတူပင်ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ဆရာများအား ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယား သမ္မတနိုင်ငံနှင့် စင်္ကာပူနိုင်ငံများ အဆင့်နီးပါး လစာပေးရန် မြန်မာအစိုးရကို ထောက်ခံအကြံပြုခြင်းသည် လက်တွေ့ဆန်မည် မဟုတ်ပေ။ မြန်မာနိုင်ငံ၏ စီးပွားရေးသည် တိုးတက်ကောင်းတိုးတက် နေနိုင်သော်လည်း မဝေး သော အနာဂတ်တွင် အလယ်အလတ်ဝင်ငွေရှိသော တိုင်းပြည်များ အဆင့်သို့ရောက်ရန်ပင် မမျှော်မှန်းနိုင်ပေ။

မည်သို့ပင်ဆိုစေကာမူ ထင်ရှားသော ပြောင်းလဲမှုကို ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP– မြန်မာ၊ ၂၀၁၆၊ စာ–၂၃၁) သည် ၂၀၀၉/၁၀ ခုနှစ်တွင် ပညာရေးအတွက် ဘဏ္ဍာငွေပမာဏကို အစိုးရက ၃၁%၊ မိသားစုများက ၆၃% နှင့် ပြင်ပအလှူရှင်က ၆% မှ ၂၀၁၃/၁၄ တွင် အစိုးရက ကျခံသုံးစွဲငွေပမာဏ၏ ၆၆%၊ မိသားစုများက ၃၀% နှင့် ပြင်ပအလှူရှင်က ၅% သို့ ပြောင်းလဲနိုင်ခဲ့သည်ကို ညွှန်ပြခဲ့သည်။ ဤပြောင်းလဲမှုကို အစိုးရ၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာဘဏ္ဍာငွေခွဲဝေမှု (သာမန်အသုံးစရိတ်) ကျပ်သန်းပေါင်း (၂၇၄,၀၀၀)မှ(၁,၁၃၀,၀၀၀) ထိ တိုးမြှင့်လိုက်ရာမှ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။ တိုးမြှင့်လိုက်သောလုပ်ငန်းလည်ပတ်မှုဆိုင်ရာ သုံးစွဲမှု၏ အဓိကအပိုင်းမှာ ၂၀၁၁/၁၂မှ ၂၀၁၅/၁၆ ခုနှစ်ကြား ဆရာသစ်များ ခန့်အပ်ထားမှုနှင့်အတူ ဆရာများနှင့် အစိုးရအမှုထမ်းများအတွက် လစာနှင့် ထောက်ပံ့ကြေးများ လေးဆတိုးမြှင့်ခြင်း ဖြစ်သည်။ သက်ဆိုင်ရာ အချက်အလက်များက အစိုးရ အသုံးစရိတ်များအားလုံး တိုးမြှင့်ခဲ့ပြီး ဖြစ်သည်ကိုသာမက ပညာရေးကဏ္ဍ အသုံးစရိတ်များမှာလည်း အခြား ကဏ္ဍများထက် လျင်မြန်စွာ တိုးမြှင့်လာသည်ကိုပါ ပြသခဲ့သည် (ဟွခ်နှင့် သုတေသီများ၊ ၂၀၁၅၊ စာ–၂၂)။ ဤပြောင်းလဲမှုများသည် မြန်မာနိုင်ငံကို အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) အဖွဲ့ဝင်များ၏ ပျမ်းမျှ အချိုးကျ အစိုးရ အသုံးစရိတ်များနှင့် ပိုမိုနီးစပ်လာစေခဲ့သည်။ ၂၀၁၁/၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပညာရေး အတွက် အစိုးရသုံးစွဲငွေမှာ ပြည်တွင်း အသားတင်ကုန်ထုတ်လုပ်မှု (GDP) ၏ ၀.၇% ရှိခဲ့သော်လည်း ၂၀၁၂/၁၃ ခုနှစ်တွင် ၁.၆% သို့လည်းကောင်း၊ ၂၀၁၃/၁၄

တွင် ၂.၁% သို့လည်းကောင်း အသီးသီး တိုးမြှင့်နိုင်ခဲ့သည် (မြန်မာ၊ ၂၀၁၆၊ စာ-၂၃၄)။

သို့သော်လည်း NESP က ဤတိုးမြှင့်လာမှုများသည်ပင်လျှင် ပညာရေးအတွက် အစိုးရသုံးစွဲငွေသည် အာဆီယံပျမ်းမျှ (၃.၆%) ၏ အောက်ကို အတော်ပင်ရောက်နေသေးသည်ဟု မှတ်ချက်ပြုခဲ့သည်။ ထို့ပြင် အခန်း (၅) တွင်ဖော်ပြခဲ့သည့်အတိုင်း တွေ့ဆုံမေးမြန်းခဲ့သော ဆရာများသည် ၎င်းတို့၏ လစာများ တိုးတက်လာမှုများကို ငွေကြေးဖောင်းပွမှုက တိုက်စား သွားသည်ဟု ခံစားနေရသည်။ သို့ဖြစ်၍ ဆရာများ ကျူရှင်ပေးစရာမလိုဘဲ သင့်တင့် လျောက်ပတ်သော ဝင်ငွေများ ရရှိစေရန်အတွက် စီစဉ်ထားသည့် ညွှန်ကြားချက်များနှင့်အတူ နောက်ထပ်လစာများ တိုးမြှင့်ပေးရန် အခိုင်အမာထောက်ခံအကြံပြုနိုင်ပါသည်။ အချို့ဆရာများမှာ ကျူရှင် ဈေးကွက်ထဲသို့ သွားရောက်နေဆဲပင်ရှိသေးသည်။ ၎င်းကို မြန်မာနိုင်ငံ၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအဆင့်တွင် ရှောင်လွှဲ၍မရနိုင်သော၊ လက်ခံကောင်းလက်ခံနိုင်သော အရာအဖြစ် ထည့်သွင်းစဉ်းစားနိုင်သည်။ သို့သော်လည်း အာဏာပိုင်များသည် ယုတ်စွအဆုံး လစာတိုးမြှင့် ပေးခြင်းအားဖြင့် ဆရာများ မိမိကျောင်းမှ အထူးသဖြင့် မိမိစာသင်ခန်းမှ ကျောင်းသားများကို ကျူရှင်မသင်ရန် တိုက်တွန်းမှုမျိုး ပြုလုပ်သင့်သည်။ အမှန်တွင် ဘဏ္ဍာငွေ အရင်းအနှီး တိုးမြှင့်ခြင်းသည် အခြားသော ကဏ္ဍများနှင့်လည်း ညှိနှိုင်းဆွေးနွေးရန်လိုအပ်သော်လည်း ပညာရေးအတွက်ကိုမူ အမြင်ပင် အခိုင်အမာ ထောက်ခံအားပေးပါသည်။

ဤအခြေအနေကို မိသားစုများဘက်မှရှုမြင်ပြီး ၂၀၀၉/၁၀ ခုနှစ်တွင် မိသားစုများ၏ ပညာရေးအသုံး စရိတ်နှင့်သက်ဆိုင်သော ကိန်းဂဏန်းများကို NESP က တင်ပြခဲ့ပါသည် (ပုံ ၆.၁)။ ဤအသုံးစရိတ်များထဲတွင် ကျူရှင်အတွက် ကုန်ကျစရိတ်မှာ မယှဉ်သာလောက်အောင် အကြီးမားဆုံး ကဏ္ဍဖြစ်နေပြီး အချို့သူများ ပြောကြားချက်အရ အသုံးစရိတ်အားလုံးပေါင်း၏ ၄၁.၅% ပါဝင်နေ ပေသည်။ ထို့ပြင် စရိတ်ပမာဏ အများအနည်းအရတင်ပြရလျှင် ဘော်ဒါဆောင် (၂၁.၉%)၊ စာရေးကိရိယာ (၁၀.၃%)၊ ကျောင်းဝင်ကြေးနှင့်လစာ (၉.၂%)၊ သွားလာစရိတ် (၇.၁%)၊ ကျောင်းအတွက် ထည့်ဝင်ကြေး (၃.၈%) နှင့် ပြဋ္ဌာန်းစာအုပ် (၃.၆%) တို့ ဖြစ်သည်။ အကြီးမားဆုံး အသုံးစရိတ်ကဏ္ဍများစွာကို အစိုးရက လွှဲပြောင်းတာဝန်ယူထားခဲ့ပြီးသည်ဟု NESP က ဖော်ပြထားသည်။ ထို့ကြောင့် NESP ကို ပြုစု ရေးသားသူများက ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း အိမ်ထောင်စု အသုံးစရိတ်သည် သိသိသာသာ ကျဆင်းခဲ့ပြီးဖြစ်သည့်အပြင် မသင်မနေရအခမဲ့ အခြေခံပညာရေးစနစ် အကောင်အထည်ဖော်မှု ကြောင့် လာမည့်နှစ်များတွင်လည်း ဆက်လက်ကျဆင်း လိမ့်မည်ဟု ယူဆပါသည် (မြန်မာ ၂၀၁၆၊ စာ-၂၃၈-၂၃၉)။ သို့သော်လည်း ဤသို့ လျော့နည်းသွားနိုင်မည်ဟု ခန့်မှန်းထားသည့် ယူဆချက်မှာ မေးခွန်းထုတ်စရာဖြစ်နေသည်။ ပထမဆုံး အနေဖြင့် အကုန်အကျ အများဆုံး ကဏ္ဍဖြစ်သောကျူရှင်နှင့် ဘော်ဒါဆောင်ကြေးကို အစိုးရက လွှဲပြောင်းတာဝန် မယူခဲ့ပေ။ ဒုတိယအနေဖြင့် ဝင်ငွေတိုးလာသည်နှင့်အမျှ မိဘများသည် ၎င်းတို့၏ သားသမီးများ ယှဉ်ပြိုင်အသားစိုးရနိုင်မည့် မျှော်လင့်ချက်ဖြင့် ကျူရှင်တွင် ငွေကြေး

သုံးစွဲရန်ပို၍ ဆန္ဒရှိလာကြမည်ဖြစ်သည် (နမူနာ–လေးထောင့်ဇယားကွက် (၄.၂) တွင်ရှိ)။

ပုံ (၆.၁) အိမ်ထောင်စုများ၏ ပညာရေးအသုံးစရိတ်များ ပေါင်းစပ်ဖွဲ့စည်းပုံ (၂၀၀၉/၁၀)



ရင်းမြစ်။ မြန်မာ (၂၀၁၆)၊ စာ–၂၃၉

ထိုပြင် အစိုးရအနေဖြင့် ကျောင်းသင်ဆရာများအား အခကြေးငွေဖြင့် ကျူရှင်သင်ကြားခြင်း မပြုရန် တားဆီးရာတွင် အောင်မြင်သည်ဆိုစေကာမူ ဟောင်ကောင်၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ စင်္ကာပူနှင့် အခြားများစွာသော တိုင်းပြည်များမှာကဲ့သို့ ထိုအပိုဆောင်းသင်ခန်းစာများသည် ဈေးကွက်ထဲတွင် ကုမ္ပဏီများနှင့် တက္ကသိုလ်ကျောင်းသားများအပါအဝင် တရားဝင်မဟုတ်သော အခြားကျူရှင်ပေးသူများထံမှ ရရှိနိုင်ဦးမည်သာဖြစ်သည် (ဘရေး၊ ၂၀၀၉။ ဘရေးနှင့် လိုင်ကင်စ်၊ ၂၀၁၂)။ ဤအချက်များကို စဉ်းစားကြည့်လျှင် ကျူရှင်အတွက် အိမ်ထောင်စု အသုံးစရိတ်များမှာ နိမ့်ကျရန်ထက် မြင့်မားလာရန် သာရှိသည်။

၆.၂။ လူစွမ်းအားအရင်းအမြစ်၊ လူမှုရေးမညီမျှမှုများနှင့် မိဘများ၏အခွင့်အရေး

စီးပွားရေးဆိုင်ရာ စာပေအထောက်အထားအရ လူတို့သည် ပညာရေးကို လူစွမ်းအားအရင်းအမြစ်အတွက် မြှုပ်နှံမှုတစ်ခုဟု ရှုမြင်ကြသည် (ဥပမာ–ခီးလီ၊ ၂၀၀၇။ ဖစ်ဇီမွန်စ်၊ ၂၀၁၅။ ဂျန်းစ်နှင့် သုတေသီများ၊ ၂၀၁၇ တို့တွင် ရှိ)။ အလွယ်တမ်းကြည့်မည်ဆိုပါက အားလုံး မဟုတ်လျှင်ပင် ပညာရေး အသုံးစရိတ် အများစုမှာ စီးပွားရေး အမြတ်အစွန်းများပြန်လည် ဖြစ်ပေါ်စေနိုင်သော မြှုပ်နှံမှုတစ်ခုအဖြစ် သက်ရောက်နေသည်ဟု ကောက်ချက်ချနိုင်သည်။ သို့သော်လည်း သုသေသနအနည်းအကျဉ်းကသာ အရိပ်ပညာရေးနယ်ပယ် တွင် ဤအဓိကအချက်ကို အလေး

ထားလေ့လာခဲ့သည်။ မူဝါဒချက်မှတ်သူများ အနေဖြင့် အရိပ်ပညာရေး အားလုံးသည် လူ့စွမ်းအားအရင်းအမြစ်ကို အဓိပ္ပာယ်ရှိရှိ အကျိုးပြုသည်ဟု မမှတ်ယူသင့်ပေ (လီယူနှင့်ဘရေး၊ ၂၀၁၇(ခ))။ ကျောင်းသားများက ပုံမှန် ကျောင်းချိန်များတွင် အာရုံစိုက်မှု လျော့နည်းလာလျှင် အရိပ်ပညာရေးသည် ကျောင်းပညာရေးစနစ်၏ အရေးပါမှုကို လျော့နည်းလာ စေနိုင်သည်။ အားနည်းသော ကျောင်းသားများ အားလုံးသည် ကျူရှင်ယူကြမည်ဟု ယူဆသောကြောင့်ဖြစ်စေ (သို့) သူတို့ကိုယ်တိုင်လည်း ကျူရှင်ပေးနေပြီး ကျောင်းအလုပ်ထက် ကျူရှင်သင်ကြားခြင်းကိုသာ ပိုအာရုံစိုက်လာခဲ့လျှင်ဖြစ်စေ ဆရာများက မိမိတာဝန်ဝတ္တရားပေါ်တွင် ပေါ့လျော့လာမည် ဆိုပါကပညာရေးအတွက် အနုတ်လက္ခဏာသာ ဖြစ်လာနိုင်ပေသည်။ ထို့ပြင် ကျောင်းသားများလည်း ကျူရှင်သွားရသည်ကို ပိုလိုလားသည့်အတွက် အထူးသဖြင့် နောက်ဆုံးအတန်းကြီးများတွင် ခဏခဏ ကျောင်းပျက်လာ နိုင်ပေမည် (လေးထောင့် ဇယားကွက် ၆.၁)။

ကျူရှင်အပေါ် ကောင်းသည့်ရှုဒေါင့်က ကြည့်မည်ဆိုပါက အစိုးရများအနေဖြင့် အရိပ်ပညာရေးသည် သင်ယူတတ်မြောက်မှုကို အမှန်ပင် အကျိုးပြုသည်ဟု ယူဆနိုင်သည်။ ဤသည်ကိုလည်း တွေ့ဆုံးမေးမြန်းမှု၌ ဖြေကြားသူအမျိုးမျိုးက အခိုင်အမာဆိုခဲ့သည်။ ဤအတိုင်းဆိုလျှင် ကျူရှင်ပုံစံအချို့မှာ အမှန်ပင် လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ပေးပြီး အခြားသော နေရာဒေသအမျိုးမျိုးတွင် ဝေဖန်ပြောဆိုကြသည့်အတိုင်း အပြန်အလှန်အားဖြင့် စီးပွားဖြစ်ထွန်းမှုကို အကျိုးပြုသည်ဟု ထောက်ခံအကြံပြုနိုင်ဆဲပင်ဖြစ်သည် (ဥပမာ– ဘီယန်၊ ၂၀၁၂။ ဘီယန်နှင့် ပါ့ခ်၊ ၂၀၁၄ တို့တွင် ရှု)။ ထို့ကြောင့် ကျူရှင်တွင် မြှုပ်နှံထားသော လုပ်အားနှင့် အချိန်သည် ဖြုန်းတီးရာရောက်သည်ဟု သေချာပေါက် မဆိုသာပေ။

ထိုသို့ဖြစ်လင့်ကစား ကျူရှင်သည် လူမှုရေးအပြင် စီးပွားရေး သက်ရောက်မှုလည်းရှိသည်။ ငွေကြေးပိုပြည့်စုံသော မိသားစုများသည် ဝင်ငွေပိုနည်းသော မိသားစုများထက် ပမာဏ ပိုမိုများပြားသော၊ အရည်အသွေးပိုမိုကောင်းမွန်သော ကျူရှင်ကို ခေါ်ယူသင်ကြားနိုင်ကြသည် ဆိုသည့်အချက်မှာလည်း ထင်ရှားလှသည်။ ဤသို့ရင်းနှီးမြှုပ်နှံနိုင်စွမ်းသည် လူတန်းစားခွဲခြားမှုကို တည်မြဲစေရုံသာမက ပိုမိုဆိုးဝါးစေသည်။ တစ်ချိန်ကလည်း ကိုရီးယားအာဏာပိုင်များအနေဖြင့် အရိပ်ပညာရေးသည် လူမှုရေးမညီမျှမှုများကိုဖြစ်စေပြီး ကျောင်းသား မျိုးဆက်တို့အပေါ် စာလေ့လာမှုဆိုင်ရာ ကြီးလေးသော ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်နေသည်ဟု ယူဆခဲ့ကြသည်။ ၁၉၈၀ခုနှစ်တွင် ကိုရီးယားအစိုးရသည် ကျူရှင်သင်ကြားသည်ဖြစ်စေ (သို့) ကျူရှင်ယူသည်ဖြစ်စေ တရားမဝင်ဟုသတ်မှတ်ပြီး အခကြေးငွေဖြင့် ကျူရှင်သင်ကြားပေးမှုကို တားမြစ်ပိတ်ပင်ခဲ့သည် (ဘရေး၊ ၂၀၀၉၊ စာ ၄၇–၅၄)။ သို့သော် ဤပိတ်ပင်တားမြစ်မှုကို ယနေ့တိုင် အောင်မြင်စွာ မတားမြစ်နိုင်ခဲ့ပေ။ ထိုသို့ တားမြစ်သော အခါ ကျူရှင်အတော်များများကို လျှို့ဝှက်စွာ သင်ကြားခဲ့ကြပြီး ပိုမိုမြင့်မားသော ဈေးနှုန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လူမှုရေး မညီမျှမှုများကို ပို၍ဆိုးဝါးစေခဲ့သည်။ လူ့အခွင့်အရေး ရှုထောင့်မှလည်း ၎င်းမူဝါဒသည် စောဒကတက်စရာဖြစ်ခဲ့သည်။ ၂၀၀၀ ခုနှစ်တွင် တရားရုံးက ၎င်းမူဝါဒကို အခြေခံဥပဒေနှင့် မကိုက်ညီကြောင်း ကြေငြာခဲ့သည်။ အစိုးရက မိသားစုများကို ၎င်းတို့၏

ကလေးများအတွက် ကျူရှင်သင်ကြားမှုအပေါ် ငွေကြေးသုံးစွဲခြင်းမှ မတားဆီးနိုင်ဟူသော အဓိပ္ပာယ် သက်ရောက်ပါသည်။

မြန်မာနှင့် အခြားသော နိုင်ငံများအတွက် ဤအတွေ့အကြုံမှ ရရှိသော သင်ခန်းစာမှာ ကျူရှင်သည် အမြဲတမ်း တည်ရှိနေမည်ဖြစ်သည်ဟူသော အချက်ပင် ဖြစ်သည်။ ၎င်းကိုတားဆီး၍ ရနိုင်မည်မဟုတ်ပါ။ ရည်မှန်းချက်ကြီးမားပြီး စီးပွားရေးတောင့်တင်းသော မိဘများက ၎င်းတို့၏ သားသမီးများဘဝရှေ့ရေးကို မြှင့်တင်နိုင်မည့် နည်းလမ်းများကို အမြဲရှာဖွေနေမည်သာ ဖြစ်သည်။ ထို့ပြင် ဂလိုဘယ်လိုက်ဇေးရှင်းက မြှင့်တင်လိုက်သည့် အပြန်အလှန် ဆက်နွယ်မှုများသည် လူအဖွဲ့အစည်းများကို ယခင်ကထက်ပင် ပိုပြီး ပြိုင်ဆိုင်စေသည်။ မြန်မာနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများက ရင်းမြစ်များကို တိုးပွားလာစေမည်ဖြစ်သည့် အတွက် မိသားစုများ အနေဖြင့်လည်း မိမိတို့၏ ရှင်သန်ရပ်တည်နိုင်ရုံအဆင့်မှာသာ လည်ပတ်မနေရတော့ဘဲ ကျူရှင်သင်ကြားမှု အပါအဝင် သာမန်ထက်ပိုသော အရာများကို တတ်နိုင်စေရန် အရင်းအနှီးများ ပိုမိုရရှိလာစေမည် ဖြစ်သည်။ အပြန်အလှန်အားဖြင့်အထက်တွင် ဆိုခဲ့သည့် မှတ်ချက်များနှင့် ဆက်နွယ်၍ လူတို့၏ လိုအပ်ချက်များကို ဈေးကွက်ကလည်း တုံ့ပြန်မည်ဖြစ်သည့်အတွက် ကျူရှင်ကို ပို၍ပင် စိတ်ဝင်စား လာနိုင်သည်။

လေးထောင့်ဇယားကွက် (၆.၁) ကျောင်းသားမရှိသော စာသင်ခန်းများ

အစိုးရက အနည်းဆုံးကျောင်းခေါ်ကြိမ် (၇၅%) ကို သတ်မှတ်ခဲ့သည်။ ထိုသို့ သတ်မှတ်ရခြင်းမှာ အကြောင်းတစ်ရပ်အားဖြင့် ကျောင်းသားများ ကျူရှင်တက်ရန် အတွက် ကျောင်းမှ စာသင်ချိန်များကို ပျက်ကွက် လာကြသောကြောင့် အကြောင်းမဲ့ပုံမှန်ကျောင်းပျက်မှု ပြဿနာကို တွေ့ကြုံရ၍ဖြစ်သည်။ သို့သော် ၁၁ တန်း စာမေးပွဲ နီးကပ်လာသည်နှင့်အမျှ ဤအနိမ့်ဆုံး သတ်မှတ်ချက်ကို ကျင့်သုံးရန် ခက်ခဲလာသည်။ ၎င်းနှင့် ပတ်သက်ပြီး ကျောင်းအုပ်ကြီးတစ်ဦးက ဤသို့ ရှင်းပြထားပါသည်။ 'ဆရာတွေက စာသင်ချင်ပါတယ်။ ဒါပေမယ့် အတန်းထဲမှာ ကျောင်းသားက မရှိဘူး။ ကျောင်းသားတွေက ကျူရှင်ကိုပဲ အားထားကြတယ်။ ကျောင်းလာရင်တောင် ဆရာတွေကို စာမသင်ဖို့ ပြောကြတယ်'။

ထိုအခြေအနေကို မည်သို့ ကိုင်တွယ်စီမံကြောင်း ရှင်းပြပေးရန် ပြောသည့် အခါ အချို့အချက်များတွင် ကျောင်းက လိုက်လျောပေးခဲ့ကြောင်း ကျောင်းအုပ်ကြီးက ပြောပြပါသည်။

> ကျွန်တော်တို့က ကျောင်းသားတွေကို စာကောင်းကောင်းလိုက်နိုင်တဲ့ ကျောင်းသားနဲ့ စာသိပ်မလိုက်နိုင်တဲ့ ကျောင်းသားဆိုပြီးအုပ်စု (၂) စု ခွဲပါတယ်။ စာလိုက်နိုင်ပုံပေါ်တဲ့ ကျောင်းသားအချို့ကို သူတို့ကျူရှင်မှာ လေ့လာချင်တဲ့အတွက် ကျောင်းပျက်ခွင့် ပြုရပါတယ်။

ဆရာအားလုံးသည် အတန်းထဲတွင် ကျောင်းသားအနည်းငယ်ရှိလျှင်ပင် ပုံမှန် ကျောင်းတက်ရကြောင်း ကျောင်းအုပ်ကြီးက အလေးထား ပြောကြားပါသည်။ သို့သော်လည်း အခြေအနေက ကျူရှင် အတန်းများကို ၎င်းတို့၏ အတန်းများထက်ပိုတန်ဖိုးထားကြသည်ဟု ခံစားစေရ၍ ဆရာများအား စိတ်ဓာတ် ကျစေပါသည်။

သို့သော်ငြားလည်း ဈေးကွက်နှင့်ပတ်သက်သည့် အထက်ပါမှတ်ချက်များတွင် ကျောင်းများ၌ လက်ရှိအလုပ်ခန့်အပ်ထားသော ဆရာများ ပါဝင်သည်ဟု သေချာပေါက်မဆိုနိုင်ပါ။ ကျောင်းပြင်ပမှ ကျူရှင်ပေးသူများက ဆရာများ (အထူးသဖြင့် ဂုဏ်သတင်းကြီးမားသည့် ဆရာကောင်းများ) ကို ကျောင်းမှ ခေါ်ဆောင်သွားတတ်သည်။ သို့သော် ကိုရီးယား၊ ဂျပန်၊ စင်္ကာပူကဲ့သို့ အခြားနိုင်ငံများရှိ ဈေးကွက်ကျူရှင်ပေးသူများအဖို့ တစ်ချိန်တည်းမှာပင် ကျောင်းမှာ ခန့်ထားသည့်ဆရာများကို ၎င်းတို့ထံမှာ အလုပ်ခန့်ခြင်းမှာ ဖြစ်ခဲပါသည်။ ပညာရေးကို လူ့စွမ်းအားအရင်းအမြစ်တွင် မြှုပ်နှံမှုတစ်ခုအဖြစ် ယူဆမှုများသည် ပိုမိုကျယ်ပြန့်သော ပညာရေးအသိုက်အဝန်းတွင် ပါဝင်ဆောင်ရွက်သူများ၏ ရှုပ်ထွေးသော အပြန်အလှန်အားပြိုင်မှုကို ထည့်သွင်းစဉ်းစားရပါမည်။ မြန်မာအစိုးရသည် ကျောင်းသင်ဆရာများ ကျူရှင်သင်ကြားမှု အတိုင်းအတာနှင့် သက်ဆိုင်သော မူဝါဒများကို ချမှတ်နိုင်ပြီး ဆက်လက်လက်ကိုင်ပြုသင့်ပါသည်။ ဈေးကွက်အတွင်း စီးပွားဖြစ် ကျူရှင်ပေးသူ များနှင့် ပတ်သက်သည့် မူဝါဒများလည်း သီးခြား ရှိသင့်ပါသည်။

၆.၃။ သင်ကြားမှု၊ သင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှု

အထူးသဖြင့် တွေ့ဆုံမေးမြန်းမှုတွင် အဖွဲ့ဝင်အတော်များများက သင်ကြားမှု၊ သင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှုတို့နှင့်ပတ်သက်ပြီး သက်ဆိုင်ရာမှတ်ချက်များ ပေးကြပါသည်။ မှတ်ချက်များတွင် တစ်စိတ်တစ်ဒေသအားဖြင့် စာမေးပွဲများကြောင့် အလွတ်ကျက် သင်ယူခြင်းနှင့် အလွန်အကြူး ဆရာဗဟိုပြုသင်ကြားမှုများအပေါ် ဝေဖန်မှုများ ပါဝင်ပါသည်။ ဒသမတန်း (တက္ကသိုလ်ဝင်တန်း) စာမေးပွဲသည် အဆင့်မြင့်တက္ကသိုလ်ပညာနှင့် ကျောင်းသားများ၏ အနာဂတ်ဘဝ အခွင့်အလမ်းများ အတွက် အဆုံးအဖြတ်ပေးနိုင်သော သက်ရောက်မှုများကြောင့် ပြင်းထန်သော နောက်ဆက်တွဲ ဂယက်ရိုက်ခတ်မှု တစ်ခုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ပဉ္စမတန်း၊ အဋ္ဌမတန်း စာမေးပွဲများနှင့် အခန်းဆုံးစစ်ဆေးမှုများ၏ အကျိုးသက်ရောက်မှုကို အလိုအလျောက် အတန်းတင်ပေးခြင်းမူဝါဒက ထိန်းညှိပေးခဲ့သည်။ ကျောင်းသားများက မိမိတို့မှာ အစိုးရစစ်စာမေးပွဲများအတွက် လုံလောက်သော အသိပညာ (သို့) ကျွမ်းကျင်မှုမရရှိခဲ့သည်ကို နားလည်သဘောပေါက်လာသောအခါ အရိပ်ပညာရေးမှာ အထူးလိုအပ်လာကြသည်။ အလိုအလျောက် အတန်းတင်ပေးခြင်းမူဝါဒသည် ကျောင်းသားများ ကြိုးကြိုးစားစား လေ့လာသင်ယူရန်အတွက် အားပေးမှုကို လျော့နည်း စေသည့်အပြင် စာသင်ခန်းတွင်း ကျောင်းသားများ၏ သင်ယူမှုနှုန်းကွဲပြားမှုကိုပါ ပိုမိုဆိုးဝါးစေသည့် အတွက် ထိုစနစ်ကို ဆရာများက ဝေဖန်ပြစ်တင်ခဲ့ကြသည်။ ဂိုက်ဆရာများ၏ အကူအညီ ရယူလိုသည့် ကျောင်းသားများ၏ ဆန္ဒသည်လည်း ကျောင်းတွင် သင်ကြားမှုနှင့်သင်ယူမှုကြား ကွာဟချက်များကို လှစ်ပြနေသည်။ 'တစ်ခုခုကို နားမလည်ရင် ကျောင်းက ဆရာကို မမေးဝံ့ဘူး။ ဂိုက်ဆရာနဲ့ဆိုရင် အချင်းချင်း မိတ်ဆွေသူငယ်ချင်းလို ပြောဆိုနိုင်တယ်' ဟူသော ကျောင်းသားတစ်ဦး၏ ဖော်ပြချက်အရ နွေးထွေးမှုအားနည်းသော ဆက်ဆံရေးကိုပါ ဖော်ပြနေသည်။ သင်ကြားမှု၊ သင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှုအပေါ် ဆရာနှင့် ကျောင်းသား

နှစ်ဖက်စလုံး၏ ရှုထောင့်များမှ ခြုံငုံသုံးသပ်ချက်သည် မျှဝေခံစားနေရသော ခိုကိုးရာမဲ့နေသည့်စိတ်ကို ဖော်ထုတ်ပြသနိုင်သည်။

NESP (မြန်မာ၊ ၂၀၁၆၊ စာ–၁၂၉) က အစိုးရသည် ပိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ပညာရေးအရည်အသွေး တိုးတက်ကောင်းမွန်ရေးကိုလည်း အစိတ်အပိုင်းတစ်ခုအဖြစ် ဆောင်ရွက်ရန် ကတိပြုပြီးဖြစ်သည်ကို ညွှန်ပြခဲ့သည်။ သင်ယူရရှိထားသော အသိပညာ အကြောင်းအရာများကို အတိအကျ ပြန်လည်ဖြေဆိုခြင်းအပေါ် အလေးထား စစ်ဆေးအကဲဖြတ်သည့် စာမေးပွဲစနစ်မှ ပိုမို၍ ဟန်ချက်ညီညီဖွံ့ဖြိုးစေမည့် ပညာရေးစနစ်ဆီသို့ ရည်ရွယ်ထားသည်။ ထိုစနစ်အရ ကျောင်းသားများ၏ သင်ယူတိုးတက်မှုကို ကလေးပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဘဝတစ်သက်တာ သင်ယူမှုအတွက် လိုအပ်သော ကျွမ်းကျင်မှုများနှင့် သက်ဆိုင်သော နိုင်ငံလုံးဆိုင်ရာ သင်ယူမှုစံများနှင့်အကဲဖြတ်ရန် အဓိကရည်ရွယ်သည်။ စစ်ဆေးအကဲဖြတ်မှု သဘောသဘာဝသည် သင်ကြားသင်ယူမှု ဖြစ်စဉ်တွင် အဓိကသော့ချက်ဖြစ်သည်။ အခန်းဆုံး စစ်ဆေးမှုသည် ကျောင်းသားများ အကြားတန်းတူညီမျှစွာ တတ်မြောက်စေလိုမှုကို ဦးတည်ကာ စတင်ကျင့်သုံးခဲ့သော်လည်း ၎င်းစနစ်သည် ကျောင်းသားများအား အလွတ်ကျက်မှတ်စေခြင်း၊ ကာလတိုမှတ်မိစေရုံမျှသာဖြစ်စေခဲ့ ကြောင်းကို NESP က အသိအမှတ်ပြုခဲ့သည် (စာ–၁၃၁)။

အဆိုပါအကြောင်းအရာနှင့်စပ်လျဉ်း၍ ယခုလေ့လာမှုအတွက် တွေ့ဆုံမေးမြန်းခဲ့သောအချိန်ပြည့် ကျူရှင်ဆရာများထဲမှတစ်ဦးက ကလေးဗဟိုပြုသင်ကြားမှုကို အားပေးထောက်ခံ သော်လည်း ဤနည်းမှာ အချိန်ပိုကုန်သောကြောင့် ညှိနှိုင်းမှုတစ်ခုလိုအပ်သည်ဟု ထင်မြင်မိကြောင်း ဆိုခဲ့သည်။ ၎င်းမှာ ကျောင်းသားများ စာမေးပွဲတွင် အမှတ်ကောင်းကောင်းရအောင် ကူညီခြင်းကို အလေးထားရကြောင်း၊ ကျောင်းသားများ ကျောင်းက အခန်းဆုံးစစ်ဆေးမှုများကို ဖြေဆိုနိုင်ရန် လိုအပ်သော လပိုင်းမာတိကာအလိုက် သင်ခန်းစာသင်ကြားမှုကို အပြီးသတ်ရကြောင်း ထပ်ပြောပါသည်။ ဤအတိုင်းဆိုလျှင် သူ၏ ထောက်ပံ့သင်ကြားမှုသည် အမှန်စင်စစ် အရိပ်ပညာရေးပင်ဖြစ်သည်။ သို့သော်ငြားလည်း ထိုဆရာမှာ ပြဋ္ဌာန်းစာအုပ်ထဲက သင်ခန်းစာအစီအစဉ်အတိုင်း အတိအကျ လိုက်နာရန်လိုအပ်သော ကျောင်းက ဆရာများထက် အလျော့အတင်းပြုနိုင်မှု အမှန်ရှိသည်။ ဆန့်ကျင်ဘက်အားဖြင့် ဆရာတစ်ဦး ပြောပြသည့်အတိုင်း ကျူရှင်ဆရာများသည် သင်ကြားနေသည့် သင်ခန်းစာအစီအစဉ်များကို ညှိယူနိုင်သည်။

> ဥပမာပြောရရင် ဇီဝဗေဒကျူရှင်မှာ သူတို့က အခန်း (၅)၊ (၇)၊ (၁၀) နဲ့ (၁၂) တို့ကို ရွေးသင်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းသားတွေက အဲဒီ (၄) ခန်းကို ပိုင်ရင် အောင်မှတ် (၄၀) ရမှာ သေချာနေလို့ပါ။ ဒါ့ကြောင့် ကျူရှင်က အနောက်ကနေ စသင်တယ်။ ဒါ့ပြင် သူတို့ကို လာစစ်ဆေးပြီး နောက်ပြန်မသင်ဖို့ ပြောမယ့် စစ်ဆေးရေးတွေလည်း မရှိဘူး။

ဤဆရာက စင်စစ်အားဖြင့် ကျူရှင်ဆရာများတွင် မမျှတသော အရေးသာမှုအချို့ရှိသကဲ့သို့ ထင်မြင်ကြောင်း၊ ဆရာများက သင်ကြားမှုလက်စွဲကဲ့သို့သော သင်ကြားရေးစနစ်အတိုင်း ဆောင်ရွက်နေရသရွေ့ ကျောင်းက သင်ကြားမှုသည်

ကျူးရှင်ထက် အမြဲတမ်း ခြေတစ်လှမ်းနောက်ကျနေမည် ဖြစ်ကြောင်း' ယူဆပါသည်။ ထို့ကြောင့် ဆရာများ၏ အမြင်တွင် စစ်ဆေးအကဲဖြတ်မှု စနစ်နှင့် အခန်းဆုံး စစ်ဆေးမှုများမှာသာမက ကျောင်းဆရာများကို ခွင့်ပြုသင့်သည့် အလျှောအတင်း ပြုနိုင်မှုတွင်လည်း ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် လိုအပ်သည်။ သင်ခန်းစာ များကို ရှေ့နောက် စီစဉ်ရာမှာသာမက အတန်းအတွက် အသုံးပြုမည့် သင်ခန်းစာ အကြောင်းအရာများမှာပါ အလျှောအတင်း ပြုနိုင်မှုလိုအပ်ပါသည်။

သင်ကြားမှုနှင့် သင်ယူမှုတွင် နောက်ထပ် စိန်ခေါ်မှုတစ်ရပ်မှာ အလုပ်ရုံဆွေး နွေးပွဲများတွင် ဆရာများ ဖော်ပြခဲ့သည့်အတိုင်း သင်ကြားရေးမဟုတ်သော တာဝန် များနှင့် ဝန်ပိနေသည်ဟု ခံစားနေရစဉ် မလုံလောက်သော ကျောင်းချိန်များအတွင် သင်ရိုးတစ်ခုလုံးကို ခြုံငုံနှံ့စပ်အောင် သင်ကြားရန် လိုအပ်ချက်ပင်ဖြစ်သည်။ ဆရာများက ကျဆင်းလာသော သင်ယူမှုအရည်အသွေးနှင့် ၎င်းတို့ တာဝန်ယူရသော စာမေးပွဲရလဒ်များအကြောင်း ညည်းညူကြသည်။ သို့သော်လည်း ၎င်းတို့ အစွမ်းကုန် အားထုတ်ခဲ့ပြီးဖြစ်သည်ဟု ယူဆကြသည်။ ကြောင်းကျိုးဆက် စပ်ဆင်ခြင်၍ရသော အချက်မှာ ကျူးရှင်ယူကြသော စာတော်သည့် ကျောင်းသား များအကြား ကျောင်းခေါ်ကြိမ် ကျဆင်းမှုပင် ဖြစ်သည်။ ကျောင်းသားတစ်ဦး တင်ပြသည့်အတိုင်း တော်သည့်ကျောင်းသားများသည် အတန်းမတက် ကြပေ။ အချို့ ကျောင်းသားများမှာ နံနက်ပိုင်းတွင် ကျူးရှင်ယူကြသည်။ ထို့ကြောင့် ၎င်းတို့မှာ ကျောင်းသို့ မသွားနိုင်ကြပေ။

နောက်ထပ်စိန်ခေါ်မှုတစ်ခုမှာ သင်ကြားရေးတွင် အသုံးပြုသော ဘာသာ စကားမှပေါ်ပေါက် လာခြင်းဖြစ်သည်။ အခန်း(၂)တွင် ၂၀၁၄ အမျိုးသား ပညာရေးဥပဒေ ထုတ်ပြန်ကြေငြာ ကတည်းက အလယ်တန်းနှင့် အထက်တန်း ပညာရေးတွင် သင်ကြားမှုကို အင်္ဂလိပ်ဘာသာ (သို့) မြန်မာ (သို့) နှစ်ဘာသာ ပေါင်းဖြင့် ခွင့်ပြုခဲ့ကြောင်း ဖော်ပြခဲ့သည်။ သို့သော် ပြဋ္ဌာန်းစာအုပ်များနှင့် စာမေးပွဲ များမှာ အင်္ဂလိပ်လိုပင်ဖြစ်နေသေးသည်။ အချို့ကျောင်းများတွင် အင်္ဂလိပ်လို သင်ကြားနေကြဆဲပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သင်ကြားခြင်းက ပိုပြီး ဂုဏ်သိက္ခာရှိသည်၊ ပြင်ပကမ္ဘာနှင့်လည်း ပိုပြီးဆက်စပ်သည်ဟု လက်ခံယူဆ ထားသောကြောင့် ဖြစ်သည်။ ယခုလေ့လာမှု အတွက် တွေ့ဆုံမေးမြန်းခဲ့သော NEPC ၏ အဖွဲ့ဝင်တစ်ဦးက ပြဋ္ဌာန်းစာအုပ် အားလုံးက အင်္ဂလိပ်လိုပင် ဖြစ်နေ သေးသည့်အတွက် ကျောင်းသားနှင့် ဆရာနှစ်ဦးစလုံးပါ ကြိုးစားအား ထုတ်ရသည် ဟုရှင်းပြခဲ့ပါသည်။ ဤသည်မှာ 'စာမေးပွဲအတွက် သင်ပြီးတဲ့အရာ မှန်သမျှကို အာဂုံဆောင်တဲ့ အလွတ်ကျက်သင်ယူခြင်းကို ဖြစ်ပေါ်စေတဲ့ အကြောင်းအရင်းများ ထဲမှ တစ်ခုဖြစ်တယ်' ဟု ထပ်လောင်းပြောခဲ့ပါသည်။ ထို့ပြင် 'တကယ်တော့ ဆရာ တွေကို သင်ခန်းစာနဲ့ပတ်သက်ပြီး သူတို့ရဲ့ ထင်မြင်ချက်တွေကို အင်္ဂလိပ်လို ချရေးခိုင်းကြည့်ရင် သူတို့ ရေးနိုင်မှာမဟုတ်ဘူး' ဟုလည်း ဆိုခဲ့သည်။

မည်သို့ပင် ဆိုစေကာမူ အင်္ဂလိပ်စာကျွမ်းကျင်သော ဆရာများပင်လျှင် ကြက်တူရွေး နှုတ်တိုက် သင်ယူနည်း (ကျောင်းအုပ်ဆရာကြီးတစ်ဦးအခေါ်အရ) ၏ အစဉ်အလာဖြစ်နေသော တားဆီး ပိတ်ပင်မှုများကို ရင်ဆိုင်ရသည်။ ဤကျောင်းအုပ် ကြီးက ဓာတုဗေဒဆရာဖြစ်ခဲ့ပြီး ကျောင်းသားများ အချက်အလက်များကို နားလည်

အောင် ကြိုးစားဖို့ထက် အာဂုံဆောင်ရန်သာ ကြိုးစားကြသည်ဟု ညည်းတွားခဲ့သည်။ စာမေးပွဲမေးခွန်းပုံစံက အကြောင်းအရင်းနှင့် အကျိုးဆက် နှစ်ခုစလုံးဖြစ်သည်ဟု သူက ထပ်လောင်းပြောကြားသည်။

> စာမေးပွဲမေးခွန်းပုံစံ နည်းနည်းပြောင်းလိုက်ရင်ပဲ ကျောင်းသားတွေက မေးခွန်းကို ဘယ်လိုဖြေရမှန်း မသိတော့ဘူး။ ဥပမာ– ဓာတုဗေဒစာမေးပွဲမေးခွန်းမှာ ဆိုဒီယမ်ကို ပိုတက်ဆီယမ်လို့ကို ကျွန်မ ပြောင်းလို့မရဘူး။ တကယ်လို့ ကျွန်မက ဆိုဒီယမ်ကလိုရိုဒ်ကို ပိုတက်ဆီယမ်ကလိုရိုဒ်လို့ စကားလုံးပြောင်းလိုက်ရင် ကျောင်းသားတွေ မေးခွန်းကို မဖြေနိုင်တော့ဘူး။

ထိုကျောင်းအုပ်ကြီးက အချို့ဆရာများမှာ အပြင်းအထန်ကြိုးစားမည့်အစား အတားအဆီးများကို လက်ခံလိုက်ပြီး ၎င်းတို့၏ အလုပ်ကို အသက်မွေးမှု တစ်ခုထက် လစာရသော ပုံမှန်အလုပ်တစ်ခု အဖြစ်သာ သဘောထားနေကြသည်ဟု အမှန်ပင် ဝန်ခံခဲ့သည်။ ဤသည်မှာလည်း ကျောင်းသားများ ကျူရှင်ယူရန် ကြိုးစားကြရခြင်း၏ အကြောင်းအရင်းများထဲတွင် ပါဝင်သည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ကျောင်းသားအများစုက ကျောင်းသင်ကြားရေးမှာ မလုံလောက်ဘူးဟု ထင်မြင်ကြကြောင်း၊ ကျောင်းသားများစွာက ကျောင်းကဆရာများကိုပင် အထင်အမြင်သေးကြကြောင်း ဖော်ပြခဲ့သည်။ ဤအခြေအနေအတွက် အကြောင်းပြချက်မှာ အချို့ဆရာများက ကျောင်းသားများ၏ သင်ယူမှုနှင့်ပတ်သက်ပြီး အလေးမထား၊ တာဝန်ဝတ္တရား အရသာ သင်ကြားကြသည် ဆိုသည့် အမှန်တရားပင်ဖြစ်သည်။ သို့သော်ငြားလည်း အစောပိုင်းတွင် ဖော်ပြခဲ့သည့်အတိုင်း ဤအဆိုပြုချက် များနှင့်အတူ ဆရာများ၏ တက်ကြွထက်သန်မှုကို ဟန့်တားနေသော အခြေအနေဆိုင်ရာ အတားအဆီးများနှင့်ပတ်သက်သည့် လူအများစု၏ စိုးရိမ်မှုလည်း ရှိနေသည်။ ဤပုံစံများသည် စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်တို့ကြားက အကြောင်းနှင့် အကျိုးသံသရာအပေါ် အခြေခံရာ ဆရာများအား ၎င်းတို့၏ လုပ်ငန်းပိုင်းဆိုင်ရာ နှစ်မြှုပ်လုပ်ကိုင်မှုအတွက် ကူညီထောက်ပံ့ ပေးသင့်ကြောင်း ဖော်ညွှန်းနေသည်။

လေ့လာတွေ့ရှိချက်များအရ သင်ယူမှုကို လွယ်ကူအဆင်ပြေအောင် ဆောင်ရွက်ရာတွင် ဈေးကွက်အတွင်းရှိ ကျူရှင်ဆရာများက ပိုမိုထိရောက်နိုင်သည်ဟူသော ထင်မြင်ချက်နှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သည့် မေးခွန်းများ ပေါ်ထွက်လာစေခဲ့သည်။ ကျူရှင်ဆရာများ၏ ကျွမ်းကျင်မှုနှင့် ကြိုးစားအားထုတ်မှုများမှာလည်း အမျိုးမျိုးကွဲပြားကြသည်။ သို့သော် ဆရာများ၏ စိတ်အား ထက်သန်မှုနှင့် ပတ်သက်သော မှတ်ချက်များက ကျူရှင်ကိစ္စရပ်များသည် ပိုမိုကျယ်ပြန့်သည့် အခြေအနေတွင် ရောက်ရှိနေကြောင်းကို ပြသနေသည် (မျိုးမြင့်၊ ၂၀၁၅။ မျိုးဝင်း၊ ၂၀၁၇ တို့တွင် ရှု)။ ၂၀၁၄ အမျိုးသား ပညာရေးဥပဒေအရ စတင်မိတ်ဆက်ကာ စာသင်နှစ်တစ်နှစ်တွင် တစ်တန်းနှုန်းဖြင့် တိုးမြှင့် အကောင်အထည်ဖော်လျက်ရှိသော သူငယ်တန်းနှင့် ၁၂ တန်းစနစ် (KG+၁၂) အတွက် သင်ရိုးသစ်သည် အစဉ်အလာများကို ပြောင်းလဲရန် မျှော်မှန်းထားသည်။ နောက်ဆုံးတွင် ထိုသင်ရိုးသစ်သည် အလယ်တန်းအထက်ဆင့်နှင့် အထက်တန်းအဆင့် ကျောင်းများသို့ ရောက်ရှိမည်ဖြစ်သည်။ သို့သော်ငြားလည်း စနစ်ကျသော ပြောင်းလဲမှုများအဖြစ် ပြုပြင်မှုများမှာ

ရည်ရွယ်ချက်များအနေဖြင့် ရှင်းလင်းမှုရှိသော်လည်း ပြောင်းလဲမှုများအတွက် အဓိကကျသော အချက်များကို ခွဲခြားသတ်မှတ်ပြီး ကိုင်တွယ်ဆောင်ရွက်ရသည်ဖြစ်သည့်အပြင် ဆရာများနှင့် ကျောင်းသားများ အတွက်သာမက မိသားစုများနှင့် အလုပ်ရှင်များအတွက်ပင်လျှင် ယဉ်ကျေးမှုဆိုင်ရာ ပြောင်းလဲမှုများ လိုအပ်ရာ အမြဲလိုလို နေးကွေးပြီး ရှုပ်ထွေးတတ်သည်။

ထိုအတောအတွင်း အရိပ်ပညာရေးသည် ကျောင်းသင်ပညာရေးတွင် အရိုးစွဲနေရုံသာမက အဖက်ဖက်က ခိုင်မာတောင့်တင်းနေသည်မှာလည်း မျက်မြင်ဖြစ်ရပ်တစ်ခုဖြစ်သည်။ တွေ့ဆုံမေးမြန်းမှုများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် အနာဂတ်၌ အရိပ်ပညာရေးက ကျယ်ပြန့်လာမည်၊ မပြောင်းမလဲ တည်ရှိနေမည် (သို့) လျော့နည်းသွားမည်ဟု မျှော်လင့်သလားဟူ၍ မေးမြန်းကြည့်ရာ ဖြေကြားသူအချို့ က ကျောင်းများသည် ပိုမို အားကောင်းလာမည်ဖြစ်ပြီး အရိပ်ပညာရေးကို လိုအပ်မှုနည်းလာမည့်အတွက် လျော့နည်းသွား လိမ့်မည်ဟု ထင်ကြသည်။ သို့သော်လည်း အခြားသူများက လူမှုရေး ယှဉ်ပြိုင်မှုများမှာ အနည်းဆုံးအနေဖြင့် ယခင်ကကဲ့သို့ပင် ပြင်းထန်နေကြဦးမည် ဖြစ်သည်က တစ်ကြောင်း၊ ကျူရှင်ဈေးကွက် တိုးတက်လာသည်နှင့်အမျှ ကျူရှင်ယူရန် အခွင့်အလမ်း ပိုမိုများပြားလာ နိုင်သည်က တစ်ကြောင်းကြောင့် ကျူရှင်သည် မပြောင်းမလဲ ရှိနေမည် (သို့) ပို၍ ပျံ့နှံ့လာမည်ဟု ထင်မြင်ကြသည်။ ထိုအခြေအနေများသည် အခြားသော နိုင်ငံများမှ ပုံစံများကို အမှန်တကယ် ထင်ဟပ်နေသည်။ အရိပ်ပညာရေးသည် ခိုင်မာကောင်းမွန်သော ပညာရေးစနစ်များရှိသည့် တရုတ်၊ ဂျပန်၊ ကိုးရီးယားနှင့် စင်္ကာပူကဲ့သို့သော နိုင်ငံများတွင်သာမက ပညာရေးစနစ်များ ပိုမိုအားနည်းသော ဘင်္ဂလားဒေ့ရ်၊ ကမ္ဘောဒီးယားနှင့် အိန္ဒိယကဲ့သို့သော နိုင်ငံများတွင်လည်း ခိုင်မာအားကောင်းသည်။ တစ်ဖန် ဤစောင့်ကြည့်လေ့လာမှုများက အရိပ်ပညာရေးကဏ္ဍကို စည်းကမ်းထိန်းသိမ်းရန် နည်းလမ်းများကို အစီရင်ခံ တင်ပြထားပါသည်။ အဘယ်ကြောင့်ဆိုသော် ပင်မကျောင်းသင်ပညာရေး၏ အရည်အသွေး တိုးတက်လာလျှင်ပင် ကျူရှင်သည် ပျောက်ကွယ်သွားမည် မဟုတ်သောကြောင့်ပင် ဖြစ်သည်။

၆.၄။ အစိုးရဝန်ထမ်းဆရာများက သင်ကြားသည့်ကျူရှင်ကို စည်းကမ်းထိန်းသိမ်းခြင်း

အခန်း (၂) တွင် ဖော်ပြခဲ့သည့်အတိုင်း အစိုးရက ကျောင်းဆရာများပေးသော ကျူရှင်နှင့် ပတ်သက်ပြီး ပြင်းထန်သော စည်းမျဉ်းများ ထားရှိပါသည်။ အနည်းဆုံး အနေဖြင့် ချိုးဖောက်မှုအတွက် ပြစ်ဒဏ်များမှာ ထောင် (၃) နှစ် သို့မဟုတ် ဒဏ်ငွေ (၃) သိန်းကျပ် သို့မဟုတ် နှစ်ခုစလုံး စသည်ဖြင့် တားမြစ်ချက်အရသာ အလွန်ပြင်းထန်ပါသည်။ ယခုသုတေသနတွင် ပါဝင်သော ကျောင်းများအပါအဝင် ကျောင်းများစွာတွင် ဆရာများက ကျူရှင်မပေးပါရန် တရားဝင် ခံဝန်ချက်များကို စာသင်နှစ်အသီးသီး၏ အစပိုင်းတွင် လက်မှတ်ထိုးခိုင်းထားပါသည်။ ဤသုတေသနအတွက် နမူနာကျောင်း တစ်ကျောင်းရှိ ကျောင်းအုပ်ကြီးဆိုလျှင် ဆရာများအား ကြိုတင်ပုံနှိပ်ထားသော ဖော်ပြချက်များကို လက်မှတ်ထိုးရန်ထက် ၎င်းတို့ကို လက်ဖြင့်ပင် ချရေးစေခဲ့သည်။ ဤအခြေအနေမှာပင်လျှင် အချို့ဆရာများက ကျူရှင်ပေးလျက်ပင်

ရှိနေသေးကြောင်း သိရသည်။ အခြေအနေ အတော်များများတွင် အခြားကျောင်းများမှ ကျောင်းသားများကို ကျူးရှင်ပေးခြင်း ဖြစ်သော်လည်း မိမိကျောင်းမှ ကျောင်းသားများကို ကျူးရှင်ပေးသည့် အခြေအနေ အချို့နှင့် မိမိအတန်းများမှ ကျောင်းသားများကိုပင် ကျူးရှင်သင်ကြားခြင်းမျိုးလည်း ရှိသည်။

ပြစ်ဒဏ်များ ပြင်းထန်လွန်းခြင်းသည် ၎င်းတို့ကို ပြဋ္ဌာန်းထားသည့်အတိုင်း လက်တွေ့ မကျင့်သုံးနိုင်ခဲ့သည့် အကြောင်းအရင်းများထဲမှ တစ်ခုပင်ဖြစ်သည်။ ယခင်အစိုးရက ၂၀၀၆ ခုနှစ် (ဆိုလိုသည်မှာ ယခုသုတေသနဆောင်ရွက်မှုမပြုမီ ဆယ်စုနှစ်တစ်ခုအကြာက) တွင် နှိမ်နင်းသည့် အမှုအရာပြုလုပ်ခဲ့ကြောင်းနှင့် ၂၀၁၆ ခုနှစ်အတွင်း မန္တလေးဘက်မှ ဆရာငါးဦးကို ကျူးရှင်ပေးခြင်း အတွက် အပြစ်ပေးသည့်အနေဖြင့် မြို့ပေါ်ကျောင်းများမှ ကျေးလက်ကျောင်းများသို့ ရွှေ့ပြောင်းခဲ့ကြောင်း အခန်း (၂) တွင် ရေးသားခဲ့သည်။ သို့သော်ငြားလည်း ယေဘုယျအားဖြင့် ဆရာများနှင့် အခြားအဖွဲ့ဝင်များက အရေးယူမှုများသည် စာရွက်ပေါ်ရှိ ခြိမ်းခြောက်မှုများသာ ဖြစ်သည်ဟု ယူဆကြသည်။ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားသူအချို့က ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်း တစ်ရပ်အနေဖြင့် စည်းမျဉ်းများကို မျှော်မှန်းထားသည့်အတိုင်း ပြင်းထန်သည့် အပြစ်ပေးမှုများဖြင့် ပြဋ္ဌာန်းလိုက်မည်ဆိုလျှင် အစိုးရသည် ပြင်းထန်သည့် နိုင်ငံရေးဆိုင်ရာ တုံ့ပြန်မှုတစ်ခုကို ရင်ဆိုင်ရနိုင်သည်ဆိုသည့် အချက်ကို ထောက်ပြခဲ့ကြသည်။ အခြားဖြေကြားသူတစ်ဦးက စင်စစ်အားဖြင့် ၎င်းတို့၏ ဟန်ချက်ညီမှုကို ဖန်တီးနိုင်သော လာဘ်စားမှုပုံစံများကို မီးမောင်းထိုးပြခဲ့ပြီး 'ဒါကြောင့်လည်း အများပြည်သူနဲ့ အစိုးရက အဲဒီကျူးရှင်စနစ်ကို ကိုင်တွယ်ဖြေရှင်းဖို့ ဝန်လေးလာကြတယ်' (လေးထောင့်ဇယားကွက် ၄.၁) ဟု ထပ်လောင်းပြောကြားခဲ့သည်။

မည်သို့ဆိုစေ ကျူးရှင်လိုအပ်မှု ပျောက်ကွယ်မသွားနိုင်ခြင်းနှင့် ဆရာများက လစာနည်းသည် ထင်ပြီး အပိုဝင်ငွေရှာရန်လိုအပ်နေခြင်းတို့ကို ထောက်ဆလျှင် ဆရာများ ကျူးရှင်ပေးမှုကို လုံးဝ တားမြစ်ခြင်းထက် ကျူးရှင်ပေးသည့် အတိုင်းအတာကို ထိန်းကျောင်း ပေးခြင်းကပိုပြီး အမြော်အမြင်ရှိသော ချဉ်းကပ်မှု တစ်ခုဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အာဏာပိုင်များက ကျူးရှင်ပေးသော ဆရာများ အပေါ် ပိုင်းခြားသတ်မှတ်ထားသည့် အမြင်များကို ထည့်သွင်းစဉ်းစားနိုင်သည်။

- မိမိတို့အတန်းမှ ကျောင်းသားများကို ကျူးရှင်သင်ကြားခြင်း
- မိမိတို့ကျောင်းမှ အခြားကျောင်းသားများကို ကျူးရှင်သင်ကြားခြင်းနှင့်
- အခြားကျောင်းများမှ ကျောင်းသားများကို သင်ကြားခြင်း

ပြီးခဲ့သော အခန်းများတွင် ဖော်ပြခဲ့သည့်အတိုင်း ပထမအခြေအနေတွင် ကိုယ်ကျိုးစီးပွား ရှာမှုများ ရှိလာနိုင်သောကြောင့် ပြဿနာ အထင်အရှား ရှိနေပါသည်။ ဆရာများက ကျူးရှင် သင်ကြားမှုများလိုအပ်ချက် ပိုမိုမြင့်မားလာစေရန် ပုံမှန်သင်ခန်းစာ အကြောင်းအရာများကို တမင်သက်သက် လျှော့ချလိုသည့် စိတ်ကူးပေါ်ပေါက်လာနိုင်သည်။ ထို့ပြင် ဆရာများက မိမိတို့ထံ ကျူးရှင်သင်သော ကျောင်းသားများကို ဦးစားပေးလာလျှင် မျက်နှာသာပေးမှုဆိုင်ရာ ကိစ္စရပ်များလည်း ပေါ်လာနိုင်သည်။ ဒုတိယအခြေအနေမှာ ဤမျှလောက် ပြဿနာမရှိပါ။ သို့သော်

လည်း အထူးသဖြင့် ဆရာများအကြား အပြန်အလှန်သဘောနှင့် ကျောင်းသား လွှဲပြောင်းပေးပို့သော စနစ်များ ရှိလာသည့်အခါ ဖြေရှင်းစရာ ကိစ္စရပ်များ ပေါ်ပေါက်နိုင်ပါသည်။ တတိယအခြေအနေမှာ ပြဿနာအနည်းဆုံး ဖြစ်နိုင်ပါသည်။ ကျောင်းသားများက ကျူရှင်ဆရာရှာရန် ဈေးကွက်သို့ သွားနိုင်ကြောင်း သိရှိပြီး ဖြစ်သည်။ ထို့နောက် ဆရာများကလည်း ဈေးကွက်တွင် ရှိနေသည်ဆိုလျှင် အနည်းဆုံးအနေဖြင့် ကျောင်းသားများမှာ ကျွမ်းကျင်သည့်ဆရာများကို ရနိုင်ပေမည်။ တကယ်တမ်းတွင် ဈေးကွက်သည် ဆရာများ၏ လစာကို အပိုဆောင်းပေးခြင်းနှင့် ၎င်းတို့ကို သင်ကြားရေးလုပ်ငန်းတွင် ဆက်လက်တည်မြဲစေခြင်းဖြင့် အစိုးရကို သွယ်ဝိုက်သောနည်းအားဖြင့် ကူညီပေးနေသည်။ ဤနယ်ပယ်နှင့်ပတ်သက်၍ အလားတူ လေ့လာမှုမျိုး ကမ္ဘောဒီးယားတွင် ပြုလုပ်ခဲ့ပြီးဖြစ်သည် (ဘရေးနှင့် သုသေသီများ၊ ၂၀၁၆)။

အစိုးရက ဆရာများ မိမိတို့ကျောင်းက ကျောင်းသားများအား ကျူရှင်ပေးနေသည့် အပြုအမူကို လျှော့ချရန် (သို့) ဖယ်ရှားရန် ဆုံးဖြတ်ချက်ကို ခိုင်မာအောင် ပြုလုပ်မည်ဆိုလျှင် အရေးယူဆောင်ရွက်ရမည့်နေရာမှာ ကျောင်းများပင်လျှင်ဖြစ်သင့်သည်။ ဤသုသေသနတွင် ကျောင်းများသည် ကွင်းဆက်၏ အောက်ခြေအဆင့်သာ ဖြစ်၍ မူဝါဒ ပြုပြင်ပြောင်းလဲမှုများသည် အစိုးရအဆင့်တွင် လုပ်ဆောင်သင့်သည်ဟု လက်ခံထားသူ များပြားကြောင်း တွေ့ရှိခဲ့သည်။ သို့သော်လည်း ဆရာများ၊ ကျောင်းသားများနှင့် မိသားစုများ အပြန်အလှန် သိကြသော ကျောင်းအဆင့်တွင် လုပ်ဆောင်ရမည့် လုပ်ငန်းများသည် မည်သည်မှန်းမသိရသော စနစ်နှင့် မူဝါဒ အဆင့် လုပ်ဆောင်ရမည့် လုပ်ငန်းများထက် များစွာ ခရီးပေါက်နိုင်ပေသည်။ ထို့ကြောင့် ကျောင်းအုပ်များ၊ ဝါရင့်ဆရာများနှင့် ကျောင်းကော်မတီ အဖွဲ့ဝင်များသည် ဆရာများ၊ ကျောင်းသားများနှင့် မိသားစုများအား အဘယ့်ကြောင့် ဤအပြုအမူသည် ပြဿနာရှိရကြောင်း ရှင်းပြနိုင်မည့် ဆက်သွယ်ရေးလမ်းကြောင်းကို ဖန်တီးနိုင်သည်။ မိသားစုများနှင့် တွေ့ဆုံ စကားပြောခြင်းသည် အထူးသဖြင့် အရေးကြီးနိုင်သည်။ အဘယ်ကြောင့် ဆိုသော် အများအားဖြင့် မိဘများက ဆရာများကို ကျူရှင်သင်ပေးရန် မရမက တိုက်တွန်းကြ သောကြောင့်ဖြစ်သည်။ အခန်း (၄) တွင် ဤသုတေသနအတွက် တွေ့ဆုံမေးမြန်းခဲ့သော မိဘများအနေဖြင့် ၎င်းတို့၏ ကလေးများကို ကျူရှင်သင်ပေးရန် ဆရာများ ထားရှိခြင်း၏ အန္တရာယ်များထက် အကျိုးကျေးဇူးများကိုသာ ပိုမြင်ခဲ့ကြောင်း ထောက်ပြခဲ့ပြီးဖြစ်သည်။ ဤသဘောတရားအပေါ် တိုးတက်သိမြင်နားလည်လာခြင်းသည် ကနဦးတွေ့ရှိချက်များကို ဆွေးနွေးရန် လက်ရှိ သုတေသနအဖွဲ့က စီစဉ်သော အလုပ်ရုံ ဆွေးနွေးပွဲနှစ်ခုတွင် အထင်အရှားတွေ့မြင်ခဲ့ရသည့် အတိုင်း ပြဿနာများကို ပူးတွဲတာဝန်ယူ ဖြေရှင်းမှုမှတစ်ဆင့် ဖြစ်ပေါ်လာပေမည်။ ထို့နောက် နီးနွယ်ဆက်စပ်သူများသည် ကျူရှင်နှင့် ၎င်းတို့ကိုယ်တိုင်၏ အပြုအမူများမှ ဖြစ်လာနိုင်သော ဆိုးကျိုးများကို ကိုယ်တိုင်သိရှိသတိထားပါမှ ကျောင်းအဆင့်မူဝါဒများ အကောင်အထည်ဖော်ရာ တွင် အောင်မြင်မှု ပိုမိုရရှိပေမည်။ အခန်း (၅) ရှိလေးထောင့်ဇယားကွက် (၅.၂) တွင် ကျောင်းအုပ်ဆရာကြီးတစ်ဦးက ဆရာများကြား ဖြစ်လာဖွယ်ရှိသော လာဘ်စားမှု ကိစ္စရပ်များကို ဖြေရှင်းရန် သက်တူရွယ်တူ ဖိအားကို မည်သို့ အသုံးချခဲ့ကြောင်း

နည်းလမ်းများကို အသေးစိတ် ပြန်ပြောထားပါသည်။ လေးထောင့်ဇယားကွက် (၆.၂) က ကျောင်းအဆင့် လုပ်ပိုင်ခွင့်များကို အသုံးချပြီး ဦးစွာလုပ်ဆောင်ခဲ့သော နမူနာကောင်း ကျောင်းတစ်ကျောင်းကို မီးမောင်းထိုးပြ ထားပါသည်။

လေးထောင့်ဇယားကွက် (၆.၂) လက်တွေ့အမှန်တရားများကို လက်ခံခြင်းနှင့် အာမခံချက်များ ရယူခြင်း

ဤလေ့လာမှုကများစွာသော အစိုးရဝန်ထမ်းဆရာများသည် တရားဝင်တား မြစ်ချက်များရှိသော်လည်း ကျူးရှင်ပေးနေကြသည်ဟူသော ယေဘုယျအသိကို ခိုင်မာစေခဲ့ပြီးဖြစ်သည်။ ကျောင်းအုပ်အချို့က လက်တွေ့ဘဝ အမှန်တရားများကို အသိအမှတ်ပြုကြပြီး သူတို့ကိုယ်ပိုင် ကိုယ်တွယ်ဖြေရှင်းသည့် နည်းလမ်းများကို တီထွင်ကြ သည်။ ကျောင်းအုပ်ကြီးတစ်ဦးက ရှင်းပြသည်မှာ–

> ဆရာတွေက ကျူးရှင်ပေးဖို့ စီစဉ်နေရင် ဘယ်နေရာမှာ ဘယ်သူနဲ့ ဘာအတွက်ကြောင့် ပေးမယ် ဆိုတာကို မေးမြန်းပါမယ်။ မိဘတွေရဲ့ တောင်းဆိုချက်ကို တုံ့ပြန်တဲ့အနေနဲ့ ကျူးရှင်ပေးကြတာဆိုရင် ဆရာတွေကို မိဘတွေရဲ့ တောင်းဆိုချက်အရ ကျူးရှင်သင်တာဖြစ်ကြောင်း မိဘတွေနဲ့ အပြန်အလှန် သဘောတူညီမှု ပြုလုပ်စေပါတယ်။ အဆုံးစွန်ဆုံး တစ်ခုခု ဖြစ်ခဲ့လို့ ဆရာနဲ့ပတ်သက်ပြီး မိဘတွေက မကျေနပ်ကြောင်း တိုင်တန်း ခဲ့ရင် ဆရာတွေပဲ အလုပ်ပြုတ်မှာဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောထား ပါတယ်။
>
> ကျောင်းသားတွေကို ကျူးရှင်ပေးမယ်ဆိုရင် ကောင်းကောင်းမွန်မွန် သင်ကြားသင့်ကြောင်း၊ မေးခွန်းများ မပေးရကြောင်း (သို့) ကျူးရှင်ယူသူနဲ့ မယူသူများကြား မသိမသာ ခွဲခြားမှု မရှိစေရကြောင်း ကျွန်တော်/ကျွန်မက ဆရာတွေကို ရှင်းရှင်းလင်းလင်း ပြောထားပါတယ်။ ဆရာတွေက ကျူးရှင် အတွက် ကျောင်းသင်ကြားမှုမှာ ဘယ်သင်ခန်းစာကိုမှ တမင် ချန်ထားတာ မျိုး မလုပ်ကြရပါဘူး။ စည်းကမ်းတွေကို ချိုးဖောက်ဝံ့ကြရင် ချိုးဖောက်ကြ ပါ။ ဒါပေမယ့် အကျိုးဆက်တွေကိုတော့ ဆရာတို့ အသေအချာ ရင်ဆိုင်ကြ ရစေမယ်လို့ ပြောထားပါတယ်။
>
> ကျွန်တော်/ကျွန်မ လုပ်တဲ့အရာတစ်ခုကတော့ ဆရာများကို နစ်ဝက် စာမေးပွဲမတိုင်မီ မေးခွန်း (၃) စုံ ပေးခိုင်းတာပဲဖြစ်ပါတယ်။ မေးခွန်း (၃) စုံလုံးက ခေါင်းစဉ်တွေအားလုံး သင်ထားခြင်းရှိမရှိ အတန်း အမျိုးမျိုးက ကျောင်းသားတစ်ဦးချင်းစီကို အလျဉ်းသင့်သလို မေးမြန်းကြည့်ပါတယ်။ မသင်ထားရင် ဆရာတွေကို ဘာ့ကြောင့် အဲဒီအတန်းမှာ အဲဒီခေါင်းစဉ်ကို ချန်လှပ်ခဲ့ကြောင်း မေးမြန်းပါတယ်။ ဆရာတွေက ကျောင်းသားအားလုံးကို ညီတူညီမျှ ကောင်းကောင်းမွန်မွန် သင်ကြားရမယ်။ ကလေးတွေကို ကျူးရှင် တက်စေလိုတဲ့အတွက် အချို့အပိုင်းတွေကို ချန်ပြီးသင်တာမျိုး မလုပ်ရပါ ဘူး။ ကျွန်တော်/ကျွန်မ ကျောင်းမှာ ကျူးရှင်ကိစ္စနဲ့ပတ်သက်လို့ ပြဿနာ မရှိစေရေးအတွက် တိတိကျကျ ဆောင်ရွက်နိုင်ဖို့ ကြိုးစားပါတယ်။

၆.၅။ ဈေးကွက်အတွင်းရှိ ကျူးရှင်များကို စည်းကမ်းထိန်းသိမ်းခြင်း

မြန်မာနိုင်ငံတွင် ပိုမိုကျယ်ပြန့်သော ကျူးရှင်ဈေးကွက်သည် အခြားနိုင်ငံများ ၏ အတိုင်းအတာထိ မရောက်ရှိသေးသည့်အတွက် ယခုအချိန်ထိ များစွာသော အာရုံစိုက်မှု မရရှိသေးပေ။ သို့သော်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြောင့် မြင့်မားလာသော ဝင်ငွေများသည် ဤဈေးကွက်ကို မြှင့်တင်ပေးနိုင်ကောင်းသည်။ သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုကို တွေ့မြင်လာရပြီးဖြစ်ရာ စီးပွားရေးစွမ်းဆောင်ရှင်များကလည်း အခွင့်အလမ်းများကို ဖော်ထုတ် လာသည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေး အနာဂတ်အလားအလာသည် ပိုမိုအားကောင်း လာနိုင်ဖွယ်ဖြစ်သည်။ စီးပွားဖြစ်ကျူးရှင် ပေးခြင်းသည် တည်ရှိနေသော လိုအပ်ချက်ကို ဖြည့်တင်းပေးသည်သာမက နောက်ထပ် လိုအပ်ချက် ကိုလည်း နှိုးဆွပေးသည်။ အဘယ်ကြောင့် ဆိုသော် မိသားစုများက ထိုသို့သော ကျူးရှင် ဝန်ဆောင်မှုများ ရရှိနိုင်မှုကို တွေ့မြင်ပြီး အခြားမိသားစုများမှာလည်း ထိုဝန်ဆောင်မှုများကို ကောင်းစွာအသုံးချနေသည်ကို ဂရုပြုမိသောကြောင့်ဖြစ်သည်။ များစွာသော စီးပွားဖြစ်ကျူးရှင် ပေးသူများမှာ အသေးစားအတိုင်းအတာ ဖြစ်သော်လည်း တရုတ်နှင့် အခြားအရပ်များမှ အတွေ့အကြုံများက အချိန်တန်လျှင် နေရာများစွာတွင် လက်ခွဲများရှိသော ကုမ္ပဏီကြီးများ တည်ထောင်လာကြမည်ကို ထောက်ပြသည်။ ထို့ပြင် မြန်မာ့စီးပွားရေးသည် နိုင်ငံတကာ ပွင့်လင်းလာမှုနှင့်အတူ အခြားတစ်နေရာတွင် ရုံးစိုက်ပြီး မြန်မာနိုင်ငံတွင် တိုက်ရိုက် (သို့) လုပ်ငန်းလုပ်ပိုင်ခွင့်အခြေခံဖြင့် ရုံးခွဲများထား ရှိသောကုမ္ပဏီများ၏ နယ်နိမိတ်ဖြတ်ကျော်လာသော လုပ်ငန်းများ တိုးပွားလာနိုင်ခြေရှိသည်။

မြန်မာနိုင်ငံတွင် ပညာရေးထောက်ပံ့ပေးမှု၏ ထူးခြားထင်ရှားသော သွင်ပြင်များထဲမှ တစ်ခုမှာ ဘော်ဒါဆောင်များ၏အခန်းကဏ္ဍ ဖြစ်သည်။ ရန်ကုန်တွင် ၎င်းဘော်ဒါဆောင် အတော်များများမှာ နေ့ခင်းချိန်အတွင်း အစိုးရ ကျောင်းများ၌ စာရင်းသွင်းထားသော ကျောင်းသားများအတွက် အပိုထပ်ဆောင်းသင်ပေးသော ကျောင်းများအဖြစ် စတင်ခဲ့သည်။ တိုးတက်ပြောင်းလဲလာသော ဥပဒေနှင့်အတူ ထိုဘော်ဒါဆောင်များမှ ကျောင်းသားများသည် အစိုးကျောင်းများ တက်နေမည့်အစား၎င်းတို့ထံတွင် စာရင်းသွင်းနိုင်သော ပုဂ္ဂလိက ကျောင်းများအဖြစ် မှတ်ပုံတင်ခဲ့ကြသည်။ ယခု သုတေသနတွင် ထိုဘော်ဒါဆောင်များကို အသေးစိတ် လေ့လာဆန်းစစ်မှု မပြုခဲ့ပါ။ သို့သော်လည်း ၎င်းတို့ကို ပိုမိုသေချာစွာ လေ့လာစုံစမ်းသင့်ပါသည်။ နောင်ပြုလုပ်မည့် သုတေသနက အခြား စီးပွားဖြစ်ကျူးရှင် ပုံစံအမျိုးမျိုးကို ပြန်လည်သုံးသပ်မှုလည်း ပြုကောင်းပြုပါလိမ့်မည်။

အခြားသောအရပ်ဒေသများမှ စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ လေ့လာဆန်းစစ်ချက် (ဘရေးနှင့် ခွဲ၊ ၂၀၁၄) က မူဝါဒဆိုင်ရာ အရေးယူဆောင်ရွက်မှုများသည် စီးပွားရေး လုပ်ငန်းများ၏ လုပ်ငန်းပိုင်းနှင့် ပညာရေးပိုင်းတို့ကို သီးခြား အလေးထားနိုင်ကြောင်း ထောက်ပြပါသည်။ စီးပွားရေး လုပ်ငန်းပိုင်းတွင် အောက်တွင် ဖော်ပြထားသော နယ်ပယ်များ ပါဝင်ပါသည်။

- *စာရင်းအင်းနှင့် အခွန်အကောက်*။ ။လုပ်ငန်းများတွင် တိကျသော ငွေစာရင်းများထားရှိပါသလား။ ထို့ပြင် တရားဝင်လုပ်ငန်း စဉ်များအရ အခွန်ပေးသွင်းပါသလား။
- *သဘောတူစာချုပ်များ*။ ။ဝန်ဆောင်မှုပေးသူများနှင့် ဝန်ဆောင်မှုခံယူသူများအကြားတွင် ရှင်းလင်းတိကျပြီး လျော်ကန် သင့်မြတ်သော သဘောတူစာချုပ်များ ရှိပါသလား။
- *ကျန်းမာရေးနှင့် လုံခြုံမှု*။ ။အဆောက်အဦးနှင့် ဥပစာတွင် လျော်ကန်သင့်မြတ်သော အိမ်သာများ၊ မီးဘေးအရေးပေါ်လှေကားများ စသည်တို့ကို ထားရှိပါသလား။
- *ကြော်ငြာခြင်း*။ ။ကြော်ငြာများက ရိုးသားမှုရှိပါသလား၊ လူမှုရေးစံများအရ လက်ခံ နိုင်ဖွယ် ရှိပါသလား။

၎င်းနယ်ပယ်များကို ပညာရေးဝန်ကြီးဌာနက မဟုတ်ဘဲ ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် ၎င်း၏ အဖွဲ့အစည်းများက ကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည်။

ပညာရေးပိုင်းတွင် အကြောင်းကိစ္စများမှာ ပိုပြီး ရှုပ်ထွေးသည်။ ထည့်သွင်းစဉ်းစားရမည့် အချက်များတွင် အောက်ပါတို့ ပါဝင်နိုင်သည်။

- *ကျူရှင်ဆရာများ၏ အရည်အသွေး*။ ။ ကမ္ဘာတစ်ဝန်းရှိ ပညာရေးနှင့် နှီးနွယ် ဆက်စပ်သူ များက အစိုးရများအနေဖြင့် ကျူရှင်ဆရာများအတွက် အနိမ့်ဆုံးအရည်အသွေးများကို ချမှတ်သင့်ကြောင်း အကြံပြုပြီး ၎င်းလိုအပ်ချက်များကို လိုက်နာကြောင်း သေချာအောင် လုပ်ငန်းများကို ထိန်းသိမ်းစစ်ဆေးသင့်ကြောင်း အကြံပြုကြပါသည်။ သို့သော်လည်း ကျူရှင်ဆရာကောင်းများ၏ အရည်အသွေးများသည် ကျောင်းဝန်းကျင်မှ ဆရာကောင်းများ၏ အရည်အသွေးများနှင့် ခြားနားနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဆရာများကို လေ့ကျင့်သင်တန်းပေးခြင်းအတွက် ထောက်ပံ့မှုမျိုးရှိသော်လည်း ကျူရှင်ဆရာများကိုမူ ထိုသို့လေ့ကျင့်သင်တန်း ပေးရန်အတွက် တရားဝင် ထောက်ပံ့မှုမျိုး မရှိပေ။ မည်သို့ဆိုစေ အချို့ကျူရှင်ဆရာများမှာ အတွေ့အကြုံအရဖြစ်စေ၊ တစ်ဦးချင်း၏ စွန့်ဦးဆောင်ရွက်မှုအရဖြစ်စေ စီးပွားရေး စွမ်းဆောင်ရှင်အဖွဲ့များ အတွင်း လုပ်ဖော်ကိုင်ဖက်အချင်းချင်း ထောက်ပံ့မှုတို့ မှတစ်ဆင့်သော်လည်းကောင်း များစွာ ဖွံ့ဖြိုးတိုးတက်နိုင်သည် (လေးထောင့်ဇယားကွက် (၆.၃) တွင် ရှု)။ ထို့ကြောင့် ကျူရှင်ဆရာများက ထိထိရောက်ရောက် သင်ကြားနိုင်ပြီး ၎င်းတို့နှင့် ကျောင်းသားနှစ်ဦးနှစ်ဘက် ကျေနပ်မှုများစွာရရှိသော အကျိုးရှိသည့် ကျူရှင်အလုပ်ဟုဆိုနိုင်သည်။ သို့အတွက် ဤသို့ ဆောင်ရွက်နေသူများ ကို တားမြစ်ခြင်းသည် ကြောင်းကျိုးဆီလျော်မှု မရှိသည့်အပြင် ၎င်းတို့၏ ပင်ကိုစွမ်းရည်များကို ဖြုန်းတီးရာ ရောက်ပါလိမ့်မည်။
- *သင်ရိုးညွှန်းတမ်း*။ ။ မြန်မာနိုင်ငံသားများကို ဝန်ဆောင်မှုပေးနေသောပုဂ္ဂလိက ကျောင်းများအတွက် ဥပဒေပြဋ္ဌာန်းချက်အရ အနည်းဆုံးအနေဖြင့် ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် ပင်မ သင်ရိုးညွှန်း

တမ်းကို ထိုကျောင်းများက ခြုံငုံမိအောင် သင်ကြားပေးရန် လိုအပ်ပါသည်။ ၎င်းပင်မသင်ရိုးညွှန်းတမ်းကို ပုံတူကူးယူထားသည့် ထပ်ဆောင်းသင်ကြား ပေးသော ကျောင်းများမှာ အမှန်ပင် အရိပ်သဖွယ် အဖွဲ့အစည်းများဖြစ်ပါသည်။ သို့သော်လည်း ထပ်ဆောင်းသင်ကြားပေးသော ကျောင်းများကိုလည်း ပင်မသင်ရိုးနှင့် ခြားနားသည့် (သို့) ကျော်လွန်သည့် သင်ခန်းစာများကို သင်ကြားခွင့် ပြုခြင်းသည် ကြောင်းကျိုးဆီလျော်သည်ဟု ထင်ရပါသည်။ ထို့ကြောင့် ၎င်းသည် ကျောင်းများတွင် အလေးပေးမခံရ (သို့) အနည်းငယ်သာ အလေးပေးခံရသည့် အားကစား၊ ဂီတ၊ လူနည်းစု ဘာသာစကားများ၊ ဘာသာရေးနှင့် အခြားသော နယ်ပယ်များကို သင်ကောင်းသင်နိုင်သည်။ ကျောင်းများတွင် သင်ကြားသည့် အရာများကို ကျော်လွန်ပြီး ပိုအဆင့်မြင့်သည့် သရုံ၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ လေ့လာမှုများနှင့် အခြားသော နယ်ပယ်များကို ခြုံငုံသင်ပေးကောင်းသင်ပေးနိုင်သည်။ ဤသို့ မတူကွဲပြားမှုကို အသိအမှတ်ပြုခြင်းဖြင့် အစိုးရသည် 'အားလုံးသုံးနိုင်သည့် တစ်ခုတည်းသော နည်းလမ်း' ဟူသည့် ချဉ်းကပ်မှုမျိုးကို ရှောင်ရှားသင့်ပါသည်။

- *စျေးနှုန်းများ။* ။ နီးနွယ်ဆက်စပ်သူများက ဝင်ငွေ အလယ်အလတ်နှင့် ဝင်ငွေ နည်းပါးသည့် အုပ်စုများကို ချန်လှပ်ထားခဲ့ရသည့် အဖြစ်မျိုး မဖြစ်ရလေအောင် အမြင့်ဆုံး ကျူရှင်စျေးနှုန်းကို သတ်မှတ်ထားရှိရန် သဘောတူထောက်ခံကြသည်။ သို့သော်လည်း ထိုအကြောင်းကိစ္စမှာ မလွယ်ကူလှပါ။ ပထမဆုံးအနေဖြင့် ကျူရှင်သင်ကြားရေးကဏ္ဍသည် အကြောင်းအရာ၊ အဆောက်အဦးနှင့် မြေနေရာ၊ သင်ကြားသည့် အချိန်နာရီ၊ အမျိုးမျိုးသော သင်ရိုးညွှန်းတမ်းအစုံများ၏ သတ်မှတ်ကာလများ၊ ကျူရှင်ဆရာများ၏ အရည်အသွေး စသည်တို့တွင် ကျောင်းကဏ္ဍထက်ပိုပြီး ကွဲပြားမှုရှိပါသည်။ ထို့ကြောင့် တူညီသော စျေးနှုန်းများကို အလွယ်တကူ မသတ်မှတ်နိုင်ပေ။ ဒုတိယအနေဖြင့် စျေးနှုန်းများကို သတ်မှတ်ထားလျှင်ပင် ကျူရှင်လုပ်ငန်းလုပ်ကိုင်သူများက စည်းမျဉ်းဥပဒေများကို ချိုးဖောက်ရန် နည်းလမ်းများ ရှာဖွေလာနိုင်ပါသည်။ ထို့ပြင် မိသားစုများအနေဖြင့် ပြိုင်ဆိုင်မှုပြင်းထန်သော ပတ်ဝန်းကျင်တွင် မိမိတို့၏ လိုအပ်ချက်များနှင့် မျှော်မှန်းချက်များ ကို ပြည့်ဝစေခြင်းငှာ ဤသို့ဥပဒေချိုးဖောက်မှုများကို လိုက်လျောကောင်း လိုက်လျောကြပေမည်။ တတိယအနေဖြင့် မြန်မာအာဏာပိုင်အဖွဲ့များတွင် ၎င်းကို အတည်ပြုပြဋ္ဌာန်းရန် လိုအပ်သော သက်ဆိုင်ရာ ဝန်ထမ်းများ မရှိသေးပေ။ မည်သို့ဆိုစေ ထို့ထက် ပိုအရေးကြီးသော ဦးစားပေး လုပ်ငန်းများ လည်းရှိနေသည်။ အတော်ပင် ပွင့်လင်း မြင်သာပြီး အရင်းအမြစ်ပြည့်စုံသောပတ်ဝန်းကျင်တွင် လုပ်ကိုင်ဆောင်ရွက်နေသော ဟောင်ကောင်အစိုးရပင်လျှင် ကျူရှင်ကဏ္ဍ စျေးနှုန်းများကို စည်းကမ်းထိန်းသိမ်းရန် ကြိုးစားမှုကို ရှောင်ကြဉ်ရန် ပြတ်ပြတ်သားသား ဆုံးဖြတ်ထားသည်ဆိုသည်မှာ ထင်ရှားနေသည် (ဘရေးနှင့် ခွိ၊ ၂၀၁၄၊ စာ–၃၇)။

လေးထောင့်ဇယားကွက် (၆.၃) ဈေးကွက်အတွင်း လေ့ကျင့်စမ်းသပ်ထားသော ပင်ကိုစွမ်းရည်ရှိ ကျူးရှင်ဆရာများ

စီးပွားဖြစ်လုပ်ကိုင်နေကြသော ကျူးရှင်ဆရာများကို သုတေသနအဖွဲ့က တွေ့ဆုံမေးမြန်းသည့်အခါ စိတ်ဓာတ်ပြင်းထန်သော၊ ပင်ကိုစွမ်းရည်ရှိသော ဆရာများကိုလည်း တွေ့ဆုံခဲ့ပါသည်။ အချို့မှာ ပုံစံတကျ လေ့ကျင့်သင်ကြားမှု မရရှိခဲ့သော်လည်း ကျွမ်းကျင်ပိုင်နိုင်သော ဆရာများ ဖြစ်နေသည်မှာ ထင်ရှားလှသည်။ ၎င်းတို့သည် အတွေ့အကြုံမှ သင်ယူတတ်မြောက်ခဲ့ပြီး ကျူးရှင်လောကတွင် ၎င်းတို့၏တပည့်များက အသိအမှတ်ပြု ထောက်ခံခဲ့သည်။ မည်သို့ဆိုစေ ဆရာအတတ်သင် ပညာရေးသည် ကျူးရှင်ထက် ကျောင်းပညာရေးကိုသာ ဗဟိုပြုခဲ့သည်။ ထို့ပြင် ပုံစံတကျသင်ကြားမှု အရည်အသွေးပိုင်ဆိုင်မှုက ၎င်းတို့အားပိုတော်အောင် ပြုလုပ်နိုင်မည်လား ဆိုသည်မှာ သံသယရှိဖွယ်ဖြစ်သည်။

ဤအချက်ကို ပုဂ္ဂလိကဆရာများအသင်း (PTA) မှ အရာရှိများနှင့် ဆွေးနွေးခဲ့ပြီးဖြစ်သည်။ တစ်ဖက်တွင်လည်း ထိုပုဂ္ဂိုလ်များက ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်အတွက် တရားဝင်ဖြစ်မှုကို အလိုရှိကြသည်။ သို့သော်လည်း အခြားတစ်ဖက်တွင်မူ ကျောင်းသင်ပညာရေးကို ဗဟိုပြုသော ဆရာလေ့ကျင့်ရေးစနစ်မှ တားဆီးကန့်သတ်မှုများကို အတော်ပင် အလိုမရှိကြချေ။ ၎င်းတို့ပါဝင်လုပ်ကိုင်နေသာ အလုပ်အတွက် သေချာပေါက် မခိုင်လုံ (သို့) မဆီလျော်ဟုလည်းယူဆကြသည်။

အမှန်တွင် အစိုးရအနေဖြင့် ဤအကြောင်းကိစ္စများအတွက် ဈေးကွက်ကိုသာ ဆုံးဖြတ်စေသင့်သည်။ သို့သော်ငြားလည်း လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများက ကျောင်းများ၏ လုပ်ထုံးလုပ်နည်းများကို ကြည့်ပြီး မိဘများအား ၎င်းတို့ရရှိသော ဝန်ဆောင်မှုအရည်အသွေးကို အကဲဖြတ်နိုင်ရာတွင် ကူညီနိုင်ကောင်းသည်။ ထိုအတောအတွင်း PTA အရာရှိများက ၎င်းတို့အသင်းအတွက် အနာဂတ် အခန်းကဏ္ဍတစ်ခုတွင် လုပ်ငန်းပိုင်း ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် အဖွဲ့ဝင်များကြား အတွေ့အကြုံ ဖလှယ်ရေးပါဝင်လာရန် မျှော်မှန်းကြသည်။ ဤအတိုင်းဆိုလျှင် ဈေးကွက်တွင်လည်း ကျူးရှင်ဆရာများ၏ ကျွမ်းကျင်မှု၊ ကျင့်ဝတ်နှင့် အခြား သင့်လျော်သော လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှုများကို မြှင့်တင်ရန် သူ့ကိုယ်ပိုင်လုပ်ထုံးလုပ်နည်းများ ရှိလာနိုင်မည်ဖြစ်သည်။

သို့သော်ငြားလည်း ၎င်းအတားအဆီးများကို အသိအမှတ်ပြုမှုသည် အာဏာပိုင်များက ကျူးရှင်နှင့်ပတ်သက်သည့် ကိစ္စများကို လျစ်လျူပြုသင့်သည်ဟု မဆိုလိုပေ။ အနည်းဆုံးအနေဖြင့် အစိုးရသည် စီးပွားရေးကဏ္ဍကို ကြီးကြပ်ရန် အခြေခံစာရင်းအင်းများကို စုဆောင်းသင့်ပါသည်။ NESP အကောင်အထည်ဖော်ခြင်းကဲ့သို့သော လုပ်ငန်းများနှင့် ခေတ်နှင့်အညီမွမ်းမံမှုအတွက် ပြင်ဆင်ခြင်းများတွင် ၎င်း၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားခြင်းများ ပါဝင်သင့်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၎င်းကျူးရှင်ကဏ္ဍ၏ တည်ရှိမှုနှင့် လုပ်ဆောင်မှုသည် လူမှုရေးဆိုင်ရာ

မည်မျှမှုများ၊ ကျောင်းသားများ၏ ဘာသာရပ်ဆိုင်ရာ အောင်မြင်မှုများ၊ ဝန်ထုပ်ဝန်ပိုးများနှင့် ကျောင်းများ၏ လုပ်ငန်းများအပေါ် အဓိကသက်ရောက်နိုင်ခြေများ ရှိပါသည်။ ဥပမာအားဖြင့် ဤသို့သော ကိုယ်တိုင် စည်းကမ်းထိန်းသိမ်းခြင်းမျိုးသည် သြစတြေးလျတွင် အထင်အရှားရှိပါသည်။ သြစတြေးလျကျူရှင်အသင်း (ATA) သည် ကျင့်ဝတ်သတ်မှတ်ချက်များကို အဖွဲ့ဝင်များလိုက်နာရန် မျှော်လင့်ပြီး ထုတ်ပြန်ထားပါသည် (ဘရေးနှင့် ခွိ၊ ၂၀၁၄၊ စာ–၇၁–၇၇)။ ထိုသို့သော လုပ်ဆောင်မှုများသည် တရုတ်နှင့် ဂျပန်နိုင်ငံတွင်လည်း ထင်ရှားပါသည် (ဂျန်နှင့် ယာမာတို၊ ၂၀၁၈၊ စာ–၃၂၉)။

အစိုးရက ကြီးကြပ်ထိန်းသိမ်းမှု၏ နောက်ထပ်အကျိုးကျေးဇူးတစ်ခုမှာ အစိုးရတာဝန်ရှိသူများ ပံ့ပိုးပေးသော အချက်အလက်များသည် ကျူရှင်ယူသူများ၏ အခွင့်အရေးကို ပိုမိုကာကွယ်နိုင်စေသည်။ မိဘများအနေဖြင့် ကလေးများအတွက် ပိုပြီးသိမြင်နံ့စပ်သော ရွေးချယ်မှုများကို ပြုလုပ်နိုင်စေသည်။ ဤနေရာတွင် မီဒီယာသည် တန်ဖိုးရှိသော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ သတင်းစာများ၊ ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့သည် ယခင်ကတည်းက အရေးပါခဲ့သည်။ ယခုလက်ရှိအချိန်တွင် ဝက်ဘ်ဆိုက်များနှင့် အင်တာနက် အကြောင်းအရာ များသည် သက်ဆိုင်ရာ အခန်းကဏ္ဍမှ တိုးတက်ပါဝင်လာပါသည်။ ဤသို့ သုံးစွဲသူ အသိပညာနိုးကြားမှုနှင့် စွမ်းရည် မြှင့်တင်မှုသည် ကျူရှင်လုပ်ငန်းများ၏ အလုပ်ကိုသာမက တက္ကသိုလ်ကျောင်းသားများနှင့် ဂိုက်ဆရာများအဖြစ်ဆောင်ရွက်သော အခြားသူများကဲ့သို့သော တရားမဝင်ကျူရှင်ပေးသူများကိုပါ စစ်ဆေးထိန်းညှိမှုများပြုရာတွင် ဆီလျော်မှုရှိပါသည်။

၆.၆။ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် တွဲဖက်ဆောင်ရွက်မှု

အသိပညာဖလှယ်ရေး အလုပ်ရုံဆွေးနွေးပွဲများ (အပိုင်း (၃.၄) တွင် ရှု) အတွင်း တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ကျောင်းသင်ပညာရေးသည် လုံလောက်မှု ရှိမရှိ၊ ကျူရှင်လိုအပ်ချက် လျော့နည်းအောင် ကျောင်းဆရာများက ကျောင်းသင်ပညာရေးကို မည်သို့တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဟူသော မေးခွန်းများအပေါ် ပညာရေးနှင့် နီးနွယ်ဆက်စပ်သူအမျိုးမျိုးက တက်ကြွစွာ ပါဝင် ဆွေးနွေးခဲ့ကြသည်။ လူအဖွဲ့အစည်းတွင်း အပြန်အလှန်ဆွေးနွေးမှုအသီးသီးတွင် ကဏ္ဍတစ်ခုချင်းစီ ကသီးခြားရပ်တည် မဖြေရှင်းနိုင်သည့် ကိစ္စရပ်များကိုလည်း ရင်ဆိုင်ဖြေရှင်းခဲ့ပါသည်။ ဥပမာအားဖြင့် သင်ကြားမည့် အကြောင်းအရာ နှင့်အစီအစဉ်တို့ကို ဆုံးဖြတ်ရာတွင် များစွာ အလျှော့အတင်း မပြုလုပ်နိုင်ခြင်းအပေါ် ဆရာများ၏ သိမြင်နားလည်မှုသည် လုပ်ငန်းစဉ်များနှင့် အစီအစဉ်များကို အတိုင်းအတာတစ်ခုအထိ ယန္တရားဆန်ဆန် လိုက်နာရသည့် စနစ်ကို ထင်ဟပ်နေပါသည်။ တစ်ချိန်တည်းမှာပင် ဤသို့သော ချုပ်ချယ်ကန့်သတ်မှုအသိသည် ဆရာများအား များစွာသော လိုအပ်ချက်များအကြား ကွာဟမှုများကို ကိုင်တွယ်စီမံတတ်ရန် လေ့ကျင့်သင်ကြားမပေးလိုက်နိုင်သော ဆရာအတတ်သင် ပညာရေး၏ ချဉ်းကပ်နည်းများအပေါ် အာရုံကျရောက်စေခဲ့သည်။ ထိုကိစ္စရပ်များမှာ ရှုပ်ထွေးပါသည်။ ကျောင်းသားများ ကျူရှင်ယူရန် ကြိုးပမ်းခြင်း (နှင့် သူတို့ကိုယ်တိုင်လည်း ကျူရှင်ပေးနေကြခြင်း) အတွက် ဆရာများကို

တစ်ဦးတည်း တာဝန်ယူစေမည့်အစား ပြည်သူလူထုက ကျောင်းသင်ပညာရေးနှင့် ကျူးရှင် ကဏ္ဍများကြား အပြန်အလှန်ဆက်နွယ်မှုများကို စုပေါင်းအလေးထား ဆောင်ရွက်ပြီး ဆရာများကိုလည်း လိုအပ်သည့် အထောက်အပံ့များ ရရှိစေသင့် ပါသည်။

သင်ရိုးညွှန်တမ်း ပြုပြင်ပြောင်းလဲခြင်းနှင့် ဆရာအတတ်သင်ပညာရေးကို သင်ကြားနည်း အသစ်များဖြင့် (၄) နှစ် ဘွဲ့သင်တန်းအဖြစ် အဆင့်မြှင့်ခြင်း လှိုင်းလုံးများအကြားတွင် ကျူးရှင် တစ်ဟုန်ထိုး တိုးပွားလာခြင်းက အခန်းထဲ ဆင်ကြီးရောက်နေသကဲ့သို့ပင် မပြောသော်လည်း အားလုံးသိသော ပြဿနာတစ်ရပ် ဖြစ်သည်။ ၎င်းသည် ပညာရေးနှင့်နီးနွယ်ဆက်စပ်သူတိုင်း ကျေပွန်အောင် မဆောင်ရွက်ရသေးသော ကဏ္ဍတစ်ရပ်အဖြစ်ရှိနေရာ ဆင်ကြီးက ဆက်လက်ရှင်သန်ကြီးထွားအောင် အစာကျွေးထား သကဲ့သို့ ဖြစ်နေသည်။ သို့သော် ဆက်စပ်နေသော ပြဿနာများအကြောင်းကို မိမိတို့ ကိုယ်ပိုင်ရှုထောင့်မှ ပြောဆိုကြသည့်အခါ အသီးသီးက ဆင်ကြီးကို စမ်းနေသော မျက်မမြင်များကဲ့သို့ ပြုမူကြလိမ့်မည်။ စနစ်ထဲတွင် နေရာယူထားသော ဆင်ကြီးက ကျောင်းသင်ပညာရေး၏ သာတူညီမျှမှု၊ အရည်အသွေးနှင့် ထိရောက်မှုတို့ကို ဟန့်တားခြင်းဖြင့် ပြုပြင်ပြောင်းလဲမှု ပဏာမ ခြေလှမ်းအတွက် အဓိကဦးတည်ချက်ဖြစ်သော ပညာရေး၏ အရည်အသွေးကို မှေးမှိန်သွားစေနိုင်သည်။ သို့သော်လည်း ဆင်ကြီးကို အပြစ်ဆိုရန် မဟုတ်ပါ။ အကြောင်းအကျိုးသံသရာများကဲ့သို့ မရေရာခြင်းက အကြောင်းအရာများလွန်းသော သင်ရိုးတွင် အလွတ်ကျက် သင်ယူခြင်းနှင့် ဆရာ၊ ကျောင်းသားများ၏ စာမေးပွဲကို ဦးတည်သော ပုံသေအတွေးအခေါ်တို့၏ ကွာဟချက်ကို လျှော့ချရန် အတွက် ကျူးရှင်လိုအပ်ချက်ကို မီးလောင်ရာ လေပင့်သလို ဖြစ်သွားသည်မှာ အံ့သြစရာ မဟုတ်တော့ပေ။

အပြန်အလှန်ဆွေးနွေးခြင်းများက ပြဿနာများနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ပြုလုပ်ရန် လိုအပ်နေသည်ဟူသော အများနှင့်သက်ဆိုင်သည့် ကိစ္စတစ်ခုအတွက် အပြန်အလှန်ကြားနာခြင်းကို အထောက်အကူပြုနိုင်သည်။ အလုပ်ရုံဆွေးနွေးပွဲများမှ ခံစားချက်၊ ထင်မြင်ယူဆချက်များကို အနှစ်ချုပ်ကြည့်လျှင် ပူးတွဲတာဝန်ခံရန် လိုအပ်ချက်ကြောင်းကို အားလုံးသိမြင်ပြီး နှစ်မြှုပ် ဆောင်ရွက်ကြရမည်ဟူ၍ တွေ့ရသည်။ ပါဝင်ဆောင်ရွက်သူတစ်ဦး၏ စကားဖြင့်ဆိုရလျှင် 'ကောင်းမွန်တဲ့ ပညာရေးအတွက် ပြောင်းလဲမှုတွေကို ပြုလုပ်ဖို့ မလွယ်ပါဘူး၊ ဒါပေမယ့် ကျွန်တော်/ကျွန်မတို့က ကြိုးစားမကြည့်ဘူးဆိုရင် ပြည်သူလူထုက တောင့်တတဲ့ စစ်မှန်တဲ့ ပြောင်းလဲမှုတွေ ရှိလာမှာ မဟုတ်ပါဘူး'။ အဆိုပြုထားသော မူဝါဒပြောင်းလဲမှုများသည် အတူတကွ ဖန်တီးတည်ဆောက် ထားသည့်အတိုင်း လက်တွေ့အခြေအနေကိုအားလုံး သိမြင်နားလည်မှုနှင့် တာဝန်ယူမှုတို့အပေါ် အခြေခံထားလျှင် အောင်မြင်ရန်ပို၍ အလားအလာရှိနိုင်သည်။ သုတေသနက ပြောင်းလဲမှုများ၏ အလားအလာနှင့်ပတ်သက်၍ လူ့အဖွဲ့အစည်း၏ လေ့လာစုံစမ်းမှုနှင့် စုပေါင်း၍ သော်လည်းကောင်း၊ တစ်ဦးချင်းသော် လည်းကောင်း သုံးသပ်ချက်များ ထည့်သွင်းနိုင်မှုအတွက် အထောက်အကူပြုနိုင်ပါသည်။ ကျောင်းများ၊ အခြားနီးနွယ်ဆက်စပ်သူများနှင့် ရန်ကုန်မြို့တွင် တွေ့ဆုံ၍ အစီရင်ခံစာမူကြမ်းကို တင်ပြခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲနှစ်ခုတွင် သော်လည်းကောင်း၊ နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန မူဝါဒဆိုင်ရာ နီးနှောဖလှယ်ပွဲ၏ အုပ်စုလိုက်ဆွေးနွေးမှုများအတွင်း သော်လည်း

ကောင်း စာဖြင့်ရေးသား တုံ့ပြန်ချက်များတွင် ဤသို့ အထောက်အကူပြုမှုများကို အထင်အရှား တွေ့ရသည်။[၁၂] ဤလေ့လာမှုက သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါပုံကို ထောက်ပြခဲ့ပါသည်။ ဆိုလိုသည်မှာ လူမှုရေးဆိုင်ရာ အဓိကဦးတည်ချက်များ (ဥပမာ– ပြိုင်ဆိုင်မှုကို ကျော်လွန်သည့် သင်ယူမှုမလေ့ တစ်ခုကို ဆရာနှင့်ကျောင်းသားများ ရရှိစေရန်) ကို သဘောတူသတ်မှတ်ကြရာတွင် ပညာရေးနှင့် နီးနွယ်ဆက်စပ်သူအမျိုးမျိုး၏ ခံစားချက်၊ ထင်မြင် ယူဆချက်များ ပါဝင်ကြစေရန် ဖြစ်သည်။ ပြည်သူလူထု၏ ကြိုးပမ်းလေ့လာမှုဖြင့် ပြဿနာများကို ပြန်လည်သတ်မှတ်လိုက်လျှင် လူတစ်ဦးချင်း၏ လုပ်ကိုင်ဆောင် ရွက်မှုပုံစံများတွင် ပြောင်းလဲမှုများကို လှုံ့ဆော်ပေးနိုင်သည်။ သို့ဖြစ်ရာ သင်ယူမှု ပတ်ဝန်းကျင်တစ်ခု တည်ဆောက်နိုင်ရေးအတွက် တာဝန်ယူမှုနှင့် အပြုသဘော ဆောင်သော ဆက်ဆံရေးကို ကြိုးပမ်းတည်ဆောက်မှုတို့တွင် ပိုမိုနိုးကြား တက်ကြွ လာပေမည်။ ထိုအခြေအနေကို ကျောင်းအုပ်ကြီးတစ်ဦးက အောက်ပါအတိုင်း ဖော်ပြ ထားသည်။

> ကျွန်တော်/ကျွန်မတို့က ကျောင်းသားတွေရဲ့ စိတ်ဝင်စားမှုကို ရယူနိုင်ဖို့ သူတို့ရဲ့ သင်ယူမှု ပတ်ဝန်းကျင်မှာ ပြောင်းလဲမှုတွေ ပြုလုပ်ရပါမယ်။ ကျောင်းသားများအနေနဲ့ ကျောင်းမှာ ပျော်ရွှင်ဖွယ်ကောင်းတဲ့ သင်ယူမှု ရရှိသင့်ပါတယ်။ ကျူရှင်ရဲ့ မကောင်းတဲ့ သက်ရောက်မှုတွေအကြောင်း ပြစ်တင်ပြောဆိုနေမယ့်အစား ကျောင်းသားတွေ ကျောင်းလာ အောင် ဘယ်လို ဆွဲဆောင်ရမယ်ဆိုတာကို အလေးပေးသင့်ပါတယ်။ ကူကယ်ရာမဲ့ သည်းခံနေကြမယ့်အစား ကလေးတွေရဲ့ သင်ယူမှုဖြစ်စဉ်မှာ မိဘတွေ စိတ်ဝင်စား လာအောင် စွမ်းဆောင်ဖို့ ဆရာတွေကို ပထမဆုံးအနေနဲ့ လှုံ့ဆော် တိုက်တွန်းရပါမယ်။ မိဘတွေရဲ့ ဝေဖန်မှုတွေက ကိုယ့်ကလေးတွေရဲ့ သင်ယူမှုမှာ ပါဝင်လိုတဲ့ ဆန္ဒကို ဖော်ပြနေတာဖြစ်တယ် .... အခု ဆိုရင် သင်ရိုးသစ်ကလည်း ရှိနေပြီ (စတင်ပြဋ္ဌာန်းခဲ့ပြီ) ဆိုတော့ သင်ယူမှု ပတ်ဝန်းကျင်ကို ဖန်တီးနိုင်မယ်ဆိုရင် ကျောင်းသင်ကြားရေးမှာ ပြောင်းလဲမှုတွေ လုပ်နိုင်မယ်လို့ ကျွန်တော်/ကျွန်မ ယုံကြည်ပါတယ်။

အတွေ့အကြုံများဖြင့် ပုံသေအတွေးအခေါ်ကို ပြောင်းလဲနိုင်ပါသည်။ လက်တွေ့ကျကျ ဆိုရလျှင် ကျောင်းသင်ပညာရေး၏ အရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် ပူးပေါင်းဆောင်ရွက်မှု၊ လိုလားအပ်သော အပြောင်းအလဲများ အတွက် ပူးပေါင်းဆောင်ရွက်မှုတို့နှင့် ပတ်သက်ပြီး အပြန်အလှန် ဆွေးနွေးမှုများ စတင်ဆောင်ရွက်ရာတွင် ကျောင်းအုပ်ကြီးများက ဆရာများ၏ လုပ်ငန်းဆောင်ရွက်မှုအတွက် အသင်းခေါင်းဆောင်အဖြစ်လည်းကောင်း၊ မူဝါဒ အကောင်အထည်ဖော်မှုအတွက် ကြားဝင်စေ့စပ်သူအဖြစ်လည်းကောင်း အဓိကကျသော အခန်းကဏ္ဍများမှ ပါဝင်ပါသည်။ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် တွဲဖက်ဆောင်ရွက်ခြင်းသည် လိုလားအပ်သော အရာဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ကိုင် ဆောင်ရွက်မှုပုံစံများကို ပျိုးထောင်ပေးရန် နောက်ထပ်လေ့လာ စုံစမ်းမှု

---

[၁၂] အခန်း(၃)၊ အပိုင်း ၃၊ ၄ တွင် ရှု။

များတွင် သဘောတူ ညီညွတ်သည်အထိ ဆရာများအား ပြောဆိုဆွေးနွေးခွင့်ပေး လျှင် ထိုသို့တွဲဖက်ဆောင်ရွက်မှု အောင်မြင်နိုင်ပါသည်။

၆.၇။ အနှစ်ချုပ်နှင့် နိဂုံး

NESP (မြန်မာ ၂၀၁၆၊ စာ–၁၀) က 'မြန်မာ့လူဘောင်အဖွဲ့အစည်းတွင် ပညာရေးကို လူမှုရေးဆိုင်ရာ ပြောင်းလဲနိုင်မှုအတွက် အဓိက ဆုံးဖြတ်ပေးသော အရာအဖြစ် အစဉ်အလာအရ တန်ဖိုးထားခဲ့ကြပြီး နိုင်ငံတည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသော အခြေခံအုတ်မြစ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံအသိ အမှတ်ပြုထားသည်။' ၎င်းဖော်ပြချက်သည် ယခုလေ့လာမှုအတွက်များစွာဆီလျော် မှုရှိသည်။ အမှန်တွင် အရိပ်ပညာရေးအပါအဝင် ပညာရေးသည် လူမှုရေး ဆိုင်ရာ ပြောင်းလဲနိုင်မှုအတွက် အဓိကဆုံးဖြတ်ပေးသော အရာဖြစ်ပါသည်။ သို့သော် အရိပ်ပညာရေးသည် နိုင်ငံတည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မည်သည့်နည်းလမ်းများနှင့် မည်သည့် အတိုင်းအတာအထိ အရေးပါသော အခြေခံအုတ်မြစ်ဖြစ်သည်ဟူသော အချက်မှာ ပို၍ စဉ်းစားဖွယ်ရာ ဖြစ်နေသည်။

ဤလေ့လာမှု၏ နိဒါန်းပိုင်းတွင် မြန်မာနိုင်ငံ၌ ကျူးရှင်သင်ကြားခြင်းသည် အသစ်အဆန်း ဖြစ်ရုပ် မဟုတ်ကြောင်း ပြဆိုခဲ့ပြီးဖြစ်သည်။ သို့သော်လည်း ၎င်းသည် ပိုမိုအားကောင်း လာခဲ့ဟန်ရှိပြီး မူဝါဒချမှတ်သူများက ပိုမိုအလေးထားစရာ ဖြစ်လာသည်။ အကောင်းဘက်က ကြည့်လျှင် အခကြေးငွေဖြင့် အပိုဆောင်း သင်ကြားပေးခြင်းသည် သင်ယူမှုနှင့် လူသား အရင်းအမြစ် တည်ဆောက်မှုကို အထောက်အကူပြုနိုင်ပါသည်။ သို့သော်လည်း ၎င်းက လူမှုရေး ဆိုင်ရာ မညီမျှမှုများကို ဆက်လက်တည်ရှိစေနိုင်သည့်အပြင် ပိုမိုဆိုးဝါးလာစေနိုင်ပါသည်။ ထို့ကြောင့် ၎င်းမှာ ကျောင်းသင်ပညာရေးအပေါ် နောက်ဆက်တွဲ ကယက်ရိုက်ခတ်မှုတစ်ခုရှိသည်။

အခြားနိုင်ငံများမှ အတွေ့အကြုံအရ ကျူးရှင်သင်ကြားခြင်းကို မည်သည့်အခါမှ ဖယ်ရှား နိုင်လိမ့်မည်မဟုတ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် အဓိက မူဝါဒ ဆိုင်ရာပြဿနာမှာ ၎င်းကို မည်သို့ထိန်းကျောင်းကိုင်တွယ်မည်ဆိုသည့် အချက်ပင် ဖြစ်သည်။ အရိပ်ပညာရေးသည် လိုအပ်ချက် တစ်ခုဖြစ်မနေစေရန် (အတော်အတန် ကြီးစားသော ကျောင်းသားများ ကျူးရှင်မယူဘဲ ကောင်းစွာ သင်ယူနိုင်ခြင်းကို ဆိုလိုသည်) အစိုးရကျောင်းများတွင် လုံလောက်သော အရည်အသွေးရှိနေ စေရေးမှာ ပထမဆုံးဆောင်ရွက်ရမည့်အချက်ဖြစ်သင့်ကြောင်း နီးနွယ်ဆက်စပ်သူ အများစုက သဘောတူကြသည်။ အလားတူလေ့လာဆန်းစစ်မှုက ပညာရေးစနစ်ကောင်းမွန်သည့် နိုင်ငံများပင်လျှင် အရိပ်ပညာရေးကဏ္ဍ ရှိကြကြောင်း ပြသထားသည် (ဥပမာ–ဘရေး၊ ၂၀၁၁။ ဟောလ်ဆန်နှင့် ကာလ်ဆန်၊ ၂၀၁၈ တို့တွင် ရှု)။ သို့သော်ငြားလည်း ၎င်းနိုင်ငံများရှိ ကျူးရှင်ပုံစံများက မြန်မာကဲ့သို့သော ဝင်ငွေနည်းပါးသည့် နိုင်ငံများထက် ပြဿနာနည်းပါးသည်။ ဤသုတေသနက ဗဟုသုတဖလှယ်ရေး အပြန်အလှန်ဆွေးနွေးမှုများကို ဖြစ်ထွန်းစေခဲ့သည်။ ထိုဆွေးနွေးမှုများက ပညာရေး

ဂေဟာစနစ်နှင့် ကျောင်းသင်ပညာရေး၏ သတ်မှတ်စည်းများကို မှန်ဝါးစေသည့် လူမှုရေးအတားအဆီးများကို အသိအမှတ်ပြုခဲ့သည်။ ကျောင်းသင်ပညာရေး၏ အားနည်းချက်များအပေါ် မှန်းဆထင်မြင်ချက်များကို ရင်ဆိုင်ရာတွင် နိုင်ငံအားလုံးရှိ နီးနွယ်ဆက်စပ်သူများက ကျောင်းသင်ပညာရေးနှင့် ကျူးရှင်တို့၏ မတူညီသော ကဏ္ဍများအပေါ် ပိုမိုနားလည်လာစေရေးအတွက် ကြုံတွေ့လာရမည့် အခက်အခဲများကို စုပေါင်းရှာဖွေ ဖော်ထုတ်ပြီး ပူးပေါင်းတာဝန်ယူသင့်သည်။ ရေရှည်တွင် မူဝါဒ ဖွံ့ဖြိုးတိုးတက်မှုသည် နီးနွယ်ဆက်စပ် သူများ၏ အတူပူးတွဲလုပ်ဆောင်မှုများကို တဖြည်းဖြည်း ပုံဖော်နိုင်မည့် တရားဝင်မဟုတ်သော စဉ်ဆက်မပြတ် အပြန်အလှန် ဆွေးနွေးမှုများမှ တစ်ဆင့် ပြည်သူတို့၏ ပိုမိုခိုင်မာသော လက်ခံမှုနှင့် ထောက်ပံ့မှု ရစေနိုင်သည်။

ယခုလေ့လာမှုအတွက် အဓိကအချက်တစ်ခုမှာ ဆရာများ၏ အခန်းကဏ္ဍများ ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တာဝန်ရှိသူများက လုပ်ငန်းခွင်တွင်းရှိ ဆရာများ ကျူးရှင်သင်ပေးခြင်းအပေါ် ဝေဖန်ခဲ့ကြပြီး ပြင်းထန်သော အရေးယူမှုနှင့်အတူ စည်းမျဉ်းများလည်း ချမှတ်ထားခဲ့သည်။ မည်သို့ဆိုစေ ၎င်းစည်းမျဉ်းများ မထိ ရောက်ပုံကို ထောက်ဆလျှင် အခြေအနေကို ပြန်လည် သုံးသပ်ရန် လိုအပ်နေ လေသည်။ ဆရာများက ၎င်းတို့၏ လစာများကို အပိုဝင်ငွေ ရှာစရာမလိုတော့ လောက်သည့် အဆင့်ထိ တိုးမြှင့်ပေးရန် အတန်အသင့် ဆန္ဒရှိကြသည်။ ပြောင်းလဲ မှုများကို ဤလမ်းကြောင်းအတိုင်း ပြုလုပ်နိုင်ပါသည်။ ယေဘုယျ လမ်းညွှန်ချက် များကို ပြည့်စုံစေရန် ပညာရေးတွင် သာတူညီမျှမှုနှင့် အရည်အသွေးကို အလေးထား သော ကျောင်းအဆင့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များအတွက် ကျောင်းမှ ဆရာများက တာဝန်ယူသင့်သည်။ ဆရာများက မိမိကျောင်းသားများအား ကျူးရှင်ပေးခြင်းအပေါ် တားမြစ်ခြင်းကို ထည့်သွင်းစဉ်းစားသင့်သည်။ သို့သော်လည်း အခြားကျောင်းမှ ကျောင်းသားများနှင့် ၎င်းတို့ ကျောင်းတွင်းရှိ အခြားဆရာများ၏ ကျောင်းသား များကို ကျူးရှင်ပေးခြင်းကို ပိုမိုလက်သင့်ခံနိုင်စရာ ရှိသည်။ ထို့နောက် ဤသို့သော မူဝါဒများသည် လာဘ်စားမှုအန္တရာယ်များကို လျှော့ချမှုအတွက် ကွယ်ဝှက်ထားသော လုပ်ရပ်များကို မြင်သာထင်သာရှိလာစေနိုင်မည်။ ထို့ပြင် ၎င်းလုပ်ရပ်များကိုလည်း ပိုမိုလွယ်ကူစွာ ပဲ့ကိုင်ထိန်းကွပ်နိုင်စေမည်။

ယခုအခန်းသည် ပုဂ္ဂလိကကျူးရှင်ကဏ္ဍ၏ စီးပွားဖြစ်ကျူးရှင်ပေးသူများအတွက် မူဝါဒများကိုလည်း အလေးထားလေ့လာခဲ့ပါသည်။ ဤကဏ္ဍသည် အခြားသော ဘန်ကောက်၊ ဟောင်ကောင်နှင့် ဆိုးလ်တို့ကဲ့သို့သော မြို့ကြီးများနှင့်စာလျှင် ရန်ကုန်တွင် သင့်တင့်ရုံသာ ရှိပါသည်။ သို့သော်လည်း ကျူးရှင်များမှာ လာမည့် နှစ်များအတွင်း ကြီးထွားလာနိုင်ဖွယ်ရှိပြီး နောက်ကျလွန်းခါမှ ပြန်လည်ကုစား အရေးယူဆောင်ရွက်ရန် ကြိုးပမ်းခြင်းမျိုးထက် ကြီးထွားလာစ နှစ်များအတွင်း ၎င်းကို ပဲ့ကိုင်ထိန်းသိမ်းရန် လိုအပ်လိမ့်မည်။ အစိုးရ မူဝါဒများသည် ပညာရေး ဆိုင်ရာ နယ်ပယ်များအပြင် စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာဖက်ကိုလည်း ခြုံငုံလိမ့် မည်ဖြစ်သည်။ သို့သော် စီးပွားရေးပိုင်းကို ကိုင်တွယ်ဖြေရှင်းရန် ပိုမိုလွယ်ကူ လိမ့်မည်။ မည်သို့ဆိုစေ လုပ်ငန်းခွင်တွင် မိမိကိုယ်ကို စည်းကမ်း ထိန်းသိမ်းမှုကို အားပေးခြင်းနှင့် ကျောင်းသားများကို အသိပညာပေးခြင်းတို့ဖြင့် အချို့ ရည်မှန်း

ချက်များကို ပိုမိုထိရောက်စွာ အကောင်အထည် ဖော်နိုင်ပေသည်။ မိဘများ၊ ကျောင်းသားများနှင့် ပြည်သူလူထုထဲမှ အခြားအဖွဲ့ဝင်များကြား အသိပညာပေးမှု မြှင့်တင်ခြင်းဖြင့် ၎င်းရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မှုကို လွယ်ကူအဆင်ပြေစေလိမ့်မည်ဖြစ်သည်။ အဓိကအားဖြင့် သတင်း အချက်အလက် ဖြန့်ဖြူးခြင်း အတွက် တရားဝင် ရုပ်သံလိုင်းများနှင့်အတူ သတင်းမီဒီယာ လုပ်ငန်းခွဲအမျိုးမျိုးကို အသုံးချခြင်း အပြင် ပူးတွဲဆောင်ရွက်မှုကိုပါ မြှင့်တင်ခြင်း အားဖြင့် ဤရည်မှန်းချက် ပေါက်မြောက် စေနိုင်သည်။ ဤလေ့လာမှု၏ ဆက်စပ်လွှမ်းခြုံနိုင်သော ထောက်ခံအကြံပြုချက်မှာ နီးနွယ်ဆက်စပ်သူများက အရိပ်ပညာရေး၏ သက်ရောက်နိုင်ခြေများကို နားလည်ပြီး ရှေ့သို့တက်လှမ်းနိုင်မည့် သင့်လျော်သော နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်စေရန် ၎င်းနှင့်ပတ်သက်သော နောက်ထပ်အချက်အလက်များ စုဆောင်းခြင်းနှင့် အဆင့်ဆင့် ဆွေးနွေးပွဲများတွင် ဆွေးနွေးမှုများအတွက် စီစဉ်ခြင်းတို့ဖြင့် တာဝန်ရှိသူများက ၎င်းနှင့် သက်ဆိုင်သော အကြောင်းအရာတစ်ခုလုံးကို 'အရိပ်အဖြစ်မှ' ပြောင်းလဲရန် ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂမှ အတည်ပြုခဲ့သော ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ၏ စတုတ္ထမြောက်မျှော်မှန်းချက်မှာ လူသားအားလုံးအတွက် တန်းတူညီမျှ ရရှိစေနိုင်မည့် အရည်အသွေးပြည့်ပညာရေးနှင့် ဘဝတစ်သက်တာ ပညာလေ့လာသင်ယူခွင့်များ တိုးတက်လာစေရန်ဖြစ်ပါသည်။ ပညာရေးကို ဘဝတစ်သက်တာ လေ့လာမှုများပြုလုပ်ရာ၌ အမှီသဟဲပြုနေသော ဂေဟစနစ်ဟု မှတ်ယူနိုင်ပါသည်။ ထိုစနစ်တွင် ကျောင်းသားများ၊ ဆရာများ၊ ကျောင်းအုပ်ကြီးများ၊ ကျောင်းသားမိဘများ၊ စီမံအုပ်ချုပ်သူများ၊ မူဝါဒ ချမှတ်သူများ ပါဝင်ပါသည်။ အလွှာအသီးသီး၏ ခံစားချက်၊ ထင်မြင်ယူဆချက်များအားလုံးကို အလေးထားမည် ဆိုပါက ထိုအခြေအနေများကို ပိုမိုနားလည်လာစေမည်သာ ဖြစ်သည်။ စုပေါင်း စူးစမ်း အဖြေရှာမှုသည် ကြာရှည်ခိုင်မာစေမည့် အနာဂတ်အတွက် မျိုးဆက်သစ်လူငယ်များ၏ တိုးတက်မှုကို ဖြစ်ထွန်းစေမည့် ပြောင်းလဲမှု ဖြစ်စဉ်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပေသည်။

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) ကျောင်းသားကျောင်းသူ စစ်တမ်းမေးမြန်းလွှာ (သုတေသန လေ့လာမှုနည်းလမ်း)

မြန်မာနိုင်ငံမှာရှိတဲ့ ကျောင်းသားများရော၊ ကမ္ဘာတစ်ဝန်းလုံးက ကျောင်းသားတွေပါ ကျူးရှင်ယူကြပါသည်။ ဤဆန်းစစ်လွှာမှ ကျောင်းသားများ ကျူးရှင်ယူရသည့် အကြောင်းအရင်းနှင့် ထိုကျူးရှင်များကို ဘယ်သူတွေသင်ကြသည်၊ ဘယ်လိုသင်ကြသည်၊ ဘာ့ကြောင့်သင်ကြသည် စသည့် အကြောင်းအရင်းများကို လေ့လာနိုင်မည် ဖြစ်ပါသည်။

ကျူးရှင်ဆိုသည်မှာ ကျောင်းသားများအတွက် ကျောင်းခ်ိန်သင်ယူခဲ့သည့် ဘာသာရပ်များကို ထပ်ဆောင်း လေ့လာခြင်းကိုဆိုပါသည်။ ကျွန်ုပ်တို့လေ့လာလိုသော ကျူးရှင်ဆိုသည်မှာ ကျောင်းသား တစ်ဦးချင်းစီ၊ လူနည်းစု သို့မဟုတ် လူများစုသည် ကျောင်းသား၏အိမ်၊ ဆရာ၏အိမ်၊ ဘော်ဒါဆောင် သို့မဟုတ် အခြားသင့်တော်သည့်နေရာတစ်ခုခုတွင် စာသင်ကြားခြင်းကိုသာ ဆိုလိုပါသည်။

ဤစစ်တမ်းမေးမြန်းလွှာသည် အကြမ်းဖျင်းအားဖြင့် မိနစ် (၃၀) ကြာမြင့်ပါမည်။ သုတေသန ပြုလုပ်ရန်အတွက် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် ရယူထားပြီး ဖြစ်ပါသည်။ ဤဆန်းစစ်လွှာကိုဖြေဆိုရာတွင် ကာယကံရှင်၏ ဆန္ဒသဘောထားအရ ဖြေဆိုခွင့်ရှိပြီး အမည်နှင့် အခြားအချက်အလက်တို့ ဖော်ပြရန်မလိုပါ။ ဖြေဆိုသူ၏ ကိုယ်ရေးအချက်အလက်နှင့် ကျောင်းကိုလည်း လျှို့ဝှက်ထားပါမည်။ သုတေသန အစီရင်ခံစာတွင်လည်း အစီရင်ခံစာ တင်ပြပြီးနောက် ဖြေဆိုသူတို့၏သတင်း အချက်အလက် လုံခြုံမှုအတွက် မူရင်း လေ့လာဆန်းစစ်လွှာများကို တစ်နှစ်အတွင်း ဖျောက်ဖျက်ပေးမည်ဖြစ်ပါသည်။ အသေးစိပ် ထပ်မံသိရှိလိုပါက ရန်ကုန်ပညာရေး တက္ကသိုလ်၊ ဖုန်း–+၉၅၁ ၅၂၆၃၇၃ သို့မဟုတ် ဟောင်ကောင်တက္ကသိုလ် သုတေသန ကျင့်ဝတ်ကော်မတီ (University of Hong Kong Research Ethics Committee) ဖုန်း– +၈၅၂ ၂၂၄၁ ၅၂၆၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

နောက်ခံအချက်အလက်

၁။ ကျား/မ ☐$_1$ ကျား ☐$_2$ မ

၂။ မွေးသက္ကရာဇ် -------- (ခရစ်သက္ကရာဇ်)

၃။ အတန်း ☐$_1$ ၈တန်း ☐$_2$ ၁၀တန်း

၄။ မည်သည့်အတန်းတွင် စာသင်ကြားနေပါသလဲ။ (မြန်မာနိုင်ငံ၏ အတန်းခွဲမှု စနစ်အရ ညှိယူဖြေဆိုပါ)

☐A ခန်း ☐ D ခန်း ☐ G ခန်း ☐J ခန်း

☐B ခန်း ☐ E ခန်း ☐ H ခန်း ☐K ခန်း
☐C ခန်း ☐ F ခန်း ☐ I ခန်း ☐အခြားရှိလျှင်ဖော်ပြရန် (_____ ခန်း)

၅။ လူမျိုး _____

၆။ မွေးချင်းမောင်နှမ ရှိ/ မရှိ ☐$_1$ ရှိပါသည် ☐$_2$ မရှိပါ
ရှိလျှင် မွေးချင်းမည်မျှရှိသည်ကို ဖော်ပြရန် _____

၇။ **မိခင်**၏ပညာအရည်အချင်း-
☐ အလယ်တန်း (အခြေခံပညာ)
☐ ဘွဲ့.ရ
☐ ဘွဲ့.လွန်ဒီပလိုမာ
☐ မဟာဘွဲ့
☐ ပါရဂူဘွဲ့
☐ အခြားရှိလျှင် (ဖော်ပြရန်) _____

၈။ **ဖခင်**၏ပညာအရည်အချင်း-
☐ အခြေခံပညာ (အလယ်တန်း)
☐ ဘွဲ့.ရ
☐ ဘွဲ့.လွန်ဒီပလိုမာ
☐ မဟာဘွဲ့
☐ ပါရဂူဘွဲ့
☐ အခြားရှိလျှင် (ဖော်ပြရန်) _____

၉။ လွန်ခဲ့သော (၁၂) လအတွင်း ကျူးရှင်ယူခဲ့ပါသလား။
☐ ယူခဲ့ပါသည် ☐ မယူခဲ့ပါ

၁၀။ လွန်ခဲ့သော (၁၂) လအတွင်း အဘယ့်ကြောင့် ကျူးရှင်**ယူခဲ့ပါသလဲ၊ မယူခဲ့ပါသလဲ**။ (တစ်ခုထက်ပို၍ အမှန်ခြစ်နိုင် ပါသည်။)
<u>ကျူးရှင်ယူခဲ့ပါသည်၊ အဘယ့်ကြောင့်ဆိုသော် - ကျူးရှင်မယူခဲ့ပါ၊ အဘယ့်ကြောင့်ဆိုသော်</u>
☐ စာကိုပို၍သင်ယူချင်သောကြောင့် ☐ အချိန်မရှိသောကြောင့်
☐ စာမေးပွဲရမှတ်ပိုကောင်းချင်သောကြောင့် ☐ ငွေကြေးကြောင့်
☐ မိဘများကရွေးချယ်ပေးသောကြောင့်
☐မိဘများကမတက်စေချင်သောကြောင့်
☐ ဆရာ၏တိုက်တွန်းချက်ကြောင့်
☐ ကျောင်းတွင်ကောင်းစွာသင်ယူလေ့လာပြီးသောကြောင့်

☐ နိုင်ငံတော်အဆင့် စာမေးပွဲများဖြေဆိုနိုင်ရန် ☐ ငွေကြေးသုံးစွဲရန် မသင့်တော်ဟုထင်သောကြောင့်
☐ သူငယ်ချင်းများကျူးရှင်ယူသောကြောင့် ☐ သူငယ်ချင်းအများစု မတက်ကြသောကြောင့်
☐ အခြား ☐ အခြား

၁၁။ လွန်ခဲ့သော ၁၂ လအတွင်း **ဘယ်လိုကျူးရှင်မျိုး**ယူခဲ့ပါသလဲ။ (တစ်ခုထက်ပို၍ အမှန်ခြစ်နိုင်ပါသည်။)
☐ တစ်ဦးချင်းစီသင်ကြားသော ကျူးရှင်
☐ လူနည်းစု ဝိုင်းကျူးရှင် (ထိုအုပ်စုရှိ ကျောင်းသားအရေအတွက်- ---------)
☐ လူများစုကျူးရှင် (ထိုအုပ်စုရှိ ကျောင်းသားအရေအတွက်- ----------)
☐ ဘော်ဒါ
☐ အခြားရှိလျှင် (ဖော်ပြရန်) ----------
☐ ကျူးရှင်မယူခဲ့ပါ

၁၂။ **မည်သည့်နေရာတွင်** ကျူးရှင်တက်ပါသလဲ။ (တစ်ခုထက်ပို၍ အမှန်ခြစ်နိုင်ပါသည်။)
☐ ကျွန်ုပ်၏အိမ်တွင်
☐ ဆရာများ၏အိမ်တွင်
☐ ကျောင်းတွင်
☐ ကျူးရှင်ဖွင့်ရာအဆောက်အအုံတွင်
☐ ဘော်ဒါဆောင်
☐ အခြားရှိလျှင် (ဖော်ပြရန်) ----------
☐ ကျူးရှင်မယူခဲ့ပါ

၁၃။ ကျူးရှင် **ဘယ်အချိန်**သင်လေ့ရှိပါသလဲ။ (တစ်ခုထက်ပို၍ အမှန်ခြစ်နိုင်ပါသည်။)
☐ ပညာသင်နှစ်အတွင်း စနေ၊ တနင်္ဂနွေ
☐ ပညာသင်နှစ်အတွင်း တနင်္လာမှသောကြာထိ ကျောင်းဖွင့်ရက်များ
☐ ပိတ်ရက်ရှည်များ
☐ အခြားအချိန်ရှိလျှင် (ဖော်ပြရန်) ----------
☐ ကျူးရှင်မယူခဲ့ပါ

၁၄။ မည်သည့်ဘာသာကို ကျူးရှင်ယူခဲ့ပါသလဲ။ (အကြံုးဝင်သည့်အရာအားလုံးကို အမှန်ခြစ်ပါ။)
☐ မြန်မာစာ ☐ ရူပဗေဒ
☐ အင်္ဂလိပ်စာ ☐ ဓာတုဗေဒ

☐ သင်္ချာ
☐ ပထဝီ
☐ သမိုင်း
☐ သိပ္ပံ
☐ ဇီဝဗေဒ
☐ ဘောဂဗေဒ
☐ အခြားရှိလျှင် (ဖော်ပြရန်---------)
☐ ကျူရှင်မယူခဲ့ပါ

၁၅။ စာသင်နှစ်တစ်နှစ်အတွင်း တစ်ဘာသာကို တစ်ပတ်လျှင် နာရီမည်မျှ ကျူရှင်တက်ခဲ့ပါနည်း။

(ကျူရှင်မယူခဲ့ပါက သုည '၀' ဟုရေးပါ။)

မြန်မာစာ	--------နာရီ	ရူပဗေဒ	--------နာရီ
အင်္ဂလိပ်စာ	--------နာရီ	ဓာတုဗေဒ	--------နာရီ
သင်္ချာ	--------နာရီ	ဇီဝဗေဒ	--------နာရီ
ပထဝီ	--------နာရီ	ဘောဂဗေဒ	--------နာရီ
သမိုင်း	--------နာရီ	အခြားရှိလျှင်	--------နာရီ
သိပ္ပံ	--------နာရီ	(ဖော်ပြရန်- -----)	

၁၆။ မည်သည့်ဆရာနှင့် ကျူရှင်သင်ပါသလဲ။ (အကြုံးဝင်သည့်အရာအားလုံးကို အမှန်ခြစ်ပါ။)

☐ ကျွန်ုပ်ကို ကျောင်း၌စာသင်ကြားသောဆရာ
☐ ကျွန်ုပ်ကျောင်းရှိ အခြားဆရာ
☐ အခြားကျောင်းရှိဆရာ
☐ တက္ကသိုလ်ကျောင်းသား
☐ တက္ကသိုလ်ဆရာ
☐ ပြင်ပဆရာ (အငြိမ်းစားဆရာ၊ အလွတ်တမ်းဆရာ စသည်)
☐ အခြားဆရာ
☐ ကျူရှင်သင်ပေးသောဆရာ မရှိပါ

၁၇။ အောက်ပါဖော်ပြချက်များကို သင်မည်မျှသဘောတူကြောင်း၊ သဘောမတူကြောင်း ဖြေဆိုပါ။

ဖော်ပြချက်များ	လုံးဝ သဘောမတူပါ	သဘောမတူပါ	သဘောတူပါသည်	အလွန်သဘောတူပါသည်
၁. ကျူရှင်တွင် ကျောင်းသင်ရိုးအတိုင်း သင်ပါသည်။	☐	☐	☐	☐
၂. ကျူရှင်တွင် ကျောင်းသင်ရိုးမဟုတ်သည့် အခြားပုံနှိပ်စာအုပ်များကို သုံးပါသည်။	☐	☐	☐	☐

၃. ကျူးရှင်တွင် ဆရာသည် စာမေးပွဲ မေးခွန်းများကိုသာ အဓိကထား သင်ပါသည်။	☐	☐	☐	☐
၄. ကျူးရှင်တွင် ဆရာသည် အိမ်စာအမြဲပေးလေ့ရှိပါသည်။	☐	☐	☐	☐
၅. ကျူးရှင်တွင် ဆရာသည် လေ့ကျင့်ခန်းများ ကိုသာ အဓိကထားသင်ပါသည်။	☐	☐	☐	☐

၁၈။ ကျူးရှင်နှင့်ပတ်သက်၍ သင့်ကျောင်းအုပ်ဆရာ/မကြီး၏ ထင်မြင်ယူဆချက်ကို မည်သည့်အချက်က အကောင်းဆုံး ဖော်ပြနိုင်သနည်း။

☐ ကျူးရှင်ကိုအားမပေးပါ

☐ ကျူးရှင်လိုအပ်ပါသည်

☐ ကျူးရှင်တက်သည်ကိုအားပေးသော်လည်း လိုအပ်သည်ဟုမထင်ပါ

☐ ကျူးရှင်ကိုလက်ခံပါသည်

၁၉။ ကျူးရှင်ယူခြင်းသည် သင်၏------ကို တိုးတက်စေသည်ဟု မည်မျှသဘောတူပါသနည်း။ (ဖော်ပြချက်တစ်ခုစီအတွက် အမှန်ခြစ်တစ်ခုစီသာခြစ်ပါ။)

ဖော်ပြချက်များ	လုံးဝ သဘောမတူပါ	သဘောမတူပါ	သဘောတူပါသည်	အလွန်သဘောတူပါသည်
၁. စာမေးပွဲတွင်ရရှိသောအဆင့်များ	☐	☐	☐	☐
၂. ကျောင်းရှိဆရာများနှင့် ဆက်ဆံရေး	☐	☐	☐	☐
၃. စာမေးပွဲဖြေဆိုရာတွင် ယုံကြည်မှုရှိခြင်း	☐	☐	☐	☐
၄. ကျောင်းတွင်းဘာသာရပ်ဆိုင်ရာ တတ်မြောက်မှုတွင် ယုံကြည်မှုရှိခြင်း	☐	☐	☐	☐
၅. သင်ယူမှုနည်းလမ်းများ	☐	☐	☐	☐

၂၀။ သင် အချိန်ပိုင်းအလုပ် လုပ်ပါသလား။

☐ လုပ်ပါသည် (အလုပ်ကိုဖော်ပြရန်) --------- ☐ မလုပ်ပါ

အဘယ့်ကြောင့်ဆိုသော်

အဘယ့်ကြောင့်ဆိုသော်

☐ မိသားစုကိုထောက်ပံ့ရန်

☐ မိသားစုဝင်ငွေလုံလောက်သောကြောင့်

☐ မုန့်ဖိုးရရှိရန် ☐ မိဘများက ပညာရေးကိုအားပေးသောကြောင့်

☐ လုပ်ငန်းအတွေ့အကြုံရရှိရန် ☐ ပညာရေးကိုသာ အာရုံစိုက်လိုသောကြောင့်

☐ အခြားအကြောင်းအရင်း ------☐ အခြားအကြောင်းအရင်း ------

၂၁။ ဘာသာစုံကျူရှင်တက်ရန်အတွက် သင့်မိသားစုသည် **တစ်လလျှင်** မည်မျှကုန်ကျသနည်း။----------ကျပ် (ခန့်မှန်းတန်ဖိုးကိုရေးသားပါ။)

၂၂။ ထိုကုန်ကျစရိတ်သည် သင့်မိသားစုအတွက် အတိုင်းအတာမည်မျှအထိ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟု ထင်ပါသနည်း။ (အမှန်ခြစ်တစ်ခုသာခြစ်ပါ။)

☐ ဝန်ထုပ်ဝန်ပိုးမဖြစ်ပါ ☐ အတန်အသင့်ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်

☐ အလွန်အမင်း ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်

အချိန်ပေးရှင်ဖြေဆိုခြင်းအတွက် အထူးကျေးဇူးတင်ပါသည်။

နောက်ဆက်တွဲ (၂) ဆရာဆရာမ စစ်တမ်းမေးမြန်းလွှာ ***(သုတေသနလေ့လာမှု နည်းလမ်း)***

မြန်မာနိုင်ငံရှိ ကျောင်းသားများသာမက ကမ္ဘာတစ်ဝန်းလုံးက ကျောင်းသားတွေပါ ကျူးရှင်ယူကြပါသည်။ ဤဆန်းစစ်လွှာမှ ကျောင်းသားများ ကျူးရှင်ယူရသည့်အကြောင်းအရင်းနှင့် ထိုကျူးရှင်များကို မည်သူ တွေသင်ကြသည်၊ မည်သို့သင်ကြသည်၊ မည်သည့်အတွက်ကြောင့် သင်ကြသည် စသည့် အကြောင်းရင်းများကို လေ့လာနိုင်မည်ဖြစ်ပါသည်။

ကျူးရှင်ဆိုသည်မှာ ကျောင်းသားများ ကျောင်းခ်ိန်သင်ယူခဲ့သည့် ဘာသာရပ်များကို ထပ်ဆောင်း လေ့လာခြင်းကို ဆိုလိုပါသည်။ ဤလေ့လာမှုတွင်ပါဝင်သည့် ကျူးရှင်သည် ကျောင်းသားတစ်ဦးချင်းစီ၊ လူနည်းစု သို့မဟုတ် လူများစုသည် ကျောင်းသား၏အိမ်၊ ဆရာ၏အိမ်၊ ဘော်ဒါဆောင် သို့မဟုတ် အခြားသင့်တော်သည့် နေရာတစ်ခုခုတွင် စာသင်ကြားခြင်း ကိုသာ ဆိုလိုပါသည်။

ဤဆန်းစစ်လွှာသည် အကြမ်းဖျင်း မိနစ် (၃၀) ကြာမြင့်ပါမည်။ သုတေသနပြုလုပ်ရန်အတွက် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက် ရယူထားပြီးဖြစ်ပါသည်။ ဤဆန်းစစ်လွှာကိုဖြေဆိုရာတွင် ကာယကံရှင်၏ ဆန္ဒသဘောထားအရ ဖြေဆိုခွင့်ရှိပြီး အမည်နှင့် အခြားအချက်အလက်တို့ ဖော်ပြရန်မလိုပါ။ ဖြေဆိုသူ၏ ကိုယ်ရေးအချက်အလက်နှင့် ကျောင်းကိုလည်း လျှို့ဝှက်ထားပါမည်။ သုတေသနအစီရင်ခံစာတွင်လည်း အစီရင်ခံစာတင်ပြပြီးနောက် ဖြေဆိုသူတို့၏သတင်း အချက်အလက်လုံခြုံမှုအတွက် မူရင်းလေ့လာ ဆန်းစစ်လွှာများကို တစ်နှစ်အတွင်း ဖျောက်ဖျက်ပေးမည် ဖြစ်ပါသည်။ အသေးစိပ် ထပ်မံသိရှိလိုပါက ရန်ကုန်ပညာရေးတက္ကသိုလ်၊ ဖုန်း-၉၅၁ ၅၂၆၃၇၃ သို့မဟုတ် ဟောင်ကောင်တက္ကသိုလ် သုတေသနကျင့်ဝတ်ကော်မတီ (University of Hong Kong Research Ethics Committee) ဖုန်း- +၈၅၂ ၂၂၄၁ ၅၂၆၇ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

နောက်ခံအချက်အလက်

၁၇။ ကျား/မ ☐ ကျား ☐ မ

၁၈။ မွေးသက္ကရာဇ် ---------- (ခရစ်သက္ကရာဇ်)

၁၉။ လူမျိုး ----------

၂၀။ သား၊သမီး ရှိ/မရှိ ☐ ရှိပါသည် ☐ မရှိပါ

သား၊သမီး ရှိလျှင်၊ မည်မျှရှိသည်ကို ဖော်ပြရန် ----------

၂၁။ ပညာအရည်အချင်း-

☐ အခြေခံပညာ (အလယ်တန်း)

☐ ဘွဲ့ရ

☐ ဘွဲ့လွန်ဒီပလိုမာ

☐ မဟာဘွဲ့

☐ ပါရဂူဘွဲ့

☐ အခြားရှိလျှင် (ဖော်ပြရန်) ----------

၂၂။ သင်ကြားရေးလုပ်သက် မည်မျှရှိသနည်း။

☐ ၁-၂နှစ် ☐ ၁၁-၁၅ နှစ်

☐ ၃-၅ နှစ် ☐ ၁၆ နှစ်နှင့်အထက်

☐ ၆-၁၀ နှစ်

၂၃။ မည်သည့်အတန်းတွင် စာသင်ကြားသနည်း။ (သင်ကြားသည့်အတန်းအားလုံးကို အမှန် ခြစ်ပါ။)

☐ အဋ္ဌမတန်း

☐ ဒသမတန်း

☐ အခြားရှိလျှင် (ဖော်ပြရန်) ----------

၂၄။ ကျောင်းတွင် မည်သည့်ဘာသာ သင်ကြားသနည်း။ (သင်ကြားသည့် ဘာသာ အားလုံးကို အမှန်ခြစ် ခြစ်ပါ။)

☐ မြန်မာစာ ☐ ရူပဗေဒ

☐ အင်္ဂလိပ်စာ ☐ ဓာတုဗေဒ

☐ သချာ ☐ ဇီဝဗေဒ

☐ ပထဝီ ☐ ဘောဂဗေဒ

☐ သမိုင်း ☐ အခြားလျှင် (ဖော်ပြရန် ---------)

☐ သိပ္ပံ ☐ တစ်ခုမျှမဟုတ်ပါ

၂၅။ ကျူရှင်သင်ပါသလား။ ☐ သင်ပါသည် ☐ မသင်ပါ

၂၆။ သင်နှစ်တစ်နှစ်အတွင်း တစ်ဘာသာကို တစ်ပတ်လျှင် နာရီမည်မျှ ကျူရှင် သင်ကြားပါသနည်း။ ----------နာရီ

(ကျူရှင်မသင်ပါက သုည '0' ဟုရေးပါ။)

မြန်မာစာ	-------နာရီ	ရူပဗေဒ	--------နာရီ
အင်္ဂလိပ်စာ	-------နာရီ	ဓာတုဗေဒ	--------နာရီ
သချာ	-------နာရီ	ဇီဝဗေဒ	--------နာရီ
ပထဝီ	-------နာရီ	ဘောဂဗေဒ	--------နာရီ
သမိုင်း	-------နာရီ	အခြား (ဖော်ပြရန်-)	--------နာရီ
သိပ္ပံ	-------နာရီ		

ကျူးရှင်သင်ရသည့်အကြောင်းအရင်းများ

၁၁။ (က) ကျူးရှင်သင်ပါက အောက်ပါအချက်များသည် သင်ကျူးရှင်သင်ခြင်းအပေါ် မည်မျှလွှမ်းမိုးပါသနည်း။ (ဖော်ပြချက်တစ်ခုစီအတွက် အမှန်ခြစ်**တစ်ခုစီသာ**ခြစ်ပါ။)

ဖော်ပြချက်များ	လုံးဝ သဘော မတူပါ	သဘော မတူပါ	သဘော တူပါ သည်	အလွန် သဘောတူ ပါသည်
၁. အပိုဝင်ငွေရရန်	☐	☐	☐	☐
၂. ကျောင်းသားများ၏ သင်ယူမှုပိုမို ကောင်းမွန်အောင်အကူအညီ ပေးရန်	☐	☐	☐	☐
၃. မိမိကလေးများအား စာသင်ချိန်ပိုများစေလိုသော မိဘများ၏ ဆန္ဒကို ဖြည့်ဆည်းပေးရန်	☐	☐	☐	☐
၄. ကျောင်းသားအားစာမေးပွဲ အတွက်ပြင်ဆင်ပေးရန်	☐	☐	☐	☐
၅. ကျောင်းသားအနည်းစုဖြင့် စာသင်ပေးနိုင်ရန်	☐	☐	☐	☐
၆. သင်ကြားရေးအတွေ့အကြုံပိုမိုရ ရှိရန်	☐	☐	☐	☐

၁၁။ (ခ) *(ကျူးရှင်မသင်သူများ ဖြေဆိုရန်)* ကျူးရှင်မသင်ကြားပါ၊ အဘယ့်ကြောင့် ဆိုသော် -------- (ဖော်ပြချက်တစ်ခုစီအတွက် အမှန်ခြစ် **တစ်ခုစီသာ**ခြစ်ပါ။)

ဖော်ပြချက်များ	လုံးဝ သဘော မတူပါ	သဘော မတူပါ	သဘော တူပါ သည်	အလွန် သဘောတူ ပါသည်
၇. မိသားစုတာဝန်များကြောင့်	☐$_{၁}$	☐$_{၂}$	☐$_{၃}$	☐$_{၄}$
၈. ကျောင်းရှိသင်ကြားရေး တာဝန်များကြောင့်	☐$_{၁}$	☐$_{၂}$	☐$_{၃}$	☐$_{၄}$
၉. အစိုးရကျောင်းလစာ လုံလောက်မှုရှိသောကြောင့်	☐$_{၁}$	☐$_{၂}$	☐$_{၃}$	☐$_{၄}$
၁၀. အသက်မွေးဝမ်းကြောင်းဆိုင် ရာကိုယ်ကျင့်တရားကြောင့်	☐$_{၁}$	☐$_{၂}$	☐$_{၃}$	☐$_{၄}$

ကျူးရှင်၏ဝိသေသလက္ခဏာများ

၁၂။ မည်သည့်ကျူးရှင်အမျိုးအစား သင်ပါသနည်း။

☐ တစ်ဦးချင်းစီသင်ကြားသော ကျူးရှင်

☐ လူနည်းစု ဝိုင်းကျူးရှင် (ထိုအုပ်စုရှိ ကျောင်းသားအရေအတွက်- --------)

☐ လူများစုကျူးရှင် (ထိုအုပ်စုရှိ ကျောင်းသားအရေအတွက်- --------)

☐ ဘော်ဒါ

☐ အခြားရှိလျှင် (ဖော်ပြရန်) --------

၁၃။ မည်သည့်နေရာတွင် ကျူးရှင်သင်ပါသလဲ။

☐ ကျွန်ုပ်၏အိမ်တွင်

☐ ကျောင်းသားများ၏အိမ်တွင်

☐ ကျောင်းတွင်

☐ ကျူးရှင်ဖွင့်ရာအဆောက်အအုံတွင်

☐ ဘော်ဒါဆောင်

☐ အခြားရှိလျှင် (ဖော်ပြရန်) --------

၁၄။ ကျူးရှင် ဘယ်အချိန်သင်ပါသလဲ။

☐ စာသင်နှစ်အတွင်း စနေ၊ တနင်္ဂနွေ

☐ စာသင်နှစ်အတွင်း တနင်္လာမှ သောကြာအတွင်း

☐ စာသင်နှစ်အတွင်း ပိတ်ရက်ရှည်များတွင်

☐ အခြားအချိန်ရှိလျှင် (ဖော်ပြရန်) --------

၁၅။ လွန်ခဲ့သော ၁၂လအတွင်း (သင့်ထံတွင်/အခြားသူများထံတွင်) ကျူးရှင်တက်ခဲ့သော ကျောင်းသားရာခိုင်နှုန်းကို ခန့်မှန်းဖော်ပြပါ။

	၀%	၁-၂၀%	၂၁-၄၀%	၄၁-၆၀%	၆၁-၈၀%	၈၁-၁၀၀%	မသိပါ
အဌမတန်း	☐$_{၁}$	☐$_{၂}$	☐$_{၃}$	☐$_{၄}$	☐$_{၅}$	☐$_{၆}$	☐$_{၇}$
ဒသမတန်း	☐$_{၁}$	☐$_{၂}$	☐$_{၃}$	☐$_{၄}$	☐$_{၅}$	☐$_{၆}$	☐$_{၇}$

၁၆။ အောက်ပါဖော်ပြချက်များကို သင်မည်မျှသဘောတူကြောင်း၊ သဘောမတူကြောင်း ဖြေဆိုပါ။ (ဖော်ပြချက်တစ်ခုစီအတွက် အမှန်ခြစ်တစ်ခုစီသာခြစ်ပါ။)

ဖော်ပြချက်များ	လုံးဝ သဘောမတူပါ	သဘောမတူပါ	သဘောတူပါသည်	အလွန်သဘောတူပါသည်
၁. ကျူးရှင်သည် ကျောင်းသားများ၏ စာမေးပွဲရမှတ် မြင့်စေရန် ကူညီပေးသည်။	☐	☐	☐	☐
၂. ကျူးရှင်သည် ကျောင်းသားများ၏ စွမ်း ရည်ကို တိုးတက်စေသည်။	☐	☐	☐	☐
၃. ကျူးရှင်သည် စာမေးပွဲအတွက် ကြိုတင်ခန့်မှန်း မေးခွန်းများကို ထောက်ပံ့ပေးသည်။	☐	☐	☐	☐
၄. ကျူးရှင်သည် ကျောင်းတွင်မကြေညက် ခဲ့သော သင်ခန်းစာများကို ပြန်လည် သင်ယူနိုင်ရန် ကူညီပေးသည်။	☐	☐	☐	☐
၅. ကျောင်းသား အားလုံးကျူးရှင် တက်သင့်သည်။	☐	☐	☐	☐

သင်ရိုးညွှန်းတမ်း

၁၇။ အောက်ပါ ဖော်ပြချက်များကို သင်မည်မျှ သဘောတူကြောင်း၊ သဘောမတူကြောင်း ဖြေဆိုပါ။ (ဖော်ပြချက်တစ်ခုစီအတွက် အမှန်ခြစ်တစ်ခုစီသာခြစ်ပါ။)

ဖော်ပြချက်များ	လုံးဝ သဘောမတူပါ	သဘောမတူပါ	သဘောတူပါသည်	အလွန်သဘောတူပါသည်
၁။ ကျောင်းတွင်တစ်နေ့တာ သင်ကြားချိန်သည် သင်ရိုးပါ အကြောင်းအရာများ ပြီးစီးရန်အတွက် လုံလောက်မှု ရှိပါသည်။	☐	☐	☐	☐
၂။ ကျောင်းတက်ချိန်ပိုများပါက ကျူးရှင် သင်သောဆရာဦးရေ နည်းသွားမည်။	☐	☐	☐	☐
၃။ လက်ရှိကျောင်းသင်ရိုးတွင် သင်ကြားရမည့် ဘာသာရပ် များလွန်းသည်။	☐	☐	☐	☐
၄။လက်ရှိကျောင်းသင်ရိုးတွင်သင်ကြားရမည့် သင်ခန်းစာ များလွန်းသောကြောင့် ကျောင်းသားများအတွက် အချိန်အနည်းငယ်အတွင်း လျှင်မြန်စွာ သင်ယူနေရသည်။	☐	☐	☐	☐

ဆရာအတတ်ပညာ

၁၈။ အောက်ပါ ဖော်ပြချက်များကို သင်မည်မျှ သဘောတူကြောင်း၊ သဘောမတူကြောင်း ဖြေဆိုပါ။

ဖော်ပြချက်များ	လုံးဝ သဘောမတူပါ	သဘောမတူပါ	သဘောတူပါသည်	အလွန်သဘောတူပါသည်
၆. ကျူရှင်တွင်ကျောင်းသင်ရိုး အတိုင်းသင်ကြားပါသည်။	☐	☐	☐	☐
၇. ကျူရှင်တွင်ကျောင်းသင်ရိုး မဟုတ်သည့်အခြားပြဿနာ စာအုပ်များကို သုံးပါသည်။	☐	☐	☐	☐
၈. ကျူရှင်တွင် စာမေးပွဲ မေးခွန်းများကိုသာအဓိကထားသင်ပါသည်။	☐	☐	☐	☐
၉. ကျူရှင်တွင်အိမ်စာအမြဲပေးလေ့ရှိပါသည်။	☐	☐	☐	☐
၁၀. ကျူရှင်တွင်လေ့ကျင့်ခန်းများကိုသာအဓိကထားသင်ပါသည်။	☐	☐	☐	☐

၁၉။ ကျူရှင်နှင့်ပတ်သက်၍ အောက်ပါဖော်ပြချက်များကို သင်မည်မျှ သဘောတူကြောင်း၊ သဘောမတူကြောင်း ဖြေဆိုပါ။ (ဖော်ပြချက်တစ်ခုစီအတွက် အမှန်ခြစ်တစ်ခုစီသာခြစ်ပါ။)

ဖော်ပြချက်များ	လုံးဝ သဘောမတူပါ	သဘောမတူပါ	သဘောတူပါသည်	အလွန်သဘောတူပါသည်
၁. ကျောင်းသားအများစု ကျူရှင်တက်ပါက ကျောင်းတွင်းသင်ကြားရေးမှာ ဝိုရ်လွယ်ကူပါသည်။	☐	☐	☐	☐
၂. ကျူရှင်တက်သောကျောင်းသားများသည် စာသင်ခန်းထဲတွင်အာရုံစူးစိုက်မှုနည်းပါးသည်။	☐	☐	☐	☐
၃. ကျူရှင်တက်သောကျောင်းသားများသည် ကျောင်းသင်ခန်းစာများကို ကြိုတင်သိရှိပြီး ဖြစ်သည်။	☐	☐	☐	☐
၄. စာတော်သောကျောင်းသားများသည် ကျူရှင်တက်သင့်သည်။	☐	☐	☐	☐
၅. စာညံ့သောကျောင်းသားများသည် ကျူရှင်တက်သင့်သည်။	☐	☐	☐	☐
၆. အစိုးရသည် စာမေးပွဲစစ်ဆေးမှုအပေါ် အလေးပေးခြင်းကို လျှော့ချသင့်သည်။	☐	☐	☐	☐
၇. ကျူရှင်သည် အလွတ်ကျက်မှတ်ခြင်းကို အလေးပေးသည်။	☐	☐	☐	☐
၈. ကျူရှင်သည် ကျိုးကြောင်းဆက်စပ် တွေးခေါ်နိုင်မှုကို အားပေးသည်။	☐	☐	☐	☐
၉.ကျူရှင်ချိန်ကြောင့်ကျောင်းသားများ၏ကိုယ်ပိုင်အချိန်နှင့် အခြားလုပ်ငန်းဆောင်တာများလုပ်ဆောင်ရန် အချိန်ကို လျော့နည်းစေသည်။	☐	☐	☐	☐

၂၀။ ကျွန်ုပ်နှင့်ပတ်သက်၍ သင့်ကျောင်းအုပ်ဆရာ/မကြီး၏ ထင်မြင်ယူဆချက်ကို မည်သည့်အချက်က အကောင်းဆုံး ဖော်ပြနိုင်သနည်း။

- ☐ ကျွန်ုပ်ကိုအားမပေးပါ
- ☐ ကျွန်ုပ်လိုအပ်ပါသည်
- ☐ ကျွန်ုပ်တက်သည်ကိုအားပေးပါသည်
- ☐ ကျွန်ုပ်ကိုလက်ခံပါသည်

ဝင်ငွေ

၂၁။ သင်၏ယခုလက်ရှိ ကျောင်းလစဉ်ဝင်ငွေကို ဖော်ပြပါ။ (အခြားသောဝင်ငွေများ မပါဝင်ပါ။)

---------ကျပ်

၂၂။ ကျွန်ုပ်မှရရှိသော သင်၏**တစ်လ**ပျမ်းမျှဝင်ငွေကို ဖော်ပြပါ။

---------ကျပ်

၂၃။ သင်ကျွန်ုပ်သင်လျှင် ကျောင်းသား၏ငွေကြေးတတ်နိုင်မှုအပေါ်မူတည်၍ ကျွန်ုပ်လစာကို ပြောင်းလဲယူပါသလား။

☐ ယူပါသည် ☐ မယူပါ ☐ ကျွန်ုပ်မသင်ပါ

၂၄။ အချို့ကျောင်းသားများကို ကျွန်ုပ်လခ ကင်းလွတ်ခွင့်ပေးပါသလား။

☐ ပေးပါသည် ☐ မပေးပါ ☐ ကျွန်ုပ်မသင်ပါ

အချိန်ပေးရှင်ဖြေဆိုခြင်းအတွက် ကျေးဇူးတင်ပါသည်။

နောက်ဆက်တွဲ (၃) ကျောင်းသားကျောင်းသူနှင့် လူတွေ့မေးမြန်းခြင်းလမ်းညွှန်

သုတေသီအတွက် ညွှန်ကြားချက်များ

ဦးစွာပထမ သုတေသီက ကျောင်းသား/ကျောင်းသူအား ဤလေ့လာမှုတွင် စိတ်အား ထက်သန်စွာဖြင့် ပါဝင်ပေးသည့် အတွက် ကျေးဇူးတင်စကားပြောကြားပြီး သုတေသန၏ ရည်ရွယ် ချက်ကို အကျဉ်းချုပ် ပြောပြပါမည် (သုတေသီ။ အောက်ဖော်ပြပါ ညွှန်ကြားချက်များအား ကြည့်ရှုရန်)။ ပြီးနောက် သုတေသီက သဘောတူညီချက် ပုံစံအကြောင်းရှင်းပြပြီး ကျောင်းသား/ ကျောင်းသူအား မိတ္တူပုံစံ နှစ်ခုတွင် လက်မှတ်ရေးထိုးစေခြင်းဖြင့် စည်းကမ်းချက် များကို သဘော တူညီ ကြောင်းဖော်ပြစေပါမည်။ ထို့နောက်တွင် သုတေသီက ကျောင်းသား/ကျောင်းသူအား အသံသွင်းယူခွင့်ပြု၊ မပြုခွင့်ပြုချက် တောင်းခံပါမည်။[၁၃] သုတေသီက အသံဖမ်း စက်ကိုဖွင့်၍ လူတွေ့မေးမြန်းခြင်းကို စတင်ပါမည်။

သုတေသီအတွက် တွေ့ဆုံမေးမြန်းမှုအကြိုစကားရပ်များ

မအားမလပ်တဲ့ကြားက အခုလိုတွေ့ဆုံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆရာ/ဆရာမတို့ရဲ့ သုတေသန အကြောင်း ပြောပါရစေ။ မြန်မာ ကျောင်းသား ကျောင်းသူ တော်တော်များများဟာ ကျူးရှင် ယူကြပါတယ်လို့ ထင်ပါတယ်။ ကျူးရှင် ကြောင့် ကျောင်းသားများဟာ ကျောင်းပြင်ပအချိန် မှာ စာလေ့လာခွင့်ရပါတယ်။ ဆရာအနေနဲ့လည်း အပိုဝင်ငွေ နည်းနည်းပါးပါး ရတာပေါ့။ ဆရာတော်တော် များများဟာ ကျောင်းမှာ စာသင်ကြသလို အပြင်မှာလည်း ကျူးရှင် သင်ကြပုံရ ပါတယ်။ 'ဒါပေမယ့် ကျူးရှင်ဖြစ်ပေါ်လာရတဲ့ အခြေခံအကြောင်းရင်းများဖြစ်တဲ့ — ဥပမာဆိုပါတော့ ဆရာ့လူနေမှုအခြေအနေ၊ ကျောင်းသားရဲ့ သင်ယူမှုအခြေအနေ စတဲ့အကြောင်းအရင်းတွေကို သုတေသနလုပ်ထားတာ သိပ်မရှိလှပါဘူး။ အဲ့ဒါ ကြောင့် အဲ့ဒီကိစ္စလေးတွေ မေးကြည့်ချင် တာကြောင့် ဆရာ/ဆရာမတို့ ရောက်လာ ရခြင်း ဖြစ်ပါတယ်။

ကျူးရှင်ဆိုသည်မှာ ကျောင်းတွင်သင်ကြားသော ဘာသာရပ်များကို အခကြေး ငွေယူ၍ သင်ကြားခြင်းမျိုး ဖြစ်သည်။ ဤလေ့လာမှုတွင်ပါဝင်သည့် ကျူးရှင်သည် မိသားစုဝင်တစ်ဦးဦးက အခကြေးငွေမယူဘဲ စာသင်ပေးခြင်း၊ သင်ရိုးပြင်ပ ဘာသာရပ်များဖြစ်သည့် စန္ဒယား၊ စစ်တုရင်၊ အကစသည့် သင်တန်းများ တက်ခြင်း တို့မပါဝင်ပါ။ ကျောင်းသားတစ်ဦးချင်းစီ၊ လူနည်းစု သို့မဟုတ် လူများစု သည် ကျောင်းသား၏အိမ်၊ ဆရာ၏အိမ်၊ ဘော်ဒါဆောင် သို့မဟုတ် အခြားသင့်တော် သည့်နေရာတစ်ခုခုတွင် စာသင်ကြားခြင်းကိုသာ ဆိုလိုပါသည်။

အခုလိုသုတေသနလုပ်ဖို့အတွက်ကို ကျောင်းအုပ်ကြီးနဲ့ ပညာရေးဝန်ကြီးဌာန ကို ခွင့်ပြုချက် တောင်းခံ ထားပြီး ဖြစ်ပါသည်။

(ပြန်လည်ရေးသားသူအတွက် ညွှန်ကြားချက်များ။ ပြန်လည်ရေးသားမှုအစတွင် ကျောင်းသား ကျောင်းသူ ၏ ကျား/မ ကို ရေးသားပါ။)

---

[၁၃] အကယ်၍ သုတေသနတွင်ပါဝင်သူက တွေ့ဆုံမေးမြန်းမှုအား အသံသွင်းယူခွင့်မပြုပါက တွေ့ဆုံမေးမြန်းမှုကို အသံသွင်းယူခြင်း မပြုရန်၊ လက်ရေးမူဖြင့် မှတ်စုရေးရန်။

မေးခွန်းများ

ယေဘုယျ

(ကျူးရှင်ယူသူရော၊ မယူသူပါမေးရန်)

– သား/သမီးရဲ့အကြောင်းကိုပြောပြပါ။ အခုဘယ်အတန်းမှာတက်နေလဲ။

– ကျောင်းမှာအနှစ်သက်ဆုံးဘာသာရပ်တွေက ဘာတွေလဲ။ ဘာ့ကြောင့် နှစ်သက်တာလဲ။

– ကျောင်းမှာ သား/သမီးရဲ့ပညာရေးဆိုင်ရာ ဆောင်ရွက်မှုအပေါ် ဘယ်လို မြင်သလဲ။

– အဆင့်နှင့်စာမေးပွဲရမှတ်တွေက သား/သမီးအတွက်အရေးကြီးလား၊ အရေး မကြီးဘူးလား။ ဘာကြောင့်လဲ။

ကျူးရှင်အတွေ့အကြုံ

(ကျူးရှင်ယူသူရော၊ မယူသူပါမေးရန်)

– ကျူးရှင်ကိစ္စနဲ့ပတ်သက်ပြီး ဆရာ/ဆရာမတို့ သိချင်တာလေးတွေရှိပါတယ်။

– ကျူးရှင်ယူသလား။

(ကျူးရှင်ယူသောသူများသာမေးရန်)

– ကျူးရှင်ဘယ်အချိန်တုန်းက စတက်ခဲ့တယ်ဆိုတာ ပြောပြပေးနိုင်မလား။

– ဘယ်ဘာသာရပ်တွေကို ကျူးရှင်ယူခဲ့သလဲ။ အခုရော ဘယ်သာရပ်တွေကို ကျူးရှင်ယူသလဲ။

– ကျူးရှင်ယူဖို့ ဘယ်သူက အကြံပေးခဲ့တာလဲ။

(ကျူးရှင်မယူသောသူများသာမေးရန်)

– လက်ရှိမှာကျူးရှင်မယူဘူးလို့သိရတယ်။

– ဘာကြောင့်ကျူးရှင်မယူတာလဲ။

– အရင်က ကျူးရှင်ယူခဲ့ဘူးလား။ ယူခဲ့ဖူးတယ်ဆိုရင် ဘယ်အတန်းမှာ ဘယ်ဘာသာရပ်တွေကို ကျူးရှင်ယူခဲ့တာလဲ။ ဘာကြောင့် ကျူးရှင်ယူခဲ့တာလဲ။ အခုဘာကြောင့်မယူတော့တာလဲ။

– သား/သမီးရဲ့ကျောင်းက ဆရာ/ဆရာမတွေက ဘယ်သူကျူးရှင်ယူတယ် မယူဘူးဆိုတာကိုသိလား။ သိတယ်ဆိုရင် အဲဒီကျောင်းသားတွေအပေါ် သူတို့ရဲ့ သဘောထားဘယ်လိုရှိသလဲ။

– ကျူးရှင်ယူတဲ့အတန်းဖော်တွေနဲ့ သား/သမီးကို ဆရာ/ဆရာမက ခွဲခြား ဆက်ဆံလား။

– သား/သမီးရဲ့ အတန်းပိုင်ဆရာ/ဆရာမသင်တဲ့ကျူးရှင်ကို မယူဘူးဆိုရင် စာမေးပွဲရမှတ်မှာ ဘယ်လို သက်ရောက်မှုရှိသလဲ။

– သူငယ်ချင်းတွေက ကျူးရှင်ယူပြီး သား/သမီးက ကျူးရှင်မယူတဲ့အခါ စိတ်ဖိ စီးမှုဖြစ်ပါသလား။ ဥပမာတစ်ခုလောက် ပြောပြပေးပါ။

– ကျူးရှင်ယူဖို့အတွက် ဖိအားပေးခံခဲ့ရပါသလား။ ခံခဲ့ရတယ်ဆိုရင် ဘယ်သူ ကဖိအားပေးခဲ့တာလဲ။

အချိန်၊ နေရာနှင့် ကျူးရှင်သင်ကြားသူများ

(ကျူးရှင်ယူသောသူများအတွက်မေးရန်)

– ဘယ်အချိန်မှာ ကျူးရှင်ယူတာလဲ။ (ဥပမာ– ကျောင်းဖွင့်ရက်မှာလား၊ စနေ တနင်္ဂနွေမှာလား၊ ကျောင်းပိတ်ရက်ရှည် တွေမှာလား)

– ဘယ်လိုကျူးရှင်မျိုးကိုယူတာလဲ။ (ဥပမာ– တစ်ယောက်ချင်းသင်တဲ့ကျူးရှင်၊ ဝိုင်းကျူးရှင်၊ ဘော်ဒါ)

– ဘယ်နေရာမှာကျူးရှင်ကိုသင်တာလဲ (ဆရာ/ဆရာမ၏အိမ်၊ မိမိအိမ်၊ အခြားနေရာ)

– ကျူးရှင်ဆရာတွေက ဘယ်သူတွေလဲ (ဥပမာ– ကျောင်းသင် ဆရာ/ဆရာမများ၊ ပင်စင်ယူပြီး ဆရာ/ဆရာမများ၊ တခြားပြင်ပဘာသာရပ်ကျွမ်းကျင်သူများ)

– ဘာသာရပ်တစ်ခုစီအတွက် စာသင်ချိန် ဘယ်လောက်လဲ။

(ကျူးရှင်မယူသောသူများအတွက်မေးရန်)

– ကျူးရှင်ယူတဲ့ သား/သမီးရဲ့သူငယ်ချင်း ကျောင်းသား/ကျောင်းသူများရဲ့ ကျူးရှင် အချိန်၊ နေရာနှင့် ကျူးရှင်အမျိုးအစားများ အကြောင်း မေးချင်ပါတယ်။ အခုမေးမယ့် မေးခွန်းတွေကို သိသလောက် ဖြေဆိုပေးပါ။

–ဘယ်အချိန်မှာ ကျူးရှင်ယူတာလဲ သိပါသလား။ (ကျောင်းဖွင့်ရက်၊ ဏာနေ တနင်္ဂနွေနဲ့ ကျောင်းပိတ်ရက်ရှည် စသည်ဖြင့် မေးရန်)

– ဘယ်လိုကျူးရှင်မျိုးကိုယူတာလဲ။ (ဥပမာ– တစ်ယောက်ချင်းသင်တဲ့ကျူးရှင်၊ ဝိုင်းကျူးရှင်၊ ဘော်ဒါ)

– ဘယ်နေရာမှာကျူးရှင်ကိုသင်တာလဲ။ (ဆရာ/ဆရာမ၏အိမ်၊ မိမိအိမ်၊ အခြားနေရာ)

– ကျူးရှင်ဆရာတွေက ဘယ်သူတွေလဲ။ (ဥပမာ– ကျောင်းမှဆရာများ၊ အငြိမ်းစားဆရာများ၊ တခြား ပြင်ပဘာသာရပ်ကျွမ်းကျင်သူများ)

– ဘာသာရပ်တစ်ခုစီအတွက် စာသင်ချိန် ဘယ်လောက်လဲ။

အကြောင်းပြချက်များ/ ကျူးရှင်ယူခြင်း

(ကျူးရှင်ယူသောသူများအတွက်မေးရန်)

– ဘယ်အကြောင်းတွေက ကျူးရှင်ယူဖို့ ဖြစ်စေခဲ့တာလဲ။

– ကျူးရှင်ယူရတာကိုနှစ်သက်လား။

– ကျူးရှင်က ထိရောက်မှုရှိပါသလား၊ ဆိုလိုတာက စာမေးပွဲရမှတ်တွေတိုးလာတာလား ဒါမှမဟုတ် ဘာသာရပ်တွေမှာ ပိုပြီးစိတ်ဝင်စားလာတာလား။

– ကျူးရှင်ယူတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် ပိုပြီးယုံကြည်မှုရှိလာလား။ ဘယ်လိုပုံစံမျိုးနဲ့လဲ။ ဘာ့ကြောင့်လဲ။

– သူငယ်ချင်းဘယ်လောက်များများ ကျူးရှင်ယူကြလဲ။ (လေးပုံတစ်ပုံ၊ တစ်ဝက်၊ သုံးပုံတစ်ပုံ၊ လူတိုင်းနီးပါး)

– ကျောင်းက သူငယ်ချင်းတွေက ကျူးရှင်ယူရတာ သဘောကျလား။ ဘာကြောင့်လဲ။

– ကျူးရှင်မယူဘဲ ကျောင်းမှာ ကျောင်းသားတွေက ကောင်းကောင်း သင်ယူနိုင်လား။

– မြန်မာနိုင်ငံမှာ ကျူးရှင်ဟာ ကျောင်းသားတွေ အတန်းတက်ရောက်မှုကို အကျိုးသက်ရောက်မှုရှိလား။ (ဆယ်တန်း ကျောင်းသားတွေ ကျူးရှင်ယူတဲ့အတွက် အတန်းပျက်ကွက်တာမျိုးရှိလား)

– ကျောင်းသားတွေနဲ့ ဆရာများ၏ ဆက်ဆံရေးကို ကျူးရှင်က ဘယ်လို ပုံစံမျိုးနဲ့ သက်ရောက်မှုရှိလဲ။

– ကျောင်းသားတွေနဲ့ သက်တူရွယ်တူများ၏ ဆက်ဆံရေးကို ကျူးရှင်က ဘယ်လိုပုံစံမျိုးနဲ့ သက်ရောက်မှုရှိလဲ။

ငွေကြေးဆိုင်ရာ

(ကျူးရှင်ယူသောသူများအတွက်မေးရန်)

– ကျူးရှင်မှာ သင်တဲ့ ဘာသာရပ်တွေအတွက် သား/သမီးရဲ့မိဘတွေ တစ်လ ငွေဘယ်လောက် ကုန်ကျသလဲ။

– ကျူးရှင်စရိတ်က မိဘတွေကို ငွေကြေးအခက်အခဲ ဖြစ်စေလား။

(ကျူးရှင်မယူသောသူများအတွက်မေးရန်)

– ကျူးရှင်မှာ သင်တဲ့ဘာသာရပ်တွေအတွက် သား/သမီးရဲ့ သူငယ်ချင်း မိဘတွေ တစ်လ ငွေဘယ်လောက် ကုန်ကျသလဲ။ သား/သမီးရဲ့ သူငယ်ချင်း တစ်ဦး ကိုသာ ရည်ရွယ်ဖြေဆိုပါ။

– ကျူးရှင်စရိတ်က သူတို့မိဘတွေကို ငွေကြေးအခက်အခဲ ဖြစ်စေလား။ သူတို့မိဘတွေကရော ဒီအကြောင်းကို သင့်ကို ပြောပြလား။

ဆရာအတတ်ပညာ

(ကျူးရှင်ယူသောသူများအတွက်မေးရန်)

– ကျူးရှင်မှာ ဆရာတွေက ဘာတွေကို သင်တာလဲ။ ဘယ်လိုပုံစံမျိုးနဲ့ သင်ပေးလဲ။ ဆောင်ရွက်မှုများကို ပြောပြပါ။

– သင်ရိုးညွှန်းတမ်းအတိုင်း သင်သလား။ ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလား။

– ကျူးရှင်မှာ ဘယ်လိုပုံနှိပ်စာအုပ် သုံးသလဲ။ ကျောင်းမှာသုံးတဲ့ ပုံနှိပ်စာအုပ်နဲ့တူလား။

– ကျူးရှင်မှာ အိမ်စာပေးလား။ ပေးတယ်ဆိုရင် ဘယ်နှကြိမ်လောက်ပေးလဲ၊ တစ်ခါတစ်လေလား၊ ခဏလား၊ အမြဲတမ်းလား။

– ကျူးရှင်ဆရာနဲ့ကျောင်းကဆရာ သင်ကြားမှုပုံစံ ကွဲပြားမှုရှိလား။ ဥပမာအချို့ပြောပြနိုင်မလား။

(ကျူရှင်မယူသောသူများအတွက်မေးရန်)

– ကျူရှင်မှာ ဆရာတွေက ဘာတွေကို သင်တာလဲဆိုတာ သိလား။ သား/သမီးရဲ့သူငယ်ချင်းထံမှ ကြားခဲ့သော ကျူရှင်ဆရာများရဲ့ ဘာသာရပ်ချဉ်းကပ်နည်းနှင့် ဆောင်ရွက်မှုများကို ဖော်ပြပါ။

– သင်ရိုးညွှန်းတမ်းတိုင်း သင်သလား။ ကျောင်းသားတစ်ဦးစီ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးလား။

– ဘယ်လို ပုံနှိပ်စာအုပ် သုံးသလဲ။ ကျောင်းမှာသုံးတဲ့ ပုံနှိပ်စာအုပ်နဲ့တူလား။

– ကျူရှင်မှာ အိမ်စာပေးလား။ ပေးတယ်ဆိုရင် ဘယ်နကြိမ်လောက်ပေးလဲ၊ တစ်ခါတစ်ရံလား၊ မကြာခဏလား၊ အမြဲတမ်းလား။

– ကျူရှင်ဆရာနဲ့ကျောင်းကဆရာ သင်ကြားမှုပုံစံ ကွဲပြားမှုရှိလား။ ဥပမာအချို့ပြောပြနိုင်မလား။

ကျူရှင်ဥပဒေ၊ စည်းမျဉ်းစည်းကမ်း

(ကျူရှင်ယူသောသူများနှင့်မယူသောသူများ အားလုံးအတွက်မေးရန်)

– မြန်မာနိုင်ငံမှာ ကျူရှင်ဥပဒေရှိလား။ ကျူရှင်ဥပဒေကို သိလား။ သိတယ်ဆိုရင် အဲဒီဥပဒေမှာ ဘာတွေပါလဲ။

– ကျူရှင်ပေးတဲ့အတွက် ဆရာတွေကို ချီးမွမ်းတာ၊ ဂုဏ်ပြုတာ၊ အပြစ်ပေးခံရတာမျိုးကို ကြားဖူးလား။ ကြားဖူးတယ်ဆိုရင် ပြောပြပါ။

မိသားစု

(ကျူရှင်ယူသောသူများနှင့်မယူသောသူများ အားလုံးအတွက်မေးရန်)

– သင်၏ မိသားစုအကြောင်းပြောပါ။ မိဘတွေက ဘာအလုပ်လုပ်လဲ။

– ညီအကိုမောင်နှမရှိပါသလား။ မွေးချင်းဘယ်နှစ်ယောက်ရှိလဲ။

– ကျောင်းကအဖြစ်အပျက်တွေကို သင့်မိဘတွေက နေ့တိုင်းမေးလား။

– အိမ်စာတွေကိုစစ်ပေးပြီး လိုအပ်ရင် အကူအညီ ပေးပါသလား။

အနာဂတ်

(ကျူရှင်ယူသောသူများနှင့်မယူသောသူများ အားလုံးအတွက်မေးရန်)

– အနာဂတ်မှာ သား/သမီး ဘာဖြစ်ချင်တာလဲ။

– တက္ကသိုလ် တက်မှာလား။ ဘယ်လိုတက္ကသိုလ်မျိုးလဲ။

– သား/သမီးရဲ့မိဘတွေက သား/သမီးကို ဘယ်လိုအလုပ်အကိုင်မျိုးလုပ်ဖို့ မျှော်လင့်ထားလဲ။

– တက္ကသိုလ်မှာ ဘယ်ဘာသာရပ်ကို လေ့လာသင်ယူလိုသလဲ။

– ကျူရှင်က သား/သမီးမျှော်မှန်းထားသော အသက်မွေးဝမ်းကျောင်းပညာရပ်ကို ကူညီပံ့ပိုးနိုင်ပါသလား။ ဘယ်လိုပေးနိုင်လဲ။ *(ဤမေးခွန်းသည် ကျူရှင်ယူသူများအတွက်)*

အခုလိုပြောဆိုဆွေးနွေးရတာ အလွန်ထူးကဲတဲ့အတွေ့အကြုံပါပဲ။ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အင်တာဗျူးအဆုံးမသတ်ခင် အခြားဘာများပြောကြားလိုပါသလဲ။

(အင်တာဗျူးအဆုံးသတ်ရန်)

နောက်ဆက်တွဲ (၄) ဆရာဆရာမနှင့် လူတွေ့မေးမြန်းခြင်းလမ်းညွှန်

သုတေသီအတွက် ညွှန်ကြားချက်များ

ဦးစွာပထမ သုတေသီက ဆရာ/ဆရာမအား ဤလေ့လာမှုတွင် စိတ်အားထက်သန်စွာဖြင့် ပါဝင်ပေးသည့် အတွက် ကျေးဇူးတင်စကားပြောကြားပြီး သုတေသန၏ ရည်ရွယ်ချက်ကို အကျဉ်းချုပ် ပြောပြပါလိမ့်မည်။ (သုတေသီ။ အောက်ဖော်ပြပါ ညွှန်ကြားချက်များအား ကြည့်ရှုရန်) ပြီးနောက် သုတေသီက သဘောတူညီချက် ပုံစံအကြောင်း ရှင်းပြပြီး ဆရာ/ဆရာမအား မိတ္တူပုံစံနှစ်ခုတွင် လက်မှတ်ရေးထိုးစေခြင်းဖြင့် စည်းကမ်းချက်များကို သဘောတူညီကြောင်း ဖော်ပြစေပါမည်။ ထို့နောက်တွင် သုတေသီက ဆရာ/ဆရာမအား အသံသွင်းယူခွင့် ပြု၊မပြု ခွင့်ပြုချက် တောင်းခံပါမည်။[၁၄] သုတေသီက အသံဖမ်းစက်ကိုဖွင့်၍ လူတွေ့မေးမြန်းခြင်းကို စတင်ပါမည်။

သုတေသီအတွက် တွေ့ဆုံမေးမြန်းမှုအကြိုစကားရပ်များ

မအားလပ်တဲ့ကြားက အခုလိုအချိန်ပေးတွေ့ဆုံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်/ ကျွန်မ တို့ရဲ့ စီမံချက်/ သုတေသနအကြောင်း တင်ပြပါရစေ။ မြန်မာကျောင်းသားအတော်များများက ကျူးရှင်ယူကြတယ်လို့ ထင်ပါတယ်။ ကျူးရှင်ကြောင့် ကျောင်းသားက ကျောင်းပြင်ပအချိန်မှာစာလေ့လာခွင့်ရပါတယ်။ ဆရာ့အနေနဲ့လည်း အပိုဝင်ငွေလေး နည်းနည်းပါးပါးတော့ရတာပေါ့။ ဆရာ/ဆရာမ အတော်များများက ကျောင်းမှာ စာသင်ကြသလို အပြင်မှာလဲ ကျူးရှင်သင်ကြပုံ ရပါတယ်။ ဒါပေမဲ့ ကျူးရှင်ဖြစ်ပေါ် လာရတဲ့ အခြေခံ အကြောင်းရင်း – ဥပမာ ဆိုပါတော့ ဆရာ့လူနေမှုအခြေအနေတို့ ကျောင်းသားရဲ့ လေ့လာမှု အခြေအနေတို့ စတဲ့ အကြောင်းအရာတွေကို သုတေသနလုပ်ထားတာသိပ်မရှိလှပါဘူး။ အဲဒါကြောင့် အဲဒီကိစ္စလေးတွေ မေးကြည့်ချင်တာကြောင့် ကျွန်တော်/ ကျွန်မတို့ ရောက်လာရခြင်းဖြစ်ပါတယ်။

ကျူးရှင်ဆိုသည်မှာ ကျောင်းတွင်သင်ကြားသော ဘာသာရပ်များကို အခကြေးငွေယူ၍ သင်ကြားခြင်းမျိုး ဖြစ်သည်။ ဤလေ့လာမှုတွင်ပါဝင်သည့် ကျူးရှင်သည် မိသားစုဝင်တစ်ဦးဦးက အခကြေးငွေမယူဘဲ စာသင်ပေးခြင်း၊ သင်ရိုးပြင်ပဘာသာရပ်များဖြစ်သည့် စန္ဒယား၊ စစ်တုရင်၊ အက စသည့် သင်တန်းများ တက်ခြင်းတို့ မပါဝင်ပါ။ ကျောင်းသားတစ်ဦးချင်းစီ၊ လူနည်းစု သို့မဟုတ် လူများစုသည် ကျောင်းသား၏အိမ်၊ ဆရာ၏အိမ်၊ တောင်ဒါဆောင် သို့မဟုတ် အခြားသင့်တော်သည့် နေရာတစ်ခုခုတွင် စာသင်ကြားခြင်းကိုသာ ဆိုလိုပါသည်။

အခုလိုသုတေသနလုပ်ဖို့အတွက်ကို ကျောင်းအုပ်ကြီးနဲ့ ပညာရေးဝန်ကြီးဌာနကို ခွင့်ပြုချက်တောင်းခံထားပြီး ဖြစ်ပါသည်။

---

[၁၄] အကယ်၍ သုတေသနတွင်ပါဝင်သူက တွေ့ဆုံမေးမြန်းမှုအား အသံသွင်းယူခွင့်မပြုပါက တွေ့ဆုံမေးမြန်းမှုကို အသံသွင်းယူခြင်း မပြုရန်၊ လက်ရေးမှုဖြင့် မှတ်စုရေးရန်။

(ပြန်လည်ရေးသားသူအတွက် ညွှန်ကြားချက်များ။ ပြန်လည်ရေးသားမှုအစတွင် ဆရာဆရာမ၏ ကျား/မ ကို ရေးသားပါ။)

မေးခွန်းများ

ယေဘုယျ

(ကျူးရှင်သင်သူရော၊ မသင်သူပါမေးရန်)

- ဆရာ/ဆရာမအကြောင်းလေး မိတ်ဆက်ပေးပါ။ ဆရာ/ဆရာမရဲ့ လုပ်သက်လေးလည်း တဆိတ်လောက်သိပါရစေရှင့်။ အခုလက်ရှိ ဘယ်အတန်းမှာ၊ ဘယ်ဘာသာရပ်သင်နေတယ် ဆိုတာလေးပါ ပြောပြပေးပါရှင့်/ခင်ဗျ။

အတိုင်းအတာ၊ အတန်း၊ ဘာသာရပ်၊ ကျောင်းသားအများစု ယူသည့်ဘာသာ

(ကျူးရှင်သင်သူရော၊ မသင်သူပါမေးရန်)

- ကျူးရှင်စနစ်ဟာ မြန်မာကျောင်းသားတွေကြားမှာ လူသိများပါသလား။
- ကျောင်းသားတွေ ဘာဖြစ်လို့ကျူးရှင်ယူကြတာပါလဲ။ အဓိကအကြောင်းအရင်းကို ပြောပြပေးပါ။ (ဥပမာစာမေးပွဲကြောင့်လား၊ မိဘတွေရဲ့တောင်းဆိုမှုကြောင့်လား၊ လေ့လာရတဲ့စာများလို့လား၊ စာသင်ခန်းထဲမှာကျောင်းသား တအားများလို့လား)
- ကျောင်းသားအများစုဟာ ဘယ်အတန်းမှာ ကျူးရှင် အများဆုံး ယူကြပါသလဲ။ ဘာ့ကြောင့်ပါလဲ။
- ဆရာ/ဆရာမအထင်အရပေါ့နော် ရှစ်တန်းနဲ့ ဆယ်တန်းမှာ ကျောင်းသား တွေ ကျူးရှင်ယူကြတဲ့ ရာခိုင်နှုန်းကို သိရပါစေရှင့်။ (တစ်တန်းစီ သီးခြား မေးရန်)
- ဘယ်ဘာသာရပ်တွေကို အများစု ကျူးရှင်ယူကြပါသလဲ။
- တစ်ချို့ကျောင်းသားတွေက ဘာ့ကြောင့်ကျူးရှင်မယူကြတာလဲ။
- ကျောင်းသားတွေဟာ ကျူးရှင်မယူရင် ကျောင်းမှာ စာကောင်းကောင်း လိုက်နိုင်ပါသလား။

အချိန်၊ တည်နေရာနှင့် ကျူးရှင်သင်ကြားသူများ

(ကျူးရှင်သင်သူရော၊ မသင်သူပါ မေးရန်)

- ကျောင်းသားတွေဟာ ဘယ်အချိန်မှာ ကျူးရှင်တက်ရလေ့ရှိပါသလဲ။ (ဥပမာ– ကျောင်းဖွင့်ရက်၊ စနေ တနင်္ဂနွေ၊ အားလပ်ရက်များ)
- ကျူးရှင်ကို ဘယ်နေရာမှာ တက်ရပါသလဲ။ (ဥပမာ– ဆရာ/ဆရာမ၏အိမ်၊ ကျောင်းသား/ကျောင်းသူ၏အိမ်၊ သို့မဟုတ် အခြားတစ်နေရာ)
- ဘယ်လို ကျူးရှင်အမျိုးအစားတွေ ရှိပါသလဲ။ (ဥပမာ– တစ်ဦးချင်း၊ လူနည်းစု ဝိုင်းကျူးရှင်၊ လူများစု၊ အစရှိသဖြင့်...)

- ဘယ်လိုကျူးရှင်မျိုးက လခအများဆုံးဖြစ်ပြီး၊ ဘယ်လိုကျူးရှင်မျိုးက လခ အနည်းဆုံးဖြစ်ပါသလဲ။
- ဘယ်သူတွေက ကျူးရှင်သင်ကြားပါသလဲ။ (ဥပမာ- ကျောင်းသင် ဆရာ/ဆရာမများ၊ ပင်စင်ယူပြီး ဆရာ/ဆရာမများ၊ ပြင်ပဘာသာရပ်ကျွမ်းကျင်သူများ၊ တက္ကသိုလ်ကျောင်းသား/သူများ)
- မြန်မာပြည်မှာ ကျူးရှင်သင်သူတွေအနေနဲ့ ဆရာနှင့် ဂိုက် (guide) ဆိုပြီး (၂)မျိုး ရှိပါတယ်။ အဲဒီ (၂)မျိုးရဲ့ တာဝန် ဝတ္တရားတွေနဲ့ သူတို့ရဲ့ တူညီချက်၊ ကွဲပြားခြားနားချက်တွေကို သိသလောက် ပြောပြပေးပါရှင့်။

ကျူးရှင်သင်ရသည့် အကြောင်းအရင်းများ

(ကျူးရှင်သင်သူရော၊ မသင်သူပါ မေးရန်)

- ဆရာ/ဆရာမရဲ့အမြင်မှာ မြန်မာပြည်မှာရှိတဲ့ဆရာ/ဆရာမတွေက ကျောင်းသားတွေကို ကျူးရှင်သင်ရတဲ့ အဓိကတွန်းအားတွေက ဘာတွေဖြစ် မယ်ထင်လဲ။
- ဒီကျောင်းမှာရှိတဲ့ဆရာ/ဆရာမ တွေရဲ့ ရာခိုင်နှုန်းဘယ်လောက်က ကျူးရှင် သင်ကြပါသလဲ။
- ကျူးရှင်သင်ခြင်းဆိုတာဟာ ကျောင်းမှာရှိတဲ့ ဆရာ/ဆရာမတွေကြား ဆွေးနွေးစရာကိစ္စတစ်ခုဖြစ်နေသလား ဒါမှမဟုတ် တိတ်တိတ်ဆိတ်ဆိတ် ပဲနေကြပါသလား။

ဆရာ/ဆရာမ၏ ကျူးရှင်အတွေ့အကြုံ

(ကျူးရှင်သင်သူသာ မေးရန်)

- ဆရာ/ဆရာမ ကျူးရှင်သင်တာ ဘယ်လောက်ကြာပါပြီလဲ။
- အခုလက်ရှိသင်နေတဲ့ ကျူးရှင်ကျောင်းသား ဘယ်နှစ်ယောက်ရှိပါသလဲ။
- ဆရာ/ဆရာမ သင်နေတဲ့ ကျူးရှင်ကျောင်းသားတွေက ဆရာ/ဆရာမ ကျောင်းကလား၊ ဒါမှမဟုတ် အခြားကျောင်းကလား။
- ကျောင်းမှာ ဆရာ/ဆရာမ သင်ကြားတဲ့ပုံစံနဲ့ ကျူးရှင်မှာသင်တဲ့ပုံစံကို နှိုင်းယှဉ်ပြပါ။ သင်ကြားတဲ့အကြောင်းအရာ၊ လုပ်ငန်း၊ သင်နည်းတွေမှာ ဘယ်အရာတွေကတူညီမှုရှိလဲ၊ ဘယ်အရာတွေ ကွဲပြားနေပါသလဲ။
- ကျောင်းနဲ့ ကျူးရှင် ပြဋ္ဌာန်းစာအုပ်တူတူပဲသုံးသလား၊ သင်ရိုးရောတူ ပါသလား။

ကျောင်းတွင်သင်ကြားရင်း ကျူးရှင်သင်ရသည့် ဘဝနှင့်ရပ်တည်မှု

(ကျူးရှင်သင်သူသာ မေးရန်)

- ကျောင်းဆရာတစ်ဖက်၊ ကျူးရှင်ဆရာတစ်ဖက် အလုပ်လုပ်ရတာကို ဘယ်လိုခံစားရပါသလဲ။

- ကိုယ့်မိသားစုဘဝ (သို့) အသက်မွေးဝမ်းကျောင်းဘဝကို ဘယ်လိုသက်ရောက်မှုရှိပါသလဲ။
- တစ်ပြိုင်နက်တည်း ကျူးရှင်ဆရာရော ကျောင်းဆရာပါ ဖြစ်နေရတာ သက်တောင့်သက်သာ ဖြစ်ရဲ့လား။
- ကျောင်းဆရာတစ်ဖက်၊ ကျူးရှင်ဆရာတစ်ဖက် ဖြစ်နေရတာနဲ့ပတ်သက်လို့ စိန်ခေါ်မှုတွေနဲ့ ဘာအကျိုးကျေးဇူးတွေ ရှိပါသလဲ။

သင်ကြားမှု၊ သင်ယူမှုပေါ်တွင် ကျူးရှင်၏သက်ရောက်မှု

(ကျူးရှင်သင်သူရော၊ မသင်သူပါ မေးရန်)

- မြန်မာနိုင်ငံမှာ ကျူးရှင်က ကျောင်းခေါ်ကြိမ်အပေါ် သက်ရောက်မှုရှိသလား။ *(ကျောင်းသားများ၊ အထူးသဖြင့် ၁၀တန်းကျောင်းသားများဟာ ကျူးရှင်ကြောင့် အတန်းပျက်လေ့ရှိပါသလား)*
- ဆရာတွေအချင်းချင်းဆက်ဆံရေးမှာ ကျူးရှင်က ဘယ်လိုပုံစံနဲ့ သက်ရောက်မှုရှိသလဲ။
- ကျောင်းသားနဲ့ဆရာဆက်ဆံရေးမှာရော ကျူးရှင်က ဘယ်လိုပုံစံနဲ့ သက်ရောက်မှုရှိသလဲ။

ကျူးရှင်၏ငွေကြေးကဏ္ဍ

(ကျူးရှင်သင်သူသာ မေးရန်)

- ကျူးရှင်လခ ဘယ်လိုယူပါသလဲ။ သင်တဲ့ နာရီနှုန်းထားနဲ့လား ဒါမှမဟုတ် သင်ခန်းစာ ပြီးမြောက်မှုနှုန်းနဲ့လား။
- ကျူးရှင်လခအဖြစ် ငွေကြေးအပြင် အခြားဘယ်ပုံစံမျိုးနဲ့ပေးတာမျိုးရှိပါသလဲ။
- လစာတစ်လဘယ်လောက်ရပါသလဲ (အစိုးရကျောင်း)။ လူနေမှုစရိတ်လုံလောက်ရဲ့လား။
- ဆရာ/ဆရာမ ကျူးရှင်လစာ ပျမ်းမျှအားဖြင့် တစ်လဘယ်လောက်ရပါသလဲ။
- ဆရာ/ဆရာမမှာ ဝင်ငွေရတဲ့ အခြားလုပ်ငန်းများ ရှိပါသလား။

(ကျူးရှင်မသင်သူသာ မေးရန်)

- ကျူးရှင်သင်တဲ့ ဆရာ/ဆရာမတွေ ကျူးရှင်ခဘယ်လိုယူသလဲဆိုတာ ဆရာ/ဆရာမ သိပါသလား။ သင်တဲ့ နာရီနှုန်းထားနဲ့လား ဒါမှမဟုတ် သင်ခန်းစာပြီးမြောက်မှုနှုန်းနဲ့လား။
- ကျူးရှင်လခအဖြစ် ငွေကြေးအပြင် အခြားဘယ်ပုံစံမျိုးနဲ့ပေးတာမျိုး ရှိပါသလဲ။
- လစာ တစ်လဘယ်လောက်ရပါသလဲ (အစိုးရကျောင်း)။ လူနေမှုစရိတ်လုံလောက်ရဲ့လား။

- ကျူးရှင်သင်တဲ့ဆရာ/ဆရာမတွေ ပျမ်းမျှအားဖြင့် ကျူးရှင်လစာတစ်လ ဘယ်လောက်ရပါသလဲ။
- ဆရာ/ဆရာမမှာ ဝင်ငွေရတဲ့ အခြားလုပ်ငန်းများ ရှိပါသလား။

ကျူးရှင်ဈေးကွက်

(ကျူးရှင်သင်သူရော၊ မသင်သူပါ မေးရန်)

- မိဘတွေကရော ဆရာ/ဆရာမကို ကျူးရှင်သင်ပေးဖို့ ချဉ်းကပ်ဖူးတာ ရှိပါသလား။ အခြေအနေလေး ပြောပြပါ။
- ကိုယ့်ကျောင်းသားတွေကို ကိုယ်သင်တဲ့ဘာသာရပ်ကို ကိုယ့်ထံမှာ ကျူးရှင်တက်ဖို့/ ယူဖို့တိုက်တွန်းတာ ရှိပါသလား။
- ကိုယ်သိတဲ့အခြားဆရာ/ဆရာမများကိုရော ကိုယ်သင်တဲ့ဘာသာရပ်မှာ ကျွမ်းကျင်ပိုင်နိုင်သူတွေပါလို့ အားပေးတိုက်တွန်းတာ ရှိပါသလား။

ကျူးရှင်ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ

(ကျူးရှင်သင်သူရော၊ မသင်သူပါ မေးရန်)

- ဒီနိုင်ငံမှာ ကျူးရှင်ဥပဒေရှိတယ်လို့ သိရပါတယ်။ ဆရာ/ဆရာမရော ကြားဖူးပါ သလား။ ကြားဖူးတယ်ဆိုရင် အဲ့ဒီဥပဒေအကြောင်းလေး ပြောပြပေးပါရှင့်/ခင်ဗျာ့။
- ကျူးရှင်သင်တဲ့အတွက် ဆရာ/ဆရာမတစ်ယောက်ကို ချီးမြှောက်မှု/ အပြစ်ပေးမှုလုပ်တာ ကြားဖူးပါသလား။ ကြားဖူးရင် အဲ့ဒီအကြောင်းအရာလေး တစ်ချို့ပြောပြပေးပါ။
- စည်းမျဉ်း၊စည်းကမ်းချမှတ်ထားပေမယ့် ဆရာ/ဆရာမအများစုက မလိုက်နာ ကြဘူး။ ဘာ့ကြောင့်ပါလဲ။
- ကျူးရှင်နဲ့ပတ်သက်လို့ အစိုးရက စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသင့်သလား၊ မသိကျိုးကျွံပြုထားသင့်သလား။
- ဆရာ/ဆရာမသာ မူဝါဒချမှတ်ခွင့်ရမယ်ဆိုရင် ဘယ်လိုကွဲပြားမှုမျိုးလုပ်ချင်ပါသလဲ။
- ကိုယ့်ကျောင်းသားကိုယ် ကျူးရှင်ပေးခြင်းနဲ့ပတ်သက်လို့ စွန့်စားရမှု၊ သို့မဟုတ် အကျိုးကျေးဇူး ဘာတွေရှိပါသလဲ။

အနာဂတ်

(ကျူးရှင်သင်သူရော၊ မသင်သူပါ မေးရန်)

- အခုဆို ကျွန်တော်/ကျွန်မတို့ရဲ့ အင်တာဗျူးပြီးဆုံးတော့မှာ ဖြစ်ပါတယ်။ အခု ကျွန်တော်/ကျွန်မတို့ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေပေါ်မူတည်ပြီး ကျူးရှင်သင်ကြားမှုရဲ့ အားနည်းချက်၊အားသာချက်ကို အကျဉ်းချုပ်ဆွေးနွေးပေးစေလိုပါတယ်ရှင့်။
- လာမယ့်နောင်တစ်ချိန်မှာ ကျူးရှင်ယူတာ/ပေးတာတွေ တိုးလာနိုင်မလား ဒါမှမဟုတ် လျော့သွားနိုင်မလား။ ဆရာ/ဆရာမရဲ့အမြင်လေး ပြောပြ

ပေးပါ။ ဘာကြောင့် အဲလိုထင်ရတာလဲဆိုတဲ့ အကြောင်းအရင်းလေးတွေ ပါ ဆွေးနွေးပေးပါ။

- ကျူရှင်ကြောင့် လူမှုအသိုက်အဝန်းအပေါ်ဖြစ်လာမယ့် ဂယက်ရိုက်ခတ်မှု အပေါ် ဆရာ/ဆရာမရဲ့ အယူအဆကို သိပါရစေ။ ကျူရှင်စနစ်ကို အားပေးသင့်မပေးသင့် ဆိုတာကိုပါ တစ်ဆက်တည်း ပြောပြပေးပါရှင့်။

အခုလိုပြောဆိုဆွေးနွေးရတာ အလွန်ထူးကဲတဲ့အတွေ့အကြုံပါပဲ။ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အင်တာဗျူးအဆုံးမသတ်ခင် အခြားဘာများဝေဖန်လိုပါသလဲ။

(အင်တာဗျူးအဆုံးသတ်ရန်)

နောက်ဆက်တွဲ (၅) မိဘနှင့် လူတွေ့မေးမြန်းခြင်းလမ်းညွှန်

သုတေသီအတွက် ညွှန်ကြားချက်များ

ဦးစွာပထမ သုတေသီက ကျောင်းသားမိဘအား ဤလေ့လာမှုတွင် စိတ်အား ထက်သန်စွာဖြင့်ပါဝင်ပေးသည့်အတွက် ကျေးဇူးတင်စကားပြောကြားပြီး သုတေသန၏ရည်ရွယ်ချက်ကို အကျဉ်းချုပ်ပြောပြပါမည်။ (သုတေသီ။ အောက်ဖော်ပြပါ ညွှန်ကြားချက်များအား ကြည့်ရှုရန်) ပြီးနောက် သုတေသီက သဘောတူညီချက်ပုံစံ အကြောင်းရှင်းပြပြီး ကျောင်းသားမိဘအား မိတ္တူပုံစံနှစ်ခုတွင် လက်မှတ်ရေးထိုးစေခြင်းဖြင့် စည်းကမ်းချက်များကို သဘောတူညီကြောင်း ဖော်ပြစေပါမည်။ ထို့နောက်တွင် သုတေသီက ကျောင်းသားမိဘအား အသံသွင်းယူခွင့်ပြု၊ မပြု ခွင့်ပြုချက်တောင်းခံပါမည်။[၁၅] သုတေသီက အသံဖမ်းစက်ကိုဖွင့်၍ လူတွေ့မေးမြန်းခြင်းကို စတင်ပါမည်။

သုတေသီအတွက် တွေ့ဆုံမေးမြန်းမှုအကြိုစကားရပ်များ

မအားလပ်တဲ့ကြားက အခုလို အချိန်ပေးတွေ့ဆုံတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်/ ကျွန်မတို့ရဲ့ စီမံချက်/သုတေသနအကြောင်း တင်ပြပါရစေ။ မြန်မာကျောင်းသားအတော်များများက ကျူးရှင်ယူကြတယ်လို့ ထင်ပါတယ်။ ကျူးရှင်ကြောင့် ကျောင်းသားက ကျောင်းပြင်ပအချိန်မှာ စာလေ့လာခွင့်ရပါတယ်။ ဆရာ့အနေနဲ့လည်း အပိုဝင်ငွေလေး နည်းနည်းပါးပါးတော့ရတာပေါ့။ ဆရာအတော်များများက ကျောင်းမှာ စာသင်ကြသလို အပြင်မှာလည်း ကျူးရှင်သင်ကြပုံရပါတယ်။ ဒါပေမဲ့ ကျူးရှင်ဖြစ်ပေါ်လာရတဲ့ အခြေခံအကြောင်းအရင်း – ဥပမာ ဆိုပါတော့ ဆရာ့လူနေမှုအခြေအနေတို့ ကျောင်းသားရဲ့ လေ့လာမှုအခြေအနေတို့ စတဲ့အကြောင်းအရာတွေကို သုတေသနလုပ်ထားတာ သိပ်မရှိလှပါဘူး။ အဲဒါကြောင့် အဲဒီကိစ္စလေးတွေ မေးကြည့်ချင်တာကြောင့် ကျွန်တော်/ ကျွန်မတို့ရောက်လာရခြင်း ဖြစ်ပါတယ်။

ကျူးရှင်ဆိုသည်မှာ ကျောင်းတွင်သင်ကြားသော ဘာသာရပ်များကို အခကြေးငွေယူ၍ သင်ကြားခြင်းမျိုး ဖြစ်သည်။ ဤလေ့လာမှုတွင်ပါဝင်သည့် ကျူးရှင်သည် မိသားစုဝင်တစ်ဦးဦးက အခကြေးငွေမယူဘဲ စာသင်ပေးခြင်း၊ သင်ရိုးပြင်ပဘာသာရပ်များဖြစ်သည့် စန္ဒယား၊ စစ်တုရင်၊ အက စသည့် သင်တန်းများ တက်ခြင်းတို့ မပါဝင်ပါ။ ကျောင်းသားတစ်ဦးချင်းစီ၊ လူနည်းစု သို့မဟုတ် လူများစုသည် ကျောင်းသား၏အိမ်၊ ဆရာ၏အိမ်၊ တောင်ဒါဆောင် သို့မဟုတ် အခြားသင့်တော်သည့် နေရာတစ်ခုခုတွင် စာသင်ကြားခြင်းကိုသာ ဆိုလိုပါသည်။

အခုလိုသုတေသနလုပ်ဖို့အတွက်ကို ကျောင်းအုပ်ကြီးနဲ့ ပညာရေးဝန်ကြီးဌာနကို ခွင့်ပြုချက်တောင်းခံထားပြီး ဖြစ်ပါသည်။

(ပြန်လည်ရေးသားသူအတွက် ညွှန်ကြားချက်များ။ ပြန်လည်ရေးသားမှုအစတွင် မိဘ၏ကျား/မ ကို ရေးသားပါ။)

---

[၁၅] အကယ်၍ သုတေသနတွင်ပါဝင်သူက တွေ့ဆုံမေးမြန်းမှုအား အသံသွင်းယူခွင့်မပြုပါက တွေ့ဆုံမေးမြန်းမှုကို အသံသွင်းယူခြင်း မပြုရန်၊ လက်ရေးမှုဖြင့် မှတ်စုရေးရန်။

မေးခွန်းများ

ယေဘုယျ

(ကျူးရှင်ယူသူကျောင်းသား၏မိဘရော၊ မယူသူပါ မေးရန်)

- အစ်ကို/အစ်မရဲ့အကြောင်း ပြောပြပေးပါရှင့်/ခင်ဗျ။ အစ်ကို/အစ်မမှာ ကလေးဘယ်နှစ်ယောက် ရှိပါသလဲ။ ဘယ်အတန်းတွေ ရောက်ပါပြီလဲ။
- အစ်ကို/အစ်မရဲ့ ပညာရေးကို သိပါရစေ။
- အစ်ကို/အစ်မအလုပ်လုပ်ပါသလား၊ အလုပ်ချိန်ဘယ်လောက်ရှိပါသလဲ။ ဘာအလုပ်လုပ်ပါသလဲ။

သင်ယူလေ့လာခြင်း

(ကျူးရှင်ယူသူကျောင်းသား၏မိဘရော၊ မယူသူပါ မေးရန်)

- အစ်ကို/အစ်မရဲ့ကလေးတွေပညာရေးကို ဘယ်လောက်ထိမှန်းထားပါသလဲ။ မှန်းထားတဲ့အတိုင်း ဖြစ်ပါသလား။
- သား/သမီးတွေရဲ့ပညာရေးအတွက် အိမ်မှာ ဘယ်လိုပံ့ပိုးမှုပေးဖြစ်ပါသလဲ။ သူ/တို့ရဲ့ အိမ်စာတွေကို အမြဲတမ်းကူလုပ်ပေးဖြစ်ပါသလား။

ကျူးရှင်အတွေ့အကြုံ

(ကျူးရှင်ယူသူကျောင်းသား၏မိဘရော၊ မယူသူပါ မေးရန်)

- အစ်ကို/အစ်မရဲ့ကလေးတွေ ကျူးရှင်ယူရပါသလား။

(ကျူးရှင်ယူသူ ကျောင်းသား၏မိဘများသာ မေးရန်)

- အစ်ကို/အစ်မရဲ့ကလေး ဘယ်နှစ်ယောက် ကျူးရှင်ယူရပါသလဲ။
- သူ/သူတို့ ဘယ်အတန်းကတည်းက စပြီးကျူးရှင်ယူတာလဲ။
- ဘယ်ဘာသာတွေကို ကျူးရှင်ယူကြတာလဲ။ ဘာလို့ အဲဒီဘာသာတွေ ကျူးရှင်ယူပြီး တစ်ခြားဘာသာတွေ မယူတာလဲ။
- သူ/သူတို့ တစ်ပတ်ဘယ်နှစ်ချိန် ကျူးရှင်တက်ရပါသလဲ။ တစ်ချိန်ကို ဘယ်လောက်ကြာသလဲ။

ကျူးရှင်ယူရသည့် အကြောင်းရင်း

(ကျူးရှင်ယူသူ ကျောင်းသား၏မိဘများသာ မေးရန်)

- အစ်ကို/အစ်မရဲ့ သားသမီးတွေကို ကျူးရှင်ဘာကြောင့် ပို့ရပါသလဲ၊ ဥပမာ– စာမေးပွဲဖြေအားတွေကြောင့်လား၊ လေ့လာရတဲ့စာများလို့လား၊ သင်ကြားနည်းကြောင့်လား ဒါမှမဟုတ် သူ/သူတို့ရဲ့ သူငယ်ချင်းတွေ ကြောင့်လား။

- အစ်ကို/အစ်မတို့ရဲ့ မိသားစုမှာ ကလေး/တွေကို ကျူးရှင်ပို့ဖို့ ဘယ်သူက ဆုံးဖြတ်ပါသလဲ။ အဲဒီအကြောင်းလေး နည်းနည်းလောက်ပြောပြပေးပါရှင့်/ခင်ဗျ။
- တစ်ချို့မိဘတွေက သူတို့ကလေးတွေကို ဘာကြောင့် ကျူးရှင်မပို့တာလဲ။
- ကျောင်းသားအများစု ကျူးရှင်ယူရတဲ့ အဓိကအကြောင်းအရင်းတွေဟာ မိဘတွေရဲ့စိုးရိမ်ပူပန်မှုနှင့် အဲဒါတွေရဲ့အကျိုးဆက်ကြောင့် ကျောင်းသားတွေအပေါ် ဖြစ်ပေါ်လာတဲ့ ဖိအားတွေကြောင့်လို့ ဆရာတစ်ချို့က ပြောပါတယ်။ အစ်ကို/အစ်မအနေနဲ့ အဲဒီအချက်ကို သဘောတူပါသလား၊ မတူဘူးလား၊ ဘာကြောင့်ပါလဲ။

(ကျူးရှင်မယူသူ ကျောင်းသား၏မိဘများသာ မေးရန်)

- အစ်ကို/အစ်မရဲ့သားသမီးတွေကို ကျူးရှင်မပို့ရတဲ့အကြောင်းအရင်းလေး ပြောပြပေးပါရှင့်။
- တစ်ခြားမိဘတွေက ***(ဥပမာ– အစ်ကို/အစ်မရဲ့ကလေးအတန်းထဲက တစ်ခြားကျောင်းသားတွေရဲ့မိဘတွေ)***သူတို့ကလေးတွေကို ဘာကြောင့် ကျူးရှင်ပို့တာလဲ။ ဥပမာ– စာမေးဖိအားတွေကြောင့်လား၊ လေ့လာတဲ့စာများလို့လား၊ သင်ကြားနည်းကြောင့်လား ဒါမှမဟုတ် သူ/သူတို့ရဲ့ သူငယ်ချင်းတွေကြောင့်လား။
- ကျောင်းသားအများစု ကျူးရှင်ယူရတဲ့ အဓိကအကြောင်းအရင်းတွေဟာ မိဘတွေရဲ့ စိုးရိမ်ပူပန်မှုနှင့် အဲဒါတွေရဲ့ အကျိုးဆက်ကြောင့် ကျောင်းသားတွေအပေါ် ဖြစ်ပေါ်လာတဲ့ ဖိအားတွေကြောင့်လို့ ဆရာတစ်ချို့က ပြောပါတယ်။ အစ်ကို/အစ်မအနေနဲ့ အဲဒီအချက်ကို သဘောတူပါသလား၊ မတူဘူးလား၊ ဘာကြောင့်ပါလဲ။

ကျူးရှင်၏ ထိရောက်မှု

(ကျူးရှင်ယူသူ ကျောင်းသား၏မိဘများသာ မေးရန်)

- အစ်ကို/အစ်မရဲ့ကလေး/တွေတက်တဲ့ကျူးရှင်က အကျိုးရှိထိရောက်ပါသလား၊ အဲဒီ့အကြောင်းလေး ပြောပြပေးပါရှင့်။ ထိရောက်မှုရှိ/မရှိကို ဘယ်လိုတိုင်းတာကြည့်ပါသလဲ။
- အလယ်တန်းအဆင့်ပညာရေးရဲ့အရည်အသွေးနှင့်ပတ်သက်ပြီး အစ်ကို/အစ်မ ဘယ်လိုထင်ပါသလဲ။
- ကလေးတွေဟာ ကျူးရှင်မယူဘဲ ကျောင်းမှာပဲ ကောင်းကောင်းသင်ယူနိုင်ပါသလား။

(ကျူးရှင်မယူသူ ကျောင်းသားဏ်မိဘများသာ မေးရန်)

- အစ်ကို/အစ်မရဲ့ကလေးအတန်းမှာရှိတဲ့ အခြားကလေးတွေ တက်ရောက်နေတဲ့ကျူးရှင်က အကျိုးရှိ ထိရောက်ပါသလား။ အကျိုးရှိ/မရှိကို မိဘတွေ ဘယ်လိုတိုင်းတာကြည့်လေ့ရှိပါသလဲ။
- အလယ်တန်းအဆင့်ပညာရေးရဲ့အရည်အသွေးနှင့်ပတ်သက်ပြီး အစ်ကို/အစ်မ ဘယ်လို ထင်ပါသလဲ။
- ကလေးတွေဟာ ကျူးရှင်မယူဘဲ ကျောင်းမှာပဲ ကောင်းကောင်းသင်ယူနိုင်ပါသလား။

အချိန်၊ တည်နေရာနှင့် ကျူးရှင်သင်ကြားသူများ

(ကျူးရှင်ယူသူ ကျောင်းသားဏ်မိဘများသာ မေးရန်)

- အစ်ကို/အစ်မရဲ့ကလေးကျူးရှင် ဘယ်အချိန်တက်ပါသလဲ *(ကျောင်းဖွင့်ရက်၊ စနေ တနင်္ဂနွေနဲ့ ကျောင်းပိတ်ရက်ရှည် စသည်ဖြင့်မေးရန်)*။
- သူတို့ကျူးရှင်ကိုဘယ်လိုပုံစံနှင့် တက်ကြသလဲ။ ဥပမာ– တစ်ဦးချင်းစီလား၊ လူနည်းစုဝိုင်းလား၊ လူများစုနဲ့လား ဒါမှမဟုတ် ဘော်ဒါတက်တာလား။ ဘာကြောင့်လဲ။
- သူတို့ဘယ်နေရာမှာကျူးရှင် =တက်ကြကာလဲ – ဆရာ့အိမ်မှာလား၊ အစ်ကို/အစ်မရဲ့ အိမ်မှာလား ဒါမှမဟုတ် အခြားဘယ်နေရာမှာလဲ။
- ကျူးရှင်ဆရာတွေက ဘယ်သူတွေလဲ။ *(ဥပမာ– ကျောင်းသင် ဆရာ/ဆရာမများ၊ ပင်စင်ယူပြီး ဆရာ/ဆရာမများ၊ အခြားဘာသာရပ်ကျွမ်းကျင်သူများ)*
- ကျောင်းမှာသင်နေတဲ့ဆရာတွေကို ကျူးရှင်သင်ပေးဖို့ ပြောဖူးပါသလား။ အဲဒီ့အခြေအနေလေး ပြောပြပေးပါရှင့်။

(ကျောင်းသင်ဆရာနှင့်သာကျူးရှင်ယူသူ၏ မိဘများကိုမေးရန်)

- အစ်ကို/အစ်မရဲ့ကလေးကို ဘာကြောင့် ကျောင်းကဆရာဆီမှာပဲ ကျူးရှင်ထားတာလဲ။
- အဲဒီဆရာဟာ စာသင်တဲ့နေရာမှာ ကျောင်းနဲ့ကျူးရှင်ကွာခြားမှုရှိပါသလား။ ဘယ်လိုအရာတွေ ကွာခြားပြီး ဘယ်အရာတွေတူပါသလဲ။
- ကျောင်းသင်ဆရာတွေဟာ သူတို့ကျောင်းသားတွေကိုပဲ ပြန်ပြီးကျူးရှင်သင်ရင် ရလာမဲ့ကောင်းကျိုး၊ဆိုးကျိုးတွေကို ပြောပြပေးပါရှင့်။
- အစ်ကို/အစ်မရဲ့ကလေးအတွက် ကျူးရှင်ဆရာကို ဘယ်လိုရွေးချယ်လေ့ရှိသလဲ။ တစ်ယောက်ယောက်က ထောက်ခံ/တိုက်တွန်းပေးခဲ့လို့လား။

(ကျူးရှင်မယူသူ ကျောင်းသားဏ်မိဘများသာ မေးရန်)

- ကလေးတွေဟာ ကျူးရှင် ဘယ်အချိန်တက်လေ့ရှိပါသလဲ (ကျောင်းဖွင့်ရက်၊ စနေ တနင်္ဂနွေ နဲ့ ကျောင်းပိတ်ရက်ရှည်)
- သူတို့ကျူးရှင် ဘယ်လိုတက်ကြသလဲ။ ဥပမာ–တစ်ဦးချင်းစီလား၊ လူနည်းစုဝိုင်းလား၊ လူများစုနဲ့လားဒါမှမဟုတ် ဘော်ဒါတက်တာလား။ ဘာကြောင့်လဲ။
- သူတို့ဘယ်နေရာမှာကျူးရှင်တက်ကြတာလဲ–ဆရာ့အိမ်မှာလား၊ အစ်ကို/အစ်မရဲ့ အိမ်မှာလား ဒါမှမဟုတ် ဘယ်နေရာမှာလဲ။
- ကျူးရှင်ဆရာတွေက ဘယ်သူတွေလဲ။ *(ဥပမာ– ကျောင်းသင် ဆရာ/ဆရာမများ၊ ပင်စင်ယူပြီး ဆရာ/ဆရာမများ၊ အခြားဘာသာရပ်ကျွမ်းကျင်သူများ)*
- တစ်ချို့မိဘတွေဟာ ဘာကြောင့် သူတို့ကလေးတွေကို ကျောင်းမှာ သင်ပေးတဲ့ဆရာဆီမှာပဲ ကျူးရှင်ထားတာလဲ။
- အဲဒီဆရာဟာ စာသင်တဲ့နေရာမှာ ကျောင်းနဲ့ကျူးရှင် ကွာခြားမှုရှိပါသလား။ ဘယ်လိုအရာတွေ ကွာခြားပြီး ဘယ်အရာတွေ တူပါသလဲ။
- ကျောင်းသင်ဆရာတွေဟာ သူတို့ကျောင်းသားတွေကိုပဲ ပြန်ပြီး ကျူးရှင်သင်ရင် ရလာမဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေကို ပြောပြပေးပါရှင့်။

ကျူးရှင်လခ

(ကျူးရှင်ယူသူ ကျောင်းသားဏ်မိဘများသာ မေးရန်)

- ကလေးတစ်ယောက်အတွက် တစ်လကိုပျမ်းမျှကျူးရှင်လခဘယ်လောက်ကုန်ကျပါသလဲ။
- အဲဒီလခက အစ်ကို/အစ်မတို့မိသားစုအတွက် ငွေရေးကြေးရေးအခက်အခဲဖြစ်စေပါသလား။ ဘာကြောင့်ပါလဲ။
- ကျူးရှင်လခအချိန်မီပေးဖို့ အခက်အခဲရှိတာမျိုးကြုံဖူးလား။အဲဒီ့အခါမျိုးမှာ ဆရာ့ဘက်က ဘယ်လိုတုံ့ပြန်ခဲ့ ပါသလဲ။

(ကျူးရှင်မယူသူ ကျောင်းသားဏ်မိဘများသာ မေးရန်)

- ကလေးတစ်ယောက်အတွက်တစ်လကို ပျမ်းမျှကျူးရှင်လခဘယ်လောက်ကုန်ကျသလဲဆိုတာ သိပါသလား။
- အဲဒီလခက မိသားစုအတွက် ငွေရေးကြေးရေး အခက်အခဲဖြစ်စေတယ်လို့ ထင်ပါသလား။ ဘာကြောင့်ပါလဲ။
